ပြည်တွင်းပြည်ပ ထူးထွေဆန်းပြားသည့် ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းများ၊
ကမ္ဘာ့ဂန္ထဝင်သည်းထိတ်ရင်ဖို ရသစုံခံစားမှုစာစုများ ပါဝင်ပါသည်။

ဘသက်ဆွေ

ပြင်ကွင်းမှ

# မှုခင်း

မဂ္ဂဇင်း

အမှတ်(၂၄) ၂၀၁၁ ခုနှစ်၊

နိဝင်ဘာလ





ရဲဟိန်း

၅၆





တိုးမြင့်

၇၆

ကျော်မင်းနိုင်

၉၀





ဘသက်ဆွေ

၂၂၂

## အမှတ် (၂၄) ၂၀၁၁-ခု၊ နိုဝင်ဘာလ

**အကြံပေးအယ်ဒီတာ**
စောထက်

**အယ်ဒီတာချုပ်**
ဘသက်ဆွေ

**အယ်ဒီတာအဖွဲ့**
ရဲတိန်း ၊ လူပင်းအောင်
မောင်ပြေသား ၊ စိုးဝေ
ဇော်ရဲလူ

**အုပ်ချုပ်မှုအယ်ဒီတာ**
နေသူရိန်စိုး



လေးစားအပ်ပါသော စာဖတ်သူများခင်ဗျား....

ကျွန်ုပ်တို့၏ မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်းကို မရောမွှေ့လှသော အခက်အခဲပေါင်းများစွာထဲမှ စာပေချစ်သော အယ်ဒီတာအဖွဲ့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လစဉ်မပြတ်ထုတ်ဝေဖြစ်နေရခြင်းဖြစ်ပါသည်။

ထို့ကြောင့်လည်း လာမည့် ၂၀၁၁-ခု၊ ဒီဇင်ဘာလထုတ်မဂ္ဂဇင်းကို (၂၅)နှစ်မြောက်၊ "ငွေရတု" အဖြစ် အမှတ်တရထုတ်ဝေ ဖြစ်ပါတော့မည်။

ယင်းမဂ္ဂဇင်းတွင် စာပေ၊ ပန်းချီ၊ ဥပဒေပညာရှင်ပေါင်း (၅၀)ကျော်တို့၏ အင်အားပေါင်းစုံပါဝင် ဖြည့်ဆည်းရန် စီစဉ်ပြီးဖြစ်ပါသဖြင့် အထူးစောင့်မျှော်အားပေးဖတ်ရှုကြပါရန် စာဖတ်သူများ၏ မေတ္တာရပ်ခံအပ်ပါးရင်း .....

ဘသက်ဆွေ




**ထုတ်ဝေသူ**
ဒေါ်သန်းအေး (မြ)၀၄၄၅၈
အမှတ်(၀၀၁၂)၊ နိုင်ငွေဝါ(၂)လမ်း
(၁၀)ဝေတာင်ရပ်ကွက်၊ သာကေတ

**အဖုံးနှင့်အတွင်းပုံနှိပ်**
ဦးအောင်သန်းနိုး (မြ - ၀၇၉၂၆)
ကျိုင် ရောင်စုံပုံနှိပ်တိုက်
အမှတ် (၂၇၃)၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မြင်ပဆက်သွယ်ရေး**
ဦးတင့်ဇော်နိုး

**ကြော်ငြာတာဝန်ခံ**
ဒိုးတုတ်မောင်ဟန်
ညာဦး (ဆီမံ)

**အတွင်းဖလင်**
A Seven Group

**ကွန်ပြူတာစာစီ**
ဒေါ်ဝင်းဝင်းလှ
မလှဲလှဲဆွေ
ဆန်းနေလင်း

**အထက်မြန်မာပြည်ဖြန့်ချိရေး**
ထွန်းဦး စာပေ (မန္တလေး)
နဝါး စာပေ (မန္တလေး)
ညီစာပေ (မန္တလေး)

**ရှမ်းတောင်ကယားဖြန့်ချိရေး**
မိဿနာ စာပေ (တောင်ကြီး)

**ပြည်နယ်ဖြန့်ချိရေး**
ကျော်ကျော် စာပေ (မော်လမြိုင်)


**အထွေထွေဖြန့်ချိရေး**
နိုးသား စာပေ
အမှတ်(၁၈၃)၊ ၃၈-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၃၇၀၄၉၃၇၈


**စီးပွားရေးလုပ်ငန်းရှင်များ**

**ဆက်သွယ်ကြပါရန်**

မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ဖိုဖိုတိုးတက်အောင်မြင်စေရန် လစဉ်ထုတ်ဝေနေသော 'မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်း' တွင် ကြော်ငြာများထည့်သွင်းဖော်ပြနိုင်ကြပါပြီ။
- အတွင်းတစ်မျက်နှာ (အဖြူအမည်း) ကျပ်တစ်သောင်း
- အတွင်းမျက်နှာဝက် (အဖြူအမည်း) ကျပ်ငါးထောင်

ထုတ်လုပ်ရေးမှူး
မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်းတိုက်
အမှတ် (၂၇၃) ၃၉-လမ်း ရန်ကုန်။
ဖုန်း-၂၅၃၄၁၈



## ငါ သိပြီ

အခုခေတ်မှာ
အက်ဖ်အီးစီနဲ့ ဒေါ်လာ
အဖော်ပါတော့
ပျော်စရာလို့မှတ်ထင်
လူ့ဘဝတွင် ငါလေ
ဘဝင်ခပ်မြင့်မြင့်…
မြန်မာပြည်ကငွေ
ဖောင်းပွနေဆိုပြီး
သိပ်အထင်မကြီး
နောက်ဆုံးပေါ်





သိန်းမယောင်ကျော်တန်ကားစီးပြီး
နထင်ကိုသွေးရောက်
ငါ ဘယ်လောက်မိုက်ခဲ့သလဲ
အရင်ကတည်းကသာသိရင်
စိတ်ဘဝင်နလုံး ရွှင်ကြည်ပြုံး
အကြည်လင်ဆုံးဖြစ်မှာ
အသေအချာ…
ငါ အခုတော့
ဒါတွေကို ရင်ထဲမှာသိလာ
ဘယ်သူ့အရင်ခွဲမှာလဲဆိုတာကိုပေါ့
ရာထူးဂုဏ်သိက္ခာ ပစ္စည်းဥစ္စာကအရင်
ငါ့ကိုခွဲသွားမလား…
ငါက…
ရာထူးဂုဏ်သိက္ခာ ပစ္စည်းဥစ္စာကို
အရင်ခွဲသွားမလား…
အသိတရားရှိထားလာတော့
မသိခင်တုန်းက
ငါမှငါ…
အခုသိလာတော့လေ
ငါ ဆိုတာမရှိ
ဗလာနတ္ထိ
ပစ္စည်းသင်္ခါရ
လူသင်္ခါရ
မဟုတ်ပါလား…

ရောအောင်

## တံထမ်းလာတဲ့ ဘဝတွေ

မောင်သဲခေါင်

❀ တချို့ရဲ့ဘဝလမ်း
မီးဖာကုန် ဆီခမ်း
သေပန်းပွင့်တတ်ကြရဲ့။

❀ တချို့က ဖြတ်သန်း
မီးဖာမကုန် ဆီခမ်း
ခုလတ်လမ်းက အရှုပ်ကြိုး
ပြတ်တွေ။

❀ တချို့များမှာတော့
မီးဖာကုန် ဆီမခမ်း
ဇာတ်ဝင်ခန်းတွေနဲ့လေ....။

❀ ကံအရိပ်
တိတ်ဆိတ်နောက်လိုက်
သခေါက်ခွက် တက်နင်း
ဝဋ်ကြွေးများ အစင်းစင်း
အကုသိုလ် မကင်းသမျှ
မင်းခံဦးကွယ်....။

❀ ဒါပေမယ့်
သတိ
အသိမျက်စိရှိ
အသက်ကို ဉာဏ်စောင့်၏။

မောင်သဲခေါင်





## "တစ်ချိန်မှာ"

ချစ်နေမှန်းသိရက်
မချစ်ပါဘူးအပြောခံရရင် ...
လွမ်းနေမှန်းသိရက်
မေ့နေမှာပါ အပြောခံရရင်...
ကောင်းနေပါရက်နှင့်
ဆိုးပါတယ်လို့ အပြောခံရရင်
မှားနေမှန်းရှင်းရက်နှင့်
မှန်ပါတယ်ဆိုကြရင်...

အချစ်ရေ
သွေးမကြောင်နဲ့
တွေးမကြောက်နဲ့
ဖောက်ပြန်မှုဆိုတာ ယာယီတော့ရှိတယ်...

လမင်းချော်လဲ
ဘိမ်အဝတ်လဲသလို
ခဏလေးပါ ...

တစ်ချိန်မှာ တို့တွေ လက်ထပ်ကြမယ်
တစ်ချိန်မှာ တို့တွေ ပြန်လက်ထပ်ကြဦးမယ်။

ဆောင်းနေခြည်
(ရန်ကုန်တက္ကသိုလ်)

## "အပြာရောင်ဖဲကြိုးလေးသာ"

တစ်ခါတလေကျတော့
ငါက ကလေးတစ်ယောက်လို ပြုံစင်နေလိုက်တယ်။
တစ်ခါတစ်ခါကျပြန်တော့
လူကြီးတစ်ယောက်လို ရင့်ကျက်နေလိုက်တယ်။
အနအရင့် ကင်းပတ်ပြားပေါ်မှာ
ဘဝက ဘယ်ဖဲတချပ်လို
ငါ ခေတ်သစ်ကွန်ပျူတာဂိမ်းထဲ
ပုံစံအမျိုးမျိုး
ပုံမကျ ပန်းမကျ သရုပ်ပြနေရတုန်း
တခါခါ ကြိုးဆွဲရုပ်သေး
တခါခါ ဂဏန်းတစ်ကောင်လို
တခါခါ ယပ်တောင်လို
မိုင်းပုံးတွေ တန်တလျားကြား
ငါ့အိမ်ကို အမိုးလွတ်ခြယ်မှုန်း
ကောင်းကင်ကို အသံတိတ် ငေးရီရင်း
စည်းစိမ်မဲ့ အသက်ရှည်နဲ့ အသပြာက
ထမင်းကြမ်းခဲ ဖြစ်လိုဖြစ်
အဲဒီလို •••အဲဒီလို •••
စိတ်ဝိညဉ်ဈေးကို အုပ်ဖမ်းဖို့ကြိုးစားတုန်း
မှောက်ခုံရပ် ဖဲချပ်လေးက
အမှာစာ အချို့နဲ့
ကဗျာစာတစ်ပုဒ်ကို မွေးဖွားလိုက်တယ်
အပြာရောင်ဖဲကြိုးလေး

**ဝေမိုးအိပ်**








## အမှားကြောင့်အမှား

■ မိုက်လေခတ်လေ
ရတက်မွေ့ရ
အခြေခံသိ
သတိလွတ်ကင်း
စိတ်ချွတ်ယွင်းခဲ့။

■ မှူးယစ်ထုံထိုင်း
စိတ်ပိုင်းဆိုင်ရာ
မေ့ကာကင်းလွတ်
ချွတ်ချွတ်ချော်ချော်
မလျော်ပြုမှား
ပြောကြားမမှန်
စိတ်ထန်ဖောက်ဖျက်
အသက်မှုပင်
မမျှော်မြင်ခဲ့။

■ သွင်သွင်ဆက်လက်
စေစားချက်မှာ
မှားလျက်မမြင်
မဆင်ခြင်နိုင်
ချဲ့ထွင်ပွားပြု
လုယက်မှုနှင့်
သေမှုသေခင်း
နိုးဆိုးခြင်းပင်
တင်းတင်းရဲရဲ
မရှောင်လွဲ၍
သေပွဲဝင်ထိ
မိုက်ပါဘိ၏။ ။

**နန်းမျိုးဝင်း(စိတ်ပညာ)**



## အခြေအနေအရ မကျေနပ်ပါ

အခြေအနေက ပျင်းတုန်းရှိသေးတယ်
အခြေအနေက ကျွန်ုပ်အသုံးမကျဘူး
အခြေအနေက ချစ်သူမုန်းသွားပြီ
အခြေအနေက ဖဲလည်းရှုံးသွားတယ်
အခြေအနေက ကောင်းကံတွေ ပုန်းနေတယ်
အခြေအနေက ရန်းကန်နေတုန်းပဲ
အခြေအနေက ကျွန်ုပ်ပြုံးမပြနိုင်ဘူး
အခြေအနေက ဘဝကိုလုံးဝမကျေနပ်ဘူး
အခြေအနေက ကမ္ဘာကြီးက လုံးလိုက်ပြားလိုက်ပဲ ။

အိုင်ဒူး





## သွားပါ

သွားပါ
ရေအသင့် ကြာအသင့်ဘဝထဲ
မင်း နင်းဖြတ်သွားလိုက်ပါ
မပြည့်စုံမှုတွေသာ
ရေကြီးနေတဲ့ငါ့အတွက်
ကမ်းကပ်ဖို့ လှေငယ်မရှိခဲ့ဘူး···
သွားပါ
စိန်ရွှေငွေရောင် လင်းလက်တောက်ပြောင်တဲ့
တစ်ပါးသူရင်ထဲ
ငါ့နှလုံးသားကိုခင်းပြီးသွားလိုက်ပါ
ဆံချည်မျှင်ပကာသနမဲ့
မိုတ်တုတ်လင်း မီးအိမ်ငယ်နဲ့
မင်းရဲ့ပန်းတိုင်
လက်လှမ်းဖို့ခွန်အားမရှိခဲ့ဘူး···
သွားပါ
အရောင်စုံလင်းမဲ့ညတွေနဲ့
ပျော်ရွှင်မှုကမ္ဘာ
မင်း လှမ်းသွားလိုက်ပါ
မင်း···
ဒုက္ခတွေအလှည့်ကျရှာနေတဲ့
လူတစ်ယောက်နဲ့ဝေးရာကို
သွားပါ···

**ခွန်ဝေးဝေး (မင်းဇီးသား)**

မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်

# သူတို့ဆီက မှုခင်းအထွေထွေ

ကေတီအောင်သိန်း

(ရန်ကုန်တက္ကသိုလ်)





မြင်ကွင်းစုံပြည်ပဖြစ်ရပ်မှန်

# တရုတ်ပြည် အဂတိလိုက်စား၍ထောင်နန်းစံရသူများ စာရင်းကိုဆီဆေးပန်းချီကားချပ်ရေးဆွဲပြီး ခင်းကျင်းပြသ

တရုတ်ပြည်၊ ကွမ်တုံမြို့၊ မြို့လယ်ခေါင်၊ လမ်းဘေးတွင်၊ ပြည်သူအများကြည့်ရှုလေ့လာပြီး နောင်တ၊ သံဝေဂတရားများ၊ သင်ခန်းစာများ ယူနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် တရုတ်ပြည် တစ်ဝှမ်းလုံး၌ အဂတိလိုက်စား၍ ထောင်နန်းစံရသူများတို့၏ စာရင်းကိုယူပြီး ဆီဆေးပန်းချီရေးဆွဲကာ ခင်းကျင်းပြသထားလျက်ရှိ၏။ (ပန်းချီကားချပ်ပေါင်း ၆၀၀ ကျော်ရှိ၏။ ပန်းချီကားချပ် တစ်ချပ်လျှင် ရင်မင်ဘီယွမ် (၁၀၀) ဖြင့် ရောင်းချသည်ဆိုသည်။)

Ref: C.S.T (Singapore) (16-5-2011) Page (17)



# တရုတ်ပြည် ကွမ်ကျိုးပြည်နယ်တွင် လေလွင့်ကြောင်များဖမ်းဆီး သတ်ဖြတ်သော ကုန်သည်အရေးယူ

တရုတ်ပြည်၊ ကွမ်ကျိုးပြည်နယ်၊ ကွမ်ကျိုးမြို့၊ ဒေသတစ်ဝှန်း၌လွှန်ခဲ့သော ဆောင်းရာသီတွင် လေလွင့်ကြောင်များတို့ကို ဝယ်ယူ၊ သတ်ဖြတ်စားသောက်ခဲ့ရာ လေလွင့်ကြောင်အကောင်ရေ (၁၀၀,၀၀) ကျော်ရှိခဲ့သည်ဟု ဆိုသည်။ ကြောင်သားများသည် ခွေးသားများကဲ့သို့ အအေးဒဏ်ကို ခံနိုင်ရည်ရှိသည်ဟု ဆိုသည်။ ယင်းကိစ္စကို တရုတ်အစိုးရက အရေးယူစစ်ဆေးလျက်ရှိသည်ဟု သိရ၏။









ကြောင်အရောင်းအဝယ် ပြုသူမှောင်ခိုကုန်သည်အဖွဲ့က လေလွင့်ကြောင်များတို့ကို ဖမ်းဆီးပြီး လှောင်အိမ်ထဲ၌ လှောင်ထားလျက်ရှိသည်ကို (၆-၁၀-၂၀၁၀)ရက်နေ့က တွေ့ရစဉ်။ (ပေကျင်း၊ အောက်တိုဘာလ ၆-ရက်နေ့စုစည်းသတင်း)

Ref: China Priss (Malaysia)

[redacted]

# တံဆိပ်အတု စားသောက်ကုန် ပစ္စည်းအတုရောင်းချမှု

တရုတ်ပြည်၊ ကွမ်ကျိုးပြည်နယ်သတင်း ဖော်ပြချက်တစ်ရပ်တွင် လွန်ခဲ့သောမတ်လ(၁၅)ရက်နေ့က ကွမ်ကျိုးစည်ပင်အဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့တို့ ပူးပေါင်း၍ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ ကွမ်ထုံးမြို့မှ တံဆိပ်အတု၊ စားသောက်ကုန်ပစ္စည်းအတု ထုတ်လုပ်ရောင်းချသော ပင်ရင်းဌာနနှစ်နေရာကို တွေ့ရှိသဖြင့်၊ စားသောက်ကုန်ပစ္စည်းအတုထုတ်လုပ်ရောင်းချသူများနှင့်တကွ စားသောက်ကုန်ပစ္စည်းတို့ကိုပါ ဖမ်းဆီးသိမ်းဆည်းခဲ့၏။ ယင်းစားသောက်ကုန်ပစ္စည်းအတုများမှာ ကျန်းမာရေးနှင့် လုံးဝမညီညွတ်သည့် ပဲဆီ၊ ငရုတ်ဆီ၊ ကြက်ပေါင်းရည်၊ ဟင်းခတ်အမွှေးအကြိုင်၊ အချိုမှုန့်စသည်တို့ ပါဝင်သည်ဆိုသည်။ အမှုကို တာဝန်ရှိသူတို့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိ၏။









ကွမ်တုံမြို့တွင် လက်ရဖမ်းဆီးသိမ်းဆည်းမိသော တရားမဝင် ထုတ်လုပ်ရောင်းချနေသည့် တံဆိပ်အတု၊ စားသောက်ကုန်ပစ္စည်းအတုများ ဖြစ်သည်။

Ref: C.S.T (Singapore) (27-4-2011)



[redacted]

# မက်ထရစ်တန်ချိန်ပေါင်းများစွာရှိသည့် သင်းခွေချပ်အသေကောင် မှောင်ခိုတင်သွင်းမှု ဖမ်းဆီးအရေးယူ

ဂျာကတာမြို့၊ ပင်လယ်အကောက်ခွန်ဦးစီးဌာနမှ ယမန်နေ့ (၂၆-၅-၂၀၁၁)ရက်၊ ကြာသပတေးနေ့က ကုန်တင်ထရပ်ကားပေါ်မှ ပိုင်ရှင်မဲ့ မက်ထရစ်တန်ချိန်ပေါင်း များစွာရှိသည့် သင်းခွေချပ်အသေကောင်ကို လက်ရဖမ်းဆီး သိမ်းဆည်းမိ၏၊ ၎င်းသင်းခွေချပ် အသေကောင်ကို တရုတ်ပရဆေးဖော်စပ်ရန်အတွက် ဗီယက်နမ်သို့မှောင်ခို







တင်သွင်းမည်ဟု စုံစမ်းသိရှိရ၏။ ဂျာကာတာ အကောက်ခွန်ဌာနမှ ဆက်လက်ရှာဖွေ ဖမ်းဆီးခဲ့ရာ သင်္ဘောပေါ်မှလည်း ကုန်သေတ္တာ(၃၀၉) လုံး၊ တစ်သေတ္တာလျှင် သင်းခွေချပ် (၆)ကောင်မှ (၁၀)ကောင်အထိ ထည့်သွင်းသိုလှောင်ထားခဲ့ရာ သင်းခွေချပ် အကောင်ကြီး၊ အကောင်သေး အပါအဝင် မက်ထရစ်တန်ချိန် (၇. ၅)ရှိသည်ဟုဆိုသည်၊ ထို့ပြင် ၎င်း ကုန်တင်သေတ္တာထဲ၌မှ သင်းခွေချပ်အကောင်များ၏ ကြေးခွံများ ကီလိုဂရမ်(၆၅)ကို ဖမ်းဆီး သိမ်းဆည်းရမိသေး၏၊ သင်းခွေချပ်မှောင်ခို ကုန်သည်တို့က ရက်ရက်စက်စက် လူမဆန်စွာဖြင့် (၂၀)စင်တီမီတာ သင်းခွေချပ်သားကလေးကိုပါ လက်မလွှတ်တမ်း ဖမ်းဆီး၍ မှောင်ခိုတင်သွင်းရောင်းဝယ်ဖောက်ကားလျက် ရှိသည်ဟု သတင်းရရှိပါသည်။

Ref: C.S.T(Singapore) (27-5-2011) Page (31)

# အိပ်ဆေးတရားမဝင် ခိုးသွင်းမှု

မလေး-တရုတ်လူမျိုး(၂)ဦးသည် တရုတ်ပြည် စင်ချဲမြို့မှ (၃၅) ကီလိုဂရမ်၊ တာလတန်ဖိုး မလေးရှားငွေရင်းဂျစ် (ရင်းဂစ်) ၃၃၇၀၀၀၀ ရှိ အိပ်ဆေးကို တရားမဝင်သယ်ဆောင်လာပြီး၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ လေဆိပ်အကောက်ခွန်ဌာနမှ စစ်ဆေးတွေ့ရှိ ဖမ်းဆီးသိမ်းဆည်းခဲ့ရာ၊ ယခုအကြိမ်လက်ရဖမ်းဆီးမိခဲ့သော အိပ်ဆေး (Erinim)မှာ အများဆုံး မှုခင်းအကြီးဆုံး ဖြစ်သည်ဆိုသည်၊ အမှုကို မလေးရှား အထူးရဲတပ်ဖွဲ့မှ အရေးယူစုံစမ်း စစ်ဆေးလျက်ရှိ၏၊

မလေးရှား အထူးရဲတပ်ဖွဲ့မှ တရားခံ၏ခရီးဆောင် အိတ်ကပ်ထဲမှ တရားမဝင်ခိုးသွင်းလာခဲ့သော အိပ်ဆေး (Erinim)ကိုရှာဖွေသိမ်းဆည်းနေသည်ကို (၂၂-၄-၂၀၁၁) ရက်နေ့က တွေ့ရစဉ်။

Ref: C.S.T (Singapore) (23-4-2011)

## မြင်ကွင်းစုံပြည့်ပဖြစ်ရပ်မှန်



# မူးယစ်ဆေးဝါး နှိမ်နင်းရေးအရာရှိ အဂတိလိုက်စား အရေးယူဖမ်းဆီး

လွန်ခဲ့သော ၂၀၀၉-ခုနှစ်၊ အောက်တိုဘာလ၊ စင်ကာပူနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့မှ အသက်(၅၄)နှစ်ရှိ အရာရှိတစ်ဦးဖြစ်သူ မစ္စတာလင်ထျခန်ရှသည် မူးယစ်ဆေးဝါးစွဲသူများကို ဖမ်းဆီးရန်တာဝန်ရှိသော်လည်း၊ မူးယစ်ဆေးစွဲသူ အရပ်သား(၂)ဦးထံမှ လာဘ်ငွေ စင်ကာပူဒေါ်လာ(၃၀,၀၀၀)ရယူပြီး၊ ကိုယ်ကျိုးအတွက် အသုံးပြုခဲ့ကြောင်း ခိုင်လုံသော သတင်းရရှိသဖြင့် ရဲအထူးထောက်လှမ်းရေးအဖွဲ့မှ၎င်းအား အရေးယူဖမ်းဆီးပြီး တရားရုံးတော်သို့ တင်ခဲ့ရာ၊ တရားရုံးတော်မှ အမှုကိုကြားနာစစ်ဆေး၍ ၎င်းအပေါ် အာမခံနှင့် ဒေါ်လာ(၁၅၀၀၀)တင်သွင်းစေပြီး၊ အချုပ်လွတ်နေထိုင်ခွင့် ပြုခဲ့သည်ဆိုသည်

Ref: C.S.T(Singapore) (23-5-2011) Page (8)



## ပန်ကြားအပ်ပါသည်

ကျွန်တော်များ၏ အသွင်သစ်ဖြင့် လစဉ်ထုတ်ဝေနေသော မြင်ကွင်းစုံ ပူခင်းမဂ္ဂဇင်း၏ ရည်ရွယ်ချက်မှာ " ပြည်သူလူထုအတွင်း ပူခင်းလျော့နည်းကျဆင်းရေး " ဖြစ်ပါသည်။

ယင်းကိစ္စတွင် အနုပညာ စာပေသမားများပီပီ၊ စာပေမျက်နှာစာကို ပူခင်းစာပေဖြင့်သာ လှပစွာ ချယ်မှုန်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ပါသောကြောင့် မျက်မှောက်ခေတ် ပူခင်းစာပေအရေးကောင်းကြသော စာရေးဆရာ အကျော်အမော်တို့၏ 'တ' များကိုသာမက၊ တစ်ချိန်သောအခါက စာပေ အရေးအသားရော၊ ရည်ရွယ်ပါ အရေးကောင်းကြသည့် အဟောင်းထဲမှ အကောင်း စာမူများကို ကျွန်တော်များ မဂ္ဂဇင်းတွင် ထပ်မံဖော်ပြရန် ဆုံးဖြတ်ထားပါသည်။

သို့ပါသောကြောင့် အတိတ်က စာရေးဆရာကြီးများနှင့် (အချို့မှာ ကွယ်လွန်သွားကြပါသဖြင့်) သက်ဆိုင်သူစာပေအမွေ ဆက်ခံသူများကို ကြိုးစားဆက်သွယ်လျက် ရှိပါသည်။

အကယ်၍ ကျွန်တော်တို့ဘက်မှ ဆက်သွယ်မှု မရသည်ကို မြင်ကွင်းစုံပူခင်း မဂ္ဂဇင်းတွင် ဖော်ပြခံရသည့်အတွက် စာမူခ နှင့် မဂ္ဂဇင်းကိုလာရောက် ထုတ်ယူကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

အုပ်ချုပ်ရေးမှူး
မြင်ကွင်းစုံပူခင်း မဂ္ဂဇင်း

မြင်ကွင်းစုံ

# ဥပဒေရေးရာ

## ဦးမြင့်သန်း

ဥပဒေရေးရာ…

## အပြာပြာ



ဥပဒေရေးရာအပြာပြာ…
ဦးမြင့်သန်း

ဒီတစ်လတော့ ကြိုပွဲ့ငှ်အကြောင်း ပြောလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ယခုအချိန်အခါက ကြိုပွဲ့ငှ်တွေ ခေတ်စားနေလို့ပါပဲ။ ဘယ်နေရာမှမဆို အထပ်မြင့်များစွာပါရှိတဲ့ တိုက်ဆောက်တော့မယ်ဆိုရင် စာရွက်ထဲမှာ၊ လေထဲမှာ တိုက်ခန်းအရောင်းအဝယ် လုပ်လေ့ရှိကြတယ်လေ။ တိုက်ခန်းက ဘယ်နေရာမှန်း မသိသေးဘူး။ ဖြစ်ပေါ်လာမယ့် တိုက်ခန်းကို ကြိုတင်ပြီး ဝယ်လေ့ရှိကြတယ်။ ဒီလိုကြိုတင် တိုက်ခန်းရောင်းတဲ့ငွေ ရမှလဲ၊ တိုက်ဆောက်တဲ့ ကန်ထရိုက်တာကလဲ တိုက်မြန်မြန်ပြီးအောင် ဆောက်နိုင်မယ်လေ။ နှစ်ဦးနှစ်ဘက်ရှိုးသားကြမယ်၊ သစ္စာရှိကြမယ်ဆိုရင် အတော်ကောင်းတဲ့ စနစ်တစ်ခုပဲ။ တိုက်ခန်းမရှိသေးတဲ့သူလဲ တိုက်ခန်းရဦးမယ်၊ တိုက်ဆောက်ရန် ငွေမပြည့်စုံသေးတဲ့သူလဲ ပြည့်စုံသွားမယ်။ ဒီတော့ ကောင်းတဲ့စနစ်တစ်ခု ဖြစ်တာပေါ့။ အဲ. . . ဒါပေမယ့် တစ်ဘက်ဘက်က မရိုးသား ဖောက်ပြန်ရင်တော့ ပြဿနာတွေ ဖြစ်တော့တာပေါ့။ ရုံးရောက်၊ ရဲစခန်းရောက် ဖြစ်ကြတော့တာပဲ။ ဒါဘာကြောင့်လဲ။ တစ်ဘက်ဘက်က မရိုးသားလို့၊ ဖောက်ပြန်လို့၊ သစ္စာမရှိလို့ဘဲ။



မပြီးတပြီးမှာ သူကတက်နေလိုက်တယ်။ မကြာပါဘူး၊ တစ်ယောက်က သူဝယ်ထားတဲ့ တိုက်ခန်းဆိုပြီး လာဖယ်ခိုင်းတယ်။ သူက ဖယ်မပေးတော့ အဲဒီတစ်ယောက်က တရားစွဲတော့တယ်။ အမှုကို စစ်ဆေးလိုက်တော့ တိုက်ဆောက်တဲ့ ကန်ထရိုက်က သူ့အခန်းကို လက်ညှိုးထိုးပြီး ရောင်းစားသွားတယ်ဆိုတာ ပေါ်လာတယ်။

နောက်ဇာတ်လမ်းလေး တစ်ခုက ကျွန်ုပ်ကို ကန်ထရိုက်ကို မယုံတော့လို့ စာချုပ်တစ်ခု ချုပ်ပေးပါလို့ဆိုတယ်။ အသေးစိတ် မေးလိုက်တော့ သူနဲ့ ကန်ထရိုက်နဲ့က ငွေချေးသူနဲ့ ငွေချေးယူသူဖြစ်နေတယ်။ ငွေချေးယူသူက ကန်ထရိုက်လေ၊ ချေးငွေပြန်ဆပ်နိုင်ပုံ မပေါ်တော့ ငွေထုတ်ချေးသူက ငွေပြန်တောင်းတယ်။ တိုက်ဆောက်တဲ့ ကန်ထရိုက်က အခန်းတစ်ခန်းတ်ဖိုးဖြတ်ပြီး ထိုးပေးတယ်။ အဲဒီ အရောင်းအဝယ်လုပ်တဲ့ ကိစ္စ တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ပေးပါလို့ပြောတယ်။ တိုက်ခန်းကို လိုက်ကြည့်ပါဆိုလို့ လိုက်ကြည့်ရတယ်။ တိုက်ခန်းက မြေညီထပ်ရယ်၊ ပထမလွှာ (ဒုတိယထပ်) ရယ်၊ အကြမ်းထည် အုတ်စီထားရုံပဲရှိသေးတယ်။ နံရံတွေ မချောရသေးဘူး။ တံခါးလည်း မတပ်ရသေးဘူး။ အပေါ်မှာ လေးထပ် ဆက်ဆောက်ရဦးမယ်လို့ပြောတယ်။ အဲဒီအထပ်တွေအတွက် ကြိုတင်ငွေတွေလည်း သူများထံမှာ ကန်ထရိုက်က ယူထားပြီးသားလို့ ပြောတယ်။ တိုက်ခန်းက မဖြစ်သေးဘူး၊ ကြိုဝယ်ထားသူတွေပေါ့။ ကျွန်ုပ်ကို အကူအညီတောင်းတဲ့သူကတော့ တိုက်ခန်းက အကြမ်းထည် ရုပ်လုံးပေါ်နေပါတယ်။ ထုံးစံအတိုင်း တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ပေးလိုက်ရတယ်။ စာချုပ်ပြီးတော့ ကျွန်ုပ်က ဝယ်သူကို ချက်ချင်းဝယ်တဲ့တိုက်ခန်း သွားတက်နေဖို့ အကြံပေးတယ်။ ဒီတော့ ကန်ထရိုက်က တိုက်ခန်းက အပြီးမသတ်ရသေးဘူး။ အချောကိုင်ရဦးမယ်။ တံခါးတပ်ရဦးမယ်။ အဲဒီကိစ္စတွေ နှစ်ပတ်လောက်ကြာမယ်။ နှစ်ပတ်ကြာပြီးမှ တက်နေပါလို့ ပြောတယ်။ ကျွန်ုပ်က ဆက်အကြံပေးလိုက်သေးတယ်။ တိုက်ခန်းဝယ်သူက ချက်ချင်း

တက်နေပြီး အခန်းအချောကိုင်တဲ့လုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်ပြီး ချက်ချင်းတက်နေပါလို့ အကြံပေးတယ်။ ဝယ်သူက အချောကိုင်ခ ကုန်မှာစိုးတယ်။ ပြီးတော့ ကန်ထရိုက်က အပြောကောင်းတော့ ပြော စကားကိုယုံတယ်။ ဒါကြောင့် တိုက်ခန်းအချောကိုင်၊ တံခါးတပ်ပြီးမှ တက်နေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ နှစ်ပတ်လောက်ကြာတော့ ဝယ် သူက တိုက်ခန်းကို တက်နေဖို့သွားတယ်။ မတက်ရတော့ဘူး။ ဝယ်ထားသူတစ်ယောက်က တိုက်ခန်းမှာ ဝင်ရောက်နေထိုင်တာ တွေ့ရတယ်။ စုံစမ်းကြည့်တော့ ယခုတက်နေသူက သူအရင်ဝယ် တာ၊ ဖယ်မပေးနိုင်ဘူး။ စာချုပ်ပြပြီး ငြင်းဆိုတယ်။ မကျေနပ်ရင် ကန်ထရိုက်သွားပြောတဲ့၊ ကောင်းရော။ ဒီတော့ ကျွန်ုပ်စာချုပ်ချုပ် ပြီး ဝယ်ပေးလိုက်တဲ့ ဝယ်သူဒုက္ခရောက်တော့တာပေါ့။

နောက်ဇာတ်လမ်းတစ်ခုကို ထပ်ပြောရဦးမယ်။ သူကျတော့ ကန်ထရိုက်နဲ့သူနဲ့ ငွေရေးကြေးရေး ဘယ်လိုပတ်သက်နေတယ် မသိ ပါဘူး။ တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ပေးပါလို့ပြောတယ်။ ကျုပ်လည်း စာချုပ်ချုပ်မယ်၊ တိုက်ခန်းကို သွားကြည့်ပါဦးလို့ ပြော လိုက်တော့ တိုက်ခန်းက ခုနစ်ဦးလောက် ထပ်ထပ်ပြီး ရောင်းထားလို့ စာချုပ်မချုပ်ဖြစ်သေးဘူးလို့ ပြောတယ်။ နောက်ထပ် တိုက်ခန်းတစ်ခု ကို ကန်ထရိုက်က ထိုးပေးပြန်တယ်။ ရောင်းပြန်တယ်လို့ပြောတယ်။ တကယ်သွားစုံစမ်းကြည့်တော့ ဒီအခန်းကိုပဲ သုံးဦးကိုရောင်းထား တာ တွေ့ရတယ်လို့ပြောတယ်။ ဒီလို ဟိုအခန်းပြလိုက် ရောင်းထား ကြောင်းသိလိုက်၊ ဒီအခန်းပြလိုက် ရောင်းထားကြောင်းသိလိုက်နဲ့ ကန်ထရိုက်က ရောင်းပြီးသားအခန်းတွေကိုပဲ ပေးပေးနေတယ်လို့ ပြောတယ်။ တိုတိုပြောရရင်တော့ ကျွန်ုပ်လည်း ဘာစာချုပ်မှ ချုပ် မပေးလိုက်ရတော့ဘူးပေါ့။

ဒီဇာတ်ကြောင်းလေးတွေ ဘာကြောင့် ပြန်စဉ်းစားမိလဲ၊ ပြန် ပြောမိရလဲဆိုတော့ စီရင်ထုံးလေးတစ်ခု ဖတ်မိလို့ပါပဲ။ အဲဒါ စီရင် ထုံးပါ ဇာတ်ကြောင်းလေးကိုလဲ ဆက်လက်ပြောပြမယ်လေ။





နားထောင်ကြည့်ပါလား။

မြို့နယ်တရားရုံးတစ်ခုမှာ ကန်ထရိုက်တာ တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆-အရ တရားစွဲဆိုထားသည့်အမှုကို ချေဖျက်ပေးရန် လျှောက်ထားသည့်အမှုဖြစ်တယ်။ ကန်ထရိုက်တာ က တိုက်ဆောက်လုပ်တယ်။ ၄င်းရောင်းချပိုင်ခွင့်ရှိသည်ဆိုသော အခန်းကို ပထမလူကို ကျပ်ငွေ-၇၃၀၀၀ိ/- ဖြင့် စာချုပ်နှင့် ရောင်း ချခဲ့တယ်လို့ဆိုတယ်။ ထိုစဉ်က အဆောက်အအုံများ ဆောက်လုပ် ဆဲဖြစ်တယ်။ ထိုအဆောက်အအုံ ပြီးစီးသွားသောအခါ အခြားသူ များ တက်နေထိုင်လျှက် ရှိကြသော်လည်း ပထမဝယ်သူအား အခန်း ကို လွှဲပြောင်းမပေးဘဲ အခြားတစ်ဦးကို ရောင်းချလိုက်ကြောင်း သိရ၍ အမှုစွဲဆိုပေါ်ပေါက်လာခြင်း ဖြစ်တယ်လို့ဆိုတယ်။

အမှုချေဖျက်ပေးဖို့ လျှောက်ထားသူ ကန်ထရိုက်တာဘက် က ဘာတွေတင်ပြသလဲဆိုတော့ ပထမတိုက်ခန်းဝယ်သူက တိုက်ခန်း တန်ဖိုးငွေ ၇၃၀၀၀ိ/- ၏ နှစ်ဆဖြစ်သော ၁၄၆၀၀၀ိ/- ရလို ကြောင်း တရားမကြီးအမှု စွဲဆိုထားတယ်။ အရောင်းအဝယ်ပြုလုပ် သည့် စာချုပ်တွင် တိုက်ခန်းမပေးနိုင်ပါက တိုက်ခန်း၏ တန်ဖိုးငွေ နှစ်ဆပေးလျော်ရန် သဘောတူထားတယ်။ ဒါကြောင့် ပြစ်မှုကြောင်း အရ စွဲဆိုခြင်းသည် ဖြတ်လမ်းလိုက်ရာရောက်တယ်။ တိုက်ခန်းကို ကန်ထရိုက်တာက လက်ရောက်မရခဲ့ဘူးသဖြင့် ယုံကြည်အပ်နှံမှု မမြောက်ဘူးလို့ဆိုတယ်။ ငွေကို အတိုးဖြင့် ချေးရာမှ ရောင်းပေါင် စာချုပ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြတယ်။ ဒါကြောင့် အမှုကို ချေဖျက်ပေးပါလို့ဆိုတယ်။

ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက တင်ပြတာလဲ မှတ်သား စရာပါပဲ။ ပထမဝယ်သူက ကန်ထရိုက်ငွေပေးချေခဲ့ပြီး တိုက်ခန်းမရ သောကြောင့် မတရားဆုံးရှုံးနစ်နာလျက်ရှိတယ်။ အလွဲသုံးစားပြုရာ ရောက်တယ်။ ဒါကြောင့် အမှုကို ချေဖျက်ပေးရန် လျှောက်ထားခြင်း ကို ပလပ်သင့်တယ်လို့ဆိုတယ်။

တိုက်ခန်းဝယ်သူ၏ အကျိုးဆောင်က တင်ပြတာလဲ မှတ်သားစရာပါပဲ။ တရားမမှု စွဲဆိုထားသောကြောင့် ပြစ်မှုမစွဲရဟု မပိတ်ပင်ဘူးလို့ဆိုတယ်။ တိုက်ခန်းလက်ရောက် မရရှိသေးခြင်းမှာ ကန်ထရိုက်တာက တခြားသူတစ်ဦးအား ရောင်းချထားလို့ဖြစ်တယ်လို့ တင်ပြတယ်။

ထိုတင်ပြချက်များအပေါ် ရုံးတော်က ဘယ်လိုသုံးသပ်သလဲဆိုတော့ စာချုပ်ကို အခြေပြု၍ တရားမမှုစွဲဆိုသောကြောင့် ပြစ်မှုမစွဲဆိုနိုင်ဟူ၍မရှိချေ။ ယခုအမှုမှာ တိုက်ခန်းအတွက် စရံငွေပေးချေခြင်း မဟုတ်ဘဲ တန်ဖိုးငွေ အပြေအကြေငွေကျပ် ၇၃၀၀၀၀၀/- ပေးခဲ့ပြီးမှ တစ်ခြားသူအား ရောင်းစားသည့်ကိစ္စဖြစ်သည်။ ဤအမှုတွင် တစ်ခြားသူအား ရောင်းခြင်းတွင် သဘောရိုးရှိမရှိ စိစစ်ရန် ရှိနေသည်။ ထို့ကြောင့် ပြစ်မှုကြောင်းစွဲဆို၍ ဖြတ်လမ်းလိုက်ရာရောက်သည်ဟု မဆိုနိုင်ပေ။ ကန်ထရိုက်က ပထမဝယ်သူထံမှ ငွေများကို မယူပါဟု အတိအလင်း ငြင်းဆိုခြင်း မတွေ့ရချေ။ ယခုအခါ ကန်ထရိုက် အဆောက်အအုံများ ဆောက်လုပ်ရာ၌ ကုန်ကျမည့် ငွေကြေးများ ရရှိရန် ကြိုတင်၍ ရောင်းချသည့် အလေ့အထရှိနေသည်။ အခန်းမဖြစ်ပေါ်သေးသော်လည်း ငွေကိုယူထားပြီးကာမှ အခြားသူသို့ ရောင်းခြင်းတွင် ပြစ်မှုမမြောက်ဟူ၍ ယခုအချိန်၌ ကြိုတင်ဆုံးဖြတ်ခြင်းငှာ သင့်မည်မဟုတ်ပေဟု သုံးသပ်ထားတာ တွေ့ရတယ်။

ဆက်ပြောရရင်တော့ အဲဒီအမှုမှာ အမှုချေဖျက်ပေးဖို့ ကြိုးစားတဲ့ဘက်က မအောင်မြင်ဘူး၊ ရှုံးသွားတယ်ပေါ့ကွယ်။ ။


ဦးမြင့်သန်း

* * *








၇၀
၇၀



၁၉၅၂ - ၅၃ ခုနှစ်၊ တစ်ပိုက်ဆီက ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဘက် သိင်္ဂုတ္တရကုန်း၏ အစွန်း ချိုင့်ဝှမ်းကြီးတစ်ခုထဲတွင် သံပုံးချိုင့်ဟုခေါ်သော လူနေရပ်ကွက်တစ်ခု ရှိခဲ့သည်၊ ထိုရပ်ကွက်မှာ အနောက်ရွှေဂုံတိုင်လမ်းဆုံနှင့် ဦးဝိဇာရလမ်းတို့ဆုံရာ ဒေါင့်မျိုးနေရာတွင်ရှိသည်။ ထိုရပ်ကွက်ကို သံပုံးချိုင့်ဟုခေါ်ပုံမှာ ဂျပန်ခေတ်က ကားအပျက်အစီးများ၊ တစ်ခြားကိရိယာတို့၏ အပျက်အစီးများအပြင် သံတိုသံစများကို ထိုချိုင့်ဝှမ်းကြီးရှိရာနေရာသို့ စုပုံ၍ ပစ်ထားကြသည်။

နောင်သောအခါ ထိုချိုင့်ဝှမ်းကြီးထဲသို့ လူနေအိမ်များက တစ်စတစ်စ ရောက်လာကြသည်။ ထိုမှစ၍ ထိုရပ်ကွက်ကို သံတိုသံစများ ပုံထားရာနေရာဖြစ်သဖြင့် သံပုံးချိုင့်ရပ်ကွက်ဟု ခေါ်ခဲ့ကြသည်။ ထိုည၌ ဆယ့်တစ်နာရီခန့်က လူတစ်ယောက်သည် ဗဟန်းဂါတ်သို့ အူယားဖားယားရောက်လာသည်။ တယ်လီဖုန်းဆက်ရန်မရှိသဖြင့် လူကိုယ်တိုင်လာရောက် အကြောင်းကြားရပါသည်ဟု ဆိုကာ. . ။

"ကျွန်တော့်နာမည် မောင်မှတ်ပါ၊ ရွှေတိဂုံဘုရားခြေရင်းက သံပုံးချိုင့်ရပ်ကွက်မှာ လူသတ်မှုဖြစ်လို့. . "

"ဘယ်လိုဖြစ်တာလဲ. . "





"ဘယ်သူက ဘယ်သူ့ကို သတ်တာလဲ. . "

"ဘယ်သူက ဘယ်သူ့ကို သတ်မှန်းတော့မသိဘူး၊ အကြီးမ မရွှေခင်က သွေးအိုင်ထဲမှာ လဲနေပြီး၊ အငယ်မ မခင်မ ကတော့ ဓားဒါဏ်ရာနဲ့ မချိမဆန့် ဖြစ်နေပါတယ်၊ အဲဒါ. . "

"ဒါဖြင့်လာ" ဟု ဆိုကာ စာသင်ပုလိပ်သားသည် ထိုသူကို ဆားပုလင်းတင်မောင်ဝေထိုင်ရာ အခန်းထဲသို့ခေါ်လာသည်။ ဆားပုလင်းတင်မောင်ဝေသည် အမှုလာတိုင်သူ၏ မျက်နှာအရိပ်အကဲကိုကြည့်၍ လူသတ်မှုကဲ့သို့ အမှုကြီးတစ်ခုဖြစ်မည်ဟု တတ်အပ်သေချာ သိလိုက်သဖြင့်. . "

"မောင်ရွှေသိန်းရေ. . ပုလိပ်နှစ်ယောက်ကိုခေါ်ပြီး လူသတ်မှုဖြစ်တဲ့နေရာကို အမြန်သွားရမယ်၊ အမှုလာတိုင်တဲ့လူဆီက တိုင်ချက်ကို နောက်မှယူကြတာပေါ့. . လူသတ်မှုဆိုတာ ပူပူနွေးနွေး စုံစမ်းမှ ခြေရာကောက်နိုင်မှာ. . "

ထို့နောက် အကျိုးအကြောင်းကို ဌာနအုပ်ထံ သတင်းပို့ကြသည်။ ဆားပုလင်းတင်မောင်ဝေနှင့် ပုလိပ်နှစ်ယောက် စက်ဘီးစီးလာကြတော့သည်။ ပုလိပ်တစ်ယောက်က မောင်မှတ်ဆိုသူအား တင်ခေါ်၍ ပုလိပ်သုံး ဟာကြူလီစက်ဘီးများဖြင့် သံပုံးချိုင့်ရပ်ကွက်သို့ ရောက်လာကြသည်။ ရောက်လျှင်ရပ်ကွက်တည်ရှိရာ ချိုင့်ဝှမ်းကြီးထဲသို့ စက်ဘီးများကို တွန်း၍တစ်ဖုံ၊ မ၍တစ်နည်းဖြင့် ခက်ခက်ခဲခဲ ဝင်လာခဲ့ရသည်။

ရပ်ကွက်အလယ်လောက်ရှိ အိမ်တစ်အိမ်ရှေ့၌ လူများစုပြုံနေသည်ကို တွေ့ရသည်။ တင်မောင်ဝေသည် စက်ဘီးကို ပုလိပ်တစ်ယောက်ထံ ပေးထားခဲ့ကာ၊ ဝိုင်းအုံနေသော လူအုပ်ကြားမှ တိုးဝှေ့ရင်း အိမ်ပေါ်သို့ အမြန်တက်သွားသည်။

တင်မောင်ဝေသည် အိမ်ရှေ့ခန်း၌ ဝိုင်းအုံနေသောလူများကို အတင်းဖယ်၍ တိုးဝင်ကာ အချင်းဖြစ်နေရာကို ကြည့်လိုက်သည်။ မိန်းကလေးတစ်ယောက်သည် သွေးအိုင်ထဲတွင် စန့်စန့်ကြီးလဲလျက် အသက်ဖုတ်လှိုက်၊ ဖုတ်လှိုက်ဖြစ်နေသည်။ တဟင်းဟင်း

ညည်းညူလျက်ရှိသော ကျန်မိန်းကလေးတစ်ယောက်ကိုမူ မိန်းမကြီးတစ်ယောက်က ရင်ခွင်တွင်ပွေ့ဖက်ထားလျက် ဝိုင်းဝန်းပြုစုနေကြသည်။

တင်မောင်ဝေသည် ဘာစကားမှမပြောသေးပဲ သွေးအိုင်ထဲတွင် လဲနေသော မိန်းကလေး၏ဘေးတွင် ငုတ်တုပ်ထိုင်ချလိုက်ကာ. . ။

"ပြောစမ်း. . ပြောစမ်း၊ မင်းကိုဘယ်သူ သတ်သွားတာလဲ"

တင်မောင်ဝေက မိန်းကလေး၏မေးဖျားကို လက်ဖြင့်ကိုင်လှုပ်ကာ နှစ်ခါ၊ သုံးခါ ဆက်မေးလိုက်သည်။ မိန်းကလေးသည် သူ့ကိုတစ်ယောက်က မေးနေသည်ကို သိဟန်တူသည်၊ သို့သော် အသက်ကိုပင် မနည်းဝအောင်ရှူနေရသဖြင့် တင်မောင်ဝေ၏ မေးခွန်းကိုတော်တော်နှင့်ပြန်မဖြေနိုင်ပေ၊ ထို့ကြောင့် တင်မောင်ဝေ သည်ထိုမေးခွန်းကိုပင် ဆက်ကာ၊ ဆက်ကာ မေးသည်။

အတန်ကြာသောအခါ မိန်းကလေးသည် ရုတ်တရက်ဖျတ်ခနဲ မျက်လုံးဖွင့်၍ အသက်ကိုဝအောင် တစ်ချက်ရှူလိုက်ကာ၊ "ဟို. . ဟို ကြောင်နက်၊ ကြောင်နက်. . "ဟု နှစ်ခွန်းဆက်တိုက်ပြောကာ တစ်ဖက်သို့ ဇက်လည်၍ကျသွားတော့သည်။ တင်မောင်ဝေသည် သေဆုံးသွားသူ မိန်းကလေးကို တွေကနဲ တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် အတန်ကြာဆက်၍ ကြည့်နေသည်။

❖ ❖ ❖

ဝမ်းဗိုက်တွင် ဓားဒါဏ်ရာတစ်ချက်ရထားသော မခင်မကို ထီးတန်းဆေးရုံသို့ တင်ထားရသည်။ ဤလူသတ်မှုကို သံပုံချိုင့်သူကြီးက တရားလိုပြုကာ ဗဟန်းဂါတ်၌ အမှုဖွင့်သည်။ ဌာနအုပ်ဦးဘမော်သည် အမှုတွဲအစီရင်ခံစာကို သေချာစွာဖတ်လျက်ရှိသည်၊ ဗိန္ဓောဆရာ ဦးဖိုးနှစ်သည် ဇနီးဖြစ်သူကွယ်လွန်သွားပြီးနောက်





မရွှေခင်နှင့်မခင်မဆိုသော သမီးပျိုနှစ်ယောက်နှင့်အတူ သံပုံချိုင့်ရပ်ကွက်၌ နေထိုင်သည်။ သမီးနှစ်ယောက်မှာအိမ်တွင် အပ်ချုပ်စက်တစ်လုံးဖြင့် အထည်ချုပ်ကာ အသက်မွေးကြသည်။ ဦးဘိုနှစ်မှာဗိန္ဓောဆရာဖြစ်သည်။

အချင်းဖြစ်ညက အိမ်တွင်ဦးဘိုးနှစ်မရှိပေ၊ အနီးအနားရှိကပ္ပလီရပ်ကွက်သို့ ဆေးကုသွားနေသည်။ ညဆယ်နာရီကျော်ကျော်တွင် ရပ်ကွက်ထဲမှ မောင်မှတ်ဆိုသူသည် မိခင်နေမကောင်းသဖြင့်ဆေးတောင်းရန် ဦးဘိုးနှစ်အိမ်သို့ ရောက်လာသည်။ "ဆရာကြီး၊ ဆရာကြီး"ဟု ဦးဘိုးနှစ်ကို နှစ်ခွန်း၊ သုံးခွန်းခေါ်သည်။ ထိုသို့ခေါ်ရင်းအိမ်ရှေ့သို့ရောက်လျှင်. .

ဝုန်းကနဲ အိမ်ထဲမှ လူတစ်ယောက် ထွက်ပြေးသံကိုကြားလိုက်ရသည်၊ တဆက်တည်း "အမလေး. . အမလေး" ဟု အော်လိုက်သော မခင်မ၏အသံကိုပါ ဆက်ကြားလိုက်ရပြန်သောအခါမောင်မှတ်သည် အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။ မခင်မသည် ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်ကာ အိမ်နောက်ဖက်ရှိအိပ်ဘေးမှ အိမ်ရှေ့သို့ထွက်လာရင်း. . အိမ်ရှေ့ခန်းတွင် ပစ်လဲကျသွားသည်ကို မောင်မှတ်ကမြင်လိုက်ရသည်။ သို့သော် အိမ်ထဲရှိ မှန်အိမ်မီးက မှိန်နေသဖြင့်မရွှေခင်ကိုမူ မတွေ့ရပါ။

ဦးဘမော်သည် အမှုတွဲကို ဖတ်ပြီးလျှင်. .

"အဲဒီ. . မခင်မကိုကော စစ်ပြီးပြီလား တင်မောင်ဝေ"

"စစ်ပြီးပါပြီဆရာ. . ဒါပေမယ့်. . အဲဒီအချိန်မှာ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ လူတစ်ယောက်က သူ့ကိုဓားနဲ့ ထိုးပြီး ထွက်ပြေးသွားတယ်ဆိုတာပဲ စစ်ချက်ရသေးတယ်၊ တခြားဘာမှမသိရသေးဘူး. . "

"ဒါဖြင့်. . မရွှေခင်ကို ဓားနဲ့နှစ်ချက်တိတိ ထိုးသတ်သွားတဲ့ တရားခံကိုကော. . "

"အဲဒါလဲ သူလုံးဝမသိပါဘူး. . သူဓားထိုးခံရလို့ အိမ်ရှေ့

ကို ကယောင်ကတမ်းထွက်လာပြီး မူးလဲကျသွားတာကိုပဲ သိပါတယ်လို့ပြောတယ်. . "

"နောက်ပြီး. . သေသူမရွှေခင် နောက်ဆုံးပြောသွားတဲ့ စကားတစ်ခွန်းဆိုတာက. . "

"အဲဒါက. . 'ကြောင်နက်' တဲ့ဆရာ၊ ဘယ်လိုအဓိပ္ပါယ်ကောက်ရမှန်း မသိသေးဘူး. . "

ထိုသို့ပြောရင်း. . ဆားပုလင်းတင်မောင်ဝေသည် လန်ဒန်ဂိုးဖလိပ် နှစ်ဆယ်လိပ်ဝင် စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိသောက်သည်။ မှတ်ထုတ်လိုက်သော မီးခိုးတန်းများကို ကြည့်ရင်း 'ကြောင်နက်' ကိစ္စကို လေးလေးနက်နက်စဉ်းစားနေသည်။ ဌာနအုပ်ဦးဘမော်သည် ထိုအမှုကို ပြီးပြတ်သည်အထိ ဆက်လက်စုံစမ်းရန် ဆားပုလင်းတင်မောင်ဝေအား တာဝန်ပေးလိုက်သည်။

သေဆုံးသူ မရွှေခင်၏ကိုယ်ပေါ်တွင် အသည်းနေရာ၌ ဓားဒဏ်ရာတစ်ချက်၊ အစာအိမ်တည့်တည့်တွင်တစ်ချက်၊ ပေါင်းနှစ်ချက်တွေ့ရသည်။ ထိုဒဏ်ရာများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု မှုခင်းဆရာဝန်က ထွက်ဆိုသည်။ သို့သော် မရွှေခင်လဲကျသေဆုံးရာ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် သွေးစ၊ သွေးန အနည်းငယ်သာ တွေ့ရပြီး အသုံးပြုသော ဓားကိုမတွေ့ရဟုဆိုလျှင် လူသတ်တရားခံသည် အိမ်ရှေ့ခန်းမှ မရွှေခင်ကို ဓားဖြင့်ထိုးသတ်ပြီး နောက်ဖက်အိမ်ခန်းတွင်ရှိသော မခင်မကိုပါ ဓားဖြင့်ဆက်လက်ထိုးကာ ထွက်ပြေးလွတ်မြောက်သွားလေသလား. . ။

ဘာ့ကြောင့် ညီအစ်မနှစ်ယောက်စလုံးကို ထိုသို့သတ်သွားရသနည်း၊ လူသတ်တရားခံသည် ညီအစ်မ နှစ်ယောက်စလုံးနှင့် တစ်စုံတစ်ရာ ရန်ငြိုးရန်စရှိ၍လား. . သတ်ပစ်နိုင်လောက်သည် ကြီးမားသော အကြောင်းကိစ္စရှိနေ၍လားဟု တင်မောင်ဝေတွေးမိသည်။

ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ မခင်မကို နောက်တစ်ကြိမ်ခေါ်ယူစစ်ဆေးရန် အကြံဖြစ်မိသော်လည်း လူသတ်မှု







ဖြစ်ပွားရာနေအိမ်၏ အခြေအနေအသေးစိတ်ကို ထပ်မံကြည့်ရှုစစ်ဆေးလိုသဖြင့် တင်မောင်ဝေသည် တစ်ယောက်တည်းပင် ဟာကြူရီစက်ဘီးကိုစီးကာ သံပုံချိုင့်ရပ်ကွက်ဆီသို့ ထွက်လာခဲ့သည်။

အချိန်ကား မွန်းတည့်ချိန်ဖြစ်သည်၊ တင်မောင်ဝေသည် ရေတာရှည်လမ်းပေါင်းမှဖြတ်ကာ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အရှေ့မှအနောက်သို့ စက်ဘီးစီးလာခဲ့သည်၊ ထို့နောက် လင့်(ခ်)လမ်းထိပ်မှ လူနေ တဲပုတ်များကို ဖြတ်ကျော်လာသည်၊ ရှေ့နားတွင် 'လွင်လွင်' ရုပ်ရှင်ရုံရှိသည်၊ မြင်းလှည်းနှင့်ဆိုက်ကားများ ရှုပ်ရှက်ခတ်နေသဖြင့် တင်မောင်ဝေက စက်ဘီးကိုသတိထား၍ စီးလာရသည်။

သို့သော် ရုပ်ရှင်ရုံရှေ့အရောက်၌ လူများပါရှုပ်ရှက်ခတ်နေသဖြင့် တင်မောင်ဝေသည် စက်ဘီးပေါ်မှဆင်းကာ စက်ဘီးကိုတွန်း၍ လမ်းလျှောက်လာရသည်၊ နေ့ခင်း ဆယ့်နှစ်နာရီခွဲပွဲ ရုပ်ရှင်ပြရန်နီးပြီဟု သိလိုက်ရင်း တင်မောင်ဝေသည် ရုပ်ရှင်ရုံမှပိုစတာ

များကို လှမ်း၍ကြည့်လိုက်သည်၊ "ကြောင်နက် သံစုံသွင်းရုပ်ရှင်ကားကြီး" ဟူသော ရုပ်ရှင်ပိုစတာဆိုင်းဘုတ်ကို လှမ်းမြင်ရသည်၊ ရုပ်ရှင်မင်းသားတင်ညွန့်ပါဝင်သော ကားဖြစ်သည်။

"ကြောင်နက်" တဲ့၊ သေသူ မရွှေခင်က သေခါနီးအချိန်၌ ကြောင်နက်၊ ကြောင်နက်ဟု နှစ်ကြိမ်တိုင်တိုင် ပြောသွားခဲ့သည်၊ မရွှေခင်ပြောသွားသော ကြောင်နက်သည် ယခုပြနေသော ကြောင်နက်ရုပ်ရှင်ကားနဲ့ ပတ်သက်နေသလား၊ ပတ်သက်နေလျှင် မည်သို့ပတ်သက်နေသနည်း၊ သို့မဟုတ် လုံးဝမပတ်သက်ပဲ တိုက်ဆိုင်မှုသက်သက်ပေလား. . ။

အတွေးက တော်တော်နက်လာသည်၊ ဆားပုလင်းတင်မောင်ဝေသည် တွေးစရာတို့ကို ဦးနှောက်ထဲတွင်ထည့်ထားလျက် စက်ဘီးဆက်၍ စီးလာကာ မခင်မတို့အိမ်သို့ အရောက်လာခဲ့သည်၊ အိမ်တွင် မခင်မနှင့်အတူ ဆေးဆရာကြီးဦးဘိုးနှစ်ကိုပါ တွေ့ရသည်၊ ဦးဘိုးနှစ်သည် အိမ်ရှေ့ခန်းဘုရားစင်ရှေ့တွင်ထိုင်ကာ ဆေးလိပ်ဖွာလျက်ရှိသည်။

မခင်မသည် တင်မောင်ဝေအား သင်ဖျူးဖျာတစ်ချပ်ခင်းကာ ဆေးလိပ်၊ ကွမ်း၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံသည်။

ဒါ ခို ကားမစပ် မခင်မ အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ငါးနှစ်ပါ ဆရာ. ."

"မရွှေခင်ကကော. ."

"ကျွန်မထက် နှစ်နှစ်ကြီးတော့ နှစ်ဆယ့်ခုနှစ်နှစ်ပါဆရာ၊ ဘာပြုလို့လဲ ဆရာ၊ ကျွန်မက အစ်မထက်အိုစာပြီး အသက်ကြီးတယ်လို့ထင်နေရလို့လား"

အားနာသဖြင့် တင်မောင်ဝေက ဘာမှပြန်မပြော၊ သို့သော် မခင်မသည် မရွှေခင်ထက် အသက်ကြီးသည်ဟု ထင်ရသည့်ပြင် မရွှေခင်နှင့် ရုပ်ချင်းကွာခြား အသားမည်း၍ အရုပ်ဆိုးအကျည်းတန်သူဖြစ်ကြောင်း တွေ့ရသည်၊ ထိုအချက်ကို စဉ်းစားရသည်မှာ မရွှေခင်ကို သတ်၍ မခင်မအား ဓားဖြင့် ထိုးသွားခဲ့





သောသူသည် ယောကျ်ား တစ်ယောက်ဖြစ်ရမည်မှာ သေချာသလောက်ရှိ၍ ဖြစ်သည်၊ ထိုသို့ဆိုလျှင် ထိုယောကျ်ားနှင့် ညီအစ်မနှစ်ယောက်တို့သည် ချစ်ရေးကိစ္စနှင့်ပတ်သက်၍ ဆက်စပ်မှုရှိနိုင်သည်၊ ထိုအချစ်ရေးကိစ္စ၌ မခင်မ၏ အရုပ်ဆိုးပြဿနာသည်လည်း ပါဝင်ပတ်သက်လာနိုင်သည်ဟု ယူဆမိ၍ ဖြစ်သည်။

ဆားပုလင်းတင်မောင်ဝေသည် အိမ်တစ်အိမ်လုံးကို မျက်လုံးဝေ့၍ စစ်ဆေးမှုအခါခါလုပ်ရင်း အခင်းဖြစ်ညက ဖြစ်ပျက်ပုံကို မခင်မအား ထပ်မေးသည်။

"အဲဒီည အဖေမရှိဘူး၊ ကပ္ပလီကွက်သစ်ကို ဆေးကုသွားနေတယ်၊ ကျွန်မ အိပ်ရာစောစောဝင်ပါတယ်၊ အစ်မရွှေခင်ကတော့ ကျွန်မ အိပ်ရာဝင်ချိန် အိမ်ရှေ့က ဘုရားစင်အောက်မှာ ဘုရားရှိခိုးနေသလား၊ စာဖတ်နေသလားမသိဘူး၊ ဆီးသွားချင်လို့ ကျွန်မ တစ်ရေးနိုးတော့ ဆယ်နာရီလောက်ရှိပြီထင်ပါတယ်၊ ဒါနဲ့ အိပ်ခန်းထဲကထွက်ပြီး နောက်ဖေးဘက်ကို သွားမယ်လုပ်တုန်း အိမ်ရှေ့က တစ်ယောက်ယောက်ပြေးလာတဲ့ အသံကိုကြားရပြီး ချက်ချင်းပဲ ကျွန်မ ဗိုက်ကို တစ်ခုခုနဲ့ထိုးလိုက်တာကိုသိရတယ်၊ ကျွန်မ ကယောင်ချောက်ခြားနဲ့ အိမ်ရှေ့ကို ပြေးထွက်လာပါတယ်၊ ပြီးတော့ ခေါင်းထဲမှာ တရိပ်ရိပ်မူးလာပြီး ကြမ်းပြင်ပေါ်ကို လဲကျသွားတယ်ထင်ပါ တယ်"

"အဲဒီလိုဖြစ်တုန်း အိမ်ရှေ့က မရွှေခင်ရဲ့အော်သံ ဒါမှမဟုတ် ညည်းညူသံတစ်ခုခုကိုကော မကြားရဘူးလား"

"ကျွန်မ ဘာမှမသိ၊ ဘာသံမှလဲ မကြားရပါဘူး၊ အဲဒီတုန်းက ကျွန်မဟာ ကြောက်စိန်နဲ့ မွှန်ထူနေပါတယ်"

တင်မောင်ဝေက ဆက်၍. .

"ပြီးတော့. . အိမ်ရှေ့ကပြေးလာပြီး မခင်မကို ဓားနဲ့ထိုးသွားသူဟာ ယောကျ်ားလား၊ မိန်းမလား"

"ဒါလဲ ကျွန်မ မပြောတတ်ပါဘူး၊ မှန်အိမ်က အိမ်ရှေ့မှာ

ရှိတော့ နောက်ဖေးမှာမှောင်နေပါတယ်"

"ဒါနဲ့ စကားမစပ် လွင်လွင်ရုံမှာပြနေတဲ့ ကြောင်နက်ဆိုတဲ့ ရုပ်ရှင်ကားကို မခင်မ ကြည့်ပြီးပြီလား"

"ရှင်. . "

မခင်မ ကွက်ခနဲ မျက်နှာပျက်သွားသည်။

"အဲဒီရုပ်ရှင်ကို သူတို့ညီအစ်မနှစ်ယောက် ကြည့်ချင်လို့ ကျုပ်ကို ပူဆာနေတာ ရွှေခင် မသေခင်တစ်ရက်ကတည်းက၊ ကျုပ်က ခွင့်မပြုဘူးလေ၊ ဖေတော့၊ မောင်တော့ ရုပ်ရှင်ကားတွေကို မိန်းကလေး၊ မိန်းမရွယ်တွေကြည့်ရင် မသင့်ဘူးမဟုတ်လား"

ခေါင်းရင်းဘက်တွင် ထိုင်နေသော ဦးဘိုးနှစ်က လှမ်းပြောသည်၊ တင်မောင်ဝေသည် မရွှေခင် မသေဆုံးမီတစ်ရက်အလိုမှ ယခုအချိန်ထိ ရက်တို့ကို ရေတွက်ကြည့်သည်၊ တစ်ပတ်နှင့်လေးရက်တိတိရှိသွားပြီ၊ ပရိတ်သတ်က ပွဲတိုင်းရုံလျှံအောင် အားပေးနေကြသဖြင့် "ဒုတိယပတ် ဆက်လက်ချိတက်လျက်" ဟူသော ရုပ်ရှင်ရုံရှေ့မှ ထောင်ထားသော ပိုစတာကြော်ငြာကို မြင်ယောင်လိုက်မိသည်။





မြင်တွင်းစုံမှုခင်း

ထို့ကြောင့် မရွှေခင်သေဆုံးမည့်နေ့က သူတို့ညီအစ်မနှစ်ယောက်သည် (ယခု မခင်မ ပြောသလိုမဟုတ်ပဲ) လွင်လွင်ရုံသို့ ရုပ်ရှင်ကြည့်ရန် သွားကောင်းသွားနိုင်သည်၊ သို့ဖြစ်လျှင် မခင်မ သည် ထိုအချက်ကို ဘာ့ကြောင့် ထိန်ချန်ထားရသနည်း။

"အမှန်အတိုင်းပြောရရင် အဲဒီကားကို ကျွန်မတို့နှစ်ယောက်စလုံး ကြည့်ချင်နေတာ ဖျတ်ဖျတ်လူးနေတာပဲ၊ ဒါကြောင့် အဖေဆေးကုသွားနေတဲ့နေ့ ညနေခြောက်နာရီခွဲပွဲကြည့်ဖို့ ကြံကြပါသေးတယ်၊ ဟင်း. . ဟင်း ဒါပေမယ့် ညီအစ်မနှစ်ယောက် ငါမူးတန်းက ကြည့်ဖို့ ငွေတစ်ကျပ်ပြည့်အောင်မရှိလို့ မကြည့်ခဲ့ရဘူး ဟဲ. . ဟဲ"

မခင်မက ရှက်စနိုးဟန်ဖြင့်ရယ်သည်၊ သို့သော် လွင်လွင်ရုံက ကြောင်နက်ရုပ်ရှင်ကား ကြည့်ပြီးပြီလားဟု မခင်မကို မေးစဉ် မျက်နှာပျက်သွားသည်ကို ဖုံးနိုင်ဖိနိုင်ရန် ဟန်ဆောင်ပြုံးရယ်ပြောဆိုနေသည်လည်း ဖြစ်နိုင်သည်၊ မည်သို့ဆိုစေ ကြောင်နက်ရုပ်ရှင်ကားနှင့် သူတို့နှစ်ယောက်သည် တစ်စုံတစ်ရာ အဆက်အစပ်ရှိရမည်ဟု တင်မောင်ဝေကွေးမိသည်၊ သို့သော် ထိုအဆက်အစပ်ကို မဖေါ်ထုတ်နိုင်သေး၊ တင်မောင်ဝေ ကြိုးစားရဦးမည်။

❖ ❖ ❖

အမှုက ခြေရာလည်းပျောက်၊ ရေလည်းနောက်နေပြီ၊ သို့သော် အမှု၏ အဓိကသော့ချက်သည် ကြောင်နက်ဟူသော စကားတစ်ခွန်းသာဖြစ်ကြောင်း တင်မောင်ဝေသည် ထပ်ခါတစ်လဲလဲ သိနေသည်၊ ထို့ပြင် ထိုသော့ချက်ကိုဖွင့်ရန် သော့တံမှာလည်း မခင်မထံတွင်ရှိသည်ဟုလည်း ယုံကြည်သည်။

ထို့ကြောင့် ဆားပုလင်းတင်မောင်ဝေသည် သူ့ဦးနှောက်ထဲရှိ အခန်းအားလုံးကိုဖွင့်၍ အကြံဉာဏ်တစ်ခုကို ဖြစ်ညှစ်ကြိုးစားထုတ်နေသည်၊ အတန်ကြာသောအခါ တင်မောင်ဝေ၏ မျက်နှာ

ပေါ်တွင် ကျေနပ်ပြုံးတစ်ခုကို တွေ့လိုက်ရပြီး စားပွဲအံဆွဲထဲမှ စာရွက်လွတ်တစ်ခုကို ထုတ်ယူလိုက်သည်၊ ထို့နောက် အောက်ပါစာစောင်ကို ရေးလိုက်တော့သည်။

ခင်မ. . .

ရှေ့ခင် သေခါနီးပြောသွားတဲ့ ကြောင်နက်ကိစ္စ ပုလိပ်ဖက်က မကြာခင် သိသွားတော့မယ်၊ အဲဒီကိစ္စ မင်းနဲ့ငါ တိုင်ပင်ချင်တယ်၊ လာမယ့် တနင်္ဂနွေနေ့ ညကိုးနာရီတိတိအချိန် ဗဟန်းကန်တော်ကြီးက မြင်းစီးကျွန်းကို မင်း အရောက်လာခဲ့ပါ၊ မင်းအတွက် အကျိုးရှိနိုင်ပါတယ်၊ ငါ ဘယ်သူဆိုတာတော့ မင်း သိပါတယ်နော်

(ဒီစာကိုဖတ်ပြီး ဖျောက်ဖျက်ပစ်လိုက်ပါ)

မင်းကို သံယောဇဉ် မကုန်သေးသူ

ထို့နောက် ဆားပုလင်းတင်မောင်ဝေသည် ရေးပြီးစာရွက်ကို လေးခေါက်ခေါက်လိုက်သည်၊ ပြီးနောက် စာသင် မောင်ထွန်းမြင့်ကို လှမ်းခေါ်လိုက်သည်၊ မောင်ထွန်းမြင့် အခန်းထဲသို့ဝင်လာသည်။

"ကိုင်း. . ဒီစာကို သံပုံချိုင့်က လူသတ်မှုဖြစ်တဲ့ အိမ်ကို မင်း သိတယ်မဟုတ်လား၊ အဲဒီအိမ်က မခင်မဆိုတဲ့ အမျိုးသမီးကို သွားပေးရမယ်"

"ခု သွားပေးရမှာလား ဆရာ"

"ဒီနေ့ စနေနေ့ဆိုတော့ ခု သွားပေးမှဖြစ်မယ်၊ ဒါပေမယ့် မခင်မကို မတွေ့ရင် ဘယ်သူ့ကိုမှ မပေးခဲ့နဲ့နော်၊ အဆင်ပြေအောင် ပြောပြီး ပြန်လာခဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲ. . ပြီးတော့ ဒီစာကို ဘယ်သူကပေးခိုင်းလိုက်တာလဲလို့ မခင်မကမေးရင် အစ်မကြီးသိတဲ့သူ၊ အစ်မကြီးအပေါ် သံယောဇဉ်မကုန်သေးတဲ့သူက ပေးခိုင်းလိုက်တယ်လို့ပြော၊ အပိုစကား





တွေတစ်ခွန်းမှ မပြောနဲ့ ငါပြောတာ မှတ်မိတယ်နော်"


စာသင်မောင်ထွန်းမြင့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း တင်မောင်ဝေပေးသော စာကိုယူကာ အခန်းတွင်းမှ ပြန်ထွက်သွားသည်၊ ဆားပုလင်းတင်မောင်ဝေသည် စိတ်မှန်းဖြင့် မြားတစ်စင်းကို ပစ်လွှတ်လိုက်ခြင်းဖြစ်သည်၊ ထိုမြားသည် မခင်မ၏ အသည်းနှလုံး အစုံသို့ ထိုးစိုက်သွားဖို့ အရေးကြီးသည်၊ ထိုးစိုက်သွားပါက ထိုလူသတ်မှု၏ တရားခံကို ဖမ်းဆီးနိုင်ရန် သေချာသွားပြီဖြစ်သည်။

စက်ဘီးနှင့်သွားသဖြင့် လေးနာရီခန့်ကြာလျှင် စာသင်မောင်ထွန်းမြင့် ပြန်ရောက်လာသည်၊ မခင်မကို တွေ့သဖြင့် စာကို ပေးခဲ့ကြောင်း၊ စာပေးခိုင်းသူကို မေးသဖြင့် ဆားပုလင်းတင်မောင်ဝေ ပြောခိုင်းသလိုပြောခဲ့ကြောင်း၊ မျက်နှာအနည်းငယ်ပျက်သွားကြောင်းစသည်ဖြင့် ဆားပုလင်းတင်မောင်ဝေကို စာသင်မောင်ထွန်းမြင့်က ရှင်းပြသည်။

ထိုသို့ဖြင့် တနင်္ဂနွေနေ့ ညရှစ်နာရီခွဲအချိန်တွင် ဆားပုလင်း တင်မောင်ဝေသည် ပုလိပ်နှစ်ယောက်နှင့်အတူ ဗဟန်းဂါတ်မှ လင့်ရိုဗာ ပုလိပ်သုံးကားကိုမောင်းကာ ကန်တော်ကြီး မြင်းစီးကျွန်းထိပ်သို့ အရောက်လာခဲ့သည်၊ ကားကိုလမ်းတစ်ဖက်ရှိ ကုက္ကိုပင်အောက် မှောင်ရိပ်တွင် ထိုးရပ်လိုက်သည်၊ ထို့နောက် ဆားပုလင်းတင်မောင်ဝေသည် ပုလိပ်နှစ်ယောက်နှင့်အတူ မြင်းစီးကျွန်းထိပ်ရှိ သစ်ပင်ကွယ်များ၌ မှောင်ရိပ်ခိုကာ စောင့်ဆိုင်းနေကြသည်။

ကိုးနာရီထိုးသည်အထိ စောင့်နေသော မခင်မက ပေါ်မလာ၊ ထို့ကြောင့် တင်မောင်ဝေသည် သူ့အတွက် မှားသွားပြီလားဟု စိုးရိမ်စိတ်တို့ ဝင်လာသည်၊ သို့သော် ကိုးနာရီဆယ့်ငါးမိနစ်ရှိသောအခါ မြင်းစီးကျွန်းအဝသို့ ဆိုက်ကားတစ်စီးထိုးရပ်လာသည်၊ ဆိုက်ကားပေါ်၌ မခင်မ ပါလာကြောင်းကို တင်မောင်ဝေသည် သစ်ပင်ကွယ်မှ လှမ်းမြင်ရသည်။

မခင်မ ဆိုက်ကားပေါ်မှဆင်းခိုက် တင်မောင်ဝေသည် သစ်ပင်ကွယ်မှ ထွက်လာသည်၊ မခင်မ စီးလာသောဆိုက်ကား ကွေ့



ပြန်သွားသောအခါ မခင်မသည် ကျွန်းဝဆီသို့ ခြေလှမ်းတစ်လှမ်း၊ နှစ်လှမ်းလျှောက်ကာ ပတ်ဝန်းကျင်အခြေအနေကို တောင်ကြည့် မြောက်ကြည့်လုပ်လျက် အကဲခတ်နေသည်၊ ထိုအခါ ဆားပုလင်း တင်မောင်ဝေသည် မခင်မ၏ ကျောဘက်ဆီသို့ တဖြည်းဖြည်း လျှောက်လာပြီး အနီးသို့ ရောက်လျှင်. . .

"အို. . မခင်မပါလား၊ သံယောဇဉ် မကုန်သေးတဲ့သူကို စောင့်နေတယ်ထင်တယ်"

တင်မောင်ဝေ၏ အမေးကြောင့် မခင်မ၏တစ်ကိုယ်လုံး သည် ဆတ်ခနဲတုန်သွားကာ တင်မောင်ဝေဘက်သို့ ဖျက်ခနဲ လှည့်ကြည့်လိုက်သည်၊ ထိုစဉ် အနားသို့ ရောက်လာသော ပုလိပ် တစ်ယောက်က မခင်မ၏လက်ကို လက်ထိပ်ဆွဲခတ်လိုက်သည်။

"အို. . ကျွန်မကို ဘာလို့ ဒီလိုလုပ်တာလဲ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ"





မခင်မက အသံကျယ်ကျယ်ဖြင့် အော်မေးသည်၊ သို့သော် ဆားပုလင်းတ[illegible]ောင်ဝေသည် မခင်မကို တစ်စုံတစ်ရာ ရှင်းလင်း ပြောပြခြင်းမပြု[illegible] သက်မောင်းကိုဆွဲကာ လမ်းတစ် ဖက်မှ ပုလိပ်ကားရှိရာသို့ ခေါ်လာသည်။

❖ ❖ ❖

နောက်တစ်နေ့နံနက်တွင် တင်မောင်ဝေ၏ အခန်းထဲ၌ မခင်မကို စစ်ချက်ယူရန် ပုလိပ်သက်သေများနှင့် အကြားသက်သေ များစုံသောအခါ ဆားပုလင်းတင်မောင်ဝေသည် သူ့စားပွဲရှေ့ ထိုင်ခုံတွင်ထိုင်နေသော မခင်မကို စူးရှသောမျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြီးပင် ကြည့်နေသည်၊ အမှန်စင်စစ် မခင်မသည် ကြောင်နက်ကိစ္စအတွက် သံယောဇဉ်မကုန်သေးသူနှင့် တွေ့ရန် ရောက်လာသည်ဟူသည့် အကြောင်းလောက်သာ တင်မောင် ဝေသိရသည်၊ သည့်ပြင် လူသတ်မှု သက်ဆိုင်သော အကြောင်း အချက်တို့ကို သိရသည် မဟုတ်သေး၊ လူသတ်တရားခံကို အပ်ချ မတ်ချ သိရသည် မဟုတ်သေး။

ထို့ကြောင့် ဆားပုလင်းတင်မောင်ဝေသည် မခင်မကို မည် သို့သော ပရိယာယ်ဖြင့် စတင်မေးမြန်းရမည်ကို အတန်ကြာ စဉ်းစားနေသည်။

"ဟဲ. . ဟဲ သံယောဇဉ် မကုန်သေးတဲ့သူနဲ့ မခင်မ တွေ့ ရတဲ့ ကြောင်နက်ကိစ္စကို ပြောပါဦး၊ ဟဲ. . ဟဲ"

ဆားပုလင်းတင်မောင်ဝေက ခပ်ရွှင်ရွှင်စမေးသည်၊ သို့ သော် မခင်မထံမှ တော်တော်နှင့်အဖြေထွက်မလာ၊ ထို့ကြောင့်. .

"ပြီးတော့ မခင်မနဲ့ချိန်းထားတဲ့ လူကိုလဲ ပုလိပ်က ဖမ်း ထားပြီး ခုနကလေးတင်ပဲ ဂါတ်ကိုခေါ်. . . "

"ဟင်. . "

မခင်မနှုတ်က အာမေဋိတ်သံ ထွက်လာသည်၊ မျက်စိ၊ မျက်နှာလည်း အကြီးအကျယ်ပျက်သွားသည်၊ ကိုခင်ကြိုင်ကို မိမှတော့ အားလုံးပေါ်ကုန်တော့မည်ကို မခင်မ သိလိုက်သည်၊ ထိုစဉ် ဆားပုလင်းတင်မောင်ဝေသည် မခင်မကို ခပ်ပြုံးပြုံးလုပ်ကြည့်ရင်း. .

"ကဲပါ အဖြစ်မှန်ကိုသာ ပြောပါတော့၊ မခင်မက ငြင်းဆန် ဘူးခံနေရင်လဲ ကိုခင်ကြိုင်ဆိုတဲ့သူက အဖြစ်မှန်တွေကို အကုန်ဖွင့်ပြောတော့မှာ"

သို့သော် မခင်မသည် တင်မောင်ဝေ၏ အမေးကို အချိန်အတန်ကြာသည်အထိ ပြန်မဖြေပဲနေသည်၊ အဖြစ်က နှုတ်ဖြင့်ဖွင့်ပြောဖို့ မဆိုထားနှင့် စိတ်ဖြင့်ပင်မတွေးဝံ့၊ တွေးမိလျှင် နာကျည်းစိတ်၊ ခံပြင်းစိတ်၊ မနာလို မုန်းတီးစိတ်တို့က မခင်မ၏စိတ်ထဲ၊ ရင်ထဲ၌ ထိန်းမနိုင်၊ သိမ်းမရအောင် ဖြစ်ပေါ်လာသည်၊ သို့သော် ယခုတော့ မထွေးနိုင်၊ မအန်နိုင်ဖြစ်နေသော ခံစားချက်ကို ဖွင့် ပြောရတော့မည်၊ ပုလိပ်ဖက်မှ ကိုခင်ကြိုင်ကို ဖမ်းမိထားပြီမဟုတ် လား။

"အမှန်ပြောရင် ကိုလေးကို ကျွန်မက အရင်စတွေ့တာပါ ဆရာရယ်"

မခင်မ အသံသည် အနည်းငယ်တုန်ရင်နေသည်၊ တစ်နေ့တွင် မခင်မတို့က 'ကိုလေး' ဟုခေါ်သော ကိုခင်ကြိုင်သည် သံပုံချိုင့်ရှိ မခင်မတို့နေအိမ်သို့ ရောက်လာသည်၊ သူ့မိခင်နေမကောင်းနေသဖြင့် အမှန်တကယ် ဆေးလိုချင်၍လား၊ သူတို့ညီအစ်မနှစ်ယောက်ကို နောက်ပိုး ပိုးချင်၍လားမသိ၊ ထိုနေ့က ခင်ကြိုင်သည် မခင်မတို့အိမ်သို့ ရောက်တော့ရောက်လာခဲ့သည်။

ထိုနေ့ နေ့လည်က အဖေသည် အပြင်သို့ထွက်၍ ဆေးကုသွားနေသည်၊ မရွှေခင်လည်း သံပုံချိုင့်ထဲမှ အသိတစ်အိမ်သို့သွားလည်နေသည်၊ ထိုနေ့က နေမကောင်းဖြစ်နေသည်ဆိုသော ကိုခင်ကြိုင်၏ မိခင်အတွက် လိုရမယ်ရ ဆေးတို့ကို ကိုခင်ကြိုင်အား ပေးလိုက်သည်။





"ကျွန်မက အဖေ့လို ဆေးဆရာမဟုတ်တော့ နားမလည်ဘူး၊ အဖေသင်ပြထားသလောက် မှတ်ထားပြီး ဆေးပေးလိုက်ရတာ၊ အဖေနဲ့တွေ့ဖို့ နောက်တစ်ခေါက်လာခဲ့ဦးပေါ့၊ နေတော့ ဘယ်မှာလဲ"

မခင်မက မျက်စမျက်နချီ၍ ခင်ကြိုင်ကိုပြောသည်၊ မခင်မစိတ်ထဲတွင် ခင်ကြိုင့်ကိုတွေ့တွေ့ချင်းပင် သဘောကျသွားမိသည်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးကျကာ အသားလတ်လတ် မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့်မို့ မိန်းကလေးတိုင်း သဘောကျစရာရုပ်ဖြစ်သည်ဟု မခင်မ တွေးမိသည်။

"ကျွန်တော် အလုံမှာ နေပါတယ်၊ မော်တော်ကားဝပ်ရှော့တစ်ခုမှာပါ။ ကားပြင်ပါတယ်၊ ကျွန်တော် နောက်တစ်ခေါက်လာခဲ့ပါဦးမယ်"

သို့သော် ခင်ကြိုင်သည် မခင်မတို့အိမ်သို့ တော်တော်နှင့်ပေါ်မလာ၊ မခင်မကသာ သတိရတိုင်း ခင်ကြိုင့်ကိုမျှော်နေရသည်၊ ထိုသို့ဖြင့် တစ်နေ့တွင် မခင်မသည် သံပုံချိုင့်မှ သူငယ်ချင်း မိန်းကလေးနှစ်ယောက်နှင့်အတူ သံပုံချိုင့်နှင့်မနီးမဝေးမှ ဝိဇယရုပ်ရှင်ရုံသို့ ရုပ်ရှင်ကြည့်ရန် လာကြသည်၊ တစ်ကျပ်ခွဲတန်းမှဖြစ်သည်၊ သူတို့သည် ရုံထဲ၌ တစ်ကျပ်ခွဲတန်းမှ ထိုင်ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ကြသည်၊ ထိုစဉ်. . .

"ဟာ. . ကိုခင်ကြိုင်"

မခင်မသည် သူတို့ခုံတန်းမှ ထိုင်ခုံတွင် ထိုင်နေသော ကိုခင်ကြိုင်ကို မြင်လိုက်ရ၍ နှုတ်ဆက်လိုက်သည်၊ ကိုခင်ကြိုင်က "ဩော်. . မခင်မ တို့ပါလား" ဟု ပြုံး၍နှုတ်ဆက်သည်၊ ထို့နောက် မခင်မလည်း ခင်ကြိုင်ဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်း "တစ်ယောက်ထဲလား ကိုခင်ကြိုင်" ဟု မေးသည်။

"ကိုလေးက တစ်ယောက်ထဲသမားပဲ ဘယ်နေရာမဆို တစ်ယောက်ထဲပဲပေါ့"

မခင်မ၏သူငယ်ချင်း အေးကြည်က ဝင်ပြောလိုက်သည်။

"ဟင်. . ညည်းက ကိုခင်ကြိုင်ကို သိတယ်၊ ဟုတ်လား"

မခင်မက အေးကြည်ကို ပြန်မေးသည်၊ ထိုအခါ ခင်ကြိုင်က

"သိတယ် မခင်မရဲ့၊ ကျွန်တော်တို့က အရင်တုန်းက မြေနီကုန်းရှမ်းကုန်းလမ်းထဲမှာ နေခဲ့ဖူးတယ်၊ အဲဒီတုန်းက မအေးကြည်တို့နဲ့ တစ်လမ်းထဲ နေခဲ့ကြာတာ"

ရုပ်ရှင်စပြရန် အချက်ပေးဘဲ(လ်)သံကြားရသည်၊ ရုပ်ရှင်ရုံတစ်ရုံလုံး မှောင်သွားသည်။

"ပြောပါရစေတော့ ဆရာရယ်၊ အဲဒီနေ့က ကိုလေးနဲ့ ကျွန်မဟာ ရုပ်ရှင်ရုံထဲတင်ပဲ သမီးရည်းစားတွေ ဖြစ်သွားကြတယ်"

မခင်မသည် ထိုစကားကိုပြောစဉ် ရှက်ရွံ့ဟန်မပြ၊ သူ့မျက်နှာသည် ကြီးမားသောမကျေနပ်မှုတို့ဖြင့် ညိုမှိုင်းလျက်ရှိသည်၊ ခင်ကြိုင်နှင့်မခင်မတို့ သမီးရည်းစားဖြစ်ကြသောအခါ ချစ်သူတို့ဘဝအတိုင်း မကြာခဏ ချိန်းတွေ့ကြသည်၊ ချစ်တုံ့ဖလှယ်ကြသည်၊ မခင်မမှာ သူ့စိတ်အလိုကျ ခင်ကြိုင်၏အချစ်ကို ရပိုင်ခြင်းဖြစ်၍ ကြည်နူး၊ ကျေနပ်မဆုံးရှိခဲ့သည်။

"ကိုလေး"

"ဘာလဲ. . ခင်မ"

"ကိုလေး. . ခင်မကို တကယ်ချစ်ရဲ့လားဟင်"

ခင်ကြိုင်က ခေါင်းညိတ်ပြသည်။

"ချစ်ပါတယ်၊ ဘာပြုလို့လည်း ခင်မ"

ခင်ကြိုင်က သူ့ရင်ခွင်ထဲမှ ခင်မကိုငုံ့ကြည့်လျက် ဆက်မေးသည်။

"ဩော် ဒီလောက်အရုပ်ဆိုး၊အကျည်းတန်နေတဲ့ ခင်မကို ကိုလေး တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့ပါ"

ခင်မက မယုံမရဲဟန်ဖြင့်မေးသည်၊ ထိုအခါ ခင်ကြိုင်သည် ခင်မ၏ပါးတစ်ဖက်ကို ရွှတ်ခနဲနမ်းလိုက်ရင်း. .





"မှန်တာပြောရရင် ကိုလေး ခင်မကို ချစ်လဲချစ်တယ်၊ ပြီးတော့ သနားလဲ သနားတယ်၊ ဒါပေမယ့် ခင်မအပေါ်မှာ ချစ်တာထက် အရုပ်ဆိုး၊ အကျည်းတန်မလေးမို့ သနားတာက ပိုပါတယ်"

ခင်မ ပို၍ပို၍ သဘောကျသွားသည်၊ သနားတာက အကြောင်းခံကာ အချစ်နှင့်မေတ္တာတရားများ၊ ကရုဏာတရားများ မွေးဖွားပေးနိုင်သည်၊ နောက်ဆုံး သနားစိတ်သည် အချစ်၏ ဆန့်ကျင်ဘက်၊ အမုန်းတရားများကိုပင် တားဆီးပယ်ဖျက်နိုင်သည်၊ ခင်မက ဤသို့ပင်နားလည်သည်၊ ထို့ကြောင့် ထိုသို့ မေတ္တာ၊ကရုဏာတရားများပြည့်ဝနေသော ခင်ကြိုင့်အပေါ် မခင်မသည် ချစ်၍မဆုံး၊ ကြင်နာ၍မဆုံးဖြစ်သည်။

သို့သော်. . မခင်မတို့၏ ချစ်ခရီးလမ်းတွင် မမျှော်လင့်သော မုန်တိုင်းတစ်ခုတိုက်ခတ်လိုက်သလို အဖြစ်တစ်ခုနှင့်ကြုံလိုက်ရသည်၊ ထိုနေ့မှာ ခင်ကြိုင်နောက်တစ်ခေါက်အဖြစ် ခင်မတို့အိမ်သို့ရောက်လာစဉ်ဖြစ်သည်၊ အရင်တစ်ခေါက်က သူ့မိခင်အတွက် ဆေးယူရန်ဖြစ်ပြီး ယခုတစ်ခေါက်မှာမူ ချစ်သူ မခင်မထံ အလည်ရောက်လာခြင်းဖြစ်သည်။

ထိုနေ့က ခင်ကြိုင်သည် ရွှေခင်ကို တွေ့သွားသည်၊ မခင်မကလည်း ခင်ကြိုင်နှင့်ရွှေခင်ကို မိတ်ဆက်ပေးသည်၊ မခင်မက "ဒါ အစ်မ မရွှေခင်" ဟု ပြောလိုက်စဉ် ထိုစကားတွင်ပင် ခင်ကြိုင်နှင့်ရွှေခင်တို့၏ အပြန်အလှန် မျက်လုံးချင်းဆုံကြည့်ကြပုံကို မခင်မ သတိထားမိသည်၊ ခင်ကြိုင်၏မျက်လုံးတို့သည် တပ်မက်စရာတစ်ခုခုကို တွေ့လိုက်စဉ် ဖြစ်ပေါ်လာတတ်သော အရောင်တစ်မျိုးဖြင့် တောက်ပနေသည်၊ ရွှေခင်၏ "ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ်" ဟုဆိုကာ မျက်လုံးအစုံကို ပုတ်ခတ်၊ ပုတ်ခတ်လုပ်ရင်း၊ ခင်ကြိုင်ကို ကြည့်သည်၊ ထိုအကြည့်သည် ရွှန်းလဲ့တောက်ပကာ အရည်လဲ့နေသည်၊ ရှင်းရှင်းပြောရလျှင် အချစ်ရည်များ ပြည့်လျှံနေသော မျက်လုံးများပင်ဖြစ်သည်။

"ဒီလိုနဲ့ ဘာကြာလိုက်လို့တုန်းဆရာရယ်၊ ကျွန်မ အထင် တစ်လလောက်အကြာမှာထင်ပါတယ်၊ တစ်နေ့ ကိုလေးက ကျွန်မ ကို အထူးပြောစရာရှိတယ်ဆိုပြီး ကျွန်မနဲ့ ဗိုလ်ချုပ်ပန်းခြံမှာ ချိန်း တယ်၊ အဲဒီနေ့က ကိုလေးပြောတဲ့ စကားတွေကို အမိပ္ပါယ်ကောက် ရရင် အစ်မရွှေခင်ကို သူ တွေ့တော့မှ သနားတာနဲ့ ချစ်တာကို ကွဲ ကွဲ ပြားပြားသိတော့တယ်တဲ့၊ သူ့ကိုခွင့်လွှတ်ပါ၊ ကျွန်မကို သနား ပေမယ့် အဲဒီ သနားစိတ်ကနေဖြစ်ပေါ်လာတဲ့ အချစ်ဟာ ရွှေခင့် အပေါ် ချစ်တဲ့စိတ်ကိုမမီဘူး၊ အဲဒါကြောင့် ငါးရုံ့နှစ်ကောင် ဖမ်းသလိုဖြစ်မှာစိုးတာကြောင့် ကျွန်မကို ပြတ်ပြတ်သားသားပြော ရတာပါတဲ့၊ ကျွန်မနဲ့ ခုအချိန်ကစပြီး မောင်လို နှမလို နေကြပါ စို့တဲ့၊ ကြည့်ပါဦး ဆရာရယ်၊ ဘယ်လောက်နာကျည်းခံပြင်းစရာ ကောင်းလိုက်သလဲလို့"

စကားပြောရင်း မခင်မ မျက်လုံးအိမ်ထဲတွင် မျက်ရည်စ များကိုတွေ့ရသည်၊ အနည်းငယ် တုန်ယင်နေသော ဖောက်နူတ် ခမ်းကို အပေါ်သွားဖြင့် ဖိကိုက်ထားသည်၊ နာကျည်းခံပြင်းစိတ်တို့ ၏ သရုပ်သဏ္ဍာန်ပင်ဖြစ်သည်၊ ယောကျ်ားတစ်ယောက်က မချစ် နိုင်တော့ပါ၊ ရည်းစားအဖြစ်မှ ရပ်စဲကြရန် ပြောလာမှတော့ မိန်း မသားဖြစ်သော မခင်မသည် ဘာတတ်နိုင်တော့မည်နည်း၊ ဝမ်း နည်းကြေကွဲစိတ်တို့ကို ကျိတ်မှိတ်ဖြေသိမ့်ရင်း "အင်းပါ ကိုလေး သဘောပါ" ဟု မခင်မသည် မချိတင်ကဲဖြင့် ခေါင်းညိတ်လိုက် ရသည်။

"တကယ်ဆိုရင် အစ်မရွှေခင်အပေါ်မှာ ကျွန်မ နာကျည်း ခံပြင်းဖို့ကောင်းတာပါ၊ ကိုယ့်ညီမရဲ့ ချစ်သူကို ဘယ်လိုပဲဖြစ်ဖြစ်၊ ကြောင်တောင်မနိုက်သင့်ဘူးပေါ့၊ ခုတော့ မလုပ်သင့်၊ မလုပ်ထိုက် တဲ့အလုပ်ကို သူ လုပ်တယ်၊ ကျွန်မမှာတော့ ရည်းစားလူလု အနူနု ကျွဲခတ်ပေါ့ ဆရာရယ်"

"အဲဒါနဲ့ မရွှေခင် သေတဲ့ည အကြောင်းကိုပြောပါဦး"

တင်မောင်ဝေက ခံစားချက်နောက်သို့ လိုက်၍ပြေးနေ







သော မခင်မကို သတိပေးသည်၊ ထိုအခါ မခင်မသည် တင်မောင် ဝေကို ခေါင်းညိတ်ပြလိုက်ရင်း. . .

"ပြောပါ့မယ် ဆရာ၊ ကျွန်မက ဒီလိုဖြစ်ရတဲ့အကြောင်း ရင်းမှန်ကို ပြောပြမှ ဆရာတို့က ကျွန်မကို နားလည်နိုင်မှာမို့ပါ၊ အဲဒီနေ့ညနေပိုင်းမှာ ကိုခင်ကြိုင်ဟာ ကျွန်မတို့အိမ်ကို ရောက်လာ တယ်၊ အိမ်မှာ အဖေမရှိဘူး၊ နယ်ကို ဆေးကုဖို့သွားတယ်၊ ကိုခင် ကြိုင် ကျွန်မတို့အိမ်ရောက်လာတာက ပထမတော့ အစ်မရွှေခင်ကို တွေ့ဖို့၊ စကားပြောဖို့လာတာပါ၊ နောက်တော့. . "

"နောက်တော့. . ဘာဖြစ်လဲ"

"နောက်တော့ သူတို့နှစ်ယောက် စကားပြောရင်းနဲ့ ညနေငါးနာရီလောက်ရှိတော့ ကိုခင်ကြိုင်က ဟာ. . ခုမှသတိရ တယ်၊ လွင်လွင်ရုံမှာ ကြောင်နက်ကားပြနေတယ်၊ ဒီကားက သိပ် ကောင်းတယ်လို့ ပြောကြတယ်၊ ခြောက်နာရီခွဲပွဲသွားကြည့်ရ

အောင်လို့ ရွှေခင်ကိုပြောပြီး လာဟော့ ခင်မပါ တစ်ခါတည်းလိုက်ခဲ့လို့ နောက်ဖေးခန်းမှာရှိတဲ့ ကျွန်မကို လှမ်းအော်ပြောတယ်"

ထိုသို့ပြောလိုက်ကာ မခင်မသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်၊ ပြီးမှ. . .

"ကျွန်မ ဒီကားကို သိပ်ကြည့်ချင်နေတာဆိုတော့ ကျွန်မလဲ မငြင်းမိဘူး၊ သူတို့နဲ့အတူ လွင်လွင်ရုံကိုရုပ်ရှင်ကြည့်ရအောင် လိုက်သွားတယ်၊ သူတို့စုံတွဲနဲ့ ရုပ်ရှင်အတူကြည့်ရတာ ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ ဆရာ စဉ်းစားကြည့်၊ နောက်ဆုံး ကျွန်မ ရုပ်ရှင်ကားကို ကြည့်ရမှာလား၊ နင်တို့ကိုကြည့်ရမှာလားလို့ ရွှေခင့်ကိုမေးတော့မှ နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်သွားကြတယ်"

ခင်ကြိုင်သည် ရုပ်ရှင်အပြီးတွင် အလုံသို့မပြန်သေးပဲ မခင်မတို့အိမ်သို့ လိုက်လာသည်၊ အိမ်ရောက်တော့ သူတို့က အိမ်ရှေ့ခန်းတွင် ထိုင်၍ စကားပြောနေကြကာ မခင်မသည် သူတို့ညီအစ်မနှစ်ယောက်အိပ်သော နောက်ဖေးခန်းသို့ ဝင်အိပ်လိုက်သည်။

"ဒါပေမယ့်. . အိမ်ရှေ့ခန်းက သူတို့နှစ်ယောက်ရဲ့ ကလူသံ၊ ကြည်စယ်သံတွေကို ကြားနေရတော့ ကျွန်မ ဘယ်မှာ အိပ်ပျော်နိုင်မှာလဲ၊ မျက်စိကိုဇွတ်အတင်းမှိတ်ပြီး နားကိုခေါင်းအုံးနဲ့ဖိအတင်းအိပ်ပျော်အောင် ကြိုးစားပေမယ့် သူတို့နှစ်ယောက်ရဲ့ ချစ်ကြည်စယ်သံတွေဟာ ကျွန်မအသည်းနှလုံးကို အပ်ဖျားတွေနဲ့ ဆွနေသလို တော်တော်အခံရဆိုးလှပါတယ် ဆရာရယ်"

မခင်မက ခင်ကြိုင်နှင့်မရွှေခင်တို့၏ ပြောစကားများကို ဆက်၍ ပြောပြနေပြန်သည်"

"ခင်မနဲ့ရွှေခင်ကို ဘယ်သူ့ကို ပိုချစ်သလဲ ကိုလေး"

"မေးစရာလိုသေးသလား ရွှေခင်ရယ်၊ ကိုလေးက မရွှေခင့်ကိုသိပ်သိပ်ကြီးကို ချစ်တာပေါ့"

"တကယ်နော် ကိုလေး၊ ဒါပေမယ့် ဒီလောက်အကျည်းတန်၊ အရုပ်ဆိုးတဲ့ ခင်မကို ကိုလေးက အစက ဘာပြုလို့ချစ်ခဲ့တာ





လဲဟင်"

"ဒါလား. . အိုကွယ်၊ သစ်မရခင် ဝါးပေါင်းကွပ်ရတာပါ၊ ခုတော့ ကိုလေးနှလုံးသားထဲမှာ ရွှေခင်တစ်ယောက်ပဲ ရှိပါတော့တယ်"

"ဟင်း. . ဟင်း. . ခစ်ခစ်. . ခစ်ခစ်"

မရွှေခင်၏ ရာဂသံနှောသော တခစ်ခစ်ရယ်မောသံက မခင်မ၏ရင်ထဲမှ နာကျည်းစိတ်တို့ထိန်းမရအောင် ဖြစ်သွားသည်၊ ဒေါသလည်း ထောင်းကနဲထွက်သွားသည်၊ ထိုစဉ် မခင်မသည် အိပ်နေရာမှ ရုတ်တရက်ထထိုင်လိုက်သည်၊ ပြီးနောက် အိမ်ခန်းဝတွင် ချိတ်ဆွဲထားသော အဖေ၏ ဆေးမြစ်စုံထည့်ထားသော လွယ်အိတ်ကြီးဆီသို့ ပြေးသွားသည်၊ ထိုလွယ်အိတ်ထဲတွင် ဆေးဖော်ရာတွင် သစ်မြစ်များ၊ သစ်ဥ၊သစ်ဖုများကိုလှီးဖြတ်ရန် ဓားမြှောင်တစ်ချောင်း ရှိသည်။

မခင်မသည် လုံးဝသတိလက်လွတ်ဖြစ်ကာ ထိုဆေးလွယ်အိတ်ထဲမှဓားမြှောင်ကို ဆွဲထုတ်လိုက်သည်၊ထိုအခိုက် ဒေါသအပြင် သူ့စိတ်ထဲတွင် ဘာမှမရှိတော့၊ သူ့မျက်လုံးထဲတွင် ဘာဆိုဘာမှမမြင်တော့၊ အိမ်ရှေ့ခန်းသို့ တောက်လျှောက်ပြေးသွားကာ အိပ်ရာပေါ်တွင် ခင်ကြိုင်နှင့်အတူ လှဲအိပ်လျက်ရှိသော မရွှေခင်ဘေးတွင် ရုတ်တရက်ထိုင်ချလိုက်ပြီး လက်တွင်းမှဓားမြှောင်ဖြင့် မရွှေခင်ကို ထိုးချလိုက်တော့သည်။

"အား. . အမလေး"

ရွှေခင်က အော်သည်၊ ထိုစဉ် မခင်မသည် မရွှေခင်၏ ဝမ်းဗိုက်ကို နောက်တစ်ချက်ထပ်ထိုးလိုက်သည်၊ ပြီးမှ ထိုင်ရာမှ ထကာ အိမ်နောက်ဖက်သို့ ပြေးထွက်လာသည်။

"ဟော့. . ခင်မ၊ နေဦး. . မင်းလဲ သေပေတော့"

ခင်ကြိုင်သည် မရွှေခင်၏ ဝမ်းဗိုက်တွင် စိုက်လျက်ရှိ ဓားကိုဆွဲနှုတ်ကာ အိမ်နောက်ဖက်သို့ အပြေးလိုက်လာသည်၊ ထို့

နောက် "မင်း သေပေတော့ဟု. ." နောက်တစ်ကြိမ်ပြောလိုက်ကာ မခင်မကို ဓားဖြင့်တစ်ချက်ထိုးပေါက်သည်။

"အဲဒီအချိန်မှာ အိမ်ရှေ့ကို ကိုမှတ် ရောက်လာပါတယ်၊ ဆရာကြီး ဆရာကြီးဆိုပြီး အဖေ့ကိုခေါ်နေသံ ကြားရပါသည်၊ အဲဒီအချိန်မှာပဲ လူသံကြားလို့ ကိုခင်ကြိုင်ဟာ ကျွန်မကို ဓားနဲ့ ဆက်မထိုးတော့ပဲ အိမ်နောက်ဖေးကနေ ခုန်ဆင်းထွက်ပြေးသွားပါတယ်"

"ဓားက သူနဲ့အတူ ပါသွားသလား"

"ဟုတ်ကဲ့. . ကိုခင်ကြိုင်နဲ့အတူ ပါသွားပါတယ်"

"ဒါနဲ့ မရွှေခင် မသေခင် ကြောင်နက်၊ ကြောင်နက်လို့ ပြောသွားတဲ့ ကိစ္စပြောပါဦး"

ထိုအခါ မခင်မသည် မချိတင်ကဲအသံဖြင့် ပြောပြသည်။

"ဒါက ကျွန်မကို နှိမ်ခေါ်ကြတဲ့ နာမည်တစ်ခုပါ ဆရာ၊ စကားစပ်မိလို့ ပြောရဦးမယ်၊ အစ်မ မရွှေခင်နဲ့ ကျွန်မဟာ ညီအစ်မ အရင်းတွေ မဟုတ်ဘူးဆရာ၊ သူက အဖေ့နောက်အိမ်ထောင်က ပါလာတဲ့သမီး၊ ကျွန်မ အမေဆုံးလို့ ကျွန်မတို့ အိမ်မဲမြို့ကနေ ရန်ကုန်ကို ပြောင်းလာကြမှ အဖေက နောက်အိမ်ထောင်ယူတာ၊ အဲဒီတုန်းက ကျွန်မ ခုနှစ်နှစ်သမီး၊ သူက ကိုးနှစ်၊ ဒါနဲ့ နောက်ဆုံး ရွှေခင့်အမေဆုံးတော့ ဒီသံပုံချိုင့်ကို အဖေကပြောင်းလာတာ နောက်ပြီး. ."

"ကြောင်နက် ကိစ္စကို ပြောပါဦး"

မခင်မက ခေါင်းညိတ်သည်။

"ဆရာသိတဲ့အတိုင်း ကျွန်မက အရုပ်ဆိုး၊ အကျည်းတန်တယ်ဆရာ၊ အသားကမည်းမည်း၊ မျက်လုံးပြူးပြူးနဲ့မို့ ကျွန်မကို ပြူးကြောင်မ၊ ကြောင်နက်မဆိုပြီး အဖေကအစ နှုတ်ကျိုးအောင် ခေါ်ခဲ့ကြတယ်ဆရာ၊ အစ်မရွှေခင်သေခါနီးမှာ သူ့ကို ကျွန်မ သတ်တယ်လို့ ပြောချင်တာပါ၊ ကြောင်နက်မလို့ နှုတ်ကဆုံးအောင်မထွက်





နိုင်ပဲ ကြောင်နက်၊ ကြောင်နက်ကို တစ်ပိုင်း၊ တစ်စပြောပြီး သေသွားရတာပါ ဆရာ"

တင်မောင်ဝေ ပြုံးမိသည်၊ အတွေးနက်နက်၊ စိတ်ကူးကောင်းကောင်းဖြင့် သံသရာလည်အောင် တွေးခဲ့ရသော ကြောင်နက်ကိစ္စ အဖြေပေါ်တော့လည်း ဘာမှမဟုတ်ပါလားဟု. . တင်အောင်ဝေတွေးရင်း ထပ်၍ပြုံးလိုက်မိသည်၊ ဩော်. . ကြောင်နက်. . ကြောင်နက်၊ တကယ့်ကြောင်နက်ပါပဲလား"

**နန္ဒစိုး**

**နန္ဒစိုး**

**(မြန်မာပြန်)**

**တမ္ဘာကျော် စုံထောက်ဝတ္ထုတိုများပေါင်းချုပ်**

**ယနေ့အထိ နိုင်ငံတိုင်းတွင် မိမိတို့ဘာသာ စကားဖြင့် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေနေရသော အကောင်းဆုံး စုံထောက်ဝတ္ထုတိုများကို ရွေးချယ်စုစည်းပြီး ထုတ်ဝေ ခြင်းဖြစ်ပါသည်။**

စာမူခွင့်ပြုချက်အမှတ်- ၅၀၀၈၄၉၀၉၀၈

**ဖော်မွန်စာပေမှထွက်နေပါပြီ**


စုံထောက်စိန်မမနှင့်

# ရဲဟိန်း

## စုံထောက်စိန်မမ

နှင့်

## ခါးဘခက်

"မင်းဗိနေ့ အလုပ်ဖြစ်ခဲ့တာ ထုတ်စမ်း"

"ဟာ. . . ခွေးညိုကလဲ ဖြည်းဖြည်းပေါ့"

"မဖြည်းနဲ့ ဒါမျိုးက မင်းတို့ငါတို့ လက်ထဲမှာ ကြာကြာထားလို့ကောင်းတာမျိုး မဟုတ်ဘူး၊ တန်ဖိုးရှိတဲ့ ရတနာပစ္စည်းမျိုးဟာ အာစရိဘခက်ဆီ မြန်မြန်ရောက်လေ အားလုံးအတွက် စိတ်ချရလေ၊ အကျိုးရှိလေပဲ ဂျိုကာရ"

"ငါသိပါတယ် ခွေးညိုရာ၊ ငါ့ကိုဆရာမလုပ်နဲ့၊ ဒီပစ္စည်းကလဲ ငါ့အသက်စွန့်ပြီး သုတ်ခဲ့ရတာ ဝေစုခွဲရင် ငါအများဆုံးရသင့်တယ် နော်၊ မပြောမရှိနဲ့"

ဂျိုကာနှင့် ခွေးညိုတို့ တစ်ယောက်တစ်ခွန်း အချေအတင် ပြောနေ၏၊ ထိုစဉ်အတွင်းခန်းထဲဝင် အဝတ်အစားလဲပြီး ပြန်ထွက်လာသော ဘခက်ကြောင့် မီးကိုရေနှင့်ငြိမ်းသတ်လိုက်သကဲ့သို့ အသံများ တိတ်ဆိတ်သွား၏၊





ဘခက်၏ နာမည်ရင်းမှာ ဖိုးဆိတ်ဖြစ်သည်၊ ဖိုးဆိတ်သည် ရင်သိမ့်တုန်စာရေးဆရာ ဆွေလှိုင်ဦး၏ ဝတ္ထုများကို စွဲစွဲလမ်းလမ်းဖတ်ခဲ့၏၊ ဆွေလှိုင်ဦး၏ တစ်ခုသော ဝတ္ထုထဲမှ 'ခါးဘခက်'ကို သဘောကျ၍ သူ့အမည်ကို 'ဘခက်'ဟု အမည်ပြောင်းလိုက်၏၊

သူ့တပည့်များက အာစရိယဘခက်ဟုခေါ်၏၊ သူနှင့်မတိမ်းမယိမ်း အာစရိယဘွဲ့ခံ အမှောင်လောကသားများက သူ့ရှေ့တွင် 'ဘခက်'ဟုခေါ်ပြီး၊ ကွယ်ရာတွင်မူ 'ဆိတ်ဘခက်'ဟုခေါ်၏၊

တရားဥပဒေဘက်တော်သား ရဲအဖွဲ့ဝင်များကတော့ သူ၏ ဒုစရိုက်အလုပ်ကို အစွဲပြု၍ 'ခါးဘခက်'ဟုခေါ်၏၊ သူ၏ဒုစရိုက်အလုပ်မှာ 'ခါးပိုက်နှိုက်'ဖြစ်၍ နာမည်ရှေ့တွင် 'ခါး'တပ်ခေါ်ခြင်းဖြစ်သည်၊

ဘခက်နောက်မှကပ်၍ အခန်းထဲမှ ထွက်လာသူက "ကျော်ကြီး"၊ ကျော်ကြီးက တန်ခွဲ့ကယနှင့် ဖင်ကိုလိမ်တချစ်လိမ်တချစ်လုပ်၍ ဂျိုကာရှိရာသို့ လျှောက်လာ၏၊ ပြီးတော့ ဂျိုကာ၏ ပုခုံးပေါ် လက်ဘင်တာ. . .

"ဟင်းနော်. . . တလိမ်ကကျစ် လုပ်မယ်မကြံနဲ့၊ ကျော်က ကြိုက်ဘူး သိလား၊ ဘတ်စ်ကားပေါ်မှာ ကျော်တို့ အားလုံးမြင်ပြီးသား နော်"

လူကကျားကိုးစီး စားမကုန်အောင် ထွားကြိုင်းသော ကျော်ကြီးက သူ့ကိုယ်သူ 'ကျော်'တုမဲ့တဲ့ကာရွဲ့ကာ ပြော သဖြင့် ဂျိုကာက မျက်နှာလွှဲကာ. . .

"လူတိုက ခုထိအချိုးမပြင်သေးဘူး၊ ကဲ. . . ကြေစမ်းပါဦး၊ ခင်ဗျားက ဘာများမြင်ခဲ့လို့လဲ" ဟု ဒေါနှင့်မေးသည်၊

ဘခက်က သူ့နှုတ်ခမ်းတွင် ကျန်နေသော နှုတ်ခမ်းနီဆေးကို လက်ဖမိုးနှင့်သုတ်လိုက်ပြီး အသံမာမာပြောနေသော ဂျိုကာကို မလိုလားဟန်ဖြင့် မျက်စောင်းတစ်ချက်ထိုး လိုက်သည်၊

"သိပ်မြင်. . . သိပ်မြင်၊ ကျော်တို့က မမြင်ချင်အဆုံး၊ သူလေ သူပေါ့၊ ဟောဒီ ဂျို. . . ဂျိုရယ်လေ၊ ဘတ်စ်ကားပေါ်မှာ အကျင့်ယုတ်

အကျင့်ပုတ်တွေ မသိရင်ခယ်မယ်၊ ဟိုခပ်တောင့်တောင့် မိန်းမကိုလေ အသက်လေးဆယ်လောက်၊ တောပုံ လုံးကြီးပေါက်လှကြီးကိုလေ သူ နောက်က ကပ်ကပ်ပြီး ဟွန်း. . ."

"ဒါအလုပ်ဗျ. . . အလုပ်"

"အင်းလေ. . . ကျော်ကဘာပြောလို့လဲလို့၊ သူ့ဟာသူ ဇိုးမလုံ၊ အုံပွင့်ပြီးတော့၊ ဟွန်း. . . သူ့လက်ကလဲ မြန်လိုက်တာ အရမ်းပဲ၊ အရမ်း. . . အရမ်းကိုမြန်တာပါပဲ၊ ကားဘရိတ်တစ်ချက်အအုပ် လူတွေ ယိုင်အသွား ဂျို့လက်က ဆတ်ခနဲဆွဲ၊ လုံးကြီးပေါက်လှရဲ့ အကျီကအောက်ဆုံးကြယ်သီးလေးကြွေအကျ၊ ကျန်လက်တစ်ဖက်ထိုးအခံ၊ လက်ဝါးထဲကျလာတဲ့ ရွှေကြယ်သီးကို ဝါးခနဲ ဟန်ဆောင်သန်းရင်း ပါးစပ်ထဲ အထည့် အားလုံး. . . အားလုံး ချိန်ကိုက်ချိန်ကိုက်ပဲ၊ အာစရိဘခက်ရဲ့ တပည့် ပီသပါပေတယ်၊ ပစ္စည်းကတော့ သုံးသိန်းကျော်လောက်တန် လိမ့်မယ်"

ကျော်ကြီးက ဂျိုကာကို ချီးမွမ်းလေဟန်ပြောပြီး၊ ဘခက်ထိုင်လိုက်သည့် ဘေးဆိုဖာဆတွင် ဝင်ထိုင်လိုက်သည်၊

ဘခက်ကတော့ ဘာမှမပြော၊ ယခုထိ စကားတစ်လုံးမှ မဟသေး၊ ဘခက်ကား အပြောထက် အလုပ်ကို ဦးစားပေးသူ ဖြစ်သည်၊

ဘခက်က လက်ဝါးဖြန့်လိုက်သည်၊ မျက်စိအစုံက ဂျိုကာ မျက်လုံးအစုံကို ဖောက်ထွက်သွားစေမတတ် စူးစူးစိုက်စိုက် ကြည့်နေသည်၊

ခွေးညိုကလည်း စိတ်ဝင်တစား ကြည့်နေသည်၊ ဂျိုကာက ဘောင်းဘီအိတ်ထဲမှ ရွှေကြယ်သီးကို နှိုက်ယူ၍ ဖြန့်ထားသော ဘခက်၏လက်ဝါးပေါ်သို့ တရိုတသေ သွားထည့်သည်၊

ငါးမူးစေ့အရွယ်ရှိ ရွှေဒင်္ဂါးကို ကွင်းတပ်၍ ပြုလုပ်ထားသော ရွှေကြယ်သီး၊ အနည်းဆုံး ငါးမူးသာတော့ ရှိမည်၊ ဘခက်က လက်ဝါးထဲရောက်လာသော ရွှေကြယ်သီးကို ဆုပ်လိုက်သည်၊

"ငါ့တပည့်ထဲမှာတော့ ဂျိုကာက အတော်ဆုံးပဲ၊ ဂျိုကာဆိုတဲ့ နာမည်နဲ့လိုက်အောင်ကို တော်တာ"





ဘခက်က ဂျိုကာ ကို ချီးမွမ်းနေသည်၊

"ဟင်းဟင်း. . . ကျွန်တော်တို့လဲ ကောင်းကောင်း သုံးရကာ ပေါ့၊ ကျော်နီလမ်းသွေ့ကျောတ်တို့၊ ဗက်စ်စစ္စတီနိုင်းတို့ မသောက်ရတာကြာ လှပြီ အာစရိရဲ့"

"ခွေးက လူစကားပြောလို့ ကိုယ်တိုင်တော့ တစ်ခါမှဖြစ်အောင် မလုပ်နိုင်ဘူး"

ဘခက်က ပြောရင်း လက်ထဲမှ ရွှေကြယ်သီးကို တဆဆလုပ်နေသည်၊

"အာစရိ . . ဒီရွှေကြယ်သီးက ဘယ်လောက်လောက် ရမလဲ ဟင်"

"ငါးမူးသာဆိုတော့ သုံးသိန်းနီးပါးလောက် ရမှာပေါ့ကွာ"

"ဟား. . . ဝွတာပဲ၊ ခွေးညိုတို့ ဝေစုတောင်းတောင်းရ တော့မယ်"

"အေး. . . ရွှေအစစ်ဆိုရင်ပေါ့ကွာ"

"ဗျာ"

ဘခက်စကားထဲတွင် သံသယရှိသော လေသံဝါသာသဖြင့် ခွေးညိုမှာ 'ဗျာ'ဟု ညည်းရင်း စိတ်အားထက်သန်မှုမှာ (၁၀)ရာခိုင်နှုန်း လျော့ကျသွား၏၊

"ငါဆကြည့်တာ ပေါ့နေသလိုပဲကွ၊ ငါ့သံသယ ဖြစ်နေတယ်"

"အာစရိ . . အင်. . . ကြီးတော့ ဟုတ်မယ်မထင်ပါဘူး၊ အဲဒီ လုံးကြီးပေါက်လှက တောပုံကြီးပေမယ့် ဝတ်ထားတဲ့အဝတ်အစားတွေက တကယ့်တန်ဖိုးကြီးတဲ့ အဝတ်အစားတွေ အာစရိရဲ့၊ လည်ပင်းမှာလဲ ဆွဲကြိုးကြီးက အယ်နေတာ၊ တတ်တာနဲ့တောင် ဖြတ်လို့ရမှာမဟုတ်ဘူး၊ ပြီးတော့ လက်ဆောက်တွေကလဲ တစ်ဘက်ကို လေးငါးဆယ်ကွင်းလောက်ကို ဝတ်ထားတာ၊ လက်စွပ်ကလဲ မြေပဲမစေ့လောက်ရှိတဲ့ လက်စွပ်၊ နားကပ်က ပတ္တမြားလုံးကြီးတွေကလဲ"

"တော်တော်. . . တော်စမ်းခွေးညို"



ခွေးညိုက မစားရ ဝခမန်း အဆီတစ်ထပ် အသားတစ်ထပ် ပြင်ကွင်းကို နောက်ပြောင် ပြောပြနေရာ ဘခက်က ဟန့်လိုက်သဖြင့် တုံ့ခနဲ ရပ်သွားသည်၊

"ဇီလောက် ရတနာတွေ စုံအောင်ဝတ်ဆင်ထားနိုင်မှတော့ ကြယ်သီးလောက်ကို အင်္ကြီးဝတ်ပါ့မလား အာစရိရဲ့. . . ဟဲဟဲ"

"အဲဒါကြောင့် အင်ဖြစ်နိုင်တာ ဗိုသေချာတာပေါ့ ငတုံးရ၊ ဒီလောက် ဝတ်စားထားနိုင်မှတော့ကွာ၊ ဘယ်သူက လူနဲ့ခွေးနဲ့ တစ်လှိုင်လှိုင်. . . ခါးပိုက်နှိုက်ရန်လဲကြောက်ရ၊ တိုးခွေ့စီးရတဲ့ ဘတ်စ်ကား စီးပါ့မလဲကွ၊ ကိုယ်ပိုင်ကား၊ ဒါမှမဟုတ် အငှားကားနဲ့သွားမှာပေါ့၊ ကဲ. . . ငါပြောတာ မယုံစစ်ကြည့်ကြ၊ ရော့. . . ပော့ဖိုးကျော်"

ဘခက်က ဧဂါးပြား ရွှေကြယ်သီးကို အနီးရှိ ကျော်ကြီး လက်ထဲ ထည့်လိုက်သည်၊

ကျော်ကြီးက ဂျိုကာ့ မျက်နှာကို လှမ်းကြည့်လိုက်သည်၊ ဂျိုကာ့မျက်နှာမှာ ဇီးကွက်လောက်ငယ်သွားသည်၊





သူ 'သားကောင်'ကို ရွေးစဉ်ကဆို တောပုံလုံးကြီးပေါက်လှကို မြင်ကတည်းက စိတ်ထဲ "သ ဝမကျ"သည့် အချက်ကို တွေးမိသည်၊ သို့သော် သဘာဝမကျမှန်း သူမသိ၊ မကျသည်ကို သူ့အတွေးက မဆက်ဖြစ်၊ ရလိုမှု အာသာဆန္ဒရမ္မက်ကသာ ပြင်းပြနေသည်၊

ယခု အာစရိ ဘခက်ပြောတော့မှ သဘာဝမကျသည့် အဖြေကိုသူသိတော့သည်၊ ကျော်ကြီးက အတွင်းခန်းထဲဝင်ပြီး မှတ်ကျောက် အနက်တုံးကလေးနှင့် ငရဲမီးပုလင်းကို ယူလာသည်၊

ပြီးတော့ အများရှေ့မှာပဲ ကြယ်သီးငါးမူးစေ့ ဧဂါးပြားတို့ မှတ်ကျောက်ပေါ်တွင် ခပ်ကြမ်းကြမ်း ခြစ်လိုက်သည်၊ ထို့နောက် ငရဲမီး တစ်စက်ကို မှတ်သားပေါ်သို့ ချလိုက်ရာ မှတ်ကျောက်ပေါ်မှ ရွှေဝါရောင်မှတ်သားများ ပြယ်ပျောက်ကာ မှတ်ကျောက်အနက်ရောင်သာ ပေါ်လွင်နေတော့သည်၊

ကျော်ကြီးက မတွေနပ်နိုင်ပဲ အလားတူ သုံးလေးကြိမ် စစ်ကြည့်ရာ ရွှေမစစ်တော့ အကဆစ်၊ ငရဲမီး၏ဝါးမျိုခြင်းကို ခံလိုက်ရသည်ချည်းဖြစ်သည်၊

"အမလေး သွားပါပေါ့လား၊ ခဲလေသမျှ သဲရေကျဆိုတာ ဒါမျိုးလားအမေရဲ့၊ တောင်းကြသေးရဲ့လား၊ ဘတ်စ်ကားပေါ်က လုံးကြီးပေါက်လှ ဒေါ်သူဌေးမရဲ့. . . ဟင်. . . ခင်ဗျားကတော့ သူဌေးမကြီးဟန်နဲ့ ဘယ်သူ့ကိုမှ မထီတဲ့ပုံမျိုး ခေါင်းကိုမော့လို့၊ အောက်ကကြယ်သီးကို ဘလိတ်ဓားနဲ့ ဖြတ်လိုက်တာတောင် ခပ်ပြုံးပြုံးလေးမော့လို့၊ ဂရုမစိုက်တဲ့ဟန်နဲ့ ဒီကငမိုက်သား ခါးပိုက်နှိုက်မှာတော့ ခံလိုက်ရလေခြင်း"

"ဩော်. . . အဲဒီတုန်းက ဒေါ်သူဌေးမ မော့မော့လေး ပြုံးနေတာက ဟင်း. . . မင်းတို့တော့ ခံရပြီဆိုတဲ့ လှောင်ပြောင်တဲ့အပြုံး၊ သရော်တော်တော် ပြုံးတဲ့အပြုံးလေးပေါ့လေ၊ ဟင်း သိမယ်၊ ဒင်းကိုတော့ ပြန်အကြောင်းပြရသေးတာပေါ့၊ ခွေးညိုတဲ့ တစ်ညိုထဲရှိတယ်"

"မင်းက ဘယ်လို ပြန်လုပ်ဦးမှာလဲ ခွေးညို၊ ကြည့်လုပ်နော်၊ အားလုံး လက်ကောက်ဝတ် နေရဦးမယ်"

ဘခက်က စိုးရိမ်ဟန်ဖြင့် ဝင်သတိပေးလိုက်သည်၊

"လွယ်ပါတယ် အာစရိရယ်၊ ပောဒ်လို. . . ပောဒ်လို. . . သို့ ဒေါ်အင်ကြီးလို့ ရေးပြီး နောက်တစ်နေ့ အဲဒီအယောင်ဆောင် ဒေါ်သူဌေးမ ဆွဲခြင်းထဲ ထည့်လိုက်မယ်"

* * *

"အစ်မကြီး အမည်ပြောပါ"

ရဲစခန်းထဲတွင် ဖြစ်သည်။

နံနက် (၁၀)နာရီ။

တာဝန်ကျ ရဲတပ်ကြပ်ကြီး စာရေးက သူ့စားပွဲရှေ့တွင် ရပ်နေသော အဝါရောင်၊ အဖြူရောင်၊ အစိမ်းရောင်၊ အပြာရောင်တို့ဖြင့် တစ်ပြောင်ပြောင် တစ်လက်လက် မျက်စိကျိန်းလောက်အောင် ရွှေနှင့်ကျောက်မျက်ရတနာများ ဝတ်ဆင်ထားသည့် အသက်(၄၀)ကျော်အရွယ် လုံးကြီးပေါက်လှ အမျိုးသမီးကြီးကို နာမည်မေးလိုက်သည်။

"ကျွန်မ နာမည် မေဆန်းနုပါ"

"ဗျာ မေဆန်းနု ဟုတ်လား အစ်မကြီး။ နောက်နေတာလား"

"နောက်နေတာ မဟုတ်ပါဘူးရှင်၊ ဟိုက ရုပ်ရှင်မင်းသမီး မေသန်းနုပါ။ ကျွန်မက မေဆန်းနု၊ သန်းနဲ့ဆန်းနဲ့ လွဲထားတာပါရှင်"

"ဗျာ လွဲတာမဟုတ်ဘဲ၊ လွဲထားတာဟုတ်လား"

"ကျွန်မ နာမည်ရင်းက မေသန်းနုပါ။ နောက်ရုပ်ရှင်မင်းသမီး မေသန်းနုပေါ်လာတော့ ကျွန်မကို ရုပ်ရှင်မင်းသမီး မေသန်းနုလို့ ထင်မှာစိုးလို့ တမင်ပဲ အလယ်က နာမည်သန်းအစား ဆလိမ်နဲ့ 'ဆန်း'ပစ်လိုက်ရပါတယ်။ ဟင်း. . . ဟင်း"

"ကဲ. . . ကောင်းပါပြီ၊ ဒေါ်မေ. . . ဒေါ်မေ"

"မေဆန်းနုပါ"

"ကဲ ဒေါ်မေဆန်းနု၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့က ဘာများကူညီရပါမလဲခင်ဗျာ"

"တခြားတော့ မဟုတ်ပါဘူး။ ကျွန်မ ဈေးဝယ်ပြီး ဘတ်စ်ကားနဲ့အပြန်မှာ"





"ဒေါ်မေဆန်းနုရယ် ခင်ဗျား ဗိလောက်သိန်းနဲ့သန်းနဲ့ချီပြီး ဝတ်စားထားတဲ့ ရတနာတွေနဲ့ ခင်ဗျားမို့ ဘတ်စ်ကားနဲ့ သွားရဲလေတယ်ဗျာ"

"ရှူး. . . တိုးတိုး၊ ဆရာ့ကို ကျွန်မ တိုးတိုးလေး ပြောရဦးမယ်"

ဒေါ်မေဆန်းနုက ရဲတပ်ကြပ်ကြီးစာရေး ကြားရရုံလောက်လေသံဖြင့်-

"ကျွန်မ ကိုယ်ပေါ်က အားလုံးဟာ အတုတွေဆရာရဲ့" ဟု ပြောလိုက်သည်။

"ဗျာ. . . အင်တွေဟုတ်လား"

"အို. . . ဆရာတလဲ တိုးတိုးဆိုတာမှ၊ ဒါကြောင့် အခုအဲဒီ အင်တွေကြောင့် ပြဿနာကြီးပေါ်လာလို့ လာအသိပေးတိုင်တန်းရတာ ဆရာရဲ့၊ ပောဒ်မှာ ဆရာကြည့်ပါဦး"

ဒေါ်မေဆန်းနုက ပိုက်ဆံအိတ်ထဲမှ စက္ကူခေါက်ကလေး တစ်ခုကို ဖြန့်ပြလိုက်သည်၊ စာရွက်ပေါ်တွင် ငါးမူးစေ့အရွယ် ရွှေရောင် ဇင်္ဂါးအကျီကြယ်သီး တစ်လုံး၊

စာရွက်ပေါ်တွင် ငလေးထောင့်စာလုံးများဖြင့် ရေးသားထားသည်မှာ -

ဒေါ်အင်ကြီး

အစစ်မဝယ်နိုင်ရင် မဝတ်ပါနဲ့၊

ခင်ဗျားတို့ အင်တွေကြောင့် ကျုပ်တို့ ဒုက္ခရောက်တယ်၊

ဒေါ်အင်. . . ကောင်းကောင်းကြီး သတိထားပါ၊

ဝါပဲ၊

* * *

"ဆရာမ နာမည်ကျေးဇူးပြုပါ"

"မြမြမြင့်ပါ"

"အသက်"

"၂၃ နှစ်ပါ"

"အဆင့်"

"မူလတန်းပြပါ"

"လိပ်စာ"

"အင်းစိန်၊ ကြို့ကုန်းအရှေ့ရပ်ကွက်မှာ နေပါတယ်"

"ကျွန်မဟာ မုဆိုးမအမေကို လုပ်ကျွေးနေရတဲ့ သူပါ။ ဆင်းရဲပါတယ်။ ကျွန်မရဲ့ မူလတန်းပြ လစာကလွဲပြီး အခြားဝင်ငွေမရှိတဲ့ အတွက် ချို့ချို့တဲ့တဲ့ နေထိုင်စားသောက်ရပါတယ်"

အငံမကလဲ ခုတလော နေမကောင်း၊ အစာလဲ ကောင်းကောင်း မဝင်၊ ဒါကြောင့် ဒီနေ့လစာထုတ်ပြီး ဆရာကြီးဆီကို ခွင့်တောင်းပြီး မြို့ထဲဆေးနဲ့ ဓာတ်စာလာဝယ်ရင်း ခုလို ခါးပိုက်နှိုက်ခံရတာပါပဲရှင်"

* * *







"ကျုပ်နာမည်က ဦးဘိုးသာ၊ တွံတေးကပါ။ အသက်(၆၀) ကျော်ပါပြီ။ ဟောဒါ ကျုပ်သား မောင်ရင်မောင်၊ ကျုပ်တို့က ယာလုပ် ခြံစိုက်ပေါ့။ မှန်မှန်တော့ စားရပါတယ်၊ အပိုအလျှံတော့ သိပ်မရှိပါဘူး"

"ကျုပ်သားငယ်ငယ်က ကျည်းသားရိုက်ရင်း မျက်စိထိသွားလို့ ဒဏ်ဖြစ်တယ်၊ အသက်နှစ်ဆယ်မှာ လုံးလုံးမကွဲတော့ဘူး၊ အလင်းရောင် လောက်ပဲ မြင်တယ်၊ အသက်အစိတ်မှာ လုံးလုံးကွယ်တော့တာပဲ၊ သား မောင်ရင်မောင် မျက်လုံးကုဖို့ ကြိုးစားစုတယ်၊ "

"ရန်ကုန်မြို့ စိန်တံဆိပ်ဆေးခန်းမှာ မျက်စိခွဲရင် ပြန်မြင်ရမယ် လို့ပြောတယ်၊ ခွဲခကတစ်ဘက်ကို တစ်သိန်းကျော်၊ နှစ်ဘက်ဆိုတော့ နှစ်သိန်းပေါ့၊ ငွေနှစ်သိန်းစုမိလို့ ပြန်ပြတယ်၊ ဒီနေ့ချိန်းတယ်၊ အဲဒါ သားလေး မောင်ရင်မောင် မျက်စိခွဲဖို့ သားအမိ၊ သားအဖ သုံးယောက် ငွေနှစ်သိန်းပိုက်ပြီး ရန်ကုန်တက်လာတာ. . ."

"ခုခါးပိုက်နှိုက်ခံရလို့ မျက်လုံးခွဲပေးဖို့ ငွေအကုန်ကုန်ပါရော လားဗျာ၊ လုပ်ကြပါဦးဗျာ၊ ကျုပ်သားလေး ကံဆိုးရှာတယ်၊ ဒီတစ်သက် မျက်စိပြန်မြင်ရတော့မယ် မထင်တော့ပါဘူးဗျာ"

* * *

"တဲ. . . စိန်မမ သမီးရေ တို့တော့ တစ်ပွဲနွှဲကြဦးစို့"

"ဟုတ်ကဲ့ အမိန့်ရှိပါ အဘ"

"တဲထိုင် အထက်က တို့ကိုတာဝန်တစ်ခု ချပေးလိုက်တယ်"

"ဟုတ်ကဲ့ အဘ"

စုံထောက်စိန်မမက ဌာနမှူး အဖွဲ့ရှေ့ရှိ ကုလားထိုင်တွင် ရိုရို ကျိုးကျိုး ဝင်ထိုင်သည်၊ ခါးကို မတ်ထားပြီး မေးဆွဲထားသည်၊

ထိုင်လျက် "သတိ"အနေအထားမျိုး၊

"သက်ဆိုင်ရာ နယ်မြေခံ နယ်ထိန်းတွေလဲ တာဝန်ကျေကြ၊ ကြိုးစားကြပါတယ်၊ ဒါပေမယ့် ဒီခါးပိုက်နှိုက်တစ်စုက တော်တော် ပရိယာယ်များပြီး တော်တော်လျင်၊ တော်တော်ခြေသွက်နေတယ်"

"ဟုတ်ကဲ့. . . ဘဘ"

"ဒီလောက်ဆို အထက်က ဘာတာဝန်ပေးလိုက်တယ်ဆိုတာ စိန်မမ ရိပ်မိရောပေါ့"

"ဟုတ်ကဲ့. . . အဲဒီ ခါးတွေကို ဖော်ထုတ်ပေးဖို့ တာဝန်မဟုတ်လား အဘ"

"ဟုတ်တယ်"

"ကျွန်မ ရနိုင်မယ့် အချက်အလက်များ ရှိသလား အဘ"

"ခေါင်းဆောင်နာမည်က ခါးဘခက်၊ လှုပ်ရှားတဲ့ ဒေသကတော့ ပန်းဆိုးတန်း၊ ဆူးလေကားဂိတ်၊ လသာတစ်ဝိုက်"

စိန်မမသည် သူ့တပည့်ကျော် ရဲတပ်ကြပ် ပေါက်ပေါက်ကို ခေါ်၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းများသို့ လှည့်လည်သွားရောက်၍ စုံစမ်းမှုများ စတင်သည်၊

"ခါးပိုက်နှိုက်မှု ဖြစ်စဉ်မှာ ထူးခြားချက်ကလေးများကို သိချင်ပါတယ်"

"ဘယ်လို ထူးခြားချက်မျိုးကို ဆိုလိုတာလဲ စိန်မမ"

"ဘယ်လိုဆိုတာကို ဘာပြောရမှန်း မသိတာခက်တယ်"

"တင်း. . . ဒါဆို၊ အဲ. . . အတော့်ကို"

"ဒါက တိုက်ချက်ထဲမှာ ပါနိုင်မှာ မဟုတ်ဘူး၊ ဘယ်သူဘယ်ဝါ ခါးမှန်းမသိလို့သာ သူတို့လဲ အနိုက်ခံလိုက်ရတာကိုး၊ ဒီတော့ ကျွန်မ တိုင်ချက်ပေးထားတဲ့ သူတွေကို တစ်ဦးချင်း လိုက်တွေ့လိုက်မယ်၊ အဲဒီ ကျွန်မ ဆိုလိုတဲ့ ထူးခြားချက်ဆိုတာ သူတို့လဲသိကြမှာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့ပြောရင်း အမှတ်မထင် သူတို့စကားထဲက သဲလွန်စ ရလာလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

သည့်နောက် စိန်မမသည် သက်ဆိုင်ရာ နယ်မြေရဲစခန်းများထံ ခွင့်ပန်ပြီး တိုက်ချက်ပေးသူများအား သွားရောက်တွေ့ဆုံတော့သည်၊

စုံစမ်းသည်၊

မေးမြန်းသည်၊





သဲလွန်စရှာသည်၊

ကောက်ချက်ချသည်၊

သည်တော့ သူလိုချင်သည့် "ထူးခြားချက်"ဆိုသည်ကို စိန်မမ ရုပ်လုံးဖော်နိုင်လာသည်၊

ထို"ထူးခြားချက်"သည် ထိုကာလအတွင်း ခါးပိုက်နှိုက်မှု တိုင်ချက်ပေးသူတိုင်း၏ ငါးဆယ်ရာခိုင်နှုန်းဖြစ်စဉ်၌ တူညီသော အချက်အဖြစ် 'ဘုံ'ပါဝင်နေသည်ကို စိန်မမ ဖော်ထုတ်ရရှိသည်၊

ထိုထူးခြားချက်သည်ကား. . .

"ခုတလော သောင်းကျန်းနေတဲ့ ခါးဘခက်ကို ဒီနေ့ ဖမ်းမယ်"

"ဟာ. . . တယ်ဟုတ်ပါလား စိန်မမရဲ့"

"အဲဒါ ရုံပေးဖို့နဲ့ ဂယ်ပေါက်ပိတ်ဖို့ နယ်ထိန်းနှစ်ယောက်လောက်ထည့်ပေးဝါ"

"ရပါတယ်၊ ဟုတ်မှလည်း လုပ်နော် စိန်မမ"

"စိန်မမတို မယုံလို့လား"

"သေချာအောင်တော့ ကြိုးစားယူရတာပေါ့၊ ဒီနေ့ လှုပ်ရှားမယ့် အဓိကလူကတော့ ကျွန်မနဲ့ ကျွန်မတပည့် တပ်ကြပ်ပေါက်ပေါက်၊ ဆရာတို့က အရိပ်အခြေကြည့်ပြီး ဝင်ပေးပေါ့"

စိန်မမ သံသယဖြစ်လာသည်၊ သူကောက်ချက်ချ မှားပြီလား၊ သူတို့ ဖတ်ဖတ်မောနေကြပြီ၊ တော်ကြာ ပေါက်ပေါက်သာမက ဂယ်ပေါက်ပိတ်ပေးမည့် နယ်မြေခံ ရဲစခန်းနယ်ထိန်းတပ်ကြပ်ကြီး ရဲဇော်နှင့် တပ်သားမိုးကြိုးတို့လည်း မသက်သာလှ၊

ဘတ်စ်ကား အစီးပေါင်းများစွာပေါ်သို့ တက်လိုက်ဆင်းလိုက်ဖြင့် ဒူးများပင် မခိုင်ချင်တော့၊

စိန်မမနှင့် ပေါက်ပေါက်တို့လည်း စာရိတ်တုလားမညီအစ်မ ပုံစံနှင့်တစ်မျိုး၊ ဂါဝန်ကြီးတစ်ဖားဖားနှင့် တရုတ်ညီအစ်မလိုတစ်ဖုံ၊ တက္ကသိုလ်ကျောင်းသူများလိုတစ်လီ၊ မြို့ရောက်စ မအူမလယ်တောသူ

လုံမေပျာက်မျိုး တစ်သွယ်။

မျက်နှာပေါ်တွင် မိတ်ကပ်တင်လိုက်၊ ဖျက်လိုက်၊ ပြန်တင်လိုက်နှင့် ရုပ်ရှင်မင်းသမီးတွေထက်ပင် အလုပ်ရှုပ်နေသည်။ သို့သော် သူတို့ ပစ်မှတ်'ကား ငုပ်လျှိုးနေသည်။

ထို့ကြောင့် စိန်မမ သူ့ကောက်ချက်အပေါ် သံသယဖြစ်လာခြင်းဖြစ်သည်။ ထို့နောက် ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟု အဆိုရှိသည် မဟုတ်လော။

မွန်းလွဲ နှစ်နာရီရှိပြီ။ သည်တစ်ခါတော့ စိန်မမတို့က ပြည်ပမှလာရောက် လည်ပတ်လေ့လာသော ခရီးသွား "တိုးရစ်"ညီအစ်မ အသွင်။

ဘောင်းဘီပွပွ၊ စပို့ရှပ်ကျပ်ကျပ်၊ မျက်မှန်အနက် ကိုယ်စီနှင့် ဆံပင်များပွပွ ဖွပြီးဖြန့်ထားသည်။ ပေါက်ပေါက်က အင်းလေးလွယ်အိတ်လွယ်လျက်၊ စိန်မမက ကင်မရာတစ်လုံးနှင့်. . .။

စိန်မမနှင့် ပေါက်ပေါက်တို့သည် ဆူးလေကားဂိတ်၊ အင်းစိန်သို့ဆက်ထွက်မည့် ဟီးနိုးကားကြီးပေါ်သို့ တက်လိုက်ကြသည်။ ပေါက်ပေါက်က ကားအလယ်ပေါက်တွင် နေရစ်ခဲ့သည်။

"သတ်စ် ဆူးလေ ပဂိုးဒါး"

"သတ်စ် တောင်းဟော"

"သတ်စ် ဖိုင်းယားစတေရှင်"

စိန်မမ ရွှတ်ရှက် ဒွက်ဒက် ရေရွတ်ရင်း ကားအတွင်းမှနေ၍ အပြင်ဘက်သို့ မာတ်ပုံရိုက်လေဟန် ကင်မရာဖြင့် ဟိုဒီချိန်ရင်း ကားအရှေ့ပိုင်းယာဉ်မောင်း နောက်ဖက်သို့ ရောက်သွားသည်။

ရှေ့ရှားနှစ်စီး ရှိနေသေး၍ စိန်မမတို့ကားမှာ ကားဂိတ်တွင် ၁၀ မိနစ်ခန့်တော့ ကြာနိုင်သေးသည်။ စိန်မမ ကင်မရာတစ်လုံးဖြင့် ကုန်းကုန်းကွကွ ဟိုချိန်လိုက် သည်ချိန်လိုက် လုပ်နေစဉ် ရှောက်သီးဆေးပြားရောင်းသော မိန်းမလျှာနှစ်ဦး ထိုကားပေါ်သို့ သီချင်းဆိုရင်း တက်လာကြသည်။





တစ်ယောက်က ပန်းရောင်ဝတ်စုံ ဝမ်းဆက်၊ မိတ်ကပ်များဖုံနေအောင် လိမ်းထားပြီး၊ ဆံပင်များကိုလည်း အကြေကောက်ကောက်၍ ကျောပေါ်ဖြန့်ချထားသည်။ ကျန်တစ်ယောက်က ပုပု၊ အသားညိုညို၊ အပြာနုရောင် ဝမ်းဆက်နှင့် သူကနောက်လိုက်။

"အိုင်ကတော့ မပန်းလေ၊ ပန်းရောင်ဝတ်ထားလို့။ သူကတော့ မပြာ အပြာရောင်ဝတ်ထားလို့။ များတို့က အားနွဲ့သူတွေပါ။ ဒါကြောင့် များတို့က ကိုကိုတို့ကို သီချင်းဆိုပြမယ်။ ကိုကိုတို့က များတို့ရဲ့ ရှောက်သီးဆေးပြား အားပေးနော်"

ပန်းရောင်မင်းသမီးက အာဝဇ္ဇန်းရွှင်ရွှင်နှင့် မိတ်ဆက်သည်။

"များတို့ဟာကို စားရင်လေ၊ ဟုတ်ပေါင်ယောင်လို့ ရှောက်သီးဆေးပြားကို စားရင် ကျားကိုးစီးလောက် အားရှိတယ်။ ကိုကိုတို့ရဲ့ အားပေးကြနော်. . . နော်"



လက်ဆော့သည့် ရွတ်နောက်နောက် ခရီးသည် လူငယ်တစ်ဦးက အပြာရောင်မင်းသမီးခါးကို တို့လိုက်ရာ. . .

"အမလေး. . . . ပလုပ်တုတ် ယားလိုက်တာ" ဟု ယောင်လိုက်သဖြင့် တစ်ကားလုံး ဝါးခနဲ ပွဲကျသွားသည်။

"ကဲပါ ကားထွက်တော့မှာ သီချင်းဆိုမယ်ဆို ဆိုလေ၊ ဒီက တစ်ရာဖိုး အားပေးမယ်"

ထိုင်ခုံမရသဖြင့် ရပ်စီးသော ခရီးသည်တစ်ဦးက တစ်ရာတန် တစ်ရွက်ထောင်ပြလိုက်လျှင် အပြာရောင် မင်းသမီးက အပြေးရောက်လာပြီး တစ်ရာတန်ကို အလျှင်ယူ၍ ပြီးမှရှောက်သီးဆေးပြား နှစ်ထုပ်ပေးသည်။

"ကဲ. . . ဆိုပြီနော်၊ ဆိုပြီ. . . ဆို. . . ဆို. . . ဆို. . . ဆို. . . ဆို. . . ဒါက ခိုင်ထူးရဲ့ သီချင်း၊ နောက်တစ်ပုဒ်ဆိုမယ် တို့ရဲ့နာမည်ကျော် ကိုကိုတို့အကြိုက် . . ကိုကိုရေ. . . ကွယ်ရာမှာ ခြေမရှုပ်နဲ့ နော် ကိုကိုနော်. . . နော်. . . ကိုကိုနော်. . . ယောင်လို့ ကွယ်ရာမှာ ခြေမများနဲ့နော်. . . နော်. . . နော်. . . နော်. . . ကွယ်ရာမှာ ခြေများရင်တော့ အေအိုင်ဗီအက်စ် ဖြစ်မယ်နော်. . . ကိုကိုနော်နော်"

တစ်ကားလုံး ဝါးခနဲ ပွဲကျသွားပြန်သည်၊ အသက်ငါးဆယ် အရွယ်ခန့် ခရီးသည်ကြီးတစ်ဦးက. . .

"အင်း. . . သူကများ သူများကို အေအိုင်ဒီအက်စ် ဖြစ်မယ် ပြောနေရသေးတယ်၊ ပြောင်းပြန်. . . ပြောင်းပြန်"ဟု နောက်ပြောင်လိုက်သည်။

"အို. . . ပေါာဒီက ကိုကို ဘဲနာကြီးနော်" များကို အဲဒီလို မပြောနဲ့၊ မကြိုက်ဖူးသိလား၊ အိမ်ပြန်ရောက်မှ ခေါင်းကအမွေးတစ်ပင်မှမကျန်အောင် နှုတ်ပစ်မယ်သိလား. . . သိလား. . . သိလားနော်. . . နော်"

ဝါးခနဲ ပွဲကျသွားပြန်သည်၊ ထိုစဉ် လူငယ်တစ်ဦးက ပန်းရောင်မင်းသမီးထံ သွားပြီး. . .





"ရော့. . . . ကျွန်တော်ဟာ ကျွန်တော် နှိုက်မယ်" ဟုပြောလိုက်သည်။

"နှိုက်. . . နှိုက်. . . ကြိုက်သလောက်နှိုက်. . . အယ်. . . မရဘူး၊ နှစ်ထုပ်ပဲ နှိုက်နော်၊ များတို့ အရင်းမကျန် နေဦးမယ်သိလား . . . သိလား. . . မောင်မောင်နော်"

ဝါးခနဲ ပွဲကျသွားပြန်၏၊ ရှောက်သီးဆေးပြား ဝယ်သည့် လူငယ်က ကားပေါ်မှဆင်းသွားသည်၊ ရှေ့ကားထွက်သွားသဖြင့် ထိုကားနေရာဝင်ယူစဉ်. . .

"ကဲ. . . ကဲထွက်တော့မယ်နော်၊ များတို့ကို နောက်ဆုံးအားပေးကြဦး၊ များဆိုပြဦးမယ်၊ ဒီတစ်ခါတော့ မေခလာရဲ့ ဂိုးသွင်းကောင်းတဲ့ကိုကိုနဲ့ ဖျော်ဖြေမယ်"

"ဂိုးသွင်းကောင်းတဲ့ကိုကို. . . ဂိုး. . . ဂိုး. . . ဂိုး"

ပန်းရောင်မင်းသမီးက "ဂိုး. . . ဂိုး. . . "ဟု အသံပြာကြီးဖြင့် အော်သံအဆုံးတွင် ကားအလယ်ပိုင်းမှာ စူးစူးရှရှ အော်သံထွက်ပေါ်လာခဲ့သည်၊

"အမလေး သေပါပြီဗျ၊ သေပါပြီ"

ကားရှေ့ပိုင်းမှ ခရီးသည်အားလုံး၏ ခေါင်းများသည် တစ်ပြိုင်တည်းလိုလိုပင် ကားအလည်ပိုင်းဆီသို့ လှမ်းကြည့်ကြသည်။

စောစောက "သေပါပြီဗျ"အော်သူမှာ "တိုးရစ်" အသွင်ယူထားသော တပ်ကြပ်ပေါက်ပေါက် ဘေးတွင်ကပ်ရက် ထိုင်နေသူထံမှပေါ်ထွက်လာခြင်း ဖြစ်သည်၊

ထိုသူ၏မျက်နှာမှာ အလွန်အရုပ်ဆိုးစွာ ရှုံ့မဲ့နေပြီး ပါးစပ်ကြီးဟလျက် "အမလေး. . . အမလေး" ဟုဆက်အော်နေသည်။

ထိုသူ၏ ယာဘက်လက်မှာ ပေါက်ပေါက်၏ အင်းလေးလွယ်အိတ်ထဲတွင် ရောက်နေသည်၊

ထိုလူက လွယ်အိတ်ထဲမှ လက်ကိုဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်၊ လက်က လွယ်အိတ်အပြင်သို့ ရောက်လာသည်၊

သူ့လက်ဖျားများက ကြွက်ထောင်ချောက် အငယ်စားလေးတွင် ညပ်မိနေသည်။

"ကယ်ပါဦး. . . ကယ်ပါဦး။ ကျွန်တော့်လက်တွေ ပြတ်ကုန်တော့မယ်"

"ဟယ်. . . ခါးပိုက်နှိုက်၊ ဒီတစ်ခါတော့ လက်ပူးလက်ကြပ်ကို မိတာ ပြေးမရတော့ဘူး"

"ကောင်းတယ်. . . အချောင်သမား ခါးပိုက်နှိုက်မိပြီဟေ့"

တစ်ကားလုံး အုံးအုံးကျွက်ကျွက် ဆူညံသွား၏။

စိန်မမက ရှေ့တံခါးပေါက်အနီးရှိ အရပ်ဝတ်နှင့် နယ်ထိန်းတပ်ကြပ်ကြီးရဲဇော်အား အချက်ပြလိုက်သဖြင့် ရဲဇော်က ရှေ့တံခါးပေါက်ကို ပိတ်ရပ်လိုက်သည်။

ပန်းရောင်နှင့်အပြာရောင် မင်းသမီးတို့က ကားရှေ့ပေါက်မှ ဆင်းရန်ပြင်လိုက်သည်။

"အို. . . အမလေး. . . သွေးရဲရဲ သံရဲရဲ များတို့မကြည့်ရဲဘူး၊ သွားမယ်. . . သွားမယ်. . . တာ့တာနော်. . . နော်"

"ဒီလိုလွယ်လွယ်နဲ့ သွားလို့ဘာရမလဲလေ"

စိန်မမက ပန်းရောင်မင်းသမီး၏ လက်ကိုဖမ်းဆွဲလိုက်သည်။

"များကို ပြောတာလားဟင်"

ပန်းရောင်မင်းသမီးက ကန့်ကယ ပြန်မေး၏။

"ဟုတ်. . . သိပ်ဟုတ်"

"အို. . . သူများကို မနောက်နဲ့နော်၊ များကြိုက်ဖူးသိလား၊ များတို့က အားနွဲ့သူတွေပါ၊ များတို့ အားနွဲ့သူတွေကို အတင်းအဓမ္မ အနိုင်ကျင့်မယ်မကြံနဲ့နော်၊ ရဲတိုင်လိုက်မှာ"

"ရဲ. . . တိုင်စရာမလိုပါဘူး၊ ခု. . . ရဲက ဖမ်းတာ"

"တိုးရစ် မဟုတ်ဘူး၊ စီအိုင်ဒီက စုံထောက်စိန်မမ"

"များတို့ကို ဘာအမှုနဲ့ ဖမ်းမှာလဲ၊ များတို့က ကောင်းရောင်း





ကောင်းဝယ်. . ."

"များတွေ မျက်တွေ လုပ်မနေနဲ့တော့ ခါးဘာခက်၊ ရှင်တို့ကို ခါးပိုက်နှိုက်မှုနဲ့ ဖမ်းတာ"

"ဘာသက်သေရှိလဲ"

စောစောက နှုတ်ခွဲသလောက် ယခုအသံက မာလှသည်။

"ကျွန်မ ကင်မရာနဲ့ အားလုံးမှတ်တမ်းတင်ထားတယ်၊ ရှင်တို့နှစ်ယောက်ခရီးသည်တွေရဲ့ အာရုံ ရှင်တို့ဆီရောက်အောင် လုပ်နေတုန်း ရှင်တပည့်နှစ်ယောက်က ကားအလယ်ပိုင်းနဲ့ နောက်ပိုင်းမှာ နှိုက်တယ်၊ တစ်ယောက်က ကားနောက်ပိုင်းက အမျိုးသမီး လက်ကိုင်အိတ်ခွဲပြီး အထဲက ရင်ထိုးကိုနှိုက်၊ ပြီးတော့ ရှင့်ဆီ ယူလာပြီး ရှောက်သီးဆေးပြား ထည့်တဲ့အိတ်ထဲထည့်၊ လက်ပြောင်းလက်လွှဲ လုပ်တာလေ"

"နောက်တစ်ယောက်ကတော့ ကားပေါ်မှာ တိုးရစ်ဟန်ဆောင်ထားတဲ့ တပ်ကြပ်ပေါက်ပေါက်ရဲ့ လွယ်အိတ်ထဲ ဒေါ်လာပါတယ်အထင်နဲ့ နှိုက်ရော၊ ဒီတော့ ဆင်ထားတဲ့ ထောင်ချောက်နဲ့ မိသွားတာပေါ့"

စိန်မမက ခါးဘာခက်၏ လက်ကိုလက်ထိပ်ခတ်လိုက်ရာ ပန်းရောင်မင်းသမီးအသွင် ယူထားသော ခါးဘာခက်မှာ ခေါင်းငိုက်စိုက်ကျသွားတော့၏။

"မင်း. . . ဘယ်လိုများ တို့ကို ခြေရာခံမိတာလဲ စိန်မမ"

"ခုတလော ခါးပိုက်နှိုက်ခံရလို့ တိုင်ချက်ဖွင့်ထားတဲ့ လူတွေ လိုက်စုံစမ်းတော့ ရာခိုင်နှုန်းတော်တော်များများက သူတို့က ရှောက်သီးဆေးပြားရောင်းတဲ့ အချောက်နှစ်ယောက် သီချင်းဆိုပြောင်စပ်စပ် ရွှတ်နောက်နောက် လုပ်တာသဘောကျ ငေးမောနေတုန်း ခါးပိုက်နှိုက်ခံရတာလို့ ပြောကြတယ်၊ အဲဒီအချက်ဟာ တူညီတဲ့ "ဘုံ"ထူးခြားပဲ၊ အဲဒါကို ဖော်ထုတ်နိုင်ခဲ့လို့ ခုလိုခါးဘာခက်ကို ခြေရာခံမိတာပဲ"

"စိန်မမ တော်ပါပေတယ်ဗျာ"

"ကဲ. . ကားဆရာရေ အင်းစိန်ကိုမမောင်းခင် ရှေ့က ကျောက်တံတားရဲစခန်းကို အရင်ပို့ပေးပါဦး"

ရဲဟိန်း



မှတ်ချက်-

တကယ့်ဖြစ်ရပ်မှန်ဖြစ်ပါ၍ ဇာတ်ကောင်အချို့မှာ သက်ရှိထင်ရှား ရှိနေနိုင်သေးသဖြင့်... အမည်နာမ၊ နေရာဒေသများကို ဆင်တူရိုးမှား လွှဲပြောင်းထားပါသည်။





# ရဲစခန်းကိုရောက်မလာသော်လည်း

# ရဲစခန်းကိုရောက်မလာသော်လည်း

တိုးမြင့်(မာန်အောင်ကျွန်း)

(၁)

ကျွန်တော်အနေနှင့်ဒေါ်မချမ်းမြအကြောင်းကိုဖော်ပြလိုခြင်းမရှိပါ။ စာတစ်ပုဒ် စာတစ်ပိုဒ်ရေးသားလိုခြင်းမရှိပါ။ ဒေါ်မချမ်းမြအကြောင်းကိုစဉ်းစားမိတိုင်းကျွန်တော် စိတ်မကောင်းဖြစ်မိရတာအမှန်ပါ။

ကျွန်တော်မာန်အောင်မြို့နယ်ကိုတာဝန်ကျလို့မိုးထဲလေထဲရောက်လာခဲ့ပါတယ်။ ရောက်ပြီးမကြာခင်မှာပဲမျှော်တော်ဦးဆိုတဲ့ရွာလေးတစ်ရွာမှာဒေါ်မချမ်းမြကိုစတင်သိခဲ့ တာပါ။ကျွန်တော့်ကိုလေးလေးစားစားလာရောက်မိတ်ဖွဲ့လာပါတယ်။

နာမည်ပြောတော့'ဒေါ်'ရော၊'မ'ရောပါနေလို့မေးကြည့်ရာမှာရခိုင်ဒေသရဲ့ထုံးစံ အမည်နာမဖြစ်ကြောင်းရှင်းပြပါတယ်။ရခိုင်နာမည်ထဲတွင်'မောင်'၊'မ'ကိုတစ်ခါတည်းမဲ့ ခေါ်လေ့ရှိတာဗဟုသုတတိုးရပါတယ်။ဒေါ်မကျော်ဝင်း၊ဦးမောင်သိန်းညွန့်လိုမျိုးပါ။

ဒေါ်မချမ်းမြသူများရွာကိုလာပြီးလိုအပ်တဲ့အကူအညီများပေးနေသူတစ်ယောက် ဖြစ်ပါတယ်။ မျှော်တော်ဦးရွာလယ်လမ်းတိုးချဲ့ပြုပြင်ရာမှာစေတနာထက်ထက်သန်သန် လာရောက် ညှိခံကျွေးမွေးနေတာပါ။ ကျွန်တော့်ကိုလည်း ဖော်ဖော်ရွေရွေကျွေးမွေး ညှိခံပါတယ်။ ရပ်ရေးရွာရေးနှင့်ပတ်သက်တာရော၊ကိုယ်ရေးကိုယ်တာကိစ္စကိုရော လိုအပ်တာ ပြောပါလို့လည်းဆိုပါတယ်။

ကျွန်တော်တာဝန်နှင့်နေရာသစ်ကိုရောက်တဲ့အချိန်အဲလိုနွေးထွေးမှုကိုဝမ်းသာ မဆုံးပါဘူး။ဒေါ်မချမ်းမြဟာဂုဏ်သရေရှိသူတစ်ယောက်ပေပဲ။ ဝတ်စားဆင်ယင်မှုကို ကျွန်တော်သတိထားမိတာတစ်ခုရှိပါတယ်။ရွှေလက်ကောက်တွေလက်နှစ်ဘက်လုံးဝတ် ထားလို့ပါ။ ရွှေကိုမွန်မွန်မြတ်မြတ်ဝတ်စားတာရခိုင်ဒေသရဲ့ဂုဏ်ထူးတစ်ခုလို့သိရတယ်။ ဒေါ်မချမ်းမြဟာသဘောကောင်းရုံမကချမ်းသာကြွယ်ဝသူတစ်ယောက်ဆိုတာသိသာ ပါတယ်၊

သားတစ်ယောက်၊သမီးတစ်ယောက်နှင့်နေတဲ့ဒေါ်မချမ်းမြမှာခြံဝင်းကျယ်ကျယ် မှာတိုက်ခံအိမ်လှလှလေးဆောက်ထားပါတယ်။ခရီးသည်တင်မော်တော်ကားလည်းရှိပါ တယ်။သီးခြားအုန်းခြံကရှိသေးတယ်။စီးပွားရေးဖြောင့်တယ်လို့ဆိုရမှာပါ။





မာန်အောင်မြို့နယ်၊မာန်အောင်ကျွန်းလိုနေရာမျိုးကိုဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘူး လို့ကျွန်တော်ထင်ခဲ့တာမှားသွားပါကယ်။အဆမတန်တိုးတက်နေပါပြီ။ ရန်ကုန်ကိုင်း ဒေသကြီးမှုရနိုင်တဲ့ကုန်းပစ္စည်းမျိုးတော်တော်များများဟာမာန်အောင်ကျွန်းစတိုးဆိုင် များမှာဝယ်လို့ရနေပါပြီ။

"ရခိုင်ဆိုတာအမျိုးဘာသာ၊သာသနာကိုစောင့်ထိန်းတဲ့လူမျိုး၊ ဒါကြောင့်ရက္ခလို့ ခေါ်၊ရခိုင်လို့ခေါ် "တဲ့အကြောင်းကိုလည်းမာန်အောင်ကိုရောက်ပြီးမှကျွန်တော်သဘော ပေါက်ခဲ့တယ်လေ။ရခိုင်တိုင်းရင်းသားတွေတစ်ယောက်ကိုတစ်ယောက်ရိုင်းပင်းကူညီနေ ကြတာပပါကလား။

မာန်အောင်မှာကျွန်တော်မြို့နယ်မှူးအဖြစ်တာဝန်ထမ်းဆောင်ရတာတော်တော် လေးအေးချမ်းပါတယ်။တော်တော်လေးပျော်ရွှင်ပါတယ်။ရခြားမြေခြားတစ်နေရာဖြစ် ပေမယ့်ကျွန်တော်ရဲ့အောင်မြေတစ်ခုဖြစ်ခဲ့ပါတယ်။

++++++++++++++

(၂)

မာန်အောင်မှာတရားဥပဒေစိုးမိုးရေးတဖြစ်ပြီးသားပါ။နယ်မြေအခြေအနေကို လေ့လာတဲ့အခါဒေါ်မချမ်းမြတို့ရွာဘက်မှာနှစ်လုံးထီတိုးတိုးတိတ်တိတ်ရှိတယ်လို့ကြား သိရပါတယ်။

"လောင်းကစားတွေထဲမှာနှစ်လုံးထီဟာလူတွေကိုဖမ်းစားနိုင်ဆုံးပဲ၊ လောင်းတာလည်းအကြိမ်အရေအတွက်များတယ်၊တစ်ပတ်မှာငါးရက် ကစားတယ်ဆိုတော့လူတွေအလုပ်အကိုင်တွေပျက်တယ်၊စီးပွားတွေပျက် ကုန်တယ်၊လူကြီးတွေကလည်း ဒါကိုတော့ခွင့်မလွှတ်နိုင်ဘူး "

မာန်အောင်မြို့မစခန်းမှူးရဲအုပ်ကိုကိုဦးကနယ်ထိန်းအဖွဲ့ကိုလမ်းညွှန်ပြောဆိုနေ တာကိုကြားရပါတယ်။ကျွန်တော်လည်းမာန်အောင်မှာချဲထီနှစ်လုံးကစားတာကိုတော့ လုံးဝပပျောက်အောင် လုပ်ဖို့စဉ်းစားရပါတယ်။နယ်ထိန်း ဒုရဲအုပ်ထွန်းဝင်းအဖွဲ့ကမြင့် ချဲထီအမှုတွေတော်တော်ဖမ်းဆီးထားတာပဲ၊



ဒေါ်မချမ်းမြတို့ရွာကသစ်ပုံရဲစခန်းလက်အောက်နယ်မြေမှာရှိပါတယ်။စခန်းမှူး ဒုရဲအုပ်မြင့်ခင်ဆီသွားပြီးဒေါ်မချမ်းမြအခြေအနေကိုမေးကြည့်ပါတယ်။သူတို့လည်း သတင်းရထားပြီးသားပါတဲ့။ဒေါ်မချမ်းမြလည်းနှလုံးထိထိုးတယ်လို့ကြားရလို့ဖမ်းဆီးနိုင် ရေးဆောင်ရွက်ထားတာတွေရပါတယ်။

ရဲတပ်သားကြည်လင်းမောင်းနှင်တဲ့မော်တော်ဆိုင်ကယ်နောက်ကကျွန်တော် လိုက်ပါရင်းသစ်ပုံရဲစခန်းမှမာန်အောင်ကိုပြန်လာပါတယ်။ဇရပ်ကုန်းခင်ဆိပ်ကမ်းမှာ ထုံးစံအတိုင်းကျွန်တော်တို့တစ်ထောက်နားကြပါတယ်။

အဲဒီမှာဒေါ်မချမ်းမြကိုတွေ့တော့တာပဲ။ကျွန်တော်လူကွယ်ရာမှာဒေါ်မချမ်းမြကို တီးတိုးစကားပြောပါတယ်။လောင်းကစားဝါသနာမပါဖို့၊မလုပ်ဖို့ကြိုတင်ကာကွယ်ပြော ဆိုတာပါ။

"မြို့နယ်မှူးကြီးပြောတာကျေးဇူးတင်ပါတယ်၊မ ကိုမမှန်သတင်းထွက်နေတာပါ၊ မ ဒါမျိုးမလုပ်တတ်ပါဘူး၊မြို့နယ်မှူးကြီးကို မ ကိုယ်မ အပ်ပါတယ်၊နှလုံးထိလုပ် တာတွေရင် မ ကိုထောင်သာချ၊တကယ်ပြောတာပါ "



ဒေါ်မချမ်းမြလုံးဝတာဝန်ယူတာတွေရပါတယ်။ကျွန်တော်လည်းပြောပြီးမှအလွန် အားနာသွားပါတယ်။ကျွန်တော်ကစည့်ခံကျွေးမွေးတာကိုသူကရှင်းသွားပါတယ်။ဆိပ် ကမ်းကဦးတင်အောင်လဘက်ရည်ဆိုင်မှာဒေါ်မချမ်းမြဘက်ကထောက်ခံတဲ့သူလည်း တွေ့ရတာကြောင့်ကျွန်တော်စိတ်ထဲမှာကျေနပ်မိပါတယ်။

နေရှိတုန်းဇရပ်ကုန်းခင်မှပြန်လည်ထွက်ခွာလာခဲ့ပါတယ်။ရဲတပ်သားကြည်လင်း အဆိုအရဒေါ်မချမ်းမြဟာတရံတခါကတော့ချဲတွေဘာတွေဖေါက်ဘူးကြောင်း၊လတ်တ လောငြိမ်နေကြောင်း၊ဖြစ်လည်းဖြစ်နိုင်၊မဖြစ်လည်းမဖြစ်နိုင်ကြောင်းဝေဖန်ပြပါတယ်။

သက်ဆိုင်ရာတပ်ဖွဲ့ဝင်များကိုစောင့်ကြည့်ရန်မှာကြားခဲ့တာမို့ကျွန်တော်အနေနှင့် ဒေါ်မချမ်းမြနှင့်ပတ်သက်လို့ခေါင်းထဲကထုတ်ပစ်ထားနိုင်ပါတယ်။ဒေါ်မချမ်းမြကလည်း အစစအရာရာပြည့်စုံသူတစ်ယောက်ဟာမို့ဒီအပျော်အပါးကိစ္စလေးကိုစွန့်မလွှတ်နိုင်တာ မျိုးမဖြစ်နိုင်ပါဘူး။

မာန်အောင်ကျွန်း၊ရဲကျွန်း၊တိုက်ကျွန်းဟူ၍ ကျွန်းစုမြို့နယ်တစ်ခုဖြစ်ရာနေရာတိုင်း သာယာကြည်နူးစရာကောင်းပါတယ်။အုန်းပင်၊ကွမ်းသီးပင်များနှင့်တန်ဆာဆင်ထားရာ ရှုမျှော်ခင်းတွေကောင်းပါဘိသနဲ့၊ပင်လယ်ရေလှိုင်းခတ်သံကလည်းစည်းချက်ညီညီပဲ။

အဝေးကပြေးလာတဲ့လှိုင်းဖွေးဖွေးကလည်းကျွန်းရဲ့ကမ်းခြေဆီဦးတည်နေတယ်၊ ပင်လယ်လေအေးမြမြကလည်းရင်ကိုအေးစေပါတယ်။

+++++++++++++++++

(၃)

ကျွန်တော်မာန်အောင်ရောက်ပြီးကျွန်းမာရေးပိုကောင်းလာပါတယ်။ရဲတပ်သား ကြည်လင်းနှင့်အတူမာန်အောင်ကျွန်းကိုအကြိမ်ကြိမ်ပတ်ရတာ၊ရဲကျွန်းကိုစက်လှေနှင့် အကြိမ်ကြိမ်သွားရတာတာဝန်အရဆိုပေမယ့်ကျန်းမာရေးလေ့ကျင့်ခန်းသဖွယ်ဖြစ်နေ တာပါ။ဝိတ်ချတဲ့အလုပ်အထူးအထွေမလုပ်ရတော့ပါ။

ရခိုင်သံဝဲဝဲလေးတွေကိုနားထောင်ရင်းမြို့နယ်အကျိုးတာဝန်ထမ်းဆောင်ရတာ ကျေနပ်စရာတစ်ခုပါပဲ။မာန်အောင်ကျွန်းပေါ်မှာ'မငြင်းသီး'ဆိုတာ'မရမ်းသီး'ခေါ်တာ၊ 'အညင်းသီး'ဆိုတာ'ဒညင်းသီး'ခေါ်တာ၊'နံ့ဒရာသီး'ဆိုတာ'နာနတ်သီး'ခေါ်တာကအစ နားလည်လာပါတယ်။

မာန်အောင်သူမာန်အောင်သားတွေဟာငြိုးငြိစွာနေထိုင်တတ်ပေမယ့်စေတနာပိုင်းမှာတော့သူများထက်ပိုတာကိုလည်းတွေ့ရပါတယ်၊ ရခိုင်တိုင်းရင်းသားတွေဟာဘာသာရေးကိုးကွယ်ဆီးကပ်တာလည်းအားကျလောက်ပါတယ်၊ဥပုဒ်ကျောင်းမှာဆိုလူလတ်ပိုင်း၊လူကြီးပိုင်းအရမ်းစည်ကားနေတာပဲ၊ရိုးရာဘာသာရေးပွဲတွေမှာလည်းအားတက်သရောဆင်နွှဲကြပါတယ်၊

"သားမိန်းမခိုးသွားလို့လိုက်ဖမ်းပေးပါဦးမြို့နယ်မှူးကြီး"

ဒေါ်မချမ်းမြေ့နှင့်သူ့သမီးလေးမြို့နယ်မှူးရုံးရောက်လာပါတယ်၊သားဖြစ်သူကမလိခသဘော်နှင့်မိန်းမခိုးပြေးလို့ကျွန်တော့်ကိုအကူအညီတောင်းလာပါတယ်၊နှစ်သိမ့်စကားသာပြောခဲ့တယ်၊အရွယ်ရောက်တဲ့သူတို့ချစ်ခရီးလမ်းကိုရဲကဝင်ပါလို့မသင့်လို့ပါ၊

အဲဒီနောက်ဒေါ်မချမ်းမြနှင့်သိပ်မတွေ့မိပါဘူး၊သူ့အိမ်ရှေ့ကတစ်ခါဖြတ်တုန်းကမာကြောင်းသာကြောင်းဝင်မေးဘူးပါတယ်၊သူတို့ရွာကိုခဏ၊ခဏဖြတ်ပေမယ့်လည်းဘာအကြောင်းမှမရှိခဲ့ပါဘူး၊

ကျွန်တော့်အလုပ်ကရဲကင်း၊ရဲစခန်းတွေလိုက်လံစစ်ဆေးရတာ၊မြို့နယ်တာဝန်နဲ့ရွာတွေသွားရတာ၊လကုန်ရက်မှာကျောက်ဖြူခရိုင်ရုံးလခထုတ်၊အစည်းအဝေးတက်သွားရတာဆိုတော့တစ်လ၊တစ်လဘယ်လိုကုန်သွားမှန်းမသိပါဘူး၊စစ်တွေပြည်နယ်ရုံးတော့လေးလမှတစ်ခါပဲသွားရပါတယ်၊

မာန်အောင်မှာငါးပုဇွန်ကောင်းကောင်းစားရပါတယ်၊ကျောက်ပွင့်သုတ်၊ခရုသင်းသုတ်တို့ဆိုတာအရသာတော်တော်တွေလာခဲ့ပါတယ်၊တန်လောင်ကုန်းရွာကဦးအောင်မော်၊မောင်ရွှေသန်းတို့မိသားစုကလက်ကျိတ်ဓားဆိပ်ပို့ပေးလို့ရန်ကုန်အိမ်မိသားစုဆီထိပို့ပေးနိုင်ခဲ့တယ်၊ဆင်နားချောင်ရွာဦးအေးဖေတို့မိသားစုပို့ပေးတဲ့သရက်ယိုလည်းစားလို့ခံတွင်းတွေ့လှတယ်၊

ကျွန်တော်မာန်အောင်ရောက်ပြီးပကွဒ်န်ပြောင်းချိတ်ရတဲ့အချိန်လောက်မှာမထင်မှတ်တဲ့သတင်းတစ်ခုကြားရပါတယ်၊

"ဒေါ်မချမ်းမြသေဆုံးသွားပါပြီ"

ကျွန်တော်အိပ်မက်တစ်ခုပဲထင်မှတ်ခဲ့ပါတယ်၊အစစအရာရာပြည့်စုံနေတဲ့သူတစ်ယောက်ဟာဘယ်လိုမှမဖြစ်နိုင်ပါ၊ ကျန်းမာ၊ချမ်းသာတဲ့ ့ပြည့်နေသူမဟုတ်ပါလား၊







အရွယ်အနေနှင့်လည်းဇရာပိုင်းကိုမရောက်သေးသူပါ၊

မိတ်ဆွေတစ်ဦးဖြစ်သူဒေါ်မချမ်းမြခမျာမည်သို့မည်ပုံဖြစ်သွားခဲ့တယ်ဆိုတာကိုကျွန်တော်မေးကြည့်ရပါဦးမှာပါ၊ ဒေါ်မချမ်းမြသည်ရပ်ရေးရွာရေးပါဝင်တတ်သူဖြစ်ရုံမကလူတိုင်းအပေါ်တွင်သဒ္ဓာထက်သန်သူလည်းဖြစ်ပါတယ်၊ အလှူရေစက်လက်နှင့်မကွာသူဖြစ်တာကိုလည်းကြားသိရပါတယ်၊ ဒါကြောင့်ဒေါ်မချမ်းမြရဲ့ကုသိုလ်ကံအကျိုးပေးဘာကြောင့်တိုတောင်းခဲ့ရတာကိုစုံစမ်းကြည့်မှသင့်မြတ်မှာပါပဲ၊

++++++++++++++++

(၄)

မာန်အောင်မြို့နယ်တွင်လောင်းကစားမှုမှန်သမျှဖမ်းဆီးအရေးယူမှုများခြေလှမ်းစိပ်လာခဲ့ပါသည်၊ မြို့နယ်မှူးနှင့်စခန်းမှူးများကဒေါ်မချမ်းမြတို့ရွာနှင့်ပတ်ဝန်းကျင်ကိုစိတ်ဝင်စားကြောင်းအားလုံးသိထားကြသည်၊တွေ့လျှင်ဖမ်းဆီးမည်ဟုထင်မြင်ကြသည်၊

"အရီးဒေါ်မချမ်းမြငြိမ်ချက်သားကောင်းလှချည်းလား"

"မငြိမ်လို့ရမလားရွာထဲမှာတောင်ရဲလွှတ်ထားတဲ့သူရှိနေလားမသိနိုင်ဘူး၊ ငါကိုယ်တိုင်လူကြီးတစ်ယေ ကိ်ဆီမှာကတိပေးထားပြီးပြီ၊ကတိပျက်ရင်ဖမ်းမှာသေချာတယ်၊အိပ်မက်တွေကောင်းလို့ငါလုပ်တော့လုပ်ချင်သား"

"ရဲမဖမ်းနိုင်တဲ့နည်းသုံးမယ်လေအရီးရဲ့"

"ဘာပြောတယ်ငွေရှင်"

ရွာလယ်လမ်းတွင်ချဲဒိုင်ငွေရှင်နှင့်ဒေါ်မချမ်းမြတို့အတိုင်အဖောက်ပြောဆိုနေကြပါသည်၊ငွေရှင်ကမော်တော်ဆိုင်ကယ်ပေါ်မှဖြစ်ပြီးဒေါ်မချမ်းမြကမုန့်တီဆိုင်အနားကမတ်တတ်ရပ်ပြောနေခြင်းဖြစ်သည်၊

"လက်ထဲမှာချဲစာရွက်တွေ၊ဘောက်ချာစာရွက်တွေ ဘာမှုကိုင်မယားကြေးလေ"

"ငွေရှင် နင်ဘာပြောတယ်၊မဖြစ်နိုင်ဘူး"

"အရီးကလည်းနတ်ကတိပေါ့"

"စိတ်မချရဆုံးကပါးစပ်နှင့်အလုပ်လုပ်တာပဲ"

"အရီးကလည်းငွေရှင်ဗိုင်ပါ၊ဘယ်တော့မှအမှားအယွင်းမရှိပါဘူး"

ဒေါ်မချမ်းမြသည်လက်ခါပြပြီးအိမ်ဘ က်ပြန်လာခဲ့သည်၊ငွေရှင်လည်းမော်တော်ဆိုင်ကယ်ကိုစက်မသတ်ဘဲထားခဲ့ရာမှဝမ်းဂီယာနင်းပြီးထွက်လာခဲ့ပါသည်၊တံတားထိပ်နားတွင်သစ်ပုံစခန်းမှူးမော်တော်ဆိုင်ကယ်နှင့်ရှောင်ပါသည်၊မိမိလက်ထဲတွင်ချဲထီဆိုင်ရာပစ္စည်းတစ်စုံတစ်ရာမပါသော်လည်းငွေရှင်တုန်လှုပ်သွားမိသည်၊

သတင်းကျော်ဇောသည့်စာရင်းတွင်ငွေရှင်ပါဝင်ပါသည်၊သစ်ပုံစခန်းမှူးခြေချုပ်ခံဝန်လုပ်ထားသဖြင့်ငွေရှင်မလှုပ်သာဖြစ်နေသည်၊ အလုပ်အကိုင်ကိုနားထားရသဖြင့်ငွေရှင်တွင်ဇာချိန်များမြောက်များစွာပိုနေပါသည်၊

ဒေါ်မချမ်းမြ၏သားမင်္ဂလာပွဲခြိမ့်ခြိမ့်သဲလုပ်ပါသည်၊မာန်အောင်ကျွန်းမြို့နယ်၏မျက်နှာဖုံးဖြစ်တာကြောင့်စည်ကားလှပေသည်၊သိန်းပေါင်းများစွာလက်ဖွဲ့ကြေးရရှိ၏၊





ဒေါ်မချမ်းမြကဆက်ဆံရေးကောင်းသူဖြစ်သဖြင့်အလှူအသီးသီးမှမိတ်ဆွေများလာကြခြင်းဖြစ်ပါသည်၊

"အရီးရှိပါလား၊လက်ဖွဲ့လာပေးတာပါ"

မင်္ဂလာပွဲပြီးနောက်ငွေရှင်သည်သတင်းစာနှင့်ထုပ်ထားသောအထုပ်တစ်ထုပ်ကိုလာပို့ပါသည်၊သိန်းနှင့်ချီသောငွေများဖြစ်သည်၊ပတ်ဝန်းကျင်လူများကအဟုတ်ထင်နေကြသည်၊အမှန်အတိုင်းကဖြင့်ဒေါ်မချမ်းမြနှင့်ငွေရှင်တို့သာသိမည်ဖြစ်ပါသည်၊

"ကတိတည်တယ်အရီးနော်"

"ငါလည်းကတိတည်ဖို့"

ငွေရှင်ရဲ့မော်တော်ဆိုင်ကယ်သည်ဒေါ်မချမ်းမြတို့ခြံဝင်းအတွင်းမှအိတ်ဇောသံပေးလျက်မာန်အောင်မြို့သို့ထွက်ခွာသွားပါသည်၊

++++++++++++++



(၅)

မကြာမတင်မီကာလတစ်ခုတွင်တန်လောင်ကုန်းရွာဇရပ်ကုန်းခင်ဆိပ်ကမ်းတွင် ဒေါ်မချမ်းမြနှင့်ငွေရွှင်တို့မုန့်တီနှင့်လဘက်ရည်သောက်နေကြလေသည်။ နှစ်ယောက်စကားတွေကောင်းနေကြသည်။

ဆိပ်ကမ်းရဲကင်းမှဒုတပ်ကြပ်ညွှန့်တင်ကဆိုင်ရှင်ဦးတင်အောင်ကိုသက်သေထား၍ငွေရွှင်၏အိပ်ကပ်ထဲတွင်ရှာဖွေကြည့်ပါသည်။ချဲထီစာရွက်တစ်စုံတစ်ရာမတွေ့ရပါ။ ဒေါ်မချမ်းမြကခြံပေါင်ဖို့စကားပြောနေတာပါဟုရှင်းပြပါသည်။

ဒုတပ်ကြပ်ညွှန့်တင်ပြန်သွားသောအခါမှဒေါ်မချမ်းမြတို့စကားပြန်ကောင်းသွားပြန်ပါသည်။ချဲထီကိစ္စပြောဆိုနေခြင်းဖြစ်ပါသည်။အမှတ်အသားမလုပ်ဘဲလေထိုးလေလျှော်လုပ်နေကြခြင်းဖြစ်သည်။တနင်္လာနေ့မှသောကြာနေ့အထိနတ်ဖြင့်ကစားပါသည်။

စနေနေ့(၉)နာရီလောက်တွင်ငွေရွှင်၏မော်တော်ဆိုင်ကယ်သည်ဒေါ်မချမ်းမြတို့ခြံဝင်းအတွင်းဝေါကနဲဝင်ရောက်လာသည်။သတင်းစာနှင့်ထုပ်ထားသောအထုပ်ကိုပေးသွားပြန်သည်။

"ငွေရွှင်တို့ကတိတည်တယ်နော်၊အရီး၊လေထိုးလေလျှော်မဟုတ်ဘူး၊
လေထိုးငွေလျှော်ပဲနော်၊အတိအကျပဲ"
"ငါသိပါတယ်၊နင့်နောက်ရဲလိုက်နေပြန်ပြီ၊သတိထားအုံး"

ငွေရွှင်ရယ်လျက်ပြန်လည်ထွက်ခွာသွားပါသည်။တနင်္ဂနွေနေ့ကမာန်အောင်အုန်းချောင်းဆိပ်ကမ်းမှစက်လှေဖြင့်ဒေါ်မချမ်းမြတောင်ကုတ်မြို့သို့လိုက်သွားသည်။ငွေရွှင်ကသတင်းမကြားလိုက်သဖြင့်ဒေါ်မချမ်းမြကိုတနင်္လာနေ့၌လိုက်ရှာသေးသည်။အားလပ်ရက်များငွေရွှင်ရရှိနေပါသည်။ရဲများ၏မျက်စိအောက်တွင်ငွေရွှင်တစ်ခုခုအကြောင်းရှာသွားလုပ်နေပါသည်။

နှစ်ပတ်ကြာမှဒေါ်မချမ်းမြပြန်ရောက်သည်။မာန်အောင်မြို့'ပန်းမုန့်'လဘက်ရည်ဆိုင်တွင်ဆီချက်ခေါက်ဆွဲစားရင်းငွေရွှင်နှင့်နှစ်လုံးချဲထီကိစ္စပြောဆိုကြသည်။စာရွက်အမှတ်အသားမလိုတာအမှန်ပါ။ဒေါ်မချမ်းမြကဂဏန်းတစ်လုံးကိုပတ်ခြင်းဖြစ်သည်။ ငွေရွှင်ကလောင်းသည့်ဂဏန်းကိုစိတ်မှာပဲမှတ်သား၍ညနေပိုင်းထွက်သောနှစ်လုံးချဲထီအလျော်အစားလုပ်ပေးသည်။(၅)ရက်ကစားပြီးစနေနေ့မှအပေးအယူအလျော်အစားပြု





လုပ်ပါသည်။

ဒေါ်မချမ်းမြဒီအပတ်(၁)ပတ်သည်။သောင်းနှင့်ချီသောအကွက်ဖြစ်သဖြင့်စသည့်ရက်တနင်္လာနေ့၌အကွက်(၁၉)ကွက်အတွက်(၃)သိန်း(၈)သောင်းထိုးရသည်။အနိုင်နှင့်ထိုးရသဖြင့်ဒေါ်မချမ်းမြကအပြုံးပန်းဝေဝေနှင့်ပါ။ငွေရွှင်ကလည်းသောင်းဂဏန်းဆိုစေဖျင်းတောင်ဖျင်းသေးပါပဲ။

တစ်ရက်လွဲသွားသည်။ဒေါ်မချမ်းမြသည်(၁)ကိုပဲပတ်၍မောင်းပြန်ပြန်ထိုးသည်။နောက်ရက်တွင်လည်း(၁)ထွက်မလာသေး၊ထိုးသားရော ဒိုင်ပါတစ်ရက်ကနှစ်ရက်၊နှစ်ရက်ကသုံးရက်ဖြစ်လာသောအခါချွေးပြန်၊ခေါင်းကြီးလာကြသည်။သော်ကြာနေ့တွင်ဒိုင်ဘက်မှသက်သေခေါ်လာသည်။ပါးစပ်ဖြင့်ထိုးရတဲ့ကိစ္စပေမယ့်ပမာဏကများလာပြီ။

ဒေါ်မချမ်းမြကိုသက်သေအဖြစ်ခေါ်လာသူကနောက်ဆုံးရက်အတွက်ယုံကြည်ရမည့်ဘောက်ချာတစ်ခုပြုလုပ်သင့်ကြောင်းပြောဆိုအကြံပေးသည်။ဒေါ်မချမ်းမြကငွေရွှင်ဘက်ကအလျော်အတိအကျရနိုင်ရန်စာချုပ်ခေါင်းတစ်ခုပေါ်တွင်ခြံရောင်းပေါင်စာချုပ်လက်မှတ်ထိုးပေးလိုက်သည်။ရဲမှမဖမ်းနိုင်ရန်ချဲဘောက်ချာရေးသားခြင်းမရှိပါ။

သော်ကြာနေ့ညနေပိုင်းတွင်တစ်ပတ်အတွင်းထွက်ရမည့်(၁)ဂဏန်းလုံးဝပျောက်သွားပါသည်။သတင်းကြားရသောအခါဒေါ်မချမ်းမြနေအိမ်ရှေ့လမ်းပေါ်တွင်မူးမေ့လဲကျသွားပါတော့သည်။

+++++++++++++++



## မြင်ကွင်းစုံမှုခင်း

(၆)

ကျွန်တော်သိလိုသဖြင့်စုံစမ်းကြည့်ရာဒေါ်မချမ်းမြတို့ရွာသားတစ်ဦးကပြန်ပြောနေတာပါ။ဒီလိုပဲသေသွားရောလားလို့မေးကြည့်ပြန်ရာ မူးမေ့လဲကျသွားရာကသေဆုံးခြင်းမဟုတ်ကြောင်း၊နိုင်တုန်းကနိုင်ထားတဲ့အတွက်အချိုကြီးရှုံးတာကိုလည်းဒေါ်မချမ်းမြအကျေလျော့သွားကြောင်းဆိုပါတယ်။

"လက်နှစ်ဘက်မှာဝတ်ထားတဲ့ရွှေတွေ၊အိမ်မှာကျန်တဲ့လက်ဝတ်ရတနာတွေ၊အဖိုးတန်အတွင်းပစ္စည်းတွေ၊စုထားတဲ့ငွေတွေ၊စာချုပ်ချုပ်ထားတဲ့ခြံရောခဲ့ဒိုင်ကိုနှစ်လုံးထီ(၅)ရက်စာပေးလျော်လိုက်ရတယ်၊ကုန်ရောပါပဲ၊ပြီးတော့အိပ်ယာထဲဘုန်းဘုန်းလဲတော့တာပဲ၊ပြန်မထူလာတော့ဘူး၊နှလုံးရောဂါအခံကြောင့်အသက်ပါ ပါသွားရှာပါတယ်"

"ချဲဒိုင်ငွေရှင်ကိုဖမ်းဆီးရမှာပေါ့"

"ငွေရှင်လည်းငွေများများရပြီးရေကြည်ရာကိုပြောင်းသွားပြီထင်ပါတယ်၊လုံးဝပျောက်သွားတော့တယ်"

ကျွန်တော့မျက်လုံးထဲတွင်စိတ်ကောင်းနှလုံးကောင်းရှိလှတဲ့ဒေါ်မချမ်းမြကိုမြင်ယောင်နေယုံမကပါဘူး၊ရင်ထဲမှာလည်းတမြမြခံစားမိပါတယ်။

တိုးမြင့်(မာန်အောင်ကျွန်း)




ဘနှင်း(မြန်မာပြန်)

ပါရီမြို့မှ လူရူပီလူမေ့

နှင့်

သူတို့ဆီက စုံထောက်ဝတ္ထုဖျား

စိတ်ကူးချိုချို အနုပညာမှ ထုတ်ဝေပါမည်။




## မြင်ကွင်းစုံအတိုဆုံးဝတ္ထု



ဖိုးလုံး အရက်မူးပြန်လာပြီဆိုလျှင် တစ်ရပ်ကွက်လုံး သိကြရသည်။ ရပ်ကွက်ထဲ ဝင်လာကတည်းက သံလေးသံကြောင်နှင့် ပေါက်တတ်ကရသီချင်းတွေကို ဆိုသည်။ ထိုသို့ ဆိုရင်းမှ အယုတ္တအနတ္တ စကားတွေကို အကျယ်ကြီး ပြောသည်။ ပြီးတော့ ဆယ်အိမ်ကြားကိုးအိမ်ကြား မကြားဝံ့မနာသာ ဆဲတော့သည်။

အဆိုးဆုံးက သူနေထိုင်ရာ လမ်းထဲသို့ဝင်လာချိန်တွင် ဖြစ်သည်။ လမ်းထဲမှာ ဘယ်သူ့ကို မကျေမနပ်ဖြစ်နေလို့လဲ မသိ။

"တစ်ယောက်ထဲကွ ဖိုးလုံးက တစ်ယောက်ထဲ အဖော်မပါဘူး။ ဘယ်သူမှ အရေးမစိုက်ဘူး။ ကြိုက်တဲ့ကောင်ထွက်ခဲ့ ငါ့ဆီလာခဲ့"

ဟိုသို့ အော်ကြီးဟစ်ကျယ် မကြားဝံ့မနာသာဆဲတော့သည်။ ကျွန်တော်လည်း ဖိုးလုံးနေမ... လမ်းထဲတွင် နေသဖြင့် နေ့စဉ် စိတ်မချမ်းမသာဖြစ်ရသည်။ ဒေါသဖြစ်ရသည်။ ပြီးတော့ သူ ပြန်လာချိန်ကလည်း ညရှစ်နာရီ ကိုးနာရီ၊ ကျွန်တော်တို့ ဆင်းရဲသားရပ်ကွက်မှ အလုပ်သမားတို့အလုပ်မှပြန်ချိန်၊ ညစာ ထမင်းစားပြီး၍ အနားယူနေချိန်ဖြစ်သည်။ ထို့ကြောင့် ဖိုးလုံးအပေါ်ပို၍ ဒေါသထွက်ကြသည်။

အထူးသဖြင့် 'ဖိုးလုံးက တစ်ယောက်ထဲကွ အဖော်မပါဘူး။ ဘယ်သူ့မှ အရေးမစိုက်ဘူး။ ကြိုက်တဲ့ကောင်ထွက်ခဲ့' ဟူသော ဖိုးလုံး၏ ချဲလင်းခေါ်သည့်စကားကို လူငယ်လူရွယ်တွေက မကျေနပ်ဆုံးဖြစ်နေသည်။

"မထူးပါဘူးကွာ ဒီတစ်ခါမူးပြီး ဆဲနေရင် နောက်မဆဲဝံ့အောင် ရိုက်ပစ်လိုက်တာပဲ ကောင်းပါတယ်"

ကျွန်တော်ကပင် စ၍အကြံပေးသည်။ လူငယ်လူရွယ်တွေအားလုံးသဘောတူကြသည်။ ထို့ကြောင့် ကျွန်တော်တို့သည် နှစ်တစ်လက်မတုတ်များကို ရှာထားကြသည်။

"တစ်ယောက်ထဲကွ ဖိုးလုံးမှာ ဘယ်အဖော်မှ မရှိဘူး။ ငါနဲ့တွေ့ချင်ရင် ထွက်ခဲ့ကြ ..."

ဖိုးလုံးမူးပြန်လာပါပြီ။ လမ်းထိပ်မှ စ၍ တစ်ရပ်ကွက်လုံး မကြားဝံ့မနာသာ ဆဲရင်း ထိုသို့ပင် ပြောလာသည်။ တိုင်ပင်ထားသည့်အတိုင်း ကျွန်တော်တို့သည် တုတ်ကိုယ်စီကိုင်ကာ လမ်းမပေါ်သို့ ထွက်လိုက်ကြသည်။ ဖိုးလုံးသည် လမ်းပေါ်မှ ဓါတ်တိုင်တစ်တိုင်အောက်၌ မတ်တပ်ရပ်ကာ အသားကုန်ပြော အသားကုန်ဆဲနေသည်။

"ကဲ တစ်ယောက်တည်း တစ်ယောက်တည်း ဆိုတဲ့ကောင် တို့လာပြီဟေ့ သေဖို့သာပြင်ပေတော့"

ထိုသို့ အော်ဟစ်ကာ ကျွန်တော်နှင့်လူငယ်သုံးယောက်တို့သည် ဖိုးလုံးရှိရာသို့ ပြေးသွားကြသည်။ ဖိုးလုံးအနားရောက်သွားကြသည်။ ထိုအခါမှ ဖိုးလုံးသည် 'တစ်ယောက်တည်း ဖိုးလုံးတစ်ယောက်တည်း ထွက်ခဲ့ကြလေ'ဟု အော်ပြန်သည်။ ကျွန်တော်တို့က.

"မင်းခေါ်လို့ ငါတို့ ထွက်လာပြီ၊ မင်း ဘာလုပ်မလဲ၊ မင်း တို့နဲ့ချမလား"

ထိုအခါမှ ဖိုးလုံးသည် အအော်ရပ်ကာ ကျွန်တော်တို့ကို တွေတွေကလေး လှမ်းကြည့်သည်။

"ဟာ ကျွန်တော် ဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာသဘောလဲ"

"ကျွန်တော် တစ်ယောက်တည်း လို့ပြောတာက အဖေ ...ရှိလို၊ အားငယ်လို့ ပြောနေတာပါဗျာ တ... ...ပါနဲ့"

ကျွန်တော်တို့ မရယ်မိ၊ သို့သော် အားလုံးခေါင်းငုံ့ကာ ပြုံးတော့ ပြုံးလိုက်မိကြပါသည်။

ရန်အောင်မြင့်


ကျော်မြင့်နိုင်

# မြေကြီးပေါ်
# အောင်လုပ်သူ များ

## ကျော်မင်းနိုင်

**နောင်နောင်** သည် သေဆုံးပြီးပါလျက် သူ့နောက်ကို ဘာကြောင့်လိုက်နေရပါသနည်း။

နောင်နောင် သူ့နောက်ကို လိုက်နေသည်မှာ မနေ့ကတည်းကဖြစ်သည်။

ရှင်းစွာဆိုရလျှင် "မိတ်ကပ်နောင်နောင်" ၏ အသုဘပို့ပြီးကတည်းက ဆိုပါက ပိုမှန်ပေလိမ့်မည်။

မိတ်ကပ်နောင်နောင်ကို သူတို့ ဗီဒီယိုရုပ်ရှင်အသိုင်းအဝိုင်းမှာ မသိသူမရှိ။ ခင်မင်ဖော်ရွေလွန်းသဖြင့် အပေါင်းအသင်း မိတ်ဆွေတွေများသည်။ လုပ်ငန်းနှင့် ပတ်သက်၍ ဖောက်သည်များသည်။

မိတ်ကပ်အလှပြင်ရာတွင် ဂျပန်လိုနိုင်ငံမျိုးမှာ သင်တန်းတက်ခဲ့ရ၍ 'ဂျပန်ပြန်' ဟူသော ဝိသေသကြောင့် သာမန်မိတ်ကပ်အလှပြင်သူများထက် တစ်ပန်းသာသည်။ နောင်နောင့်လက်ထဲတွင် နာမည်ကြီး အကယ်ဒမီ မင်းသမီးများရှိသလို တက်သစ်စ အလှပဂေးလေးတွေရှိသည်။ မော်ဒယ်လ်ဂဲလ်လေးတွေ ပါဝင်သည်။

ငွေကြေး၊ ဂုဏ်ရှိန်ချမ်းသာကြွယ်ဝသော မင်္ဂလာဆောင်၊ ပွဲနေပွဲထိုင်များတွင်လည်း မိတ်ကပ်နောင်နောင်နှင့် ခြယ်သလိမ်းမှုံမှ ဂုဏ်တင့်သည်ဟု ထင်ကြသည်။ သူများမိတ်ကပ် အလှခြယ်ပေးမှ ကိုယ့်အလှထွက်သလို မိတ်ကပ်နောင်နောင်ဆိုတာကြီး သတင်းစာမှာ မပါမဖြစ်ထည့်၍ ကြော်ငြာကြရသည်။ နောင်နောင်တို့ခေတ်က ထိုမျှ စန်းပွင့်နေသည်။

နောင်နောင်သည် သာမန်မိတ်ကပ်သမားမဟုတ်၊ အဝတ်အစားဒီဇိုင်းတွေက အစ သူ့မင်းသမီးများအတွက် ရွေးချယ်အလှဆင်ပေးရသူဖြစ်နေ၍ ဘက်စုံနောင်နောင်ဖြစ်နေရလေသည်။ အဖော် အပေါင်းများ၏ ဘက်စုံဝင်ဆန့်သည်။

ထိုဘက်စုံနောင်နောင်သည် ဘက်စုံခြင်းကြောင့်ပင် နှစ်ဆယ့်တစ်ရာစု ကပ်ရောဂါတစ်မျိုးဖြစ်သော ကာလပေါ် ရောဂါဖြင့် အသက်လေးဆယ်ဝန်းကျင် ငယ်ငယ်ရွယ်ရွယ်လေးမှာပင် သေဆုံးသွားခဲ့ရရှာသည်။



ဘက်စုံနောင်နောင်နှင့်သက သ် ပေါင်း သူငယ်ချင်းများဖြစ်ကြ⸺၊ သူ၏ ကျေးဇူးရှင်ဆိုလည်း မမှားတန်ရာချေ။ ယင်းကြောင့် နောင်နောင်သေဆုံးရသည့် နှစ်ဆယ့်တစ်ရာစု ရောဂါဆိုးကို နောင်နောင့် ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး သူ ပြောမထွက်ရက်တော့။

သူတို့နှစ်ယောက်စလုံး ရန်ကုန်အရှေ့ပိုင်းသားများဖြစ်ကြပြီး၊ ပုဇွန်တောင်မှာ မွေး၍ ကျောင်းနေတော့လည်း အတူတူ၊ ကျောင်းနေဖက် အတန်းဖော်သူငယ်ချင်းများဖြစ်ကြ၏။

မိတ်ကပ်နောင်နောင်အဖြစ် မရောက်ခင် နောင်နောင်သည် 'ဇ' ကလေးနှင့် ဖြစ်၏။

ပန်းချီပညာကို ဝါသနာပါသလို မိန်းကလေးကျောင်းသူ သူငယ်ချင်းများနှင့် အပေါင်းများသည်။ မိန်းကလေးအစာ ဇီးထုပ်၊ မရမ်းပြား ချိုချဉ်စပ်ပူစာများ ကြိုက်သလို ဇာထိုးပန်းထိုး ဝါသနာပါသည်။ သူက ပန်းချီပညာတစ်ခုတည်းသာ အာရုံစိုက်ခဲ့သည်။

ငယ်စဉ်က အနုပညာပိုးရှိသော သူတို့နှစ်ယောက်မှာ ကျောင်းကပွဲများတွင် ပါဝင်ကပြတတ်ကြရာ သူကမင်းသား၊ နောင်နောင်က မင်းသမီးလုပ်၍ ကပြလေ့ရှိတတ်သည်။

ထိုမှတဆင့် ရန်ကုန်အရှေ့ပို⸺း သီတင်းကျွတ်ပွဲတော်ကြီးအဖြစ် စည်စည်ကားကားလုပ်လျှင် စတိတ်ရှိုးများတွင် မိန်းကလေးအသွင် ဝင်ရောက်ကပြတတ်ပြန်သည်။

သူကလည်း ခေသူမဟုတ်၊ အနုပညာဇကလေးနှင့်မို့ တက်၍သီချင်းဆိုသည်။ ပြဇာတ်တင်မည်ဆိုလျှင် မင်းသားအဖြစ် ကပြနိုင်ရန် ပန်းချီ **ကိုအောင်မိုး** ကြီးက သူကြိုက်တတ်သော အရက်နှင့် ဆေးပြင်းလိပ်ထုပ် လာဘ်ထိုးပြီး စင်ပေါ် တက်ခဲ့သည်။

သို့သော် ဘာကြောင့်မှန်းမသိ။ သူသည် **ခေါင်းဆောင်မင်းသားအဖြစ် ဘယ်တော့မှ** သရုပ်ဆောင်ခွင့်မရခဲ့။ **ဒုတိယမင်းသား၊ လူကြမ်းခေါင်းဆောင်တို့သာ ဖြစ်ခဲ့သည်။**

ဒါကို သူ့သူငယ်ချင်းဖြစ်သူ နောင်နောင်က အားမနာတမ်း ထောက်ပြခဲ့သည်။

"ကိုယ့်အရပ်က ကတဲ့ဇာတ်မှာတောင် နင် မင်းသားမဖြစ်ရင် ဘယ်တော့မှ မင်းသားဖြစ်မှာမဟုတ်ဘူး **ဖိုးကျော်** . . .၊ **အေးလေ. . .** နင် ဘယ်မင်းသားဖြစ်ပါ့မလဲ၊ **အရပ်က** ငင်တိုတို၊ မျက်နှာပေါက်က လူမိုက်ရုပ်"

သူ့ကို ဒီလိုပြောပြီဆိုတော့ သူက



လည်း မခံချင်စိတ်နှင့် နောင်နောင့်ကို . . .

"အေး. . . နင်လည်း နာမည်ကြီး မင်းသမီး ဘယ်တော့မှမဖြစ်ဘူး၊ မိန်းမ အစစ်မှမဟုတ်ဘဲ၊ မြန်မာပြည်မှာ အချောက်မတွေ မင်းသမီးဖြစ်သွားတဲ့ ရာဇဝင် မရှိခဲ့ဖူးဘူးလေ . . ."

"အောင်မယ်. . . အောင်မယ် လူကို များ နှိမ်လိုက်တာ၊ မိုးကြိုးငှက်ငယ်က **ဇာဇာရတနာ** တို့၊ **စောနန္ဒာ** တို့ဆိုရင် ဘွဲ့ရပညာတတ် နာမည်ကြီးမင်းသမီးတွေ ဟဲ့. . . ။ သူတို့ လှမိမယ်ကလေးများအဖွဲ့ မပါရင် ဘယ်တော့မှ ပွဲမစည်ဘူး၊ တစ်ချို့ ဘုရားပွဲတွေဆိုရင် သူတို့အဖွဲ့ပါမှ ဘုရား ပွဲ ဂုဏ်မြောက်သတဲ့. . . ၊ ဒါ့ကြောင့် သူတို့အဖွဲ့ လက်မလည်အောင် ကနေရ တာ . . ."

"သူတို့က ဘွဲ့ရပညာတတ်တွေဖြစ် သလို၊ ပင်ကိုယ်ကလည်း မိန်းကလေးလို နွဲ့နွဲ့နှောင်းနှောင်းနဲ့ မိန်းကလေးပုံစံ ပေါက်နေတာကိုး၊ နင့်ပုံက သူတို့နဲ့မတူ ဘူး။ ခါးကတုတ်တုတ်၊ အသားကမည်း မည်း၊ ဒီ့ထက်ဝရင် ဆူမိုနပန်းသမားလို့ ထင်ရမယ် . . ."

သူတို့နှစ်ယောက် တစ်ယောက်အား နည်းချက်ကို တစ်ယောက်အပြစ်ပြောရင်း မကြာခဏ စကားများကြရသည်။ စိတ် ဆိုးပြီး မခေါ်မပြောနေကြသည်။ သို့သော်





တစ်ခဏမျှသာ၊ တစ်ပိုင်းတည်း သွား ကျောင်းနေဘက်သူငယ်ချင်းများပီပီ ပြန် ခေါ်ကြပြန်သည်။

* * *

သူတို့ငယ်စဉ်က မြို့တော်ရန်ကုန်ကြီး တွင် မြန်မာ့ရိုးရာ ပွဲလမ်းသဘင်၌ သူတို့ ရန်ကုန်အရှေ့ပိုင်းက သီတင်းကျွတ်ပွဲတော် နာမည်ကြီး စည်ကားသလို၊ ရန်ကုန်အ နောက်ပိုင်း လမ်းမတော်ဘက်က တန် ဆောင်တိုင်ပွဲတော်သည်လည်း နာမည် ကြီး စည်ကားသည်။



နောင်နောင်က အဆက်အသွယ်များ သူမို့ ရန်ကုန်အနောက်ပိုင်း တန်ဆောင် တိုင်ပွဲမှာပင် ဝင်၍သီချင်းဆိုနိုင်သည်။ တစ်ခန်းရပ်ပြဇာတ်တွေ ဝင်ကသည်။

ထိုမှ မိုးကြိုးငှက်ငယ်လို သူတို့အမျိုး အစား အနုပညာသည်လေးတွေနှင့် ပေါင်းသင်းမိပြီး နောင်နောင် နယ်တကာ လှည့်၍ ကပြနေကြောင်း သူသိရသည်။

သူကတော့မူ သူဝါသနာပါသော စာရေးဆရာဖြစ်ရေးအတွက် မဂ္ဂဇင်းတိုက် တွေ၊ ဂျာနယ်တိုက်တွေ ပေါများသော ရန်ကုန်မြို့ကြီးက မခွာနိုင်ဘဲ ဖြစ်နေရ သည်။

သို့နှင့် တစ်နှစ်ကျော်အကြာမှာ နောင်နောင်နှင့် ပြန်ဆုံရလေသည်။

နောင်နောင်က အစားအသောက်

ဘျူးသဖြင့် ဝက်မည်းကလေးတစ်ကောင် အသွင်ပြောင်းလျက်ရှိချေပြီ။

"ဟော့. . . နောင်နောင်. . . ဗိုလ်တထောင်ဘုရားပွဲမှာ နင်တို့အဖွဲ့ကတော့ နင့်ကို စတိတ်ရှိုးထွက်တာ မမြင်ရပါလား"

"ငါ စတိတ်ရှိုးမထွက်တော့ဘူး၊ အောက်ကပရိသတ်က ငါထွက်ကရင် ဟောလိဝုဒ်မင်းသား **'ဘရိုက်ပစ်'** ရဲ့ ညီမ **'ဘလက်ပစ်'** ဆိုပြီး အော်ကြလွန်းလို့"

"အဲဒါ မှန်နေတာပဲ၊ ပရိသတ်က အမှန်ကိုအော်ကြတာပဲဟာ၊ ငါသာ နင့်နေရာမှာဆိုရင် ဗိုလ်တထောင်ဘုရားနားက ရန်ကုန်မြစ်ကြီးထဲ ခုန်ချပြီး သေပစ်လိုက်မယ်ဟာ"

"ငါက နင့်လို လွယ်လွယ်ကူကူ စိတ်ဓာတ်ကျမယ့်သူမဟုတ်ဘူးလေ၊ ဒါကြောင့် ငါ့အဖွဲ့နဲ့ နယ်တွေထွက်နေပေမယ့် တက္ကသိုလ်က ဘွဲ့လက်မှတ်ဒီဂရီတစ်ခုရအောင် ယူနိုင်တာကိုကြည့်လေ. . .၊ နင်သာ ရန်ကုန်မှာနေရင်း ဘွဲ့မရဘာမရ၊ စာရေးဆရာအဖြစ်လည်း မအောင်မြင်၊ အရက်သမားအဖြစ် နာမည်ဆိုးထွက်နေတာ"

"ဘာလို့ ငါမအောင်မြင်ရမှာလဲ၊ ငါ့ဝတ္ထုတွေ၊ ကဗျာတွေ၊ မဂ္ဂဇင်းတွေမှာ မတွေ့ဘူးလား. . .၊ အေးလေ ပြောမယ့်သာပြောရတယ်၊ နင်လိုဟာမျိုးတွေဟာ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေလည်း ဖတ်မှာမဟုတ်ပါဘူး"

"ဒီလိုတစ်နှစ်နေမှ လေးငါးပုဒ်လောက်ဟိုကပါ၊ ဒီကပါတာမျိုးကို အောင်မြင်တယ်လို့ ပြောလို့မရဘူးလေ။ ကိုယ်လုပ်တဲ့အလုပ်နဲ့ ထမင်းစားလို့ရပြီလား၊ မိသားစုအတွက် ကိုယ်လုပ်တဲ့အလုပ်က ရတဲ့ငွေနဲ့ ထိန်းကျောင်းနိုင်ပြီလား၊ ဒါကို အောင်မြင်မှုပေတံနဲ့ တိုင်းရမယ် ဖိုးကျော်. . ."

"ငါ့ကိုတော့ပြောတယ်၊ နင်ကကော"

"ငါက အောင်မြင်နေပြီလေ၊ ငါတို့အဖွဲ့မှာ ငါ စတိတ်ရှေ့ထွက်ပြီး မကရပေမယ့် ငွေရှာနိုင်ပြီ"

"အလို. . . နင့်စကား ဆန်းလှချည်လား၊ စတိတ်ရှေ့ထွက်ပြီး ငွေမရှာနိုင်ပေမယ့် စတိတ်နောက်မှာ နင်လိုဟာက ငွေရှာနိုင်တယ်ဆိုတော့ ငါ မျက်စိလည်သွားပြီ။ နင် မိန်းကလေးမဟုတ်ဘူးနော်. . . နောင်နောင်. . ."

"ဂျောက်ကောင်. . . အတွေးမချောင်စမ်းနဲ့. . . ငါ စတိတ်နောက်မှာ ဝင်ငွေရှာတယ်ဆိုတာက စတိတ်ရှေ့ထွက်ရမယ့်သူတွေကို မိတ်ကပ်ပြင်ပေးတာ၊ အဝတ်အစားဒီဇိုင်း ဆင်ဖို့တော့ ငါ့စီနီယာမာမီကြီးဆီက သင်ယူနေတုန်းပဲ။ ဒါတောင်မှ ငါ့ဝင်ငွေက စတိတ်ရှေ့ ထွက်ရသူတွေထက် အများကြီးသာတယ်။ သူတို့က တစ်ယောက်အတွက်စာပဲ ငွေရတယ်။ ငါက တစ်ဖွဲ့လုံးအတွက် ငွေရတယ်။ ဒီကြားထဲ အငန့်လေးတွေတွေ့ရင် ဝါးကြောပဲ"

"အောင်မယ်. . . နင်လည်း နင်တို့အဖွဲ့နဲ့လိုက်ရင်း ဇာတ်သမားအထာ 'ဗန်း' စကားတွေ ဘာတွေ သုံးတတ်နေပြီလား။ ဘယ်လိုအငန့်မျိုးနဲ့တွေ့ရင် ဝါးကြောလဲ"

"တို့အဖွဲ့. . . စတိတ်စင်ပေါ်တက်ပြီး ပွဲထွက်သီချင်းဆိုချင်တဲ့ ဟာလေးတွေလေ၊ များသောအားဖြင့် ငွေကြေးချမ်းသာပြီး မိဘတွေက ပြောဆိုမရလို့ အလိုလိုက်ထားရသူတွေများတယ်။ တစ်မြို့မှာ အဲဒီလိုဟာမျိုးတွေ တစ်ယောက်နှစ်ယောက်တော့ ရှိတာပဲ။ မြို့ကြီးရင်ကြီးသလို ပိုများတယ်။ သူတို့စင်ပေါ်တက်ဖို့ အလှပြင်ပေးရ၊ အပတ်အစားဒီဇိုင်း ဆင်ပေးရတော့ ငါ့အတွက် ပိုပြီးပိုက်ဆံရတာပေါ့။ ခု ငါက ငါ့မာမီကြီးကတဆင့် ရုပ်ရှင်နဲ့ ဗီဒီယိုလိုင်းဘက်ကူးမလို့ ဆက်သွယ်ထားတယ်"

"အေးလေ. . . အဲဒီလို အပြင်ပန်းအလှတွေ၊ အဆင်အယင်တွေ၊ ပကာသနတွေ အလေးထားတဲ့ခေတ်ကြီးမှာ ငါတို့လို ခံယူချက်၊ ယုံကြည်ချက်နဲ့ လူတွေအတွက် အောင်မြင်ဖို့ အခက်အခဲ၊ အတားအဆီးတွေများပေမယ့် နင်တို့လိုဟာတွေအတွက် အလွယ်ကလေးပဲ. . . အဆက်အသွယ်ကောင်းဖို့ အဓိကကိုး"

"ကြီးကြီးကျယ်ကျယ် ခံယူချက်၊ ယုံကြည်ချက်တွေ ပြောမနေပါနဲ့ ဖိုးကျော်၊ နင့်ခံယူချက်၊ ယုံကြည်ချက်တွေက ထမင်းအိုးတည်လို့မရပါဘူး။ ထမင်းအိုးမတည်နိုင်ရင် ဘုန်းကြီးဆွမ်းမလောင်းနိုင်တော့ ကုသိုလ်ရေးမှာလည်း သုံးလို့မရတော့ဘူး။ တို့အဖွဲ့ကတော့ ရောက်လေရာအရပ်မှာ ပရိသတ်ရဲ့ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ အကြိုက်တွေ့လို့ ဝင်ငွေရအောင်ရှာ၊ ရတဲ့ဝင်ငွေထဲက တစ်ပွဲစာ ဘုရားကိုလှူ၊ ကုသိုလ်လဲရ ဝမ်းလည်းဝ၊ နင့်မှာသာ အဲဒီခံယူချက်၊ ယုံကြည်ချက်တွေ ကြီးကြီးကျယ်ကျယ်ပြောပြီး နှာမမှန်ချင် ဖြစ်နေရတာ. . ."

နောင်နောင်က သူ့လိုင်းဘက်က အောင်မြင်နေသလောက် ဝင့်ကြွားစွာပြောနိုင်သဖြင့် နောင်နောင်လို ခံယူချက်မဲ့သတ္တဝါ၊ ယုံကြည်ချက် အလေးအနက်မထားသူနှင့် ဘက်ပြိုင်ပြီး သူ အငြင်းအခုံမလုပ်လိုတော့။

လေးနက်သော ဆွေးနွေးမှုများလည်း တချို့လူတွေနှင့်မတန်ဟု သူထင်သည်။

* * *

နောင်နောင့် အောင်မြင်မှုတွေကလည်း အတော်မြန်ဆန်သည်။

နောင်နောင် ဗီဒီယို ရုပ်ရှင်လောကသို့ သူပြောသည့်အတိုင်း ရောက်သွား၏။

အဆက်အသွယ်ကောင်းပြီး ကံက လည်း လိုက်သဖြင့် မိတ်ကပ်နောင်နောင် ဆိုသော နာမည်တစ်လုံးရလာသည်။

နောင်နောင် အခြေအနေပြောင့်ပေမည့် သူကတော့ အခြေအနေမပြောင်း။ ဝတ္ထုကဗျာတွေ၊ ဆောင်းပါးတွေ၊ မဂ္ဂဇင်း ဂျာနယ်တိုက်တွေ တစ်တိုက်ဝင်တစ်တိုက် ထွက်၍ ခြေထောက်အားကိုးနှင့် ရန်ကုန်မြို့ကြီး ကတ္တရာလမ်းတွေပေါ်မှာ သူ လျှောက်နေရတုန်း ရှိသေးသော်လည်း နောင်နောင် ကားဝယ်စီးနိုင်နေပြီ။

ဗီဒီယိုရုပ်ရှင်၊ ကြော်ငြာမင်းသမီးတွေကို လက်မလည်အောင် မိတ်ကပ်အလှတွေ၊ အဝတ်အထည်ဒီဇိုင်းတွေ ခြယ်မှုန်းဆင်နေသည့်ကြားမှ နာမည်ကြီး လူကုံတန် မင်္ဂလာဆောင်တွေမှာလည်း မိတ်ကပ်နောင်နောင် မပါမဖြစ် ဂုဏ်ဒြပ်တစ်ခု အဖြစ် ပါဝင်နေရသည်။

ထိုလူကုံတန် အဆက်အသွယ်ဖြင့်ပင် ဂျပန်နိုင်ငံသို့ အလှဖန်တီးရှင်ပညာ ထပ်ယူရန် ခြောက်လကြာ ခရီးထွက်သွားရပြန်သည်။

သူကတော့ ပင်လယ်ရပ်ခြား ဂျပန်နိုင်ငံမပြောနှင့် မြန်မာနှင့်မြောက်ဖက် ကုန်သွယ်တံခါးပေါက် တရုတ်ပြည်နယ်စပ်သို့ မရောက်ဘူးသလို တောင်ဘက်ကုန်သွယ်တံခါးပေါက် မဲဆောက်သို့ပင် ခြေမချဘူးဘဲ ရန်ကုန်မြို့၏ ကတ္တရာလမ်းတွေပေါ်မှာ မနုဿလမ်းကြိတ်စက် ဖြစ်နေရသည်။

သို့နှင့် နောင်နောင် ဂျပန်ပြည်က ပြန်လာပြီး ခြောက်လလောက်အကြာမှာ သူ၏ စာရေးဘော်တစ်ဦးရဲ့ လုံးချင်းဝတ္ထု ဗီဒီယိုကားတစ်ကားရိုက်ရန် ကန်တော့ပွဲပေး အခမ်းအနားတစ်ခု၌ သူ့သူငယ်ချင်း မိတ်ကပ်နောင်နောင်နှင့် ဆုံဖြစ်ကြသည်။

"ဟယ်. . . ဖိုးကျော်၊ နင် အရင်အတိုင်းပါပဲလား"

"အေး. . . နင်ကတော့ အရင်နဲ့ မတူဘူး. . . ချစ်တီးရုပ်လျှပ်ပြက်သလိုပဲ"

"အောင်မယ်. . . ငါ့ကိုယ်ပေါ်က ရွှေတွေ၊ စိန်တွေကိုကြည့်ပြီး နင့်ထုံးစံအတိုင်း မနာလိုဖြစ်ပြန်ပြီမဟုတ်လား၊ နင်ကတော့လေ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဒီလိုချည်းပဲ. . . ငါက နင့်ကို မစ,မလို့ စိတ်ကူးထားတာ"

"ငါက နင်တို့ကို မစ,နေတဲ့ ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့ကို ကိုးကွယ်ပသတဲ့လူမှမဟုတ်ဘဲ၊ နင်က ဘယ်လိုမစ,မလို့ စိတ်ကူးထားတာလဲ"

"ငယ်ငယ်တုန်းကလို ရိတာတွေ၊ ကလိတာတွေ လုပ်မနေနဲ့၊ ငါ့မှာ အချိန်မရှိဘူး။ မိနစ်နဲ့အမျှ အလုပ်တွေက တန်းစီနေတယ်။ ဒီသောကြာနေ့ကို မြို့ထဲက ငါနေတဲ့အခန်းကိုလာခဲ့၊ သောကြာနေ့ဆို







ရင် ငါအလုပ်နားတယ်. . . ကဲ ညီမလေးရေ. . . မမကာဒ်ကလေး ပေးလိုက်ပါဦး"

* * *

ဂျပန်ကပါလာသော နောက်ဆုံးပေါ် အလှပြင်သေတ္တာဘောက်စ်ကို ထောက်ကန် နောင်နောင်ညီမလေးဆိုသူက ဖွင့်ပြီး ရောင်စုံလိပ်စာကဒ်ပြားလေးတစ်ခု ထုတ်ပေးသည်။ နောင်နောင့်ညီမလေးဆိုသူမှာလည်း နောင်နောင်တို့လို အမျိုးအစား။

ဒီလိုအမျိုးအစားတွေ ပြန့်ပွားအောင် နောင်နောင်တို့ လက်ဆင့်ကမ်းနေသည်မှာ ဦးရေမည်မျှရှိလေမည်နည်း။

မဆိုစကောင်း ဆိုစကောင်း တိုင်းတစ်ပါးမှ ကူးကျော်လာ၍ စစ်ဖြစ်ကြမည်ဆိုလျှင် ထိုအမျိုးအစားတွေကို ဘယ်ထဲထည့်၍ သုံးရပါမည်နည်း။

နောင်နောင်နှင့်သူ အနေအထားချင်း မတူပေမယ့် သူငယ်ချင်းလည်းဖြစ်၊ အရေးတယူလည်းရှိနေသော နောင်နောင့်ကို အလေးထား၍ နောင်နောင်ချိန်းဆိုသော သောကြာနေ့တွင် မြို့လယ်ခေါင်ရှိ တိုက်ခန်းဆီသို့ သူရောက်သွားသည်။

နောင်နောင့်အခန်းမှာ ပထမထပ်တွင်ရှိနေပြီး ရှေ့ပိုင်းကို အလုပ်ခန်းဖွင့်ထား၍ နောက်ဆုံးပေါ် ခတ်မီအလှပြင်ကရိယာများနှင့် ဟိတ်ဟန်ပြေးလျှက်ရှိ၏။

သို့သော် ဝင်လိုက်သည်နှင့် သော်ပန်းနံ့၊ အမွှေးနံ့သာနံ့နှင့်အတူ မီးခိုးတွေ အူထွက်နေခြင်းက နတ်ကနားပွဲတစ်ခုကို ရောက်သွားသလို ထင်ရသည်။

"ဟော. . . ဖိုးကျော် ရောက်လာပြီလား၊ ဒီနေ့ သောကြာနေ့ဆိုတော့ ငါ့အ

လုပ်ကို ငါ့ညီမလေးတွေနဲ့ လွှဲပေးထားပြီး၊ ငါက ငါ့အခန်းမှာ ငါ့ကို စောင့်ရှောက် မစ နေတဲ့ ကိုယ်တော်ကြီး၊ ကိုယ်တော်လေးနဲ့ ပခန်းကိုကြီးကျော်တို့ကို ထိုင်ကနားပေး နေရတယ်။ ကဲ. . . ရောက်တုန်း ဒံပေါက် စားသွားပါဦး. . . ထိုင်တာတော့ တို့လိုပဲ ကော်ဇောပေါ်မှာထိုင်ပေါ့. . ."

ထိုင်စရာ ဆိုဖာကြီးတွေရှိပါလျက် နောင်နောင်ညွှန်ပြသည့်အတိုင်း နောင်နောင်တို့နည်းတူ သမံတလင်းပေါ်ခင်းထားသည့် ကော်ဇောပေါ် ထိုင်လိုက်ရသည်။ တော်ပါသေးသည်။ နောင်နောင်တို့ကိုးကွယ်သော အစိမ်းသေတွေကို မကန်တော့ခိုင်းခြင်းက သူ့အဖို့ သက်သာရာရလိုက်သည်။

ထိုအတွင်းခန်းကလေးမှာ ကျဉ်းသည် ဆိုပေမယ့် နောင်နောင်၏ လက်ရွေးစင်လူရင်းတွေနှင့် ပြည့်နေသည်။ ထိုအထဲမှာ အကယ်ဒမီမင်းသား၊ တက်သစ်စမင်းသား၊ အကယ်ဒမီမင်းသမီး၊ တက်သစ်စ မင်းသမီး၊ ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်တွေပါသည်။ ထို့ထက် အံ့သြစရာကောင်းသည်မှာ အရှေ့ဘက်ကတော်၊ အနောက်ဘက်ကတော်၊ ဘာကတော်၊ ညာကတော်တွေပါဝင်နေခြင်းပင်။

သူ့ကို လူရင်းအဖြစ် နောင်နောင်က လျှင် ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာတွေနှင့် မိတ်ဆက်ပေးသည်။

ထိုမှတဆင့် ဇာတ်ညွှန်းရေးနိုင်ရန် အလုပ်ပါ ရှာပေးခဲ့သည်။

နောင်နောင်၏ ဆက်သွယ်ပေးမှုကြောင့် ထိုနေ့က ဇာတ်ညွှန်းရေးဆရာ အလုပ်ရခဲ့သည်။ သူ လွယ်လွယ်နှင့် ထိုသို့မမှန်းရဲ၊ သူ့အဆက်အသွယ်နှင့်သူ တော့ ဟုတ်လို့ပါပဲလား။

ထိုနေ့က ပွဲသိမ်းညနေတိုင် သူမပြန်နိုင်သေး။ သူ့ရှေ့မှာ ချပေးထားသော ဒံပေါက်ထမင်းကိုပင် သူ တစ်ငွန်းတစ်လေ ငေ ာ်၍မစား၊ ကိုကြီးကျော်ပွဲမှ ကြက်ကောင်လုံးကင်နှင့် ရှိုးဗားဝီစကီအကောင်းစားပုလင်းဆီသို့ သူ့မျက်လုံးတွေ ရောက်နေသည်။

နောင်နောင်၏ ရွေပွဲလာထိုင်ကနားအဖွဲ့များ ပြန်အသွားတွင် အကယ်ဒမီမင်းသားနှင့် အကယ်ဒမီ ဒါရိုက်တာ သူတို့လူယုံ သားတပည့်လေးများနှင့် နောင်နောင့်အခန်း၊၂ ကျန်ရစ်ခဲ့ကြသည်။

"ဟယ်. . . ဖိုးကျော်. . . နင့်ရှေ့က ဒံပေါက်လည်းမစားပါလား၊ ဘာလဲ ဒံပေါက်မကြိုက်လို့လား. . ."

နောင်နောင့်အမေးကြောင့် သူအခက်တွေ့နေစဉ် အကင်းပါးသော အကယ်ဒမီ ဒါရိုက်တာကြီးက ဝင်ပြောမှ သူ သက်သာရာရသွားသည်။





"နောင်နောင်. . . နင့်သူငယ်ချင်းက စာရေးဆရာပီပီ ဒံပေါက်ကို စိတ်မဝင်စားဘူး၊ ကိုကြီးကျော် ရှိုးဗားပုလင်းနဲ့ ကြက်ကောင်လုံးကြော်ကို စိတ်ဝင်စားပုံရတယ်. . ."

"အဲဒါဆို စာရေးဆရာကို စွန့်လိုက်လေ၊ သူ့မှာလည်း အလုပ်ကိစ္စတွေရှိမှာပေါ့။ သူပြန်ချင်ရင် ပြန်လို့ရတာပေါ့၊ မနက်ဖြန်ကျမှ ဒါရိုက်တာကြီးနဲ့ ကုမ္ပဏီကို ချိန်းကြလေ. . ."

အကယ်ဒမီ မင်းသားက သူတို့အဝန်းအဝိုင်းမှာ သူစိမ်းဖြစ်နေသော သူ့ကို ပြန်စေချင်ပုံရသည်။ သူ နောင်နောင့်အခန်းမှာ ရှိမနေစေရန် တမင်ပထုတ်နေမှန်း သူ ရိပ်မိသည်။

နောင်နောင်ကလည်း သူ့လူတွေ အထာပေါက်ပါသည်။

ကိုကြီးကျော်၏ ဝီစကီပုလင်းနှင့် ကြက်ကြော်ကို အနှမြောအတွန့်အတိုမရှိ စွန့်၍ သူ့ကိုပေးသည်နှင့် သူမိနစ်ပင်မဆိုင်းဘဲ အလိုက်သိစွာ ထွက်ခွာလာခဲ့သည်။

ဒါတောင်မှ နောင်နောင်သည် သူ၏ သူငယ်ချင်းကောင်းပီသစွာနှင့် အလုပ်ကိစ္စ ကုမ္ပဏီသို့ ဆက်ဆက်သွားရန် မှာလိုက်ပါသေးသည်။

* * *

မျက်နှာအလှအပခြယ်မှုန်းသော မိတ်ကပ်ဖန်တီးရှင်သည် လူတစ်ယောက်၏ဘဝကိုလည်း လှပအောင် ဖန်တီးနိုင်စွမ်းသည်ဟု သူယုံကြည်ရလေပြီ။

မိတ်ကပ်နောင်နောင်သည် အမှန်တကယ်ပင် သူ၏ကျေးဇူးရှင်ဖြစ်လာခဲ့ချေပြီ။

ရိုးရိုးဝတ္ထုတွေ ရေးခြင်းထက် ဇာတ်ညွှန်းလိုင်းသို့ သူကူးလာသောအခါ မူလကတည်းက စာရေးဆရာအဖြစ် နာမည်ရှိခဲ့သော (နာမည်ကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ) ဗီဒီယိုရုပ်ရှင်လောကက လေးစားအထင်ကြီးခဲ့သည်။

ပြီးတော့ နောင်နောင့်အဆက်အသွယ်နှင့် ကုမ္ပဏီကြီးတွေက အလုပ်အပ်ခဲ့သည်။ ကုမ္ပဏီကြီးဆိုတော့ ငွေကြေးခိုင်သည်။

အကယ်ဒမီဒါရိုက်တာ၊ အကယ်ဒမီမင်းသား၊ မင်းသမီးအားလုံး နာမည်ကြီးတွေနှင့် ရိုက်ရတော့ သူဇာတ်ညွှန်းရေးရသော ရုပ်ရှင်ဗီဒီယို၊ ဒီဗွီဒီကားတွေမှာ နာမည်ကြီးပြီး 'ပေါက်ကား' တွေဖြစ်ခဲ့သလို 'ကျွဲကူးရေပါ' သူသည်လည်း နာမည်ရခဲ့သည်။

ဒါပေမယ့် စာရေးဆရာဘဝမှ လာရသော သူက သူဇာတ်ညွှန်းရေးရသည့် ဝတ္ထုဇာတ်လမ်းတွေကို မကြိုက်တာများသည်။

ဒါရိုက်တာ၊ သရုပ်ဆောင် မင်းသားတွေနှင့် ထိုက်စွ အခြေအတင်မဖြစ်ပေမယ့်၊ မှုရင်းလုံးချင်းဝတ္ထုရေးသော ပေါ်ပင်စာရေးဆရာမလေးတွေနှင့် မကြာခဏ အခြေအတင်ဖြစ်ရသည်။

ဒါကို နောင်နောင့်ဆီ သတင်းတွေ ရောက်ရောက်သွား၍ နောင်နောင်က သူ့ကို ဖုန်းနှင့်လှမ်းဆက်သွယ်ပြီး ဖျောင်းဖျခဲ့သည်။

"ဖိုးကျော်. . . အဓိက အလုပ်လုပ်နေတာ ငွေရဖို့ပဲမဟုတ်လား၊ ခု နင့်အခြေအနေကိုကြည့်စမ်း၊ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ကိုယ်ပိုင်တိုက်နဲ့ တယ်လီဖုန်းနဲ့ တင့်တင့်တယ်တယ် ဖြစ်နေပြီမဟုတ်လား။ မကြာခင် နင် ကိုယ်ပိုင်ကားဝယ်စီးနိုင်တဲ့ အခြေအနေကို ရောက်တော့မဲ့ဟာပဲ။ သူတို့လိုချင်တာ အကုန်လုပ်ပေးလေ။ ဘာလို့ သူတို့နဲ့ အခြေအတင်ဖြစ်နေမလဲ"

မူရင်းရေးထားတဲ့ စာရေးဆရာမလေးရဲ့ ဝတ္ထုက သဘာဝမကျဘဲ၊ မင်းသားက စိတ္တဇဝေဒနာသည်၊ သူ့အိမ်သူအိမ်သားတွေနဲ့ဆိုရင် သူ့စိတ်ဝေဒနာဟာ ဖောက်ဖောက်လာတယ်။ အဲ. . . မင်းသမီးနဲ့ တွေ့ရင်တော့ တစ်ခါမှ စိတ်ဝေဒနာ ဖောက်လာတာကိုမပြဘူး။ ဒါဆို မင်းသားဟာ တဏှာရူးအဖြစ် ပရိသတ်အထင် ~~ကျ~~က်သွားမှာပေါ့။ ဒါကြောင့် မင်းသမီးနဲ့တွေ့တဲ့အခါမှာ တစ်ကြိမ်တစ်လေလေး စိတ်ဖောက်ပြန်ပြတာလေး ထည့်ပေးဖို့ ကြိုးစားကြည့်တာပါ။ ငါက စေတနာနဲ့လေ. . ."

"အမယ်လေး. . . မင်းသားကို တဏှာရူးအဖြစ် ပရိသတ်အထင်ရောက်မှာတွေဘာတွေ နင်စိုးရိမ်မနေပါနဲ့။ အဲဒီစာရေးဆရာမလေးက ပေါ်ပင်လုံးချင်းဝတ္ထုလိုင်းမှာ နာမည်ကြီးပဲ။ သူ့ဝတ္ထုကို ရိုက်ရင် စွံတာချည်းပဲဆိုတော့ အဲဒီစာရေးဆရာမလေးရဲ့ အငြိုအငြင်ကို ကုမ္ပဏီက နောက်ထပ်ဝတ္ထုမရမှာစိုးလို့ မခံနိုင်ဘူး. . ."

"ဒါဆို မင်းသားနစ်နာမှာပေါ့"

"မင်းသားကလည်း ဒါတွေ ဂရုမစိုက်နိုင်ပါဘူး။ တစ်ကားပြီးတစ်ကား ထွက်ဖို့ပဲ။ တစ်စင်းပြီး (Scine)တစ်စင်း ပေများများ ဝင်သွားဖို့ပဲ အရေးကြီးတယ်။ တစ်ခါတစ်လေ မနေ့က သူ ဘယ်မှာဘယ်လို သရုပ်ဆောင်သွားမှန်းကို မှတ်ထားတာမဟုတ်ဘူး၊ အင်တာဗျူးတွေ၊ စာနယ်ဇင်းတွေက လာလုပ်ရင်သာ သူက ဝတ္ထုဖတ်ပြီး၊ သူနဲ့လိုက်မယ့်ဇာတ်ကောင်မို့ ရွေးရိုက်တာလေး ဘာလေး ရှိုးထည့်လွှတ်လိုက်တာပေါ့။ အားလုံးလုပ်စားနေကြတဲ့ကြားထဲမှာ နင်က သဘာဝကျတာတွေ ဘာတွေ ဝင်လုပ်မနေနဲ့။ ဝတ္ထုတစ်ပုဒ်ကို





သူတို့က စာရေးဆရာရဲ့နာမည်ကြောင့် ကြိုက်တယ်လုပ်ရင် နင်လည်းအကြိုက်ဆောင်ပြီး လုပ်လိုက်၊ ဒါရိုက်တာတောင် ကုမ္ပဏီက နောက်ထပ် သူ့ကိုမငှားမှာစိုးလို့ ဘာမှဝင်မပြောတာကြည့်. . ."

နောင်နောင်က ထိုလောကသို့ သူ့ထက်စော၍ရောက်နေသူမို့ နောင်နောင်ပြောသည့်အတိုင်း ထိုလောက၌ မိုးခါးရေမျှသောက်ခဲ့ရသည်။

သူနှင့် ကဗျာရေးဘက် စာရေးဘက် စာပေလိုင်းမှ ရုပ်ရှင်ဗီဒီယိုလိုင်းသို့ အရင်ကူးဝင်လာသော 'သူက' ဆိုလျှင်. . .

"ကိုယ့်လူ စာရေးဆရာလုပ်ချင်ရင် စာရွက်တွေပေါ် ပြန်နားပြီးနေပေတော့။ တိတ်သားတွေ၊ ဖလင်တွေနဲ့ လာရှုပ်ပြီး ဇာတ်ညွှန်းရေးဆရာ လုပ်မနေနဲ့။ ငါတို့ ဒွန်နီဟာကြီးမှာ စာရေးဆရာစိတ်နဲ့ ဇာတ်ညွှန်းရေးဆရာစိတ် ခွဲခွဲခြားခြား ကွဲကွဲပြားပြားပဲ၊ ငါတောင်မှ သဘာဝသရုပ်ဆောင်လုပ်ချင်တာ။ ခု ပြသနေတာက လူတွေကို အတင်းဂလိထိုးရယ်နိုင်းတဲ့ ဟာသသရုပ်ဆောင် လုပ်နေရတာကြည့်။ အင်း. . . ထမင်း. . . ထမင်း. . . အတင်း ဘဝတွေကို ပြောင်းပစ်တော့တာပါပဲကွာ"

စာပေသမားအချင်းချင်း ဘာသာရပ်တူတော့ သူတို့ကြုံတွေ့နေရသည့်ဘဝပေးသင်ခန်းစာလေးတွေကို ဆွေးနွေးခွင့်ရသည်။

သို့နှင့်ပင် သဘာဝမကျသော လောကကြီးအတွင်း ယုတ္တိမတန်မှုတွေ၊ ဖန်တီးရင်း အသက်မွေးဝမ်းကြောင်းခဲ့ရသည်မှာ ဆယ်စုနှစ်တစ်ခုသို့ပင် တိုင်ခဲ့ပြီ။

သူနှင့် နောင်နောင်တို့မှာ ဗီဒီယို ရုပ်ရှင်လောက တစ်လောကတည်းသားတွေ ဖြစ်သွားသော်လည်း လုပ်ငန်းချင်းမတူကြသဖြင့် အမြဲတမ်းဆုံကြရသည်မဟုတ်။

ထိုဆယ်စုနှစ်အတွင်းမှာ နောင်နောင်နှင့် ပတ်သက်၍ ခင်မင်ခဲ့ရသော အကယ်ဒမီဒါရိုက်တာကြီးလည်း ခေတ်ပေါ်ရောဂါဆန်းနှင့် ကွယ်လွန်သွားခဲ့ရှာပြီ။

ထို ဒါရိုက်တာကြီးမှာ လူပျိုကြီးဖြစ်နေသည့်အတွက် သူ၏ နှစ်ဆယ့်တစ်ရာစုရောဂါအတွက် မျိုးဆက်မကျန်ရစ်နိုင်ကောင်း၍ တော်သေးသည်ဟုဆိုရမည်။ ဒါတောင်မှ သူမွေးစားထားသော လက်တင်တပည့်သားလေးတွေ ဘယ်နှစ်ယောက်များ ရောဂါအမွေပေးခဲ့သည်မသိတန်ရာချေ။

* * *

တစ်နေ့သော ညနေချမ်းမှာ အပြင် Out Door အောက်ဒိုးထွက်ပြီး ကားရိုက်ကြရာမှ မိုးသည်းလာ၍ ရှူတင်ဖျက်ပြီး ရိုက်ကွင်းမှ သူတို့ပြန်ကြသည်။

ရိုက်ကွင်းပျက်၍ အချိန်ပိုလေးရသဖြင့် သူတို့အဖွဲ့ ထိုင်နေကျ သမ္မတရုပ်

ရှင်ရုံရှေ့ 'မြယမုန်' စားသောက်ဆိုင်မှာ စောစောစီးစီး ဝိုင်းဖွဲ့ဖြစ်ကြသည်။

ထိုစဉ် သူငယ်ချင်း လူရွှင်တော်မင်းသား 'ဗေထုပ်' ရေးကြီးသုတ်ပျာနှင့် ရောက်လာခဲ့သည်။

"ဟာ. . . ဖိုးကျော်. . . ငါ နင့်ကို လိုက်ရှာနေတာ၊ ရိုက်ကွင်းကို ဖုန်းဆက်တော့လည်းမရ၊ နင့်ဟဲန်းဖုန်းကိုဆက်တော့လည်း ပြင်ပသို့ရောက်နေပါသဖြင့်ချည်း ဖြစ်နေလို့ စိတ်ပျက်ပြီး ဒီရန်ကုန်မြို့ကြီးနဲ့ အလှမ်းကွာပြီး ဖုန်းဆက်လို့မရတဲ့ သမ္မတရုံရှေ့ မြယမုန်ကို တန်းလာခဲ့တာ"

"ဒီကောင်က စားသောက်မယ်ဆိုရင် သူ့ဟဲန်းဖုန်းကို ပိတ်ပိတ်ထားတာကိုး၊ ဒါ့ကြောင့် ဒီကောင့် ဟဲန်းဖုန်းထဲက ကောင်မလေး မကြာခဏ မုသာဝါဒကံထိုက်နေတာ. . ."

"အသံနဲ့ ငရဲရောက်တယ်ဆိုတာ ဒါမျိုးပေါ့. . ."

ယမကာလေးဝင်နေကြတော့ သူတို့ဝိုင်း အသဝက္ခခရုံတွေ ဖြစ်နေကြ၏။

"ဘာလဲ. . . ဗေထုပ်. . . အရေးကြီးချင်ယောင်ဆောင်ပြီး နောက်မလို့မဟုတ်လား၊ မပြောင်နဲ့ မနောက်နဲ့ကွ။ ဒါရှုတင်မဟုတ်ဘူး။ ယမကာဝိုင်း၊ နင်ပြောင်ပြီ နောက်လို့ ဒီမှာ ပိုက်ဆံမရဘူး"

"ငါ မနောက်ပါဘူးကွာ၊ ခုဟာက ပြောင်စရာ နောက်စရာမှမဟုတ်ပဲ။ ဒါ့ကြောင့် နင့်ကို မတွေ့တွေ့အောင် လိုက်ရှာနေရတာ၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်သလဲ၊ အရေးကြီးတဲ့ စကားဆိုရင် မြန်မြန်ပြောလေ . . ."

ဗေထုပ် ဝိုင်းထဲမှ ယမကာခွက်ကို ကြည့်၍ တံတွေးတစ်ချက်မြိုချရင်း ချဉ်ခြင်းတပ်စွာ စကားကိုဖြတ်ပြောသည်။

"ဒါပေမယ့် ထုံးစံအတိုင်း အရင်တစ်ခွက်ပေး"

"ဒါပဲ. . . ဒါပဲ. . . ဒါနဲ့ပတ်သက်ရင် ဘယ်တော့မှ နောက်ကျခံမယ့်လူစားမဟုတ်ဘူးဆိုတာ သိနေတယ်လေ. . ."

"နောက်ကျတဲ့ပါးစပ် ငတ်ပြီလို့မှတ်တဲ့"

ကမ်းပေးသော ဖန်ခွက်ကိုယူ၍ မော့ချသည်။

"ဂွပ် . . ."

"ဒါ. . . ပုဇွန်တောင် အရက်ခြံကဝိုင်းမဟုတ်ဘူး၊ အနီဝိုင်းခေါ်ရင်ဂျီမော့မမော့နဲ့"

"ဟဲ. . . ဟဲ. . . ဟဲ တောတွေ အီအီးတွေနဲ့ အကျင့်ပါလာလို့ပါကွာ၊ 'ရှောက်သက်' မခွဲကြနဲ့လေ။ မင်းတို့က ခုမှ ကိန်းကြီးခန်းကြီး လုပ်မနေကြနဲ့။ ဘဝမေ့တာလောက် 'ရှောက်မြစ်' ကပ်တာ မရှိဘူး"





ပြောရင်း နောက်တစ်ခွက်ယူသောက်သည်။

"ဂွပ် . . ."

"ဟူး. . . စောစောက မိုးတွေစိုလို့ ချမ်းတိုနေတာ ခုမှ နွေးနွေးရှည်ရှည် ပြန်ဖြစ်သွားတယ်"

"ဟေ့. . . ဗေထုပ်. . . စောစော က အရေးကြီးလို့ ဖိုးကျော်ကို လိုက်ရှာနေတယ်ဆို၊ အရက်မြင်တော့ ဒါပေမယ့်ဆိုပြီး လိုက်ရှာရတဲ့အကြောင်း မဆက်တော့ဘူးလား"

"ဟာ. . . အဲဒါပြောမလို့. . . ဖိုးကျော်သူငယ်ချင်း မိတ်ကပ်နောင်နောင် ဆုံးသွားလို့ကွ. . ."

"ဟေ. . ."

"ဟာ. . ."

တစ်ဝိုင်းလုံး အံ့အားသင့်ကုန်သည်။

သူ့နှုတ်မှ အာမေဋိတ်သံပင် ထွက်သွားရသည်။ သူ ပခုံးတစ်ဖက်မှာ အမြဲတမ်းလွယ်ထားသော လွယ်အိတ်ကို စလွယ်သိုင်းပြင်လွယ်ကာ မိုးရေထဲ ထထွက်ရန် လှုပ်ရှားမိသည်အထိ ဖြစ်သွားရသည်။

"ဟေ့. . . ဖိုးကျော်၊ မင်းက ချက်ခြင်းကြီး ဘယ်ကိုထွက်သွားဦးမလို့လဲ"

"နောင်နောင်သေတဲ့ဆီ. . ."

"နေဦးလေ၊ နောင်နောင်က ဆေးရုံကြီးမှာသေတာလား၊ ဘယ်အထူးကုဆေးခန်းမှာသေတာလဲ၊ အိမ်မှာသေတာ[illegible]ဟား၊ ဘာမှမသိရသေးဘဲ မင်းက ဘယ်ကိုသွားမှာလဲ"

တစ်ယောက်က လှမ်းပြောမှ သူ သတိရပြီး ပြန်ထိုင်မိသည်။

"ဟေ့ကောင် ဗေထုပ်၊ ဒီကိစ္စ နောက်ပြောင်ရမယ့်ကိစ္စ မဟုတ်ဘူးနော်၊ ဖိုးကျော်နဲ့ နောင်နောင် ဘယ်လောက်ခင်ကြတယ်ဆိုတာ မင်းအသိပဲ. . ."

**လှကျော်နေ** က ဝင်ဟန့်သော်လည်း ဗေထုပ် မှုပျက်မသွား။

သည်တော့မှ ဗေထုပ်သည် သရုပ်ဆောင်ရာတွင် အပြောင်အပြက်လုပ်သည် မဟုတ်ဘဲ အပြင်မှာလည်း ခပ်တည်တည် နောက်ပြောင်လေ့ရှိသည်ကို သူ အမှတ်ရလိုက်သည်။ ယင်းကြောင့် နောက်ပြောင်တာပဲဖြစ်ပါစေလို့ သူ ဆုတောင်းမိ၏။

သို့သော် ဗေထုပ်ထံမှ ထပ်မံ၍ ကြားရသောစကားက သူ့အဖို့ ဆုတောင်းမပြည့်နိုင်တော့ကြောင်း သူလက်ခံရတော့သည်။

"တကယ်ဆုံးလို့ ဆုံးတယ်ပြောတာပေါ့ကွ။ ငါ့ဘဝ တကယ်ကံဆိုးပါလားကွာ၊ အမယ်လေး အမေရေ. . . အမေ့သား လူရွှင်တော်လုပ်စားကာမှ တကယ်အတည်ပြောတာကို ရယ်စရာ နောက်ပြောင်ပြောတယ်လို့ ထင်ကြတယ်ဗျာ။



"အမေ့သား အချောအလှလေး ကံဆိုးပါတယ်ဗျာ၊ အဟီး. . . ဟီး. . . ဟီး. . . ပေးစမ်းတစ်ခွက်. . . ဝမ်းနည်းလွန်းလို့"

ဗေထုပ်လုပ်ပုံက သူ့အဖို့ မယုံရဲရဲ ယုံရဲရဲ ဖြစ်နေရတော့သည်။

နောက်ဆုံးတော့ နောင်နောင် တကယ်ပင်ဆုံးကြောင်း သူ၏အလောင်းကိုပင် သူဆေးတက်ကုရာ အထူးကုဆေးရုံမှ ရေဝေးအအေးတိုက်သို့ ချက်ခြင်းပို့လိုက်ပြီဖြစ်ကြောင်း သိရှိလိုက်ရတော့သည်။

"မင်းတို့ ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ ငါနဲ့ ကားရိုက်နေတဲ့ အကယ်ဒမီမင်းသားက နောင်နောင်နဲ့ ကနားပေးဘက်လေကွာ၊ ခု. . . သူ့ရောဂါအရ ချက်ခြင်းသေ ချက်ခြင်းသင်္ဂြိုဟ်ပဲ။ ညနေလေးနာရီမှာ သင်္ဂြိုဟ်မယ်လို့ မင်းသားဆီက ငါသိရလို့ ဖိုးကျော်ကို မတွေ့တွေ့အောင် လိုက်ရှာရတာ၊ ဖိုးကျော်နဲ့ နောင်နောင်က ငယ်ပေါင်းလင်မယားတွေလို မဟုတ်လားကွ"

"ဟာ. . . ဒါဆို ဖိုးကျော်ကိုလည်း နောင်နောင့်ဆီက ရောဂါပိုး ကူးမကူး ဆေးစစ်ရလိမ့်မယ်၊ ဖိုးကျော် ကိုယ့်ခွက်နဲ့ ကိုယ်သောက်၊ ငါတို့ခွက် မကိုင်နဲ့"

"ဒီလိုခွက်ကိုင်ရုံနဲ့ အဲဒီရောဂါ ကူးစက်တယ်ဆိုရင် သူမိတ်ကပ်ပြင် အလှဆင်ပေးရတဲ့လူတွေ သူ့လက်နဲ့ထိလို့ ရော





ဂါပိုးတွေ ကူးစက်ခံရပြီပေါ့နော်၊ အို. . . ဘုရားသခင် ကာကွယ်စောင့်ရှောက်တော်မူပါ"

သူတို့ ယမကာရှိန်နှင့် လျှောက်ပြောနေကြသည်ကို သူ သွားလေသူ နောင်နောင့်အတွက် မခံချင်စိတ်တွေပင် ဝင်သွားရသည်။

"မင်းတို့ကွာ စိတ်မကောင်းစရာကြားမှာ တောင်ပြောမြောက်ပြောတွေ ထင်ကြေးနဲ့ ပြောမနေကြစမ်းပါနဲ့။ ခု မီးသင်္ဂြိုဟ်တာမှီအောင် ရေဝေးသုသာန်ကို သွားကြမယ်။ လိုက်ချင်တဲ့လူ လိုက်ခဲ့ကွာ။ ငါကတော့ မသွားမဖြစ် သွားရမယ်။ နောင်နောင်ဟာ ငါ့ငယ်သူငယ်ချင်းဖြစ်သလို၊ ငါ့ရဲ့ ကျေးဇူးရှင်လည်း ဖြစ်တယ်ကွာ"

သည်တော့မှ ဗေထုပ်နှင့် လှကျော်နေတို့ပါ ရစ်မနေကြတော့ဘဲ သူနှင့်အတူ ယမကာဝိုင်းဖျက်ပြီး ရေဝေးသုသာန်သို့ ထ၍ လိုက်ခဲ့ကြတော့သည်။

* * *

သူတို့ကားကလေး ရေဝေးသုသာန်သို့ ရောက်သွားတော့ အချိန်မမှီတမှီလေး ဖြစ်သည်။

နောင်နောင့် ရုပ်ခန္ဓာကို မီးသင်္ဂြိုဟ်စက်ထဲထည့်၍ မီးဖိုတံခါးပိတ်လိုက်ချိန်ဖြစ်ကာ အလောင်းကို ကြည့်ခွင့်ပင် မရလိုက်ချေ။

မီးသင်္ဂြိုဟ်စက် မီးခိုးခေါင်းတိုင်မှ ငွေ့ငွေ့ထွက်လာသော မီးခိုးငွေ့ကိုသာ သံဝေဂယူ၍ တမြေ့မြေ့လွမ်းရုံသာ ရှိတော့သည်။

ထိုစဉ် တစ်စုံတစ်ယောက်က သူ့လက်ထဲသို့ ယပ်တောင်လေးတစ်ချပ် လာ၍ ထိုးပေးသည်ကို သတိရလိုက်သည်။

"ချက်ခြင်းပဲ စီစဉ်လိုက်ရတော့ အပေါင်းအသင်း မိတ်ဆွေတွေကို အကြောင်းမကြားလိုက်နိုင်ဘူး"

ယပ်တောင်ကလေးပေး၍ ပြောနေသူမှာ နောင်နောင်၏ ညီမလေးယောကျ်ားဖြစ်နေသည်ကို တွေ့ရသည်။

ယပ်တောင်ကလေးကို မှိုင်းမှုံ့သော အကြည့်ဖြင့် ယူကြည့်မိပြန်သည်။

"ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ"

"ကန္တားစီး"

"မိတ်ကပ်နောင်နောင်"

"ကျွန်တော့်ယောက်ဖအတွက် တစ်ခုဝမ်းနည်းတာက သူကသာ တခြားလူတွေကို ရဟန်းခံ သင်္ကန်းစည်းပေးခဲ့ပေမယ့်၊ သူကိုယ်တိုင် သင်္ကန်းစည်းမသွားနိုင်တာပဲ"

ထိုစကားကိုကြားတော့ သူနှင့်အတူရှိနေသော ဗေထုပ်ဆီမှ အလျင်စလိုစကားစုတစ်ခု ဘရိတ်ပေါက်သလို ခုန်ထွက်သွားသည်။

"သူ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းစည်းလို့ ဘယ်ဖြစ်မလဲ. . . ဘုန်းကြီးကျောင်းမှာက . . ."

"ဟော့. . . ဗေထုပ်၊ ဘာဝမ်းနည်းစရာတွေပြောဦးမလို့လဲ၊ အားလုံး ပူဆွေးသောကရောက်နေကြတာကွ. . . လာ မြန်ကြမယ်"

လှကျော်နေ အချိန်မီတားဆီးလိုက်၍သာ ဗေထုပ်စကား ဘရိတ်ဆက်၍ မပေါက်မိဘဲ ဖြစ်သွားသည်။

ဒါတောင်မှ ပြောစရာစကားရှိလျှင် အကြွေးမထားတတ်သော ဗေထုပ်ကား ပေါ်ပြန်ရောက်၍ သူတို့အချင်းချင်းပဲရှိစဉ် မပြောဖြစ်လိုက်သောစကားကို ပြန်ဆက်သည်။

"နောင်နောင်က ယောက်ျားဖြစ်ပေမယ့် မိန်းမစိတ်ပေါက်နေတော့ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းစည်းလို့ ဘယ်ဖြစ်မလဲ၊ ဘုန်းကြီးကျောင်းမှာက ယောက်ျားတွေချည်း သင်္ကန်းစည်းနေကြတာ. . ."

"မဆိုင်တာကွာ. . . မင်းဟာလေ ဗေထုပ်ဆိုတဲ့အတိုင်း အလကား ခေါင်းအရှုပ်ခံပြီး စဉ်းစားတယ်။ ဒီလမ်းက မင်းအိမ်နဲ့နီးတယ်၊ မင်းရပ်ကွက်ပဲ၊ မင်း ငါတို့ကိုတိုက်. . ."

"အေး. . . ငါလည်း မြယမုန်မှာ ာ်တင့်နဲ့ ထလိုက်လာရတာ၊ ငါ့အိမ်မှာ ငါးရှဉ့်ဟင်းရှိတယ်. . . အိမ်မှာလိုက်သောက်ကြ"

"အိုး. . . ဒီအစီအစဉ်ဟာ ဒီနေ့အဖို့ အကောင်းဆုံးအစီအစဉ်ပဲ၊ ဖိုးကျော်ဗေထုပ်အိမ်ကိုပဲမောင်းကွာ၊ ဗေထုပ်မိန်းမက သဘောကောင်းတယ်ကွ။ သူ့ယောက်ျားအိမ်မှာသောက်ရင် သဘောပိုကျတယ်"

သူ ဗေထုပ်အိမ်သို့ ကားကိုမောင်းလိုက်ရသည်။

စိတ်ထဲမှာကား နောင်နောင်နှင့် ပတ်သက်၍ ဗေထုပ် အမှတ်မထင်ပြောလိုက်သော စကားကထွက်မသွား။

"မိန်းမစိတ်ပေါက်တဲ့လူ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းစည်းလို့ ဘယ်ဖြစ်မလဲ"

ဒီစကားလုံးတွေက အမှတ်မထင် ဆိုပေမယ့် နောင်နောင်တို့လို လူမျိုးတွေအတွက် အလေးအနက်ထား တွေးရမည့် စကားတွေဖြစ်နေသည်။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊
မနုဿတ္တဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊
ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော. . ."

"လောက၌ ဘုရားသာသနာ၌လည်း ကြုံရခဲ၏၊ လူအဖြစ်ကိုလည်း ရခဲ၏၊ သဒ္ဓါစိတ် ယိုဖိတ်မှန်ကန်မြဲမြံခဲ၏၊ လယ်ယာမြေကောင်း၌လည်း မျိုးစေ့မှန်စွာ ကြဲရခဲ၏။ တရားမေ့ အစစ်အမှန်ကိုလည်း ကြားနာရခဲ၏. . ."

"ထိုအရာအားလုံးတို့သည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းပနေသည့်အခါ အခိုက်တွင်သာ ရရှိထိုက်သော အခွင့်အလမ်းပေတည်း. . ."

ရခဲအပ်သော ဒုလ္လဘတရားကို ကားမောင်းရင်း သူဆင်ခြင်မိသည်။

ခု. . . သူ့သူငယ်ချင်းနောင်နောင်သည် လူအဖြစ်ကိုလည်းရပါ၏၊ ကိုရင်၊ ရဟန်း၊ ပဉ္စင်းအဖြစ် စည်းနိုင်ရန် ယောက်ျားစင်စစ် ကေန်ဖြစ်ခဲ့ပါ၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌လည်း ကြုံခဲ့ပါ၏။

သို့သော်. . . ဗုဒ္ဓဘာသာ၊ ယောကျ်ားတို့၏ အမြတ်ဆုံးအခွင့်အရေးဖြစ်သော သင်္ကန်းစည်းနိုင်ခွင့် အခွင့်အရေးကိုရအောင် မယူနိုင်ရှာသွားသည်မှာ အတိတ်က ဝိပါကဝဋ်ကြွေးများ ပါလာခဲ့သည်လား။ သူသည် သူတစ်ပါးကိုသာ သင်္ကန်းစည်းပေးပြီး ရဟန်းဒကာပြုခဲ့သည်။

"ဟော့. . . ဟော့. . . ဖိုးကျော် ဘာတွေ စဉ်းစားလာတာလဲ၊ ဗေထုပ်အိမ်ရှေ့ရောက်ပြီလေကွာ. . . ဘရိတ်. . . ဘရိတ်"

လှကျော်နေ သတိပေးလိုက်မှ ကားကို ရပ်လိုက်ရသည်။ ဒါတောင်မှ ဗေထုပ်တို့ခြံကို အနည်းငယ်လွန်လာသောကြောင့် နောက်ပြန်ဆုတ်ပြီး ကားရပ်လိုက်ရသည်။

ဗေထုပ်၏မိန်းမ မသေးမျှင် ကား သူ့လင်တော်မောင် ရုပ်ချောအော့ကြောလန်နှင့် အပေါင်းအသင်းများကိုမြင်တော့ ပျှုံ့ပျှုံ့ငှာ ကြိုဆိုရှာသည်။

"ဘာလဲ. . . ကိုဗေ. . . ရှင် မူးလာလို့ လိုက်ပို့ရပြန်ပြီလား"

"ဟာ. . . ဘယ်ကမူးလာရမှာလဲ၊ နောင်နောင့်အသုဘပို့ပြီး ပြန်လာတာ။ စိတ်ညစ်လို့ ခံစားပြီး၊ ခုမှ တို့သူငယ်ချင်းတွေ နောင်နောင့်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ သောက်ကြမလို့ကွ"

"ရှင်တို့မှာလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ စိတ်ညစ်ပြီးသောက်ရတာနဲ့၊ ဝမ်းသာလို့ဆိုပြီး စိတ်ပျော်ပြီး သောက်ရတာနဲ့။ အိမ်မှာသောက်ရင် အရင်တစ်ခါကလို မဆူကြနဲ့နော်။ ရှင်တို့ပြန်ရင် ကျွန်မတို့ပဲ နာမည်ပျက်ပြီး ကျန်ရစ်ခဲ့တာ"

"အေးပါဟာ. . . ငါတို့ မဆူပါဘူး စိတ်ချပါ။ ဗေထုပ်က ဆိုင်မှာသောက်ရင် ငွေကုန်မှာစိုးလို့ တို့က ထိန်းပြီးခေါ်လာရတာ၊ ဒီတစ်ခါ ဝမ်းနည်းတဲ့အထိမ်းအမှတ် ပါးစပ်ပိတ်ပြီး သောက်မှာပါ"

"ဟော့ကောင်. . . လှကျော်နေ၊ ပါးစပ်ပိတ်ပြီး ဘယ်လိုသောက်မှာလဲ။ မင်းဟာက မျက်လုံးပိတ်ပြီး အိပ်ကြည့်ဝမ်းပါလို့ ကြောင်တောင်တောင်မလုပ်နဲ့. . .

ကဲ. . . မိန်းမ ဖန်ခွက်တွေချ၊ ပုလင်းထုတ်၊ ပြီးတော့ မနက်ကချက်ထားတဲ့ ငါးရှဥ့်ဟင်းချ. . ."

"ငါးရှဥ့်တော့မရှိဘူး. . . ကြွက်ပဲရှိတယ်"

"ဟာ. . . ကြွက်ဆိုတော့ ကောင်းတာပေါ့၊ ခုလိုအချိန်မှာ လယ်ကြွက်ရှားတယ်၊ ဘယ်ကရတာလဲ. . ."

"မဟုတ်ပါဘူးကွာ၊ ငါ့မိန်းမက ငေါ့ပြောတာဟော့၊ မိုးတွင်းကြီး လယ်ကြွက်ဘယ်ကရမှာလဲ၊ ငါ့စာအုပ်တွေ လာလာကိုက်ပြီး ဖျက်ဆီးတဲ့အိမ်ကြွက်တွေကို ငါကြွက်ထောင်ချောက်နဲ့ ထောင်ဖမ်းထားလို့ မိနေတာကို၊ မင်းတို့ကို မြည်းခိုင်းမလို့ ပြောတာ။ မိန်းမ အဲဒီလိုတော့ မလုပ်နဲ့ကွာ။ မြန်မြန်ကြော်လိုက်. . . မူးမှ ဒီကောင်တွေကို ချကြွေး. . . သိလား"

ဗေထုပ်တို့လင်မယား ထုံးစံအတိုင်း ပါးစပ်လေ့ကျင့်ခန်းဆင်းပြီး စေတနာအပြည့်နှင့် ဧည့်ခံကြသည်။

အဲရက်ကလေး ခပ်ထွေထွေနှင့် ဗေထုပ်က သူ့ထုံးစံအတိုင်း ဗွေဖောက်သည်။

"နောင်နောင်နဲ့ပတ်သက်ပြီး ဒီအထဲမှာ ဖိုးကျော်ကို နောင်နောင်က အခင်ဆုံး သူငယ်ချင်းဆိုတော့. . . နောင်နောင့် ဝိညာဉ် ဖိုးကျော်နဲ့အတူတူ ကပ်ပါလာသလားမသိဘူး၊ ငါ့မျက်လုံးထဲမှာ ဖိုးကျော်







မျက်နှာဟာ နောင်နောင့်မျက်နှာကြီး ဖြစ်နေတယ်ကွ"

ဗေထုပ်၏ ထိုသို့အပြောမျိုးကို သူကအကြောင်းသိမို့ မဖြုံသော်လည်း လှကျော်နေကပါ သူ့မျက်နှာကို လှမ်းကြည့်ပြီး. . .

"အဲ. . . ဟုတ်ပ့ါ. . . ဟုတ်ပ့ါ၊ ငါလည်း အဲဒါပြောမလို့၊ ရေဝေးကထွက်လာကတည်းက ဖိုးကျော်မျက်နှာအစား နောင်နောင့်မျက်နှာကြီး မြင်မြင်နေရတယ်"

"နောင်နောင့်မျက်နှာ မြင်ရမှာပေါ့၊ နောင်နောင်နဲ့ ဖိုးကျော်က လင်မယားလို ချစ်ကြတဲ့ သူငယ်ချင်းတွေလေ"

"ဟော့ကောင်. . . ဗေထုပ်နဲ့ အစုတ်ပလုပ် လှကျော်နေ၊ မင်းတို့ ငါ့ကိုကြောက်မယ်ထင်ပြီး နောက်သလိုနဲ့ ခြောက်နေကြတာလား"

"ဟာ. . . နောက်လည်းမနောက်ဘူး၊ ခြောက်လည်းမခြောက်ဘူး။ မင်းမျက်နှာကြီးကိုက ဖိုးကျော်မဟုတ်တော့ဘူး။ နောင်နောင့်မျက်နှာကြီး။ ဟော့. . . မိန်းမ မသေးမျှင်ရယ် လာပါဦး။ ဖိုးကျော်မျက်နှာကြီးက နောင်နောင်မျက်နှာကြီးအဖြစ် ပြောင်းမနေဘူးလား။ မင်းက တို့အထဲမှာ ကြားလူ အမှန်ကိုပြောနော်"

ဗေထုပ်နှင့် မသေးမျှင်တို့ လင်မယားနှစ်ယောက်ကလည်း တော်တော်အတိုင်အဖောက်ညီကြပုံရသည်။ မသေးမျှင် အိမ်ထဲမထွက်လာပြီး အခန်းဝမှနေ၍ သူ့မျက်နှာကိုကြည့်ကာ . . .

"ဟာ. . . ဟုတ်ပါ့. . . ကိုဖိုးကျော်မျက်နှာက နောင်နောင့်မျက်နှာကြီး"

ပါးစပ်မှလည်း ပြောရင်း ထိတ်လန့်ကြောက်ရွံ့သွားဟန်ဖြင့် မကြည့်ရဲသလို အိမ်ခန်းထဲ အမြန်ပြန်ဝင်သွားသည်။

"နောင်နောင်ရေ. . . ငါတို့ကိုချစ်ရင် ဒီလိုမကြည်စားပါနဲ့ကွာ၊ ငါတို့ကြောက်လွန်းလို့ပါ။ အိမ်မှာလည်းမနေခဲ့နဲ့။ ကြောက်လန့်ပြီး ငါ့ကလေးတွေ ဖျားနာကုန်ပါဦးမယ်။ ဖိုးကျော်ပြန်ရင် မင်းအချစ်ဆုံး ဖိုးကျော်နဲ့သာ လိုက်သွားပေတော့"

သူတို့ အတည်ပေါက်နှင့်လုပ်နေတော့ သူပင်လျှင် သူ့ကိုယ်သူ သံသယတွေ ဝင်လာခဲ့သည်။ ဒါပေမယ့် သူကအရက်ရှိန်နှင့် ဟန်လုပ်ရသည်။

"ဟော့. . . ဗေထုပ်၊ အစုတ်ပလုပ်ကောင်. . . ငါ့ကိုကြောက်တတ်တယ်ထင်ပြီး မင်းတို့ဝိုင်းပြီး ခြောက်နေကြတာလား၊ ဘယ်ရမလဲ. . . ငါမကြောက်တတ်ဘူးကွ၊ အဲဒီအတွက် ပေးစမ်း နောက်တစ်ခွက်. . ."

"ဟာ. . . နောင်နောင် တော်ပြီ၊ အဲ ဖိုးကျော် တော်ပြီ။ မင်းက ကားမောင်းရမှာလေကွာ။ မောင်းရင်မကြောက်နဲ့၊ အဲ

အဲ. . . မှားပြန်ပြီ။ မောင်းရင်မမူးနဲ့လေကွာ. . . တို့အသက်တွေက မင်းလက်ထဲမှာ"

လှကျော်နေစကားကြောင့် သူဆက်မသောက်ဖြစ်တော့။

ထိုနေ့က သူပင် အားလုံးကို အိမ်တိုင်ရာရောက် ကားရှိသူ သူငယ်ချင်းတို့ ထုံးစံအတိုင်း မသဒ္ဓါရေစာ မောင်း၍ ပို့ခဲ့ရသည်။

* * *

ငိုနေ့က အိမ်ပြန်ရောက်၍ အိပ်ရာဝင်စဉ်. . . ဗေထုပ်တို့ စကားကိုစွဲပြီး နောင်နောင်သည် သူ့အိပ်မက်ပွေ့ထဲကို ရောက်လာသည်။

"သူငယ်ချင်း. . . မင်းနဲ့ငါ အချစ်ဆုံးမို့ ငါ အခုနေစရာမရှိလို့ မင်းနဲ့ လာနေပါရစေကွာ. . ."

နောင်နောင် သူ့ကို အသနားခံမျက်နှာကလေးနှင့် ပြောရှာသည်။ နောင်နောင့်ကို သူခင်မင်ပေမယ့် နောင်နောင်သေသွားပြီဟူသောအသိနှင့် ထိတ်လန့်ခြောက်ခြားနေသည်။

"အို. . . ဘာလို့ငါနဲ့နေရမှာလဲ. . . မင်းက သေပြီ၊ မင်းနဲ့ငါ ဘဝခြားနေပြီ။ မင်းဘာသာမင်း ရေဝေးမှာပဲနေ. . . ငါ့ကို လာမရှုပ်နဲ့"

သူ အိပ်မက်ထဲမှာ ယောင်ယမ်း၍ အော်ဟစ်လိုက်မိသည်။ အိပ်ရာကလည်း လန့်နိုးလာခဲ့သည်။

ညက သူ့သူငယ်ချင်းတွေကို ကားနှင့် လိုက်ပို့ပေးခဲ့ရသဖြင့် သူညဥ့်နက်မှ အိမ်ပြန်ရောက်ပြီး အိပ်ရာဝင်နောက်ကျခဲ့ရသည်။

အိပ်ရာထဲဝင်တော့ မျက်လုံးတွေကြောင်နေသဖြင့် ဗီဒိုထဲမှာ လိုရမယ်ရ သိမ်းထားသော အရက်ပုလင်းကိုယူ၍ အိပ်ဆေးအဖြစ် နှစ်ပက်ခန့်သောက်ပြီး သူ အိပ်လိုက်ရသည်။

ဒါတောင်မှ ဗေထုပ်၏စကားတွေ သူ့နားထဲမှာ ပြန်ကြားနေရပြန်သည်။

'နောင်နောင့်ဝိညာဉ် ဖိုးကျော်နဲ့ ကပ်ပါလာသလားမသိဘူး။ ငါ့မျက်လုံးထဲမှာ ဖိုးကျော်မျက်နှာဟာ နောင်နောင်မျက်နှာကြီး ဖြစ်နေတယ်ကွ. . ."

ပြီးတော့ လှကျော်နေ၏အသံ. . .

"အဲ. . . ဟုတ်ပ၊ ငါလည်း အဲဒါပြောမလို့၊ ရေဝေးက ထွက်လာကတည်းက ဖိုးကျော်မျက်နှာအစား နောင်နောင့်မျက်နှာကြီး မြင်မြင်နေရတယ်"

အဲဒီ. . . အသံတွေကြားက. . .

ဗေထုပ်မိန်းမ မသေးမျှင် အိမ်ထဲမှ ထွက်လာပြီး အခန်းဝမှနေ၍ သူ့မျက်နှာကြီးကြည့်ကာ

"ဟာ. . . ဟုတ်ပါရဲ့၊ ကိုဖိုးကျော်မျက်နှာက နောင်နောင့်မျက်နှာကြီး" ဟု ပြောရင်း ကြောက်လန့်သွားဟန်ဖြင့် မကြည့်







ရဲသလို အိမ်ခန်းထဲ အပြန်ပြန်ဝင်ပြေးသွားသည့် မြင်ကွင်းတွေ . . .

ဒါတွေကို နားထဲမှာကြား၊ မျက်လုံးထဲမှာမြင်ပြီး အိပ်ရာထဲရောက်ခဲ့လို့ သူ နောင်နောင့်ကို သတိရ စိတ်စွဲပြီး ထိုသို့သော အိပ်မက်တွေကို မက်ခဲ့လေသည်လားဟူသော သံသယစိတ်ဖြင့် လန့်နိုးလိုက်၊ အိပ်ပျော်သွားလိုက် ဖြစ်နေခဲ့ခြင်းကြောင့် မနက်နေမြင့်မှ အိပ်ရာက လန့်နိုးလာခဲ့သည်။

ဒါတောင်မှ ရိုးရိုးနိုးလာခြင်းမဟုတ်၊ ရိုက်ကွင်းမှ ရှုတင်ကား လာခေါ်သည်ဟု သူ့အိမ်သားတစ်ယောက် အခန်းအပြင်မှ တံခါးခေါက်နှိုး၍ သူနိုးလာခြင်းဖြစ်၏။

သူ နိုးနိုးချင်း စားပွဲတင်နာရီကိုကြည့်လိုက်တော့ မနက်ကိုးနာရီသုံးဆယ်မိနစ်၊ ထိုမှ . . .

သူ မျက်နှာတစ်ချက်ပျက်သွားသည်။

သူ့နှာခေါင်းထဲကို အပုပ်နံ့တစ်ခု ဝင်ရောက်လာသောကြောင့်ဖြစ်၏။

အို. . . တကယ်အပုပ်နံ့ပါပဲ. . .

နာရီကိုကြည့်နေရာက နာရီဒိုင်ခွက်ကို မမြင်ရတော့ဘဲ သေသွားသည့် နောင်နောင်မျက်နှာကြီးကို လှမ်းမြင်နေရပြန်သည်။

အပုပ်နံ့က နောင်နောင်မျက်နှာကြီးဆီသို့ သူ့အား ဆွဲခေါ်သွားပြန်သည်။

နာရီဒိုင်ခွက်သည် နောင်နောင်၏

ကိုယ်လုံးနှင့် မဆန့်၍လားမသိ။

နောင်နောင့်ခေါင်းကြီးပဲ ပေါ်နေသည်။

ဟုတ်ပါသည်။ နောင်နောင့်ခေါင်းကြီးပါပဲ။

ခေါင်းကြီးမှ ခေါင်းပြတ်ကြီး။

ဟာ. . . ခေါင်းပြတ်ကြီးရဲ့ ပါးစပ်ကြီးကလည်း လှုပ်လို့ပါလား။

"သူငယ်ချင်း. . . မင်းနဲ့ငါ အချစ်ဆုံးမို့. . . ငါအခု နေစရာမရှိလို့ မင်းနဲ့ငါ လိုက်နေပါရစေကွာ. . ."

သူ အခန်းထဲမှာ ဆက်နေ၍မဖြစ်တော့။

မျက်နှာကိုပင် မသစ်နိုင်တော့။ အခန်းထဲမှ မြန်မြန်ထွက်မှဖြစ်မည်။

နောင်နောင်. . . မင်း. . . မင်း. . . အခန်းထဲမှာနေခဲ့။ နေခဲ့စမ်းကွာ။ နေခဲ့စမ်း။

သူ ထိုအခန်းနှင့်ဝေးရာသို့ ပြေးမှ ဖြစ်တော့မည်။

အပုပ်နံ့ဆိုတာ လူသေကောင်တွေ ဆီကရတတ်တာမျိုး။

အလှအပ၊ အမွှေးနံ့သာတွေ လူတွေကို ခြယ်မှုံးဆင်သတတ်သော နောင်နောင်၊ သူ့ရဲ့ အသုဘမသာရုပ်အလောင်းကို အခုတော့. . . အမွှေးနံ့သာတွေ မခြယ်မှုံး၊ မဆင်သသွားနိုင်တော့ပါပဲလား။

အပုပ်နံ့တွေနဲ့ နောင်နောင်၊ ပုပ်နေတဲ့ နောင်နောင်။

မင်းအခန်းထဲမှာပဲနေခဲ့၊ နေခဲ့ပါတော့။

သူ ဇာတ်ညွှန်းဖိုင်ထည့်ထားသည့် လွယ်နေကျလွယ်အိတ်ကြီးကို အလျင်အမြန်ကောက်လွယ်ပြီး အိပ်ခန်းတံခါးဖွင့်၍ ထွက်လိုက်သည်။

အခန်းအပြင်သို့ရောက်သည့်တိုင် နောင်နောင့်အပုပ်နံ့က ပြယ်မသွား။

သူ့နောက်ကို လိုက်လာနေဆဲ ရှိသေးသည်။

သူ စိတ်ကိုတင်းသည်။

ထိုစဉ် ကုမ္ပဏီမှ ရှူတင်မန်နေဂျာက မျက်နှာလိုမျက်နှာရ သူ့ဆီလျှောက်လာပြီး ကြိုပြန်သည်။

"အာစရိ. . . ညက မျှားသွားလို့ အိပ်ရာထ နောက်ကျ. . . အဲ. . . အဲ. . . အာစရိကိုယ်က ပုပ်စော်နံပါလား. . ."

"ဟင်. . . ပုပ်စော်ဟုတ်လား. . . မင်း. . . မင်းလည်း နောင်နောင့်အနံ့ကို ရပြန်ပြီလား။ နောင်နောင့်ရဲ့ မသာအပုပ်နံ့ ငါ့နောက်ကို ဒီအထိ လိုက်လာပြီပေါ့လေ. . ."

သူရပ်ပြီး ရုတ်တရက် နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ပြီး ရှူလိုက်မိသည်။

အိုး. . . သေချာပါပြီ။ ခုမှ အပုပ်နံ့တွေ ပို၍စူးပြီးဝင်လာသည်။





ဒါ. . . ဒါဆို. . .

"နောင်. . . နောင်. . . မင်း မင်း. . . ငါ့နောက်ကို လိုက်မလာနဲ့လေ။ အခန်းထဲမှာနေခဲ့. . . လိုက်မလာနဲ့. . . လိုက်မလာနဲ့. . . လိုက်မလာနဲ့"

သူ အပုပ်နံ့ကြောင့် သွေးပြယ်လုခမန်း ဟစ်အော်ပြီး လဲကျသွားတော့သည်။

* * *

နောက်တစ်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားသော သူ့အလောင်းကို သူ့သူငယ်ချင်းတွေ စိတ်ထိခိုက်စွာနှင့် ရေဝေးသုသာန်သို့ ပို့ဆောင်ကြရပြန်သည်။

ထိုအထဲမှာ စိတ်အထိခိုက်ဆုံး၊ အကြေကွဲဆုံး ခံစားရတာက သူ့သူငယ်ချင်း လူရွှင်တော် ဗေထုပ်ဖြစ်သည်။

လူရွှင်တော်ဗေထုပ် ရယ်စရာ မောစရာ အပြောင်အပြက်တွေ မပြောနိုင်တော့ပါ။

လှကျော်နေတို့လို တခြားသူငယ်ချင်းတွေ မျက်ရည်ကျတာထက် သူကပိုကျရသည်။ နှုတ်တွေလေးပြီး အား[illegible]သည့် ခံရသလို ဖြစ်နေခဲ့ပြီ။


"ငါ. . . အနောက်လွန်သွားတယ် သူငယ်ချင်းရယ်. . . မင်းအမြဲတမ်းလွယ်တဲ့ လွယ်အိတ်ထဲကို နောင်နောင် အသုဘချတဲ့နေ့က ငါ့အိမ်မှာ အရက်သောက်ကြရင်း ကြွက်ထောင်ချောက်ထဲမှာ မိပြီးသေနေတဲ့ ကြွက်သေကို ငါ တိတ်တိတ်ကလေး မင်းမသိအောင် ထည့်လိုက်မိတာကို ငါ နောင်တရလို့မဆုံးပါဘူးကွာ။ ငါ့ကိုယ်ငါလည်း ခွင့်မလွှတ်နိုင်တော့ပါဘူး"

သည်စကားတွေကို ဗေထုပ် ဘယ်လိုများ ဖွင့်အံ၍ ပြောနိုင်စွမ်းတော့ပါမည်နည်း။ ▪

မကျော်မင်းနိုင်

* * *





# ဟဂျာလေသားပါ ရှုးတရှုး

နှစ်ဆယ်ရာစုစောစောပိုင်းက မွေးဖွားခဲ့သော ကျွန်တော်သည် ယခုကဲ့သို့ ယခုကဲ့သို့ နှစ်ဆယ့်တစ်ရာစုသို့ ရောက်သောအခါ ဇရာ၏ အထုအထောင်းကို များစွာခံခဲ့ရသည့်



ဂိုင်အောင် မြေ [illegible] မှတော့ ကွေးလားရန်းလားလုပ်နိုင်ဆဲဖြစ်သည်။

ယင်းသည် စိတ်ကျန်းမာခြင်းအတွက်များစွာ အ[illegible] အကူဖြစ်စေသည်ဟု ယုံကြည်သောကြောင့်လည်း ဖြစ်ပါသည်။ မြေးများကလည်း သူတို့ဘိုးအေ ကျွန်တော့်ကို အပေါင်းအသင်းဟောင်းလို (မရှိမသေမဟုတ်သော်လည်း) ရင်းနှီးပွင့်လင်း[illegible] ဆက်ဆံပြောဆိုတတ်ကြသည်။

ဤသို့ဖြင့်. . .

အခါပေါင်းများစွာ 'တို့ခေတ်တုန်းက'အစချီစကားဖြင့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို ပြောဖြစ်ခဲ့သည်။

ဆန်၊ ဆီ၊ ဆား၊ မုန့်ပဲ သွားရည်စာမှအစ အဝတ်အထည်အလယ် ဦးထုပ်ဖိနပ်အဆုံး ဈေးနှုန်းနှင့် အဓိပ္ပာယ်ရှိရှိ အသုံး တည့်ပုံ တမျှော်တခေါ်ကြီး ကျွန်တော်က ပြောဖြစ်သည်။

အယူအဆရေးရာ သဘောထားများသာမက လူတစ်လုံး သူတစ်လုံးဖြစ်ရေးကို ဦးတည်သော စကားများလည်း ပြောဖြစ်သည်။

ထို့ပြင်

ပြောင်းလဲလာသော ရာသီဥတုမှအစ စက်မှုထွန်းကားခြင်းမှ ရေခဲများအရည်ပျော်၍ ကမ်းစပ်နိုင်ငံများရေလွှမ်းမိုးခံရသည့်အဖြစ်ကိုလည်း မချန်ထားနိုင်ခဲ့ဘဲ ပြောဖြစ်ခဲ့သည်။

ပြောသူက ကျွန်တော် နားထောင်သူက မြေးများ၊ ပြောသူက ပြောနိုင်သလို၊ နားထောင်သူများကလည်း နားထောင်နိုင်ပါပေသည်။

ကြာတော့ အသက်ကြီး၍ အထက်စီးရောက်နေမည်ကို သဘောပေါက်လာသလိုလို ရှိသဖြင့် ဆွေးနွေးဖလှယ်သည့် သဘောမျိုးသို့ အသွင်ပြောင်းလိုက်ရသည်။

"ဒီလိုကွ ငါ့မြေးရ၊ ရာသီဥတုတွေ ဆိုးဝါးတော့ ပေါက်

ရောက်တဲ့အပင်တွေသာမကဘူး။ စားသုံးပင်တွေလဲ ဗီတာမင်လျော့လာတယ်။ အာနိသင်မဲ့လာတယ်။ ကြည့်ပါလား။ မင်းတို့ခေတ်မှာ ဗီတာမင်အေဓါတ်နည်းလာလို့ ဘဘတို့ခေတ်ထက် မျက်မှန်တပ်ရတဲ့သူတွေများလာတယ်။ ငယ်ငယ်ရွယ်ရွယ်လေးတွေတောင် မျက်မှန်လေးတွေနဲ့"

ကျွန်တော့်စကားကို မြေးအငယ်ကောင်က မျက်စိလေးကလယ်ကလယ်ဖြင့် မော့ကြည့်သည်။

မြေးအကြီးကောင်ကတော့ တွေးတွေးဆဆဖြင့် ဝင်ပြောသည်။

"ဘဘတို့တုန်းက တက္ကသိုလ်ကဘွဲ့ရခဲ့တာတောင် ကိုယ့်အိမ်ပြန်ရောက်ရင် လျှပ်စစ်မီးနဲ့ စာမကြည့်ခဲ့ရဘူးလို့ ဘဘပြောဖူးတယ်နော်"

"အေး ဟုတ်တယ် မင်းတို့ခေတ်ကတော့ကွာ လျှပ်စစ်က ပေါ်နေပါပြီ"

"အဲဒါပေါ့ ဘဘရဲ့" မြေးအကြီးဝင်ပြောသည်။ ကျွန်တော်တို့ခေတ်မှာ လျှပ်စစ်မီး အသုံးများလိုက်တာများ တီဗွီ၊ အောက်စက်၊ ကွန်ပျူတာ၊ အီလက်ထရောနစ်၊ ကွန်ပျူတာဂိမ်းတွေက မျက်စိကိုအလုပ်များများပေးတယ်လေ။ အဲဒါတွေကြောင့် မျက်စိအားနည်းလာကြတယ်လို့ကော ဘဘတွေးမိသေးလားဟင်"

"အင်း အဲ. . အဲဒါလဲ"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိတော့။

လူကြီး ရှက်တော့ရယ်သည် မထင်စေလိုသောကြောင့် ပြုံးဖြဲဖြဲလုပ်ပြလိုက်ရပါ၏။






သမားတော်ကြီး ဦးမြတ်လွင် (ဝိဇ္ဇာဓရဂမ္ဘီရပညာရှင်)

ဝိဇ္ဇာဓရဆေးပညာဖြင့် အထူးဖော်စပ်လိုက်သော-

ဆီးချိုသွေးချိုဆေး

အနာအဆံသာတိ အထူးရောဂါဖြစ်နေရာလို့ တိုတောင်းသည့်ကာလအတွင်း သက်သာပျောက်ကင်းစေရမည်၊

လေးဘက်နာဆေး

ရောဂါ နုလျှင် ရက်ပိုင်းအတွင်း၊ ရောဂါရင့်လျှင် လပိုင်းအတွင်း သက်သာ ပျောက်ကင်းစေရမည်၊

သွေးတိုးကျဆေး

သွေးတိုးကို အမြန်ဆုံးကျစေပြီး လေငန်းရောဂါကိုပါ ကာကွယ်ပေးသော ဆေးဖြစ်သည်၊

လေနှင့်အစာအိမ်ဆေး

လေရောဂါနှင့်အစာအိမ်ရောဂါကို ဆေးတစ်ခွက် နှစ်ခွက်သောက်ရုံမျှ ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်၊

လေငန်းလိမ်းဆေးဆီ

ခြေ လက် ကောက်ကွေးနေသူ ကိုယ်တခြမ်းသေနေသူ အောက်ပိုင်းသေနေသူ တစ်ကိုယ်လုံးသေနေသူ သွေးညှိ လေလျောက်နေသူ မီးယပ်ထိမ်၊ မီးယပ်သွေးဆုံးတို့ကို တစ်လအတွင်း ဆေးကုလိမ်းပြီး သောက်ရုံဖြင့် သက်သာပျောက်ကင်းနိုင်ပါသည်၊

ပေါင်ချိန်မီးယပ်ချက်ဆေး

အမျိုးသမီးများ ဤဆေးကို တစ်နေ့တစ်ကြိမ်စွဲစွာသုံးခြင်း အမျိုးသမီးရောဂါများ သက်သာပျောက်ကင်းစေသည့်ပြင် ယောကျ်ားလာရောဂါရှင်များသည်လည်း ဤဆေးကိုစွဲစွာမှီဝဲခြင်း ရောဂါကိုထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်၊

ဤဆေးများသည် ဝိဇ္ဇာဓရနည်းပညာဖြင့် အထူးဖော်စပ်ထားသော ဆရာတိုင်ဆေးများဖြစ်၍ စိတ်ချယုံကြည်စွာ သုံးစွဲပါ၊ သုံးစွဲသူများတို့ ဆေးအစွမ်းကို သက်သေခံပါလိမ့်မည်၊

မြတ်သိဒ္ဓိဆေးတိုက် (ရတနာ့ဒေသ)၊ ၁၁၁ - ဘီ (မြေညီထပ်)၊ လမ်းမတော်လမ်း
လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ☎ (၀၁) ၃၈၁၆၂၆

## လူမင်းအောင်

# ဝေးမြေရပ်ခြား လူဝင်စားများ

### ဘဝဟောင်းကရဲတိုက်

အင်္ဂလိပ်လူမျိုး စိတ်တ္တဗေဒ သုတေသီတစ်ဦးဖြစ်သော ဒေါက်တာဖိပ်(ချ်)ကာရင်တန်က သူစုံစမ်းလေ့လာခဲ့သည့် သမိုင်းဆိုင်ရာ ဖြစ်ရပ်တစ်ခုကို ဤသို့ပြောပြခဲ့၏၊ လူတစ်ယောက်သည် ယခင်က မရောက်ဖူးခဲ့သည့် ရဲတိုက်ဟောင်းတစ်ခုကို ရောက်သွားခဲ့၏၊ ထိုလူသည် အုတ်နံရံတစ်ခုရှေ့တွင် ရုတ်တရက်ရပ်လိုက်၏၊ "ဒီနေရာမှာ တံခါးပေါက်တစ်ပေါက် ရှိခဲ့တယ်" ထိုလူက အုတ်နံရံကို လက်ညှိုးညွှန်ပြ၍ ပြောသည်၊ ရဲတိုက်တွင်နေသူများသည် ထိုတံခါးရှိကြောင်းကို မသိပေ၊ စုံစမ်းလေ့လာသောအခါ ထိုနေရာတွင် တံခါးရှိခဲ့ကြောင်း သိရ၏၊ လွန်ခဲ့သောနှစ်ပေါင်းများစွာက ထိုတံခါးပေါက်နေရာတွင် အင်္ဂတေနံရံဖြင့် ပိတ်ခဲ့၏၊ ထိုနေရာတွင် တံခါးပေါက်ရှိကြောင်း မသိတော့ပေ၊ ထိုထူးဆန်းသောဖြစ်ရပ်အတွက် ထိုလူက သူသည်လွန်ခဲ့သော ဘဝတစ်ခုက ထိုရဲတိုက်တွင်နေခဲ့ဖူးကြောင်း ပြောပြ၏၊ လက်ရှိဘဝတွင် သူသည် ထိုရဲတိုက်သို့ မရောက်ဘူးပေ၊ သို့သော် လွန်ခဲ့သော ဘဝတစ်ခုတွင် နေခဲ့ဖူးကြောင်း သေချာ၏၊



### အေဗင်ဘာရီရွာမှပျော်ရွှင်ပွဲ

အင်္ဂလိပ်လူမျိုး စာရေးဆရာမအီဒစ်အိုလီဗာသည် တစ်ခါတွင် အေဗင်ဘာရီရွာသို့ ပထမအကြိမ် ရောက်သွားခဲ့၏၊ ထိုရွာတွင်နေခိုက် ရွာအပြင်သို့ထွက်သွားသော အနက်ရောင်ကျောက်တုံးလမ်းတစ်လမ်းကို သတိရလာ၏၊ ထိုကျောက်လမ်းအနီးတွင် ကျေးရွာပျော်ပွဲရွှင်ပွဲ ကျင်းပကြောင်း သတိရလာ၏၊ ထိုရွာမှ လူများသည် ထိုလမ်းအကြောင်းကိုလည်း လုံးဝမသိကြပေ၊ အီဒစ်အိုလီဗာသည် ထိုအကြောင်းကို ဒေသဆိုင်ရာသမိုင်းသုတေသီထံ သွားရောက်စုံစမ်း၏၊ သမိုင်းသုတေသီသည် ကျေးရွာ၏မှတ်တမ်းများကို အပင်ပန်းခံ၍ သုတေသနပြုခဲ့၏၊ ထိုအခါ ကျောက်လမ်းနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပခဲ့ကြောင်း သိလာ၏၊ ၁၈၀၀ ခုနှစ်မတိုင်မီက ကျောက်လမ်းကိုဖျက်ခဲ့ကြောင်း၊ ကျေးရွာပျော် ရွှင်ပွဲကို ၁၈၅၀ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ကြောင်း သိလာရ၏၊

### ခြောက်နှစ်သမီးမလှကြည်

မလှကြည်မှာ ခြောက်နှစ်အရွယ် မိန်းကလေးဖြစ်သည်၊ သူမသည် ထူးထူးခြားခြား ဉာဏ်ထက်မြက်၏၊ ဤသို့ဖြစ်ရခြင်းမှာ ယခင်ဘဝကို အံ့ဩစရာကောင်းအောင် မှတ်မိ၏၊ သူမသည် ခြောက်နှစ်အရွယ်တွင် ခက်ခဲသောပါဠိစာပေများကို ဖတ်နိုင်ခဲ့၏၊ သွက်လက်မှန်ကန်စွာ ရွတ်နိုင်၏၊ ပဋ္ဌာနပါဠိတော်မှ စာတစ်မျက်နှာကို ခဏကြည့်ပြီးနောက်၊ မမှားအောင် ပြနိုင်၏၊ အဓိပ္ပာယ်ကို နားလည်ပြီး ပြန်ပြောနိုင်၏၊

### ရောမကလူဝင်စား

ဤအဖြစ်အပျက်ကို အင်္ဂလိပ်အမျိုးသမီးတစ်ဦးက ဒေါက်တာလက်စလီဝဲ့သာဟက်ကို ပြောပြခဲ့၏၊ ဒေါက်တာလက်စလီဝဲ့သာဟက်သည် ရီအင်ကာနေးရှန်း(လူဝင်စား) အကြောင်း သုတေသနပြုနေသူဖြစ်၏၊ ထိုအမျိုးသမီးမှာ တက္ကသိုလ်မှ သိပ္ပံဘွဲ့ရထား၏၊ အဖြစ်အပျက်မှာ ကလေးဘဝက သေဆုံးခဲ့သော သူမ၏သားဒေးဗစ်ကြောင်း ဖြစ်သည်၊

ဒေးဗစ်(၇)နှစ်သားအရွယ်တွင် သူ့မိခင်က ရောမမြို့သို့ခေါ်

သွားခဲ့၏၊ ရှေးဟောင်းသုတေသန ပညာရှင်မိတ်ဆွေတစ်ဦးက သူတို့အား နေပဲ(လ်)အနီးတွင် မကြာခင်က တူးဖော်ခဲ့သော ရွာတစ်ရွာကို လိုက်ပို့၏၊ ရုတ်တရက်ဒေးဗစ်သည် ထိုနေရာသို့ ဖျော်ရွှင်စွာ ပြေးသွားလေသည်၊ ဒေးဗစ်သည် ရောမရေချိုးကန်ပေါ်သို့ တက်သွား၏၊ ဒူးထောက်ပြီး ကျောက်ပြားပေါ်မှာ အနုပညာလက်ရာများကို ကြည့်၏၊

"နွားသိုးပုံပါတဲ့ ကျောက်ပြားကို ကျွန်တော်သဘောကျတယ်၊ မားကပ်(ခ်)က ငါးပုံပါတဲ့ ကျောက်ပြားကို သဘောကျတယ်၊ ထို့နောက် ဒေးဗစ်သည် ရှိုက်ကြီးတငင်ငိုလေ၏၊ သူ့မိခင်အား သူ့ကိုထိုနေရာမှ ဝေးရာသို့ ခေါ်သွားရန် တောင်းပန်၏၊ ဒေးဗစ်သည် တစ်စုံတစ်ရာကို ထပ်တလဲလဲ ရေရွတ်နေ၏၊ သူ့မိခင် နားမလည်ပေ၊ သူမ သိသည်မှာ ကြောက်စရာ ကောင်းတယ်"ဟုသာဖြစ်၏၊

တစ်ခါက ဒေးဗစ်နှင့်သူ့မိခင်တို့သည် ဂူရန်ဆေးရေလက်ကြားကျွန်းပေါ်မှ ရှေးဟောင်းဂူများကို သွားကြည့်ကြ၏၊ တစ်ခါက ထိုဂူများထဲတွင် ပြင်သစ်စစ်သားများအား ချုပ်နှောင်ထားခဲ့၏၊ ရုတ်တရက် ဒေးဗစ်သည် ဂူနံရံတစ်ခုကို လက်ဖြင့်ခေါက်လိုက်၏၊ သူက နံရံနောက်တွင် နောက်ထပ်ဂူတစ်လုံး လူတစ်ယောက်ကို ထိုဂူထဲတွင် ပိတ်ထားခဲ့ကြောင်းပြောပြ၏၊ ဒေးဗစ်စကားကြောင့် သူ့မိခင်လန့်သွား၏၊ "ကျွန်တော်ကိုယ်တိုင် ထိုင်စောင့်ကြည့်တာပါ" ဟု ဒေးဗစ်က ထပ်ပြော၏၊ ဒေးဗစ်သည် ထိုအဖြစ်အပျက်အတွက် အလွန်စိတ်ထိခိုက်နေ၏၊ သူ့ မိခင်သည် ထိုအကြောင်းကို စုံစမ်းရန် ဆုံးဖြတ်လိုက်၏၊ ဒေးဗစ်က ဂူပိတ်ခံရသော အကျဉ်းသားနာမည်ကို ပြောပြ၏၊

နောက်ဆုံးတွင် ဂူရန်ဆေးကျွန်းမှ တာဝန်ရှိသူများသည် နံရံကိုဖောက်ရန် သဘောတူကြ၏၊ ထိုအခါ အင်္ဂတေကိုင်ထားသော တံခါးတစ်ချပ်ကို တွေ့ကြ၏၊ တံခါးနောက်တွင် လူတစ်ယောက်၏ အရိုးစုကို တွေ့ကြရ၏၊ ဒေသဆိုင်ရာ မှတ်တမ်းများကို ပြန်လေ့လာသောအခါ ဒေးဗစ်ပြောသော နာမည်ပိုင်ရှင် အကျဉ်းသားသည် ထိုကျွန်းပေါ်တွင် အပြစ်ပေးခံရပြီး အချုပ်ခန်းထဲတွင် သေသွားကြောင်း သိရ၏၊

တစ်ကြိမ်တွင် ဒေးဗစ်သည် ဗြိတိသျှပြတိုက်သို့ ရောက်သွား၏၊ အီဂျစ်ပြခန်းသို့ ရောက်သောအခါ တလားခေါင်းများထဲမှ တစ်လုံး





ဆီသို့ လျှောက်သွားပြီး၊ ထိုတလားခေါင်းပေါ်တွင် နာမည်အတိုပါကြောင်း အမှတ်တမဲ့ ပြော၏၊ နာမည်အတိုကို ဆေးဖြူဖြင့် သေတ္တာဘေးတွင် ရေးထားကြောင်း အတိအကျပြော၏၊ သူ့မိခင်က သူရေးထားသော နာမည်အတိုကို ဆွဲပြန်ရန် ပြော၏၊ ဒေးဗစ်က အီဂျစ်အရုပ်စာသုံးလုံးကို ဆွဲပြ၏၊ 'အဲဒါ ကျွန်တော့်နာမည်ပဲ'ဟုပြော၏၊ အဲဒီတုန်းက "မင်း. . . အဲဒီမှာရှိသလား"ဟုမေး၏၊ "ကျွန်တော်က စစ်ဆေးသူပါ၊ ခေါင်းတွေစစ်ဆေးပြီး ကောင်းမွန်ကြောင်း လက်မှတ်ရေးထိုးပေးရတယ်" ဟု ဒေးဗစ်က ဖြေ၏၊

အသက်ပါ ဖြစ်ရပ်သုံးခုကြောင့် ဒေးဗစ်၏မိခင်သည် နောက်ဘဝအယူအဆကို ယုံကြည်လက်ခံသွား၏၊

## သီရိလင်္ကာမှမိန်းကလေး

သီရိလင်္ကာနိုင်ငံမှ အသက်(၇)နှစ်အရွယ် မိန်းကလေးသည် အိန္ဒိယအကပြိုင်ပွဲတွင် ဆုအားလုံးရခဲ့၏၊ သူမအား မည်သူကမျှ သင်မပေးရဘဲ အကကျွမ်းကျင်သူ တစ်ယောက်ကဲ့သို့ တပြခဲ့၏၊ သူမအား ဘာကြောင့် ယခုကဲ့သို့ ကနိုင်ပါသလဲဟု မေးသောအခါ အိန္ဒိယရှိ သူမအစ်မကသင်ပေးကြောင်း ပြောပြ၏၊ အိန္ဒိယရှိ သူမနေအိမ်အကြောင်းကို အသေးစိပ်ပြောပြ၏၊ ညီအစ်ကိုမောင်နှမများအကြောင်းကို ပြောပြ၏၊ မီးသင်္ဘောများ ခုတ်မောင်းသွားလာနေသော မြစ်အနီးရှိ သူမ၏ အိမ်တည်ရှိသောနေရာကို အတိအကျပြောပြ၏၊

## မက်ဆီကန်ကလေးဆေးကုဆရာ

၁၈၈၀-ခုနှစ်တွင် မက်ဆီကိုနိုင်ငံ ဘာဏာရူမြို့တွင် ကလေးအရွယ် ဆေးကုဆရာဝန်တစ်ယောက် ပေါ်ပေါက်ခဲ့၏၊ သူသည် ထူးဆန်းသော တန်ခိုးရှင်ဖြစ်၏၊ လူနာများသည် ထိုကလေးညွှန်ကြားသည့်အတိုင်း အသီးအရွက်များဖြင့် ဆေးကုကြ၏၊ ရောဂါများ ပျောက်ကင်းခဲ့၏၊ ဘာကြောင့် ဤကဲ့သို့ မေးသောအခါ သူသည် ယခင်ဘဝက ဆရာဝန်ဖြစ်ကြောင်း ပြော၏၊ ဆရာဝန်ဘဝက သူ့နာမည်သည် ဂျူလီ(ခ်)ဘယ်(လ်)ဖာရိုး(စ်)ဖြစ်ကြောင်း ပြောပြ၏၊ ယခုအသက် (၄)နှစ်သားကပင် ဤအံ့ဩစရာကောင်းသော စွမ်းရည်ကို သူရခဲ့၏၊

## အိုင်ယာလန်သူ လူဝင်စား

အိပ်မွေ့ချသူ မိုရေးဘာရင်စတိန်းသည် မစ္စက်ရှ(ထ်)ဆင်မွန်အား ကြာမြင့်စွာ အိပ်မွေ့ချခဲ့၏။ အိပ်မွေ့ချခံနေချိန်အတွင်း မစ္စက်ဆင်မွန်သည် လွန်ခဲ့သော နှစ်ပေါင်း(၁၆၀)က အိုင်ယာလန်တွင် သူမနေခဲ့သော ဘဝကိုပြန်သတိရခဲ့၏။ ထိုဘဝက သူမနာမည်မှာ ဘရက်ဒီမာဖီဖြစ်သည်။ မစ္စက်ဆိုင်မွန်သည် အမေရိကန်အိမ်ရှင်မတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံပြင်ပသို့ ခရီးမသွားဖူးခဲ့ပေ။ အိုင်ယာလန်နိုင်ငံအကြောင်းကိုလည်း မသိပေ။ အိပ်မွေ့အကြိမ်ကြိမ် အချခံရစဉ်အတွင်း မစ္စက်ဆိုင်မွန်သည် ဘရက်ဒီမာဖီ၏ဘဝအကြောင်းကို အသေးစိပ်ပြောပြခဲ့၏။ သူမ၏ တလေးဘဝအကြောင်း၊ ဘရိန်းမက်ကာဆီဆိုသူ ရှေ့နေဘစ်ယောက်နှင့် လက်ထပ်သည့်အကြောင်း၊ စိန့်သရေစာဘုရားကျောင်းအနီးရှိ သူမနေအိမ်အကြောင်း၊ ဘုရားကျောင်းမှ ခေါင်းလောင်းထိုးသံစသည်ဖြင့် အသေးစိတ်ပြောပြ၏။

သူမ ပြောပြသော ဘရက်ဒီမာဖီအကြောင်းကို မှတ်တမ်းယူပြီးနောက် ဘိုင်ရင်စတိန်သည် အိုင်ယာလန်ရှေ့နေ အဖွဲ့တစ်ဖွဲ့အား ထိုအကြောင်းကို သုတေသနပြုပေးရန် အလုပ်အပ်လိုက်၏။ ရှေ့နေအဖွဲ့သည် စုံစမ်းမှုများပြုလုပ်ပြီးနောက်၊ အိပ်မွေ့ချခံရချိန်အတွင်း မစ္စက်ဆိုင်မွန် ပြောပြသော အချက်အများစုသည် မှန်ကန်ကြောင်း အတည်ပြုပေးခဲ့၏။

ထိုအစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေလိုက်သောအခါတွင် ဘရက်ဒီမာဖီ၏အကြောင်းသည် အမေရိကန်ပြည်ထောင်စုတွင် အကြီးအကျယ်ဂယက်ရိုက်သွား၏။ ယခင်က နောင်ဘဝမရှိဟု ယုံကြည်သော အနောက်နိုင်ငံသား အများအပြားသည် The Search of for Bridley Murphy ဆောင်းပါးကို ဖတ်ပြီးနောက် အယူအဆပြောင်းသွားကြ၏။ သတင်းစာများနှင့် မဂ္ဂဇင်းများတွင် တစ်မလွန်ဘဝကို ထောက်ခံသည့် အယူအဆနှင့် တန့်ကွက်သောအယူအဆများကို ဖော်ပြကြ၏။ ထိုဖြစ်ရပ်ကို အတိအလင်း ကန့်ကွက်သည့် အယူအဆများကို အုပ်စု(၂)စု ခွဲထား၍ (၁) ထိုဖြစ်ရပ်သည် လူများကိုလှည့်စားရန် ရှိုက်တန်၏ကြီး





ပမ်းမှုဖြစ်သည်ဟု ယူဆသူများကို လူများက ဘရက်ဒီ၏အဖြစ်အပျက်သည် မမှန်ကန်ကြောင်း ရှုတ်ချ ပြောဆိုကြ၏။ (၂) ရုပ်ဝါဒသမားများ၊ ထိုလူများသည် သေပြီးနောက် ပြန်မရှင်နိုင်ဟုသော အယူအဆကို လက်ကိုင်ထားကြ၏။ သို့သော် မစ္စက်ဆိုင်မွန်၏ ပြောပြချက် မှန်ကန်သဖြင့် ပွင့်လင်းသောသဘောထားရှိသည်။ လူအများက စိတ်တွင် ထိုလူသည် သက်သေအထောက်အထားများကို စစ်ဆေးပြီးနောက် အကြောင်းအကျိုး မှန်ကန်စွာဖြင့် ဆုံးဖြတ်လိုကြ၏။ လူအများစုက ထိုဖြစ်ရပ်သည် နောက်ဘဝနှင့်ပတ်သက်သည့် မှန်ကန်သော ဖြစ်ရပ်ဟုလည်းဆိုကြ၏။

## ရုပ်ရှင်မင်းသား ဂလင်းဖို့ဒ်၏ အတိတ်ဇာတ်ကြောင်း

နာမည်ကျော် အမေရိကန်ရုပ်ရှင်မင်းသားဂလင်းဖို့(ဒ်)သည် အိပ်မွေ့ချခံပြီးနောက် ယခင်ဘဝနှစ်ခုကို ပြန်မှတ်မိခဲ့၏။ ဘဝတစ်ခုတွင် စကော့လူမျိုးဖြစ်ပြီး၊ အခြားဘဝတွင် ပြင်သစ်လူမျိုး ဖြစ်ခဲ့၏။ စကော့လူမျိုးဘဝတွင် မြင်းတပ်အရာရှိဖြစ်ပြီး၊ သူကောင်းတစ်ယောက်၏နီးနှင့် တိတ်တိတ်ပုန်းချစ်ကြိုက်ခဲ့၏။ ခင်ပွန်းဖြစ်သူနှင့် နှစ်ယောက်ချင်းသတ်ပွဲတွင် သေဆုံးခဲ့ရ၏။ နောက်ဘဝတစ်ခုတွင် ဂီတဆရာဖြစ်ခဲ့၏။ နှစ်ဘဝလုံးမှာပင် သူသည် ယခုဘဝကဲ့သို့ မြင်းစီးဝါသနာပါခဲ့၏။

ပထမဘဝတွင် သူသည် ချား(လ်)စတီးဝပ်အမည်ရှိ ဂီတဆရာဖြစ်၏။ ၁၇၇၄-ခုနှစ်တွင် Egir မြို့တွင်မွေးပြီး၊ ထိုမြို့မှာပင် အဆုတ်တီဘီရောဂါဖြင့် ၁၈၁၂-ခုနှစ်တွင် သေခဲ့၏။ ချား(လ်)စတီးဝပ်ဘဝတွင် မိန်းကလေးများအား စန္ဒရားသင်ပေးရကြောင်း၊ မြင်းများကို ချစ်ကြောင်း ပြောပြ၏။ ဂလင်းသည် သူစကားလေသံဖြင့် စကားပြောနိုင်သည်ကို အံ့သြသော်လည်း၊ စန္ဒရားတီးနိုင်သည်ကို အံ့သြနေ၏။ ဂီတပညာသင်ဆရာဘဝတွင် သူသည် မိဆိုဘင်နှင့်မိုးဇက်တို့ တီးလုံးတီးကွက်ကို မှီအောင်တီးနိုင်ခဲ့၏။

ဒုတိယဘဝတွင် သူ့အမည်မှာ လောန်ဘရက်ဖြစ်ပြီး၊ တဆိုင်းနန်းတော်စောင့် မြင်းတပ်တွင် အရာရှိဖြစ်ခဲ့၏။ လူဝီ(၁၄)လက်ထက်ဖြစ်သည်။ လောန်ဘရက်မှာ အကျင့်ပျက်သည့် လူပွေတစ်ယောက်ဖြစ်

ပြီး၊ အသက်ငယ်ရွယ်စဉ် သေခဲ့ကြောင်း ဖို့(ခ်)က အိပ်မွေ့ချခံနေရချိန် အတွင်း ဝမ်းနည်းစွာပြောခဲ့၏။ လောန်ဘရက်သည် ဘုရင်အုပ်ချုပ်သည့် စနစ်ကို သဘောမကျပေ၊ သို့သော် မင်းမျိုးမင်းနွယ်ဝင် လင်ရှိမယား တစ်ယောက်နှင့် ချစ်ကြိုက်ခဲ့၏။ ခင်ပွန်းဖြစ်သူ သိသွားသောအခါ ဓား ရေးကျွမ်းကျင်သူတစ်ဦးအား လောန်ဘရက်ကို စော်ကားခိုင်း၏။ ထိုနှစ် ယောက်ချင်းသတ်ပွဲတွင် လောန်ဘရက်သေခဲ့ရ၏။ ခန္ဓာကိုယ်ထဲကို ဓား စူးဝင်တဲ့ဒဏ်ရာဟာ မွေးရာပါအမှတ်အဖြစ် ပါလာတယ်၊ မကြာခဏ 'အဲဒီနေရာဟာ နာကျင်ပါတယ်၊ ဘာကြောင့်ဆိုတာ ရှင်းမပြတတ်ပါဘူး' ဂလင်းကပြော၏။

ဂလင်းဖို့(ခ်)သည် ယခင်ဘဝရှိသလို နောင်ဘဝရှိသည်ကို ယုံကြည်၏။ လောန်ဘရက်သည် ၁၆၈၄ ခုနှစ်တွင် သေပြီး၊ ချား(လ်) စတီးဝပ်သည် ၁၇၇၄ ခုနှစ်တွင် မွေး၏။ ကြားတွင် နှစ်ပေါင်း(၉၀) ကွာခြားနေ၏။ ထိုကာလအတွင်း အခြားဘဝနှစ်ခုရှိနိုင်၏။

လူမင်းအောင်


**ဘသက်ဆွေ**

**အိုင်အိုချစ်ကောင်း၏ မြနှင်းဆီ နှင့်**
**လျှို့ဝှက်စွန့်စား ဝတ္ထုတိုများ**

ဆရာဘသက်ဆွေ၏ 'စိတ်ကြိုက်' ရွေးချယ်မှု
(သို့မဟုတ်)
ကိုယ်ရေးကိုယ်တာနှင့် လူမှုရေးတို့တွင် အောင်မြင်ထား
ပြီး အလွန်ကျော် ကြားယ်စွန့်စား ဆောင်ရွက်တတ်သော မိုက်ထင်း

အကောင်းတစ်ဦး၏ ဇရိုက်ကို ပီပြင်စွာရေးဖွဲ့ထားသော
ဝတ္ထု(၁၃) ပုဒ်ကို စုစည်းတင်ဆက် ထားပါသည်။

စာမူခွင့်ပြုချက်အမှတ် - ၁၅၂၆/၂၀၀၄ (၀၂)
မော်မွန် စာပေမှထွက်တော့မည်












ဟစ်ချ်ကော့လက်ရွေးစင်

# ဂြိုလ်မွှေတဲ့ငွေဒင်္ဂါး

# Flight of the Sparrow

by Gerald Tomleson

●

သူသည် မျက်နှာကို သေချာစွာ စစ်ဆေးကြည့်နေသည်။ သူ၏ အကဲဖြတ်တတ်သော မျက်လုံးများသည် သတ္တုရုပ်လုံးတစ်ခုတိုင်းကို လေ့လာနေသည်။ ဆုံးဖြတ်ချက်မှာ အလွန်ကြောက်စရာကောင်းသည်။ အစင်းကြောင်းသည် လစ်ဘာတီ၏ မျက်လုံးအောက်ဖက် တစ်မီလီမီတာမှစ၍ သူမ ပါးကိုဖြတ်နေသည်။ လည်တိုင်ကိုပင် ဖြတ်သွားသလို အဝတ်အစားများကိုလည်း ဖြတ်သွားသည်။ (1799)နေရာတွင် (7) ဂဏန်းအပေါ်ဘက်၌ ချိုင့်ဝင်နေသည်။

နှစ်နှစ်ကျော်ကထုတ်သော လေလံကတ်တလောက်တွင် ထိုအစင်းကြောင်းကို ဖော်ပြမထားပေ။ Red Uncirculated ကတ်တလောက်တွင် "Well-Struck 1799 - over 98 rarity" ဟု ဖော်ပြထား၏။ Brasyer Collection ၏ အကောင်းဆုံးပစ္စည်းတစ်ခုဟု ရေးထားသေးသည်။

အစင်းကြောင်းမှာ ကြေးနီရောင်ဖြစ်သည်။ ထိုအချက်မှာ အငြင်းပွားဖွယ်တော့မရှိပါ။ မစ္စလစ်ဘာတီသည် သူမ-ရင်သားကို မလုံမခြုံဖုံးထားသည်။ ထိုနေရာမှာသာ အစင်းကြောင်းမရှိလျှင် ကြည့်ဖို့မလိုပါ။ (၈) ဂဏန်းအပေါ်မှ (၉) ဟု မြင်ရေးထားသည်ကို မှန်ဘီလူးမပါဘဲ မြင်နိုင်ပါသည်။

ဤအပြစ်အနာအစာကြောင့် ဒင်္ဂါးမှာ ပျက်စီးသွားရ၏။ အလွန်ကြီးကျယ်သောအပြစ်ပင်ဖြစ်သည်။ ဤကဲ့သို့ ချို့ယွင်းချက်ရှိနေသော်လည်း စွန့်ပစ်ရန်တော့ မသင့်ပေ၊ တန်ဖိုးဖြတ်ရမည့်ပစ္စည်းမဟုတ်သလို အကောင်းဆုံးနမူနာပစ္စည်းလည်း မဟုတ်ပေ။





ဂျာဂိုစထရင်း မှာ သူ့လုပ်ငန်းတွင် အလွန်တိကျသူဖြစ်သည်။ သူသည် စောစောက ငွေဒင်္ဂါးကို ရွှေ့ပြောင်းနိုင်သော စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ပလပ်စတစ်ပျော့လက်အိတ်စွပ်ထားသော သူ့လက်ဖြင့် သစ်နက်သားစားပွဲပေါ်မှ ဖုံများကို ပွတ်ပစ်လိုက်သည်။ ပုံကြီးချဲ့သော မှန်ဘီလူးကို အလင်းရောင်အားကောင်းသော မီးအိမ်ဘေးတွင် ချထားလိုက်ပြန်သည်။ ထို့နောက် လက်အိတ်များကိုချွတ်ပြီး၊ စကော့ ဝီစကီကို ဇိမ်ဆွဲသောက်နေတော့၏။ သူ့တွင် လုပ်ရန်အလုပ်ရှိနေသော်လည်း ထိုအလုပ်မှာ သိပ်အဆင်ပြေပုံမရပေ။ ၁၇၉၉ ဂဏန်းပေါ်တွင် ၉၈-ဟု ရေးထားသော ငွေဒင်္ဂါးမှာ ဒင်္ဂါး (၇) ပြားထဲတွင် ထူးခြားနေ၏။ ထိုဒင်္ဂါးမှာ တင်နက်ဆီအရှေ့ပိုင်းမှ အငြိမ်းစား ဗိုလ်မှူးကြီးတစ်ယောက် ပိုင်ဆိုင်ခဲ့ဖူးသည်။ (၉) ဂဏန်းပေါ်တွင် (၈) ဂဏန်းထပ်ရေးထားသော အညိုရင့်ရောင် ထိုဒင်္ဂါးကို သူ၏ U.S.Large Cent Collection ကို အဆင့်မြင့်သွားစေမည်ဖြစ်၏။

ထိုဒင်္ဂါးမျိုးမှာ အလွန်ရှားပါးလှ၏။ ယခုညတွင် ဤကိစ္စမှာ အဓိကကိစ္စပင်ဖြစ်သည်။ ယခု ထိုဒင်္ဂါးသည် သူ့လက်တွင် ရောက်နေချေပြီ။ သို့သော် မစ္စလေဘာတီ၏ပုံမှာ အပြစ်အနာရှိနေသဖြင့် ကာနယ်၏အမျိုးသမီးအဖြစ် အစားထိုးရန်မဖြစ်တော့ပေ။ အစင်းကြောင်းရှိနေသောကြောင့်လည်းဖြစ်သည်။

အစင်းကြောင်းရှိနေသောကြောင့် ရောင်းချရနိုင်ဖို့ ဆိုသည်မှာ အလွန်ခဲယဉ်းနေသည်။ သို့သော် ရှားပါးပစ္စည်းတော့ ဖြစ်နေသည်။ လက်ရှိအခြေအနေအရပင် တန်ဖိုးမှာလည်း မသေးလှပေ။ ထူးခြားသောအမျိုးသမီးတစ်ယောက်ဖြစ်သည်။

စထရင်းသည် ထိုငွေဒင်္ဂါးကို ထုတ်နိုင်သည့်နည်းလမ်းကို သိထားသည်။ ကောင်တာမှ ရောင်းခြင်းမဟုတ်သလို လူ

ကိုယ်တိုင် ရောင်းခြင်းမဟုတ်ပေ။ H.M Luker ထံသို့ စာတိုက်မှ တစ်ဆင့် ရောင်းချခြင်းဖြစ်သည်။ လျှို့ဝှက်သောပုဂ္ဂိုလ်ဖြစ်ပြီး၊ သူ့တယ်လီဖုန်းနံပါတ်မှာပင် လျှို့ဝှက်ချက်ဖြစ်သည်။ စင်စစ် နာတီမြို့တွင်ရှိသော သူ့စာတိုက်ပုံးကို လူတိုင်းမသိကြပေ။

ထိုငွေဒင်္ဂါးကို စာတိုက်မှတဆင့် လူးကားထံသို့ ပို့လိုက်ပါက ဘာမှမေးခွန်းထုတ်ခြင်း၊ စောဒကတက်ခြင်းမပြုပဲ ဒေါ်လာ တစ်ထောင်ခန့် စာတိုက်မှ ပို့လိုက်လိမ့်မည်သာဖြစ်သည်။

လော့(ဒ်)ဟီးဝစ်ဟိုတယ်၏ စားပွဲတွင် သူထိုင်နေသည်။ ကုလားထိုင်ကို ကျောမှီခြေဆန့်ရင်း မှန်ထဲမှ သူ့ရုပ်သွင်ကို ပြန်ကြည့်နေသည်။ သူ့မျက်နှာမှာ သူလိုငါလိုသာဖြစ်၏။ မည်သူမှ မှတ်မိနိုင်မည့် မျက်နှာမျိုးမဟုတ်ပေ။ အမည်မသိစေလိုသော လုပ်ငန်းမျိုးအတွက် သင့်လျော်သောမျက်နှာမျိုးဖြစ်သည်။ ထို အချက်သည် သူ့ဘဝတွင် အတော်အကျိုးရှိခဲ့၏။ ယခုအခါ သူ့ အသက် (၄၈)နှစ်ရှိလေပြီ၊ (၂၅)ခန့်မှာ လမ်းပေါ်တွင် အထီး ကျန်နေခဲ့ရဖူး၏။

သူ့ကို ကြက်တူရွေး ဟူ၍ ရဲအသိုင်း အမည်ပေးထားသည်။ သူသည် မှန်ဖြတ်လွှကို အသုံးပြု၍ ပြူတင်းပေါက်မှ အိမ်တွင်းသို့ တက်သည်။ တစ်ကြိမ် အိမ်တွင်းသို့ဝင်လျှင် အကြွေစေ့ (၁၀) စေ့ထက်ပိုပြီး မယူတတ်ပေ။ သတင်းထောက်များက သူ၏ အလို နည်းမှုကို သဘောကျသဖြင့် "The Sparrow" (စာကလေး) ဟု နာမည်ပေးကြခြင်းဖြစ်သည်။

ဤသို့ဖြစ်အောင်လည်း သူ့အနေဖြင့် ခက်ခဲစွာ စတင်ခဲ့ရ၏။ သူ့မျက်နှာမှာ ဝိုင်းသဖြင့် စာကလေးနှင့်မတူပေ။ သူ၏ ညိုမှောင် ကျယ်ဝန်းသော မျက်လုံးများပေါ်တွင် လပုံသဏ္ဍာန်၊ ကိုင်းမပါ သောမျက်မှန်တပ်ဆင်ခဲ့၏။ သူ့မျက်နှာမထူးခြားသလို၊ သူ့တွင် နာမည်ပျက်မရှိခဲ့ပေ။





သို့သော် ထိုမျက်န‌ေ ရည်ရွယ်ချက်များဖြင့် ရှင်သန်နေ၏။ ဂျာဂိုကျောင်းမ မြခံနည်းသော်လည်း အသိဉာဏ်တော့ ကြီးပါသည်။ အပေးအကမ်း ရက်ရောပြီး၊ ပြဇာတ်ဆန်သော အမူအရာမျိုးရှိသည်။ ယနေ့ညတွင် ထိုအချက်နှစ်ခုလုံးကို အသုံး ချရလိမ့်မည်။ သူ ဆုကေ့စ် မှ ဂျစ်ဖိသဘော်သားသုံးအိတ် တစ်လုံးကို ထုတ်ယူလိုက်၏။ မှတ်စုစာအုပ်မှ နာမည်နှင့်လိပ်စာ ကို ထိုပေါ်တွင် ကလေးလက်ရေးဖြင့် ရေးထိုးလိုက်သည်။ နာမည်မှာ ရှဘင်အာမီတော့ဂျ် ဖြစ်သည်။ လိပ်စာမှာ ဟိုတယ် နှင့် မိုင်အနည်းငယ်ကွာသောနေရာဖြစ်သည်။

လွန်ခဲ့သော နှစ်နာရီအထိက ရှဘင်အာမီတော့ဂျ် သည် အစင်းကြောင်းပါသော လားဂျ်ဆင့်ဒင်္ဂါး၏ ပိုင်ရှင်ဖြစ်ခဲ့၏။ အာမီတော့ဂျ်သည် ထိုပစ္စည်းကို နယူးယောက်မြို့ ဘရက်စ်ယာ ရပ်ကွက် လေလံပွဲမှ ဒေါ်လာနှစ်သောင်းဖြင့် ဝယ်ခဲ့၏။ စထရင်း သည် သဘော်သားအိတ်ပေါ်တွင် ဆင့်ငါးဆယ်တံဆိပ်ခေါင်း ကင်လိုက်သည်။ First Class-Surprise ဟု အောက်မှရေးလိုက် သေးသည်။ ထိုအိတ်ကို ဟိုတယ်၏ တီဗွီခုံပေါ်တွင် တင်ခဲ့သည်။ နောက်တစ်နေ့နံနက်တွင် စာတိုက်သို့ပို့မည်ဖြစ်သည်။

ထို့နောက် ဂျာဂိုစထရင်းသည် သားရည်ပိုက်ဆံအိတ်အသေး ကို ထုတ်လိုက်သည်။ ထိုအိတ်ထဲတွင် လေလံပွဲမှ ယူလာသော ဒင်္ဂါးခြောက်ပြားရှိနေသည် လက်အိတ်များကို ပြန်စွပ်ပြီး၊ ဒင်္ဂါး များကို ပြန်စစ်ကြည့်ပြန်သည်။ သူ မည်မျှ အမြတ်အစွန်းရနိုင် မည်ကို ခန့်မှန်းနေခြင်းလည်းဖြစ်သည်။

1794 ထုတ် ငွေဒင်္ဂါးသုံးပြားမှာ အခြေအနေအလွန်ကောင်း သည်။ တရားဝင်ကုန်သည်များအား အလွယ်တကူ ထုတ်ရောင်း နိုင်သည်။

စတုတ္ထမြောက်ဒင်္ဂါးမှာကား အံ့သြစရာကောင်းလှသည်။



1795 ထုတ် ဒင်္ဂါးအမျိုးအစားဖြစ်သည်။ အနားစွန်းတွင် စာရေးထားသည်။ ရှဘင်တော့ဂျ် ၏ စာကြည့်ခန်းအလင်းရောင်တွင် သာမန်ဟု ထင်ခဲ့ရာမှ အခုတော့ မဖြန့်ဝေရသေးသော အမျိုးအစားဖြစ်နေသည်။ (9) ပေါ်တွင် (8)ဂဏန်းရေးထားသော ဒင်္ဂါးနှင့် အတော်တူသည်။ အာမီတော့ဂျ်သည် ထိုဒင်္ဂါးပိုင်ရှင်ကို သတိထားခဲ့ပုံမရပေ။ ဘာကြောင့်ပါလိမ့်။ ခပ်တိုးတိုး လေချွန်လိုက်၏။ ဒါက ပြဿနာမဟုတ်ပါ။

ကျန်သော ကြေးပြားနှစ်ပြားမှာ သိပ်တန်ဖိုးမရှိလှပေ။ 1796 လီဘာတီ နှင့် 1793 ခုထုတ် ဒင်္ဂါးများဖြစ်သည်။ 1793 ဒင်္ဂါးမှာကား အတုဖြစ်သည်။ ထိုဒင်္ဂါးအတုဖြစ်ကြောင်း ဘာကြောင့် အာမီတော့ဂျ် မသိသလဲဟု သူ အံ့ဩနေ၏။ နာမည်ကျော် တရားသူကြီးသည် စောစောပိုင်းက ထုတ်ဝေသော ဆင့်ဒင်္ဂါးများကို သိပ်စိတ်မဝင်စားသောကြောင့် ဟု သူထင်သည်။





အချို့သော စုဆောင်းသူများသည် သူတို့မှားယွင်းဝယ်မိသော အတုများကို ဝန်မခံပဲ အစစ်ဟု ကာကွယ်ပြောတတ်ကြ၏။ စထရင်းသည် ထိုအချက်ကို နားမလည်ပေ၊ အာမီတော့ဂျ်ကဲ့သို့သော စုဆောင်းသူတစ်ယောက်က အတုကို ခင်းကျင်းပြထားသည်မှာ ထူးဆန်းသည်ဟု သူ-ထင်သည်။ ဒင်္ဂါးအတုသည် ကြီးကျယ်သော ဂုဏ်သရေရှိမိန်းမတစ်ယောက်က ပြည့်တန်ဆာမျက်နှာဖုံးစွပ်ထားသည်နှင့် ဘာမှမခြားဟု သူထင်သည်။ ထိုဆင့်ဒင်္ဂါးမျိုးသည် အမှိုက်ပုံတွင်သာ ရှိသင့်သည်။ ထိုဆင့်ဒင်္ဂါးကို ဟိုတယ်ပြာပုံးထဲသို့ ထည့်လိုက်သည်။ ဤသို့သော ဆင့်ဒင်္ဂါး အတုမျိုးကို သူ-ဘယ်တော့မှ မရောင်းချခဲ့ပေ။

လက်အိတ်များကို အိပ်ရာပေါ်သို့ ပစ်တင်ပြီးနောက်၊ စကော့ဝိစကီကို ဆက်သောက်ပြန်သည်။ ရှားပါးသော ဒင်္ဂါးအစစ်သုံးပြား သူ့ထံတွင်ရှိနေလေပြီ။ ယင်းအတွက် သူဂုဏ်ယူမိသည်။

ဤသို့ဖြင့် လေလံပွဲတွင် သူ၏ဒင်္ဂါးများကို ခင်းကျင်းရောင်းချရန် စီစဉ်လိုက်တော့သည်။

သူ့ထံတွင် ဆင့်တစ်ဝက်ဒင်္ဂါးများ ရှိနေသေးသည်။

သူ့အနေဖြင့် နှစ်ဆယ့်ငါးနှစ်တိတိ ဒင်္ဂါးများကို စုဆောင်းခဲ့ဖူး၏။ တစ်ကြိမ်တွင် တစ်တွဲရအောင် စုဆောင်း၏။ ဗလာဒင်္ဂါးများကို ဆယ့်ကိုးလတိတိ သူစုဆောင်းခဲ့ရ၏။

နှစ်အစိတ်ကြာပြီးနောက် သူသည် လေးလ (သို့မဟုတ်) သုံးလ ကြာသောခရီးသွားမှတ်တမ်းကို အသေးစိတ်ရေးနိုင်လာလေသည်။ အမေရိကန်ပြည်ထောင်စုကို အကြိမ်ဒါဇင်ပေါင်းများစွာ ဖြတ်သွားခဲ့ဖူး၏။ ကျယ်ပြန့်သောလမ်းများကို သူ့သဘောကျလှ၏။ ပြောင်းလဲ နေသော ရှုခင်းများကိုချစ်သည်။ သို့သော် သူတကယ်တန်းမှတ်သားနေသည်မှ မမျှော်လင့်သော အကြောင်းများ ဖြစ်လာတတ်၏။ ဥပမာ (၉)ကို (၈)ဟု ပြောင်းထားသော

ဆင့်ဒဂ်ါးသည် ရှော့ဟီးလ်ဒေသရှိ စုဆောင်းသူတစ်ဦးက ပိုင်ဆိုင်နေခြင်းပင်ဖြစ်သည်။ ထို့နောက် စထရင်းသည် ထိုအခွင့်အရေးနှင့် လိုက်လျောညီထွေဖြစ်စေရန် သူ့အစီအစဉ်ကို ပြောင်းလဲပြစ်လိုက်သည်။

သူ့ဘဝသည် အထီးကျန်စွာဖြစ်ခဲ့ရ၏။ နေအိမ်၊ ဇနီး၊မိသားစု၊ လူမှုဆက်ဆံရေးကို စွန့်ပယ်ခဲ့၏။ အပေါင်းအသင်းများ၊ မိတ်ဆွေများကို စွန့်ခဲ့၏။ အထီးကျန်ဝံပုလွေမျိုးပင်ဖြစ်သည်။ ရဲတပ်ဖွဲ့က သူ့ကို 'အထီးကျန်ကြြက်တူရွေး' ဟု ခေါ်သည်။

ငွေဒဂ်ါးကို သူစွဲလမ်းခဲ့ခြင်းမှာ ရောဂါတစ်မျိုးပင်ဖြစ်သည်။ သူ့တွင် အိပ်မက်တစ်ခုရှိသည်။ သူ့အိပ်မက်မှာ ခရီးသွားခြင်း၊ ခိုးဝှက်ခြင်း၊ ရောင်းချခြင်းမဟုတ်ပေ။ အမေရိကန်ပြည်ထောင်စု၏ ရှားပါးသော ဒဂ်ါးများကို စုဆောင်းပြီး ကိုယ်ပိုင်ပြတိုက်ဖွင့်ရန်ဖြစ်သည်။ ယခုအချိန်တွင် ဂျာဂိုး၏ဒဂ်ါးပြတိုက်ဆိုသည်မှာ စိတ်ကူးယဉ်ဖြစ် သည်။ တစ်နေ့တွင်တော့ အမှန်ဖြစ်လာရမည်။

တက္ကဆက်မြို့အပြင်ဘက်၊ ဝါကိုရပ်ကွက်တွင် ကျောက်ဖြူဖြင့် ဆောက်ထားသော ပြတိုက်တစ်ခုဖြစ်လာရမည်။ အိပ်မက်မဟုတ်ပါ။ ဧကလေးဆယ်ကျော်သော မြေနေရာကို သူဝယ်ထားခဲ့သည်။ ဒဂ်ါး ပြတိုက်အတွက် တက္ကဆက်မှ ဗိသုကာတစ်ယောက်နှင့် အကောင်းဆုံးပုံစံဆောက်လုပ်ရန် စကားပြောထားပြီးလည်းဖြစ်သည်။

ဤသည်မှာ သတ္တမအဆင့်တွင် ကျောင်းမှထွက်ခဲ့ရသော လူငယ်တစ်ယောက်အတွက် အံ့အားသင့်စရာကောင်းသော စွမ်းဆောင်မှုပင်ဖြစ်သည်။ သူ့မိထွေးသည် သူ့အား စိတ်မနှံ့သူဟု ပြောခဲ့ဖူး၏။ ရက်တစ်ပတ်ကြာအောင် သူ့အရက်သောက်သဖြင့် သူ့ဖခင်သည် သူ့မေးစေ့ကို ချေဖြင့်ကန်သဖြင့် ကျိုးခဲ့ရသည်။ ထို့နောက် သေသွားပြီဖြစ်သော သူ့မိခင်ကို ပျစ်ပျစ်နှစ်နှစ်





ဆဲလေ၏။ စထရင်းသည် အသက်ဆယ့်ရှစ်နှစ်တွင် ဝါကိုရှိအိမ်မှ ထွက်လာခဲ့၏။ အောင်မြင်မှုဖြင့် ပြန်လာရန်နှင့် လက်စားချေရန် သစ္စာပြုခဲ့၏။ သူ့မိသားစုအပြင် လူတိုင်းနှင့် ကမ္ဘာလောကကြီးအား သူအောင်မြင်မှုကို ပြနိုင်ရမည် ဟူ၏။

အိုကလာဟိုမားတွင် ကားခိုးမှုကျူးလွန်လိုက်သည်။ ဤတွင် သူမျှော်လင့်သည့်အတိုင်း ဖြစ်လာခဲ့၏။ အဖမ်းခံရပြီး အပြစ်ခံခဲ့၏။ အယ်လ်ရီနိုရီဖွဲ့မေထရီလူငယ်ပြုပြင်ရေးကျောင်းတွင် နေရသော နှစ်နှစ်ကာလမှာ ပျော်စရာမကောင်းလှပါ။ သို့သော် သူလိုချင်သော လက်တွေ့အသုံးချရသည့် ပညာများတတ်ခဲ့၏။ သူသည် ရာဇဝတ် ကျူးလွန်သော ပညာရပ်များကို စိတ်အားထက်သန်စွာ သင်ယူခဲ့၏။ အယ်လ်ရီနိုတွင် ဝီးလ်ဟိုးလ်ဖို့ဒ်ဆိုသူ လူငယ်တစ်ယောက်နှင့် တွေ့ခဲ့ရ၏။ ဝီးလ်၏ လုပ်ငန်းမှာ တရားမဝင် လက်နက်ရောင်းခြင်းဖြစ်သည်။ ဒဂ်ါးများခိုးခြင်းကိုတော့ ဝါသနာပါသည်။ ဝီးလ်ကို အားကျပြီး ဒဂ်ါးများကို စိတ်ဝင်စားခဲ့၏။ ထောင်စာကြည့်တိုက်တွင် ဒဂ်ါးများ အကြောင်းကို ဖတ်ရှုခဲ့၏။ နောက်ထပ် သံတိုင်များနောက်တွင် အချိန်မကုန်စေရန် ဆုံးဖြတ်ခဲ့၏။



ထိုနောက်ပိုင်းတွင်တော့ သူအဖမ်းမခံရပေ။ သူ့ရွေးချယ်မှုသည် အစကတည်းက အောင်မြင်ခဲ့၏။ စထရင်းရွေးချယ်မှုမှာ ထင်ရှား သောထိုလုပ်ငန်းမျိုး လေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဒင်္ဂါးတိုင်းမှာ ခိုးရာပါပစ္စည်းများဖြစ်တတ်သည်။ သူ့အနေဖြင့် ခက်ခဲစွာ အောင်မြင်မှုရခဲ့ခြင်းကို မည်သူမျှမသိပေ။ နောက်မှသိကြလိမ့်မည်။ သူကွယ်လွန်ပြီးမှလည်း ဖြစ်နိုင်သည်။ ကျော်ကြားသော ပန်းချီဆရာ၊ စာရေးဆရာများသည် လူမသိဘဲ ဆင်းရဲစွာဖြင့် ကြိုးစားခဲ့ကြရ၏။ ဘဝကို ကွဲပြားခြားနားစွာ ရှန်းကန်ရပုံခြင်းမတူသော်လည်း အောင်မြင်မှု မှာ တစ်ပုံစံတည်း ဖြစ်ကြသည်။

အချို့သည် သူတို့ကိုယ်တိုင် အမှတ်တရအဆောက်အအုံများ ဆောက်ခဲ့၏။ သူလည်း ထိုအတိုင်းဆောင်ရွက်ရန် စထရင်းရည်ရွယ်ထား၏။ ထို့ကြောင့် ဝါကိုမြို့မှ ကန်ထရိုက်တာတစ်ယောက်နှင့် တွေ့ချင်နေသည်။

သူ၏ ဆုကေ့စ်ကိုပိတ်ပြီး သော့ခတ်လိုက်၏။ သေတ္တာတစ်ဖက်မှာ ပိုက်ဆံပြားများနှင့် ပစ္စည်းကရိယာများဖြစ်၏။ သေတ္တာတစ်ဖက်မှာတော့ အဝတ်အစားများဖြစ်သည်။ ဖြူနေသော ခပ်ပါးပါးဆံပင်များကို ဖြီး၊ လက်များကိုရေဆေးပြီး ဓါတ်လှေခါးဖြင့် သူအောက် ဆင်းခဲ့သည်။

ဆေးလိပ်သောက်ခန်းအနီးရှိ ကော်ဖီဆိုင်တွင်ဝင်၍ ကော်ဖီနှင့်ဟမ်ဘာဂါမှာလိုက်သည်။ သူသည် ညစာကို ဖြစ်သလို စားလေ့ ရှိတတ်၏။ ဤကော်ဖီဆိုင်မှာ အရောင်းပါးပုံရသည်။ အချိန်အားဖြင့် ညဆယ့်တစ်နာရီခွဲလေပြီ။ အမျိုးသမီးငယ်နှစ်ယောက်နှင့် အခြားလူတစ်ယောက်သည် သူနှင့်ခပ်လှမ်းလှမ်းတွင် ထိုင်နေကြ၏။ ဆေးလိပ်သောက်ရင်း စကားပြောနေကြ၏။ စထရင်းကို စိတ်မဝင်စားကြပေ။





မကြာခင် အပေါ်စားဝတ်စုံဝတ်ထားသူနှစ်ယောက် ဝင်လာပြီး ကောင်တာတစ်ဖက်တစ်ချက်တွင် ထိုင်ကြသဖြင့် စထရင်းက ထိုလူ နှစ်ယောက်ကို လေ့လာလိုက်သည်။ သူ မြင်ရသည်မှာ မကျေနပ်ပေ။ တစ်ယောက်မှာ အရိုးပေါ် အရေတင်သလို ပိန်လှသည်။ နားရွက်ချွန်သည်။ ပါးစပ်စေ့ပြီး ပြုံးနေတတ်သည်။ မျက်လုံးကို ခပ်ဖြေးဖြေးအဖွင့် အပိတ်လုပ်နေ၏။ နောက်တစ်ယောက်မှာ အရပ်အနည်းငယ် မြင့်ပြီး ကိုယ်လုံးတုတ်သည်။ အနက်ရောင်နှုတ်ခမ်းမွှေးမှာ တံပျက်စီးစုတ်တံ နှင့် တူလှသည်။ အနက်ရောင်ပိတ်ထူဖြင့် ချုပ်ထားသော ဝတ်စုံကို ဝတ်ထားသည် သူ့အပေါ် ၏ ဝတ်စုံမှာ တွဲကျနေသည်။

လော်ရယ်နှင့်ဟာဒီ (သို့မဟုတ်) ကီးစတုံးရဲများဖြစ်နိုင်သည်။ သူတို့ကိုကြည့်ရသည်မှာ ဥပဒေသမားများနှင့်တူသလို အရပ်ဝတ်ရဲအရာရှိများလည်း ဖြစ်နိုင်သည်။ စထရင်းသည် သူတို့ကိုမြင်ရခြင်းထက် ကားဒရိုင်ဘာများ၊ ကောလိပ်ကျောင်းသားများကိုသာ တွေ့ချင်နေ၏။

ကော်ဖီနှင့် မုန့်များစားပြီးနောက် စထရင်းသည် ကျသင့်ငွေကို ချက်ဖြင့်ကောင်တာတွင်ပေးချေပြီး ထွက်လာခဲ့၏။ ဤတွင် လော်ရယ်နှင့်ဟာဒီက သူ့နောက်လိုက်ကြည့်နေသည်ကို သူသတိထားမိလိုက်သည်။

ငါးထပ်ရှိ သူ့အခန်းသို့ပြန်ရောက်သောအခါ သူ့အဖို့ ကြောက်လန့်တုန်လှုပ်သွားရ၏။

ငွေဒင်္ဂါးသုံးပြားဖြစ်သော ၁၇၉၉ အလွန်(၉၈) ဆင့်ဒင်္ဂါးသည် လေလံပွဲတွင် အာမီတော့ဂျ် ဝယ်စဉ်က အစက်ဖြစ်သည်။ ယခုတော့ ခြစ်ရာ ပေါ်နေလေပြီ။

၁၇၉၃ တရုတ်ပုံစံဒင်္ဂါးမှာ အတုဖြစ်သည်။ အာမီတော့ဂျ်သည် ထိုကြေးပြားကို သူ၏ညေ့်ခန်းတွင် ထားရန်မလိုလားပေ။



၁၇၉၅ ထုတ် ဆင့်ဒင်္ဂါးပြားမှာ စထရင်း၏ အကောင်းဆုံး ဒင်္ဂါးဖြစ်သည်။ ထိုဒင်္ဂါးကို အာမိတေ့ဂျ်ဘယ်တုန်းက မပိုင်ဖူးခဲ့ပေ။

ကော်ဖီဆိုင်တွင် တွေ့ခဲ့သူနှစ်ယောက်သည် လော့ဟားဝတ် ဟိုတယ်မှ ဖြစ်နိုင်သည်။

ဤသို့ဖြင့် နှစ်ဆယ့်ငါးနှစ်တာအတွင်း တတိယအကြိမ်မြောက် သူခံရခြင်းဖြစ်သည်။

သူတို့သည် ငွေဒင်္ဂါးသုံးပြားကို ဘာလုပ်ရန် ရည်ရွယ်ပါသလဲ။

၁၇၉၈ ထုတ်တရုတ်ဒင်္ဂါးမှာ အငှ ဖြစ်သည်။

၁၇၉၅ ထုတ် လစ်တာအက်ဒင်္ဂါးမှာ ထူးခြားသော အမျိုးအစား ဖြစ်သည်။ ဈေးအများဆုံးလည်းဖြစ်သည်။

ဒင်္ဂါးပြား (၇)ပြားအနက် ရှေးအကျဆုံးလည်းဖြစ်သည်။ (၉) ပေါ်တွင် (၈)ဟု ပြောင်းထားပြီး ခြစ်ရာတစ်ကြောင်း ရှိနေသည်။ အစားထိုးမရသော ပျက်စီးနေသည့် သမိုင်းဝင်ပစ္စည်းပင်ဖြစ်သည်။ သူခိုးသည် ထိုပစ္စည်းကို အလောသုံးဆယ်ရောင်းနိုင်သည်။ ဤသို့ ဆိုလျှင် ဘယ်သူ့ကို ရောင်းမည်လဲ။ လူကာမှလွဲပြီး





ဒိပြင်သူမဖြစ်နိုင်တာကို ဂျာဂိုစထရင်း ကောင်းကောင်းသိလိုက်သည်။ သူ့နောက်ကို လိုက်နေသူများသည် ထိုအကြောင်းကို သိသလား။ ဥပဒေလူများသည် သူ စင်စင်နာတီတွင်ထောင်ကျခဲ့ကြောင်း သိသွားလေပြီလား။

စထရင်းသည် တယ်လီဖုန်းစားပွဲဆီသို့ လျှောက်သွားပြီး “၀” ကို လှည့်လိုက်၏။ “ဒါယာအကြွေးဝယ်တာဒ်ပြားဖြစ်ပါတယ်” သူက ပြောပြလိုက်သည်။ ထို့နောက် ဒီဂျစ်တယ် တယ်လီဖုန်းနံပါတ်အမှား ကို ပြောပြလိုက်ပြန်၏။ ထို့နောက်ဆက်၍ “အခု ပြောနေတာ ကို့(ဒ်) နံပါတ် ၅၁၃ အတွင်းကပါ” ဟု ပြောလိုက်သည်။

ထို့နောက် လူကာ၏ တရားမဝင်သော တယ်လီဖုန်းနံပါတ်ကို ပြောပြလိုက်သည်။ ထို့နောက် သူ့နာမည်နှင့် အခန်းနံပါတ်ကို ပြောပြလိုက်သည်။ လွိုက်ပင်နာ အခန်း(၅၁၉)

အဝေးပြောတယ်လီဖုန်း နှစ်ကြိမ်ခေါ်ပြီးနောက် တိုးညင်းအေးဆေးသော အသံပေါ်လာသည်။

ကျေးဇူးပြုပြီး မစ္စတာလူကာကို ခေါ်ပေးပါ။

“အခု မစ္စတာ လူကာစကားပြောနေပါတယ်”

စထရင်းသည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

စကားပြောသူမှာ မစ္စတာလူကာမဟုတ်ပေ။ မစ္စတာ လူကာ အသံမှာ စူးရှကျယ်လောင်သည်။

သူသည် နောက်ထပ် ဝီစကီတစ်ခွက်သောက်ပြီး စဉ်းစားနေပြန်၏။ ထို့နောက် နယူးဂျာစီနှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်များ၏ လမ်းများကို ပြန်လေ့လာကြည့်သည်။

ဆုကေ့စ်ကို ဖွင့်ပြီး ဂျစ်ဖိဘက်ဂ် ဆယ်အိတ်နှင့် တံဆိပ်ခေါင်းကပ်ထားသော စာရွက်များကို ထုတ်လိုက်သည်။ "Large Cents-Strand Collection" ဟု စာရေးထားသော အပြာရောင်သေတ္တာကိုဖွင့်ပြီး အာမိတေ့ဂျ်ဒင်္ဂါးတစ်ပြားကို ထုတ်ယူလိုက်

သည်၊ ယင်းမှာ ၁၇၉၅ လက်တားအက်ဒင်္ဂါးဖြစ်သည်။ ထိုဒင်္ဂါးအား ၁၇၉၃ ဒင်္ဂါးအတူ၏ နံဘေးပြာခွက်အထဲသို့ ထည့်လိုက်သည်။ ထို့နောက် ဆင့်တစ်ဆယ့်ငါးစေ့ (သို့မဟုတ်) တစ်ဆယ့်ခြောက်စေ့ခန့်ကို ဂျစ်ဖီအိတ်များထဲသို့ ထည့်၏။ ထို့နောက် မင်နက်ဖြင့် အိတ်အသီးသီးပေါ်တွင် "မစ္စတာဟုဂါသာ" မှတဆင့် နီကိုဗာမိုတယ်၊ ပါကင်းစဘတ်၊ အနောက်ဗာဂျီးနီးယားဟု ရေးလိုက်သည်။ လိပ်စာ၏ ဘယ်ဘက်တွင် ပထမတန်းစား စာပို့ဟု မင်နီဖြင့် ရေးလိုက်သည်။ စာအုပ်အသီးသီးပေါ်တွင် တူးဝမ်းဒေါ်လာ တံဆိပ်ခေါင်းများ ထပ်ကပ်ခဲ့သည်။ ထိုပါဆယ်အိတ်အား နယူးဂျာစီပြည်နယ်၏ ပြင်ပရှိ အမေရိကန်ပြည် ထောင်စု၏ ဒုတိယအကြီးဆုံး ယူအက်စ်ဒင်္ဂါးပြတိုက်သို့ ပို့လိုက်၏။

ထို့နောက် အခန်းသို့ပြန်လာပြီး ရှုဘင်အာမေတိတ်ထံသို့ လိပ်စာကပ်ထားသော သဘော်သားအိတ်ကို ဖွင့်ပြန်၏။ အိတ်ထဲသို့အခြား အာမီတော့ဂျ်ကြေးပြားခြောက်ပြားအား "ပျက်စီးနေသောလေဒီ" နှင့် အတူထည့်လိုက်သည်။ စုစုပေါင်း ကြေးပြားခုနစ်ပြားပါသော အိတ်အား သူ့စပို့ဂျက်ကက်ဘေးအိတ်ထဲသို့ ထည့်၏။

ရှော့ဟီးတွင် သူ့ကိုမည်သူမျှ မမြင်ဟုယုံကြည်၏။ ခိုးမှုဖြစ်ပွားရာနေရာမှ မာရီစတိုးဒေသအထိ သူ့နောက်မှ မည်သူမျှ လိုက်မလာဟုလည်း ယုံကြည်၏။

သူ့ကားကို ပါကင်ပေါက်မှထုတ်၍ အမှတ်(၂၈၇)ပြည်နယ်လမ်းဆုံးသို့ မောင်းခဲ့၏။

ပြည်နယ်လမ်းဆုံးအထိ သူ့နောက်မှ မည်သူမျှ လိုက်မလာပေ။ ထို့နောက်ကားကို (၅၅)မိုင်နှုန်းအထိ မြှင့်၍မောင်းခဲ့သည်။

လမ်းမကြီးအမှတ်(၁၀)သို့ ရောက်သောအခါ အနောက်ဘက်





သို့ ဦးတည်လိုက်သည်။ နှင်းကျနေသဖြင့် ဝိုက်ပါဖြင့် ရှေ့မှန်ပေါ်မှ နှင်းများကို မကြာခဏသုတ်နေရ၏။

မကြာခင် သူ့ကားနောက်မှ ကားနှစ်စီး၏မီးရောင်ကို မြင်လိုက်ရ၏။ ကားနှစ်စီးသည် သူ့ကားကို ထပ်ချပ်လိုက်နေခြင်းဖြစ်သည်။ သူ့ကားကို မိုင်(၄၀)၊ ထို့နောက် (၃၅)မိုင်အထိ အရှိန်လျှော့လိုက်၏။ ထိုကားများသည် သူ့ကားကို ကျော်တက်သွားမည်ဟု မျှော်လင့်ခဲ့သည်။

သူ့ကားကို စတိုးဆိုင်တစ်ဆိုင်၏ ပါကင်လော့ထဲသို့ ချိုးဝင်လိုက်သည်။ ထို့နောက် လမ်းပေါ်ပြန်တက်ခဲ့သည်။ ကားများကသူ့နောက်မှ လိုက်မြဲလိုက်နေ၏။

အမှတ်(၁၀)လမ်းမကြီးအပေါ်မှ ညာသို့ကားကို ရုတ်တရက်ကွေ့ပြီး အရှေ့ဘက်သို့သွားသော လမ်းပေါ်သို့ မောင်းလိုက်သည်။ ထို့နောက် ဟက်ဒေါနယ်ပါကင်လော့တ်ထဲသို့ဝင်၏။



အဆောက်အဦးကိုပတ်၍ မောင်းပြီး အဝိုင်းသို့ပြန်မောင်းလာ၏။ ထိုမှတဆင့် အမှတ်(၄၆)လမ်းမကြီးအတိုင်း အနောက်ဘက်သို့ ဦးတည်မောင်းခဲ့ပြန်၏။ ထိုအခါမှ သူ့နောက်မှလိုက်နေသော ကား‧များပြတ်ကျန်ခဲ့၏။

စထရင်းသည် ကားကိုအရှိန်မြှင့်၍ ရှေ့ဘက်(၂)မိုင်တွင်ရှိသော လမ်းဆုံသို့မောင်းခဲ့၏။ ထိုနေရာတွင် လမ်းမကြီး (၄)ခုဆုံ၏။ လမ်းမကြီးသည် အနောက်ဘက်သို့ ကွေ့သွား၏။ နောက်မှလိုက်နေသော ကားမီးရောင် ပျောက်သွား၏။ ဤတွင် သူသက်ပြင်းချလိုက်၏။

အမှတ်(၄၆)လမ်းမအတိုင်းသွားရန် သူရည်ရွယ်ထား၏။ ဟက်ကက်(စ်)တောင်း၏ အနောက်ဘက်(၄)မိုင်အရောက်တွင် သူ့ကားနောက်ကိုလိုက်နေသော မီးရောင်များကို မြင်ရပြန်၏။ ဤတွင် စထရင်းအဖို့ သူ့ကားကို အရှိန်မြှင့်ရပြန်၏။ နောက်မှကားသည် တဖြည်းဖြည်း နီးလာလေ၏။

စထရင်းသည် ကားကို မိုင်(၈၀)နှုန်း၊ ထို့နောက် (၈၅)မိုင်နှုန်းမောင်းနေ၏။ သူ့အတွက် ကံကောင်းသည်။ လမ်းကျယ်လာခြင်းဖြစ်၏။ ရှေ့တွင် ဒယ်လောဝါးမြစ်ရှိနေသည်။

စထရင်းကားရပ်ပြီး ကားထဲမှ ထွက်လိုက်သည်။ နံ့ကောင်များ၏ အော်သံကိုကြားနေရ၏။ မြစ်ရေသည် တံတား၏တွန်ကရိုင်များကို ညင်သာစွာ ပွတ်တိုက်စီးဆင်းနေ၏။ ကောင်းကင်တွင် လကွေးကလေးထွက်ပေါ်နေ၏။ မြစ်ရေသည် အနက်ရောင်မြွေတစ်ကောင်ကဲ့သို့ မည်းနက်နေ၏။

ကမ်းစပ်သို့သူလျှောက်သွားစဉ် အိတ်ထဲမှ အာမီတော့ဂျ်ကြေး ပြားခုနစ်ပြားကို ထုတ်ယူပြီး မြစ်ထဲသို့ ပစ်ချလိုက်လေ၏။ ထို့နောက် ကားပေါ်သို့ပြန်တက်ခဲ့ပြီး ရှေ့သို့သုံးမိုင်ခန့် ဆက်မောင်းခဲ့၏။

ပထမဆုံးသူတွေ့ရသည်မှာ သစ်ပင်ချုံနွယ်များ ထူထပ်စွာ






ပေါက်နေသော ကျယ်ဝန်းသည့်လမ်းဖြစ်သည်။ ထို့နောက် ထိုလမ်းမကြီး ဦးပ‥ ‥ကိုတွေ့ရ၏။ ထိုလမ်းသည် သစ်ပင်ခြောက်များကိုဖြတ်၍ မီးလောင်ကျွမ်းထားသော အိမ်ကြီးတစ်လုံးဆီသို့ ဦးတည်နေ၏။

စထရင်းသည် ကားလမ်းသို့ကွေ့ဝင်လိုက်၏။ ကားလမ်းအတိုင်း ပေနှစ်ရာ၊ သုံးရာခန့် မောင်းလာပြီးနောက် အိမ်ပျက်ကြီး၏နောက် ပိုင်းသို့ ရောက်လာ၏။ ထိုနေရာတွင် ကားရပ်သောကွက်လပ်ရှိသည်။ ကားစက်ရပ်ပြီး ကားမီးများကို ပိတ်ပစ်လိုက်သည်။

သူ၏ လွိုက်ပင်နာပိုက်ဆံအိတ်ကို ဒိုင်ခွက်ထဲသို့ ထိုးသွင်းလိုက်၏။ ထိုအိတ်ထဲတွင် ကားမောင်းလိုင်စင်၊ ကားမှတ်ပုံတင်နှင့် အကြွေးဝယ်ကဒ်များသာပါသည်။ လွိုက်ပင်နာမှာ ပျောက်သွားရမည်။ ကား သာကျန်ရမည်ဖြစ်ပြီး ကားပိုင်ရှင်နှင့် ဒရိုင်ဘာမှာ ပျောက်သွားရမည်ဖြစ်သည်။

သူ၏ဆုကြေးစ်ထဲတွင် သက်သေခံကဒ်ပြားရှိပြီးဖြစ်သည်။ လိုင်စင်နှင့် စာရွက်စာတမ်းများ အကြွေးဝယ်ကဒ်ပြားများအားလုံးမှာ ဟုချ်ဂါသာအမည်ဖြစ်သည်။ မစ္စတာဂက်သ်သည် ဗိသုကာတစ်ယောက်ဖြစ်သည်။ ဗာဂျီးနီးယားလိုင်စင်ဖြင့် ဂါဝါစကီ မော်တော်ဆိုင်ကယ် တစ်စီးပိုင်ထားသည်။ စထရင်းသည် မော်တော်ဆိုင်ကယ်အား ကားနောက်ပိုင်းတွင် ကင်းဘတ်ဖြင့် ဖုံးပြီးယူလာခဲ့သည်။

သူနှင့်ပတ်သက်သောပစ္စည်းအချို့ကို အခြားဆုကြေးစ်ဖြင့် ယူလာခဲ့၏။ သူ၏ယူအက်စ်ဒင်္ဂါးများ လေးဆယ့်ကိုးခုမှ မိုင်တစ်ထောင်ကျော်ကွာသောနေရာတွင် သူကိုယ်ပိုင်နာမည်ဖြင့် ပောက်စတန်ရှိ အာမခံသေတ္တာထဲတွင် ရှိနေသည်။ မပြည့်စုံသော ဒင်္ဂါးမိုတယ်တစ်ခုသို့ သွားနေလေပြီ။ ကျန်သောဒင်္ဂါးကို လေ့လာရာတွင် အသုံးပြုသည့် ကရိယာများ၊ မီးခံသေတ္တာသော့၊ ရောင်းမည့်ဒင်္ဂါး



များနှင့် လူကြီးလူကောင်းဝတ်စုံများမှာ ဆုကေ့စ်ထဲတွင်ပါ၏။

ဒရိုင်ဘာခုံမှထပြီး တံခါးကိုအသာပတ်ပြီး ကားနောက်ပိုင်းသို့လာခဲ့၏။ ကားနောက်ပိုင်းမှာ ပွင့်နေသဖြင့် အုံ့အားသင့်သွားရ၏။ တံခါးပိတ်ရန် သူမေ့ခဲ့သလား။ ယခုအချိန်တွင် စဉ်းစားရန် အကျိုးမရှိတော့ပေ။ ကားကြမ်းပြင်ပေါ်တွင် မော်တော်ဆိုင်ကယ်ကရိယာကို ထားခဲ့၏။ ကင်းဘတ်စ,ကိုဖယ်၍ မြေပေါ်ချလိုက်၏။ ကိရိယာထည့်ယူလာသော ထင်းရှူးသေတ္တာဟောင်းအား အဆောက်အဦးထဲသို့ ပစ်ချလိုက်၏။ ဆုကေ့စ်အားဆိုင်ကယ်ထိုင်ခုံတွင် ကြိုးဖြင့်ခိုင် အောင်ချည်နှောင်လိုက်သည်။ သူထိုင်ရမည်မှာ ကျပ်ကျပ်တည်းတည်း ရှိလှသည်။ နောက်ထပ်မိုင်(၃၀)ခန့် သွားရဦးမည်။

ထို့နောက်တွင်တော့ စထရင်း၏အနီရောင် ကာဝါစကီဆိုင်ကယ်သည် လမ်းပေါ်တွင် ပြေးနေလေတော့သည်။





နာရီအဝေ ဘအခါ A.B.E လေဆိပ်ကိုမြင်ရ၏။ အယ်လင်တောင်း၊ ဘက်သလီဟင်၊ အက်စကန်မြို့များသို့သွားသော လေဆိပ်ဖြစ်သည်။ လေယာဉ်အဝင်နှင့်အထွက် နှစ်လမ်းရှိသော ခေတ်မီလေယာဉ်ဆိပ်ဖြစ်သည်။ လေယာဉ်ပြေးလမ်းအစပ်တွင် အမှတ်(၂၂)လမ်းမကြီးရှိနေသည်။

ဂျာဂိုစထရင်းသည် ဆိုင်ကယ်ကို လေယာဉ်အထွက်လမ်းအနီးတွင် ရပ်လိုက်၏။ ဆုကေ့စ်ကို ဖြုတ်ယူပြီး လက်မှတ်ရောင်းကောင်တာသို့ လျှောက်လာ၏။

အချိန်မှာ နံနက်သုံးနာရီဖြစ်သည်။ လုပ်ငန်းရှင်တစ်ယောက်သာ ပလပ်စတစ်ထိုင်ခုံပေါ်တွင် ခါးဆန့်လှဲနေ၏။ အခြားမည်သူမှ မရှိပေ။ လေဆိပ်တာဝန်ခံဖြစ်သော လူငယ်မှာ အိပ်ငိုက်နေ၏။

"ပါကာဘတ်ကို ခုနစ်နာရီထွက်မယ့် လေယာဉ်လက်မှတ်တစ်စောင်ပေးပါ" ဆုကေ့စ်ကို ပေါင်ချိန်ခွက်ပေါ်တင်ရင်း စထရင်းက ပြောလိုက်သည်။

"ရပါတယ်ခင်ဗျာ" လူငယ်ကပြောပြသည်။ "ဒါပေမယ့် ခရီးစဉ် အမှတ် (၂၈၁)ဟာ မနက်ဖြန်ည ခုနစ်နာရီမှ ထွက်မှာပါ။ မနက်ခုနစ်နာရီမထွက်ပါဘူး"။

"ညထွက်မှာလား" စထရင်းက မယုံနိုင်သလို ပြန်မေးသည်။ "နောက်ထပ်ဆယ့်ခြောက်နာရီလောက်တောင်စောင့်ရမှာ လား"။

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ လက်မှတ်တစ်စောင် ဝယ်လိုပါတယ်၊ ကျွန်တော့်အိတ်ကို စစ်ကြည့်ပါ"

"ကောင်းပြီ၊ တိုက်ရိုက်လက်မှတ်ယူမှာလား"

"ဟုတ်ကဲ့၊ တိုက်ရိုက်လက်မှတ်ပဲပေးပါ"

လက်မှတ်ဝယ်ပြီးနောက် ပါကာ(စ်)ဘာ(သ်)ရှိ မိုတယ်သို့ တယ်လီဖုန်းဆက်၍ အခန်းတောင်းလိုက်သည်။

လေယာဉ်ပျံကို သူမပိုင်ကြောင်းသိသည်။ အရာရာကို သူ

လွှမ်းမိုးချင်နေ၏။

တက္ကစီတစ်စီးငှားပြီး ကလဲဗားလင်းသို့ သွားမည်ဟု လိမ်ပြောလိုက်သည်။ သူကြိုတင်စဉ်းစားထားခြင်းဖြစ်သည်။ မော်တော်ဆိုင်ကယ်အား အငှားကားနောက်ဘက်တွင်တင်ရန် ရည်ရွယ်ထားသည်။ လိုအပ်ပါက ထိုမော်တော်ဆိုင်ကယ်ကို မြစ်ထဲသို့ ပစ်ချရမည်ဖြစ်သည်။

မော်တော်ကားအား ကွက်လပ်နံဘေးတွင်ရပ်လိုက်သည်။ ထိုနေရာ တွင် မီးများလင်းနေသော်လည်း လူမရှိပေ။ ထို့ကြောင့် ဤနေရာတွင် အချိန်ဖြုန်းရန်မသင့်ဟု တွေးလိုက်၏။ နောက်ဆယ့်နှစ်နာရီတွင် သူသည်ပါကာ့စ်ဘက်သို့ ရောက်ပြီး စိတ်သစ်လူသစ်ဖြစ်နေလိမ့်မည်။

အငှားကားပေါ်မှ ဆင်းလိုက်ချိန်တွင် ကတ္တရာလမ်းပေါ်တွင် နင်းလာသော သားရေဖိနပ်သံကို သူ့နောက်ဘက်မှ ကြားရသည်။

သူချက်ချင်းလှည့်လိုက်၏။ အနက်ရောင်ဆီဒင်ကားဘေးမှ ထွက်လာသော မျက်လုံးကျဉ်းကျဉ်း၊ ကိုယ်လုံးတုတ်တုတ်လူတစ်ယောက်ကိုတွေ့ရသည်။ ထိုလူမှာ လူရွှင်တော်တစ်ယောက်နှင့်တူသော်လည်း သူ့ကိုချိန်ထားသော လက်ထဲမှပစ္စည်းမှာ အန္တရာယ်များလှသည်။ ပြောင်းဝတွင် ဆိုင်းလင့်ဇာတပ်ထားသော ကိုးမမ-ဘာရက်တာပစ္စတိုဖြစ်သည်။

"ငြိမ်ငြိမ်နေ"

စထရင်း ကြက်သေ, သေသွားသည်။

"ပိုက်ဆံအိတ်ကို ရှေ့ကိုပစ်ချလိုက်" စထရင်းက အမိန့်ကို နာခံ ရတော့သည်။

"လေယာဉ်လက်မှတ်ကိုပါ ပစ်ချလိုက်ပါ" စထရင်းက စာအိတ်ကိုပါ ပစ်ချလိုက်သည်။

"လောရယ် ဘယ်မှာလဲ" စထရင်းက တည်ငြိမ်စွာမေးသည်။ ဘာမှမစဉ်းစား.တော့ဘဲ ပြန်မေးသည်။





"ဘယ်သူ့ကို မေးတာလဲ"

"မင်းရဲ့အဖော်ကိုပေါ့"

"ဟက်ကက်(စ်)ကောင်း ဆေးရုံမှာ၊ သူ့ကားတာယာဟာ လမ်းဘေးက သံချွန်တွေနဲ့ ထိခိုက်ခဲ့တယ်"

"သူ့တာယာတွေ   က ဘယ်မှာလဲ"

ဟာဒီက မျက်မှောင်ကြုပ်လိုက်၏။ "လူနှစ်ယောက်၊ ကားနှစ်စီး၊ စထရင်း ဒါဟာအလွန်လွယ်တဲ့သင်္ချာပဲ။ မင်းဟာ မင်းအခန်းကို ငါ-မဝင်ခင်မှာ လော့ဟားဝပ်ကို လှည့်စားခဲ့တယ်။ ငါ့အဖော်က မင်းနောက်ကိုလိုက်တယ်။ ငါက အခန်းကိုရှာဖို့ ခဏနေခဲ့တယ်။ အမှိုက်တောင်းထဲမှ တံဆိပ်ခေါင်း အစအနတွေ တွေ့ရတယ်။ ဟိုတယ်ရဲ့ ကားဝင်၊ ကားထွက်ကို စစ်ဆေးကြည့်တယ်၊ ညတာဝန်ကျကို ပိုက်ဆံပေးမေးရတယ်၊ ပါကင်စတတ်မြို့ကနီကိုဗားဟိုတယ်ကို ပို့တဲ့ပါဆယ်ထုပ်ကို တွေ့ရတယ်။ အဲဒါကို ဘာမှမလုပ်ပါဘူး၊ ငါဟာ အမေရိကန် ပြည်ထောင်စုရဲ့ စာပို့လုပ်ငန်းကို မနှောင့်ယှက်ခဲ့ပါဘူး"

စထရင်း မျက်ရည်ဝိုင်းလာ၏။ သူ စနစ်တကျစီစဉ်ခဲ့ခြင်းဖြစ်သည်။

ဟာဒီကဆက်ပြော၏၊ "မင်းရဲ့လေယာဉ်လက်မှတ်က ပါကာ့(စ်)ဘက်ကို ညွှန်ပြနေတယ်။ မှတ်ပုံတင်ကလည်း ဟုဂသ်လို့ဖော်ပြထားတယ်" ဟာဒီ ကဒ်ပြရင်း ပိုက်ဆံအိတ်နှင့် Ailegheny စာအိတ်ကို ကောက်ယူပေးလိုက်သည်။ "ငါလုပ်တာ မပိုင်ဘူးလားကွ"

စထရင်း ဘာမှမပြောပေ၊

"မင်း - နောက်ကို တို့လိုက်နေတာ နှစ်နှစ်ရှိပြီ ပါကာ(စ်)ဘာ(သ်)မှာ မင်းရဲ့ပါဆယ်ထုပ်ကို ခြေရာခံမိလိုက်တယ်၊ အဲဒီမှာ သိပ်ကို ကြီးကျယ်တဲ့ ဒင်္ဂါးစုဆောင်းခြင်းလုပ်ငန်းအကြောင်း သိလာရတယ်"

စထရင်းသည် လက်နက်ယူမလာမိသဖြင့် သူ့ကိုယ်သူ အပြစ်တင်မိ၏။ သူသည် လက်နက်ကို မနှစ်သက်ပေ၊ သူ့အတွက် လက်နက် ဆောင်ရန် မလိုအပ်ဟု ထင်ခဲ့၏။ တကယ်တော့ လူတစ်ယောက်သည် သတိအများကြီးရှိဖို့လိုသည်။ ယခုလို အေးအေးဆေးဆေးစကားပြော နေသော ဘာရက်ကာသေနတ်နှင့် သူပြင်းခုန်ရန် မဖြစ်နိုင်တော့ပေ။ "ဘယ်လို . . ."သူ စကားမ ပြောနိုင်အောင် တစ်စို့နေ၏။

"မင်းကိုဘယ်လို တွေ့သလဲ ဟုတ်လား" လူဝကြီးက ခပ်ပြုံးပြုံးမေး၏၊ "ငါ့အဖော်နဲ့ လက်ကိုင်ရေဒီယိုအဆက်အသွယ်ရှိတယ်၊ ကံကောင်းတာလည်းပါတာပေါ့ကွာ၊"

"ခင်ဗျားက ပြည်နယ်ရဲတပ်ဖွဲ့ကလား"

လူထွားကြီးက ရယ်တော့သည်။

" ဟော့ မင်း အမှတ်သညာ နည်းလှပါလား စထရင်း"

"ဝီးလ်ဟိုးလ်ဖို့ဒ်"

"အေး - မင်းမှတ်မိသွားပြီ၊ မင်းထောင်ကျတုန်းက ကြေးပြားတွေ အတူစုခဲ့တဲ့ မိတ်ဆွေလေ၊ ငါလူးဝစ္စဘတ်ထောင်ထဲမှာ ရှိနေကတည်းက စပဲရိုးဆိုတာ မင်းဖြစ်မှန်းသိတယ်၊ မင်းဟာ ဇီးကွက်တစ်ကောင်လို ရှုးသွပ်တတ်တယ်၊ ဒါပေမယ့် မင်းကို ခြေရာခံရတာ တော်တော်ကြာတယ်၊ မင်းဟာ တော်တော်ပါးနပ်တယ်၊ ဒါကြောင့် ငါ. . မကျွမ်းကျင်တဲ့ အရာကိုသိတဲ့ အဖော်တစ်ယောက်ကို ရှာခဲ့ရတာပေါ့"

"လော်ရယ်လား" စထရင်းက မေးသည်။

"မင်းမေးနေတဲ့ လော်ရယ်ဆိုတာ ဘယ်သူလည်း၊ မင်းကြောင့် မှောက်သွားတဲ့ ကားထဲမှာ မင်းမိတ်ဆွေတစ်ယောက်ပါတယ်၊ ကင်းဆက်မြို့က အိတ်အမ်လူကာပေါ့၊ သူဟာ နာမည်ကျော် ရှုဗင်အာမေတိတ်ရဲ့ မိတ်ဆွေတစ်ယောက်လည်းဖြစ်တယ်၊ ငါနဲ့ လုကာဟာ ကြေးပြားအတော်များများကို စုဆောင်းနိုင်ခဲ့တယ်၊






မင်းရဲ့စုဆောင်းတဲ့ကြေးပြားတွေဟာ တန်ဖိုးမရှိ ဖြစ်သွားလိမ့်မယ်"

ဒီလိုပဲ အဆုံးသတ်ရပေမည်။ ဂျာဂိုစထရင်းသည် နှစ်ပေါင်းအစိတ်တိတိလမ်းပေါ်တွင် ကျင်လည်ခဲ့ရ၏။ ကြေးပြားပေါင်းစုဆောင်းသည့် ပညာရပ်တွင် ပြိုင်ဘက်ကင်းခဲ့၏။ အကောင်းဆုံးဖြစ်ခဲ့၏။ ယခုတော့ ကားရပ်သည့် ကွက်လပ်ဘေးတွင် ကယ်သူကင်းမဲ့စွာ ရပ်နေရလေပြီ၊ သူ၏ကြေးပြားပြတိုက်မှာလည်း အကောင်ပေါ်လာတော့ မည်မဟုတ်ပေ၊ သူ၏ခြေသလုံးအိမ်တိုင်ဘဝသည် အချည်းအနှီး ဖြစ်ခဲ့လေပြီ၊ သူ၏ပိုင်ဆိုင်မှုသည် တာဝါစကီဆိုင်ကယ်တစ်စီးနှင့် ကိုယ်ပေါ်မှ အပြာရောင်လုပ်ငန်းရှင်ဝတ်စုံတစ်စုံသာ ရှိတော့၏။ သူ ရှိုက်မိသည်။

"ပါးစပ်ပိတ်ထားစမ်း" ဟိုးလ်ဖို့ဒ်က ပြောသည်။

စထရင်း ဂရုမစိုက်ပေ။ သူ့ဘဝတစ်ယောက်လုံး စွန့်စားမှုကို ရှောင်ခဲ့၏။ သူ့အလုပ်ကို အေးဆေးစွာဆောင်ရွက်နိုင်ခဲ့၏။ လူကာ နှင့် ဝီးလ်ဟိုးလ်ဖို့ဒ်တို့မှာ ကြေးပြားစုဆောင်းသူများ မဟုတ်ပေ။ ခေါင်းပုံဖြတ်သမားများ၊ သူခိုးများ၊ အခွင့်အရေးသမားများ၊ ဓားရှူးအပေါ်များသာဖြစ်ကြ၏။ ယခုတော့ သူလွတ်မြောက်ရေးအတွက် ကြိုးစားရမည်။ ရှေ့သို့ခုန်ပြီးသေနတ်လုရန် ကြိုးစား၏။


တကယ်တော့ သေနတ်ဆီသို့မရောက်ပါ၊ ပေါက်ကွဲသံမှာ ကျယ်လောင်သော်လည်း ခပ်အုပ်အုပ်သာ ထွက်လာသည်။ ဂျာဂိုစထရင်း၏ ကိုယ်လုံးသည် အနီရောင်မော်တော်ဆိုင်ကယ် နံဘေးသို့ လဲကျသွားလေ၏။





# မက်ဂျီမုန်တိုင်း ရက်စက်လေ အားကြေကွဲရစ်ရပြီ

မောင်မောင်(မြန်မာပြည်)



အဏ္ဏဝါသည် ဒေါသဖြင့် ဆူပွက်လျက်ရှိချေပြီ။ လှိုင်းအခြောက်မှာ လေနှစ်ကြောင်းညှပ်တိုက်လာသဖြင့် သင်္ဘောမှာအလူးအလဲခံနေရသည်။ အပြောကျယ်လှသော အဏ္ဏဝါအောက်သို့ နစ်မြုပ်ပျက်စီးရချေတော့မည်လော။

တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ရေလှိုင်းများက ရိုက်ခတ်ခြင်းကို လှုးလှိုမ့်ကာခံစားနေရသော သင်္ဘောကြီးထက်က ကယ်ကြပါ အော်ဟစ် ငိုသံများက ထိတ်လန့်စရာတည်း။ သေမင်းတမန်မုန်တိုင်း၏ အောက် တွင် မနုဿလူသားတွေအား ရေအောက်သင်္ချိုင်းအောက်ထိ ရက်စက်စွာ ဆွဲခေါ်နေတော့သည်။

"အား. . . အမလေး. . . ကိုမောင်ကြီးရယ်"

"မသီတာ. . . သီတာ ဘာဖြစ်တာလဲဟင်"

"ရှင်. . ကိုမောင်ကြီး ရှင်ဘာမှမဖြစ်ပါဘူးနော်"

"မသီတာရယ် အိပ်ပျော်တုန်း ကြောက်လန့်တကြား ဘာလို့ အမလေးလို့ အော်တာလဲ"

"ကြော်. . . တော်သေးရဲ့ အိပ်မက်ကိုး. . . ဟင်း"

"ကဲ. . . ရော့ မသီတာ ရေသောက်လိုက်ပြီးတော့ ပြန်အိပ် ကွယ်၊ တော်ကြာ သားငယ်လေး နိုးလာပါ့မယ်"

မသီတာမြင်မက်သည့် အိပ်မက်ဆိုးကိုတော့ ကိုမောင်ကြီးကို ပြန်မပြောထွက်ပါချေ။ ကိုမောင်ကြီးက သင်္ဘောပြန်လိုက်ရန် ရက်ပိုင်း မျှသာလိုတော့သည်ဖြစ်၏။ ကိုမောင်ကြီးက မသီတာနှင့် အိမ်ထောင်ကျ ပြီးနောက်ပိုင်း သင်္ဘောပေါ် ပြန်မတက်ဘဲနေခဲ့သူဖြစ်၏။ ဘယ်သူမဆို မိမိတို့ ချစ်ခင်တွယ်တာသူများနှင့် ဝေးကွာသော အရပ်ဒေသသို့ခွဲခွာ ပြီးမသွားချင်ကြပါချေ။





ကိုမောင်ကြီး ကားဝယ်ရောင်းလုပ်ငန်း ပြောင်းလုပ်၏၊ မိသားစုနည်းသည်မို့ မသီတာတို့ပိုင်တိုက်အိမ်လေးအား ရောင်းချပြီး ကိုမောင်ကြီး ပိုင်ဆိုင်သော ဘောက်ထော်ခြံနှင့်တိုက်သို့ ပြောင်းရွှေ့နေ ထိုင်ခဲ့ကြ၏၊ မသီတာက ကျောင်းဆရာမလုပ်၏၊ မသီတာ၏ အမေကြီး မှာလေဖြတ်ထားသဖြင့် ဂိလာနရောဂါသည် ဖြစ်နေခဲ့သည်၊ ကိုမောင် ကြီးကတော့ သူ့အမေရင်းလိုပင် ပြုစုယုယခဲ့၏၊

သို့သော် မိမိတို့ကံကြမ္မာဝဋ်ကြွေးများက ပြန်လည်ပေးဆပ်ခဲ့ ဖို့အကြောင်းဖန်လာသည်ထင်၏၊ မသီတာ၏ မိခင်ကြီး ဆုံးပါးပြီးမှ မသီတာ အသက်(၄၀)ကျော်စွန်းမှ သားငယ်လေး မွေးဖွားခဲ့ပေသည်၊ မသီတာအား မိခင်ကြီးမွေးဖွားစဉ်အခါကလည်း ထိုသို့ပင် အသက်လေး ဆယ်ကျော်ပါမှ မွေးဖွားခဲ့ခြင်းပါပေ၊ သားသမီးလိုချင်နေကြသည်မှာ ယခုတော့ သားငယ်လေးရှိလာပြီမို့ ကိုမောင်ကြီးတစ်ယောက် သူစွန့်ပစ် ထားခဲ့သော ဝင်ငွေကောင်းသည် သင်္ဘောလုပ်ငန်းကို ပြန်လုပ်ကိုင်ရန် သူစဉ်းစားရတော့သည်။ သူသည် သင်္ဘောအရာရှိတစ်ဦးဖြစ်၍ သင်္ဘော ပြန်တက်ရန်အတွက် အခက်အခဲသိပ်မရှိလှပေ၊ မသီတာကတော့ မလိုက်ပါစေချင်ပေ။

လူ့ဘဝကံကြမ္မာဆိုသည်မှာ ရှေ့ဘာတွေဖြစ်မည်ပင် မသိနိုင် သောကိစ္စပါပေ၊ သေရမည်ဆိုက ထိုလမ်းကိုမည်သူမျှ သွားမည်မဟုတ် ပါချေ၊ သူသူကိုယ်ကိုယ် ပုထုဇဉ်လောကီသားတွေမို့ ချစ်သူခင်သူတွေ နှင့်ကွေ့ကွင်းဝေးကွာမသွားလိုကြချေ၊ ရှေးဘဝဘဝများစွာက မိမိတို့ ပြုလုပ်ခဲ့သော ကောင်းမှုမကောင်းမှုများ အကျိုးကိုယခုဘဝတွင် ပြန် လည်ခံစားကြရလေ၏။ ကိုမောင်ကြီးက သားငယ်လေး၏ရှေ့ရေးကို မျှော်တွေးကာ သင်္ဘောပေါ်သို့ ပြန်တက်အမှုထမ်းခြင်းဖြစ်၏၊

သင်္ဘောသားဖြစ်ဖို့ရာမှာလည်း လွယ်ကူသည်တော့ မဟုတ် ပေ၊ ငွေကြေးအကုန်အကျခံနိုင်မှ ဖြစ်နိုင်၏၊ ကိုမောင်ကြီးက ယခင် ကတည်းက သင်္ဘောအရာရှိ တစ်ယောက်မို့ သင်္ဘောပြန်တက်ရန် အခက်အခဲမရှိခဲ့ပါ၊ အရာရှိလစာဝင်ငွေမှာ ကောင်းသည်မို့ ကိုမောင် ကြီး သင်္ဘောပြန်လိုက်ခဲ့ခြင်းကို မသီတာတားလို့မရပေ၊ သားငယ်လေး ရှေ့ရေးအတွက်မို့သာလိုက်ပါခွင့် ပြုခဲ့ရသည်၊ အိမ်မှာက မိမိတို့သား

အမိနှစ်ယောက်တည်းသာ ကျန်ရစ်သည်မို့ ခါးသည်းသော အလွမ်းဒွေး ဝေဒနာများကို ခံစားရင်းငြေသိမ့်နေရတော့၏။

ကိုမောင်ကြီးတလည်း မိသားစုနှင့် ခွဲခွာသွားလိုသူ မဟုတ်ချေ၊ သင်္ဘောဆိပ်ကမ်းကပ်သည်နှင့် မိသားစုထံ ဖုန်းဆက်ရသည်က မမော မပန်းပါချေ၊ သူ၏သားငယ်လေးအသံကို ဖုန်းထဲမှကြားနေရသည်နှင့် လွမ်းဆွတ်တမ်းတမှုတွေက ပြေပျောက်သွားတော့၏၊ ထိုင်ဝမ်ကျွန်း၊ ဟောင်ကောင်ကျွန်းနှင့် ဖိလစ်ပိုင်ကျွန်းစုများ ဖယ်အိုးပုံသဏ္ဍာန်ရှိသော အရပ်သည်ကား သင်္ဘောကြီးများ၏ သချိုင်းမြေဒေသဟု သတ်မှတ်ထားကြ၏။

တောင်တရုတ်ပင်လယ်(South China Sea)အရပ်ဖြစ်ပြီး၊ မုန်တိုင်းရာသီချိန်ဖြစ်သော ဘာလေးဘာအလဲများ(စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)သည်ကား တိုင်ဖွန်း(Tai Foon)ရာသီချိန်ကည်း၊ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ချိန်ဆိုပါက နှစ်စဉ်ပင်လယ်ကူးတုန်သင်္ဘောကြီးများ နစ်မြုပ်နေခဲ့ရမြဲပါပေ၊ သင်္ဘောသားတို့ အသက်များစွာ စတေးရ မြဲတည်း၊

ကိုမောင်ကြီးတို့သည် တစ်ကြိမ်လိုက်ပါ အမှုထမ်းရွက်ရသော သင်္ဘောသည် ဘိလပ်မြေမှုန့်တင်သင်္ဘော(Cement Carririer) ဖြစ်ပြီး၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် တရုတ်ပြည်မကြီး၊ ကိုရီးယားသို့သာ ဆိုက်ကပ်၏၊ ဟောင်ကောင်ကျွန်းမြို့သို့ သင်္ဘောဆိုက်ကပ်ကိုင်း ကိုမောင်ကြီးက မိမိတို့မိသားစုထံသို့ ဖုန်းဆက်စကားပြောမြဲပါပေ၊ ဖုန်းဆက်ပြောသည်နှင့် သားငယ်လေး၏ တီတီတာတာ 'ဖေကြီး'ခေါ်သံကို သူကြားလိုမိပါသည်၊ သားငယ်လေးနှင့်အတူ သူဆော့ကစားမြဲမို့လည်း သားငယ်လေးအတွက် ဟောင်ကောင်မှ ကလေးကစားစရာများပင် သူဝယ်ထားပါသေးကြောင်း ဆိုပါသေး၏၊ ကိုမောင်ကြီးက အသောက်အစားအပျော်အပါး ကင်းသူမို့ ရသမျှလစာငွေများကို ချွေတာစုဆောင်းထားနိုင်သူတည်း၊

တချို့ကတော့ လူမသေငွေမရှားဟုဆို၏၊ လူမသေသေးသရွေ့ အလုပ်လုပ်နေပါက ငွေဆိုသည်က အမြဲမပြတ်ဝင်ရောက်ရရှိနေမည်သာဖြစ်၏၊ မိမိတို့ရရှိသော ဝင်ငွေနှင့်ပင် တိုက်တာခြံဝင်းနှင့်







နေထိုင်နိုင်ခဲ့ပြီမဟုတ်ပါလား၊ ဘဝကိုပိုပြီး ပြည့်စုံကြွယ်ဝချင်သည်က လူတိုင်းတွင်ရှိပါသည်၊ မိမိတို့သားသမီးများကို ဆင်စီးပြီး မြင်းရံသည်ကို မြင်တွေ့ချင်မိကြ၏၊ ဆင်နင်းပြီးမြင်းကန်ခံရသည်ကိုတော့ မမြင်မတွေ့ကြုံလိုကြပါချေ၊

ကိုမောင်ကြီးကတော့ မသိတာ အိပ်မက်နိမိတ်ပုံကို မယုံကြည်ပါချေ၊ စိတ်စွဲလန်းခြင်းကြောင့် အိပ်မက်မက်ရခြင်းဟုသာ သူမှတ်ယူထား၏၊ သင်္ဘောသားဆိုသည်က သင်္ဘောတစ်ခေါက်လိုက်ပါဖို့ကိုပင် နှစ်လကြာရှည်စွာ စောင့်ဆိုင်းရသူတွေလည်းရှိ၏၊ ငွေကြေးပေးပြီး အခုလိုက်ပါချင်လို့မရပါချေ၊ သင်္ဘောတွင် မိမိလိုက်ပါမည့် ရာထူးအတွက် လစ်လပ်နေပါမှ ခေါ်ယူခြင်းပါပေ၊ ဘာသင်္ဘောဆိုသည်လည်း ရွေးနေဖို့မလို၊ သင်္ဘောလိုက်ပါရပါက လစာငွေဝင်ငွေရရှိမည် မဟုတ်ပါလား၊

မောင်ကြီးတို့ ... ဆက်သွယ်မှုပြုလုပ်ခဲ့ပေသည်၊ ပေ... ... အိမ်သို့ အမြဲတစေ ဖုန်းသို့ သင်္ဘောဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ... မှနေ ထိုင် ... သင်္ဘောသား လူကြုံနှင့် သားငယ်အတွက်သူဝယ်ထား ... မှပြန်မည် အရုပ်များပေးလိုက်မည်ဟု စိတ်ကူးရှိထား၍ အတွေးနှင့် ... စားစရာ ... ချင်နေမိပါတော့သည်၊ ... သာပျော်

သဘာဝဘေးအန္တရာယ်ဆိုသည်က ကြိုတင်မြင်သိနိုင်ဖို့ မလွယ်ပါချေ။ လူ့စိတ်အတိုင်းပါပေ။ ကောင်းနေရာမှ ခဏအကြာတွင် စိတ်ဆိုးတတ်သလိုတည်း။ မက်ဂိုမုန်တိုင်းက ဖိလစ်ပိုင်ကျွန်းဘက်အနီး အနားမှ အစဖျိုးတိုက်ခတ်လာချိန်တွင် သူတို့သင်္ဘောက တိုင်ဝမ်ကျွန်းသို့ရှေ့ရှုထွက်ခွာလာခဲ့ပြီဖြစ်၏။ မက်ဂိုမုန်တိုင်းကား ပိုမိုဖအားကောင်းလာနေကြောင်း မိုးလေဝသ သတင်းပေးပို့ချက်ရချိန်တွင်တော့ သင်္ဘောသည် ထိုင်ဝမ်ကျွန်းနှင့်မိုင်(၁၁၀)ကျော် အကွာအဝေးသို့ပင် ရောက်ရှိနေပြီဖြစ်တော့သည်။

တိုင်ဖွန်းမုန်တိုင်းက ဖိလစ်ပိုင်ကျွန်းစုမှ နေလမ်းကြောင်းပြောင်းသွားကာ ထိုင်ဝမ်ကျွန်းကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ပါတော့၏။ တောင်တွေပြိုရေတွေကြီးနှင့် လူအချို့သေကြေပြီး အိုးအိမ်များပါဖျက်စီးပြီး ပင်လယ်ပြင်သို့ မုန်တိုင်းက ဝမ်းသာကျေနပ်အားရစွာ ထွက်ခွာလာတော့၏။ ထိုအချိန်တွင် ကိုမောင်ကြီးတို့ သင်္ဘောက ထိုင်ဝမ်ကျွန်းနှင့် မိုင်(၉၀)သာကွာဝေးပြီး မုန်တိုင်းလမ်းကြောင်းအတွင်း ကျရောက်လျက်ရှိသဖြင့် လွတ်လမ်းမမြင်တော့ပေ။

သင်္ဘောမာလိန်မှူးက သင်္ဘောစွန့်ခွာရန် (ABANDON SHIP) အမိန့်ပေးခဲ့ပြီမို့ သင်္ဘောစွန့်ခွာရန် အသက်ကယ်လှေ(Life Boat) အား၊ ပင်လယ်ပြင်ထဲ ရေတူးရန်သင်္ဘောသား ပြုလုပ်ဆောင်ရွက်ကြစဉ် ကိုမောင်ကြီး ဟစ်ယောက်လည်း ပါဝင်ခဲ့၏။ သို့သော် အသက်ကယ်လှေချစပြုနေစဉ်ကို မောင်ကြီးက "ငါ့ကိုမစောင့်နဲ့ဟော့ သင်္ဘောခန်းထဲမှာ ယူစရာကျန်နေသေးလို့" ဆိုကာ သင်္ဘောအခန်းများဘက်သို့ ပြန်ဝင်သွားခဲ့၏။ လှိုင်းလေကြားမှ အသက်ကယ်လှေ ရေချဖို့ဆိုသည်က လွယ်တူလှသောကိစ္စ မဟုတ်ပေ။ လှိုင်းလေဘယ်ညာလူးလွန့် သင်္ဘောကြီးစောင်းစဉ် ချခဲ့ကြရ၏။

ရေပြင်ပေါ် အသက်ကယ်လှေ ရောက်သည်နှင့် နစ်မြုပ်တော့မည့် မိမိတို့သင်္ဘောအနီးတနေ ဝေးရာသို့ တက်တုန်လှော်ခတ်ကြရပေသည်။ နို့မဟုတ်ဆိုပါက သင်္ဘောကြီးနစ်မြုပ်ပြီး ရေဝဲဂယက်တွင်းသို့ကျရောက်ကာ သေမင်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါရမည်ဖြစ်၏။ အခြားသင်္ဘောများနှင့် မိမိတို့သင်္ဘောက မတူပါ၊ ဘီလပ်မြေမှုန့်များသည် သိပ်သည်းဆများပြီး ရေထဲတွင် ပျော်ဝင်သည်မို့ နစ်မြုပ်မှုမြန်ဆန်လှတော့၏။ မိမိတို့ပင် သီသီလေးလွတ်မြောက်ခဲ့ကြရ၏။





ကမ်းခြေစောင့် လုံခြုံရေးတပ်ဖွဲ့များက စစ်ရေယာဉ်များ ရဟတ်ယာဉ်များပါ အသုံးပြုပြီး၊ ပင်လယ်ပြင်ပေါ်ရှိ အသက်ဘေးအန္တရာယ်ကြားရောက်နေသော သင်္ဘောသားများကို ကယ်တင်ခဲ့ကြပါသည်။ မက်ဂို(MAGG)၊ မုန်တိုင်းကြောင့် သင်္ဘောကြီးလေးစီး နစ်မြုပ်ခဲ့ပြီး မြန်မာသင်္ဘောသား(၁၇)ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဖော်ပြပြီး ပင်လယ်ပြင်ထဲ ပျောက်ဆုံးနေသော သင်္ဘောသားများကိုတော့ ဆက်လက်ရှာဖွေနေဆဲဟု သတင်းများတွင် ဖော်ပြပါရှိလာ၏။

မသီတာတစ်ယောက် ပဋာမြေလူးဖြစ်ရပြီး ဆောက်တည်ရာမရတော့ချေ။ သင်္ဘောနစ်မြုပ်ရာမှ အသက်ကယ်သင်္ဘောနှင့် လိုက်ပါကာ ကမ်းခြေစောင့်တပ်ဖွဲ့မှ ကယ်တင်ပြီး ရန်ကုန်သို့ကိုမောင်ကြီး သင်္ဘောက သင်္ဘောသားနှစ်ယောက်က ကိုမောင်ကြီး အကြောင်းပြန်ပြောသည်ကို မသီဟာမယုံကြည်နိုင်ပဲရှိရ၏။ ကုမ္ပဏီကလည်း ကိုမောင်ကြီး၏အလောင်းအား ပင်လယ်ပြင်တွင်း(၅)ရက်ကြာ ရှာဖွေသော်လည်း မတွေ့သေးဟုဆို၏။



မသီတာအား အသိမိတ်ဆွေ အသိုင်းအဝိုင်းကလည်း ဟို ပေဖင်သိပ်မှန်၊ သည်ကအကြားအမြင်စသည်ဖြင့် လင်ယောကျ်ား အသက်ရှင်လျှက် ပြန်ရောက်လာနိုင်ရေးအတွက် ယတြာတွေချေရ၏၊ ဟိုကို အချိန်မီအတွင်း မီးပူဇော်ရ ရေသပ္ပာယ်ရနှင့် ဗျာများနေရပါတော့၏။ ဟုတ်သည် ပေဖင်များတလည်း မသီတာအကြိုက် မသေသေး အသက်ရှင်လျက်ရှိနေသည်၊ တစ်ပတ်အတွင်းပြန်ရောက်မည် ဆိုကြသည် မဟုတ်ပါလား။ မသီတာထံသို့ အစ်ကိုဝမ်းကွဲတော်သူ သင်္ဘောသားဘဝကို စွန့်လွှတ်ပြီး ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သော အရှင်ဦးဝိစာရက ကညွတ်ကွင်းမြို့မှ ကြွရောက်လာခဲ့ပြန်၏၊

သူကကိုယ့်ညီမလေး သောကဗျာပါဒ မီးတောက်နေသည်ကို လိုက်လျှောစကား၊ ဖြေသိမ့်စကားမဆို၊ တရားနှင့်သာဖြေခိုင်းပြီး ကိုမောင်ကြီးအတွက် ကောင်းမှုကုသိုလ်များသာ လုပ်စေ၏၊ အရှင်မြတ်ကလည်း သင်္ဘောအတွေ့အကြုံအရ သင်္ဘောနစ်မြုပ်ရာ သင်္ဘောကြီးအတွင်းပါသွားသဖြင့် အလောင်းရှာဖွေမရနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသင်္ဘောပျက်အား ရှာဖွေတွေ့လျှင်တော့ ကိုမောင်ကြီးအလောင်း ပြန်ရမည်မှာသေချာသည်ဟု ဆို၏၊ မသီတာက လက်မခံလိုပါချေ၊ ကိုမောင်ကြီးအသက်ရှင်ပြီး အိမ်ပြန်ရောက်စေချင်ပါသည်၊ သင်္ဘောမလိုက်ခိုင်းတော့ပါ၊ ငွေဆိုသည်က လူမသေသေးသရွေ့ ရှာဖွေနိုင်ပါသည်၊

သင်္ဘောကုမ္ပဏီမှ (၁၀)ရက်ခန့်အကြာတွင် သင်္ဘောပျက်မှာ ကိုမောင်ကြီးအလောင်း ရှာဖွေတွေ့ရှိခဲ့ပြီမို့ အလောင်းအား တိုင်ဝမ်မှာပင် သင်္ဂြိုဟ်ပေးလိုက်ကြောင်း မှတ်တမ်းဓာတ်ပုံများ ပြသခဲ့ကြ၏၊ ကိုမောင်ကြီးသေပြီကို မယုံကြည်လို့လည်း မရတော့ချေ၊ သင်္ဘောကုမ္ပဏီက ကိုမောင်ကြီး သင်္ဘောပေါ် တာဝန်ထမ်းဆောင်နေရင်း အသက်ဆုံးရှုံးခဲ့သည်မို့ နစ်နာမှုလျော်ကြေးငွေများ ဆောင်ရွက်ပေးမည်ဆို၏၊ မြန်မာ့အာမခံဌာနမှလည်း အသက်အာမခံကြေးငွေ သင်္ဘောသားတို့ သင်္ဘောပေါ်သို့မသွားရောက်ခင်က ကျပ်ငွေ(၅)သောင်းပေးသွင်းခဲ့ရသဖြင့် မုန်တိုင်းကြောင့် သင်္ဘောနစ်မြုပ်ရာတွင် သေဆုံးခဲ့ကြောင်းမှန်ကန်ပါက လျော်ကြေးငွေ အသက်အာမခံအတွက် ကျပ်သိန်း (၅၀)ပေးမည်ဟုဆို၏၊





စာရေးသူတို့ သင်္ဘောသားဘဝမှာ လစာများ ကုမ္ပဏီက မရလို့ တိုင်တမ်းမှု ... သင်္ဘောနစ်မြုပ်ရာတွင် အသက်သေဆုံးမှုအတွက်နစ်နာကြေးရလိုမှုများ၊ တာဝန်ထမ်းဆောင်နေရင်း ထိခိုက်ဒဏ်ရာဖြစ်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းရမှုအတွက် လျော်ကြေးငွေရလိုမှုများစသည်ဖြင့် အမှုပေါင်းများစွာ ကြုံတွေ့ရတတ်ပါသည်၊ မသီတာတစ်ယောက်အသိတရား ရရှိပြီဖြစ်တော့၏၊

ကိုမောင်ကြီးအတွက် ရက်လည်ဆွမ်းသွပ်ပြီး အမျှပေးစေရတော့၏၊ ကိုမောင်ကြီး ရောက်ရာဘုံဘဝမှနေ၍ ပြုပြုသမျှ ကောင်းမှုကုသိုလ်အဝဝအား ရရှိပါစေသော်၊ ကိုမောင်ကြီးရေ. . . . အမျှ. . . အမျှ. . . အမျှ. . ၊

မောင်မောင်(မြန်မာပြည်)


ဘနှင်း (မြန်မာပြန်)

သူတို့ဆီက

ဖြစ်ရပ်ဆန်းကြယ်

သမိုင်းဝင်မှုခင်းများ

ဂန္ဓဝင်မြောက် လူသတ်မှု (၁၀)မှု အားလုံးသည် ကျေးလက် ဒေသတွင် ဖြစ်ခဲ့ကြသည်၊ ဓာတ်လမ်းတစ်ပုဒ်ချင်းအတွက် ရဲ အမှုတွဲဖိုင်များနှင့် တရားရုံး မှတ်တမ်းမှရသော ဖြစ်ရပ်မှန်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်၊

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၂၀၆၁၁



စိတ်ကူးချိုချို အနုပညာမှ ထုတ်ဝေပါမည်။

# နန္ဒစိုး

လောကနီတိ စိန်ဘန်း

နှင့်

# မြွေဟောက် မာယာ

- လျှို့ဝှက်ဆန်းကြယ်
- တုန်လှုပ်ချောက်ချား အံ့ဩဖွယ်ဝတ္ထုကြီး
- ဖတ်ပြီးသည်နှင့် ... ဝတ္ထုဆိုသည်မှာ ... ?

ထွက်တော့မည်

စာမူခွင့်ပြုချက် – ၅၀၁၀၁၆၀၈၁၁





"လောကနီတိစိန်ဘန်း" ပါဝင်ပတ်သက်ခဲ့ရသည်။ ဤဖြစ်စဉ်ဇာတ်လမ်းတွင် ကိုလိုနီနယ်ချဲ့ခေတ်လူဆိုးလူမိုက်တို့၏ ရက်စက်ကြမ်းကြုတ်မှု၊ ကောက်ကျစ်ယုတ်မာမှု၊ ဒုစရိုက်သားတို့၏ လောက၊ ဒေါသ၊ မောဟ ဖုံးလွှမ်းမှုမှုတစ်ဆင့် အကွေ့၊ အလိမ်၊ မြှုပ်ကွက်၊ လှည့်ကွက်၊ သည်းထိတ် ရင်ဖို စွန့်စားမှု အစုစုတို့ကို ချစ်လှစွာသော စာဖတ်ပရိသတ်များ ဖတ်ရှုရမည်ဖြစ်သည်။

ယင်းသို့ဖတ်ရှုပြီးနောက် အရေးအသား၊ ဇာတ်လမ်းမှအစ လိုအပ်သည်များ ဝေဖန်အကြံပြုမှုများကို လှိုက်လှဲဝမ်းသာ လေးစားစွာ လက်ခံကြိုဆိုလျက်ရှိပါကြောင်း ......

လောကနီတိစိန်ဘန်း စွန့်စားစုံစမ်းထောက်လှမ်းဖြစ်စဉ်ဇာတ်လမ်းများ ဆက်တိုက်တင်ပြသွားပါမည်။ စောင့်မျှော် ဖတ်ရှုအားပေးကြပါရန်။







မင်းရွှေသိန်း
(ဇင်းကျိုက်)

# ဓားပြအစမ်း တိုက်ကြည့်ခြင်း

ကဆုန် နယုန် မိုးသံစုံရုံမျှမက နေ့တသဲသဲ၊ ညတဖွဲဖွဲနှင့် ရွာလိုက်သည်မှာ သုံးလေးရက်ပင် ကျော်ခဲ့ပြီးထင်ပါသည်။ မိုးအေးအေးနှင့် ကွေးအိပ်ရန် အကောင်းဆုံးအချိန်ဖြစ်သော်လည်း၊ ညဥ့်နက်သန်းခေါင်ကျော်ချိန်တွင် ယခုကဲ့သို့ မိုးရေရွဲရွဲ ရွှံ့ဗွက်အလူးလူးနှင့် ချီတက်ရခြင်းသည် ဒုရဲအုပ် ဓာတ်ခဲ တို့လို ရဲတပ်ဖွဲ့ဝင်များအတွက် ထူး၍မဆန်းသောအလုပ်ဟုပင် ဆိုရပေတော့မည်။ အမှုအခင်းဆိုသည်ကလည်း နေ့ခင်းကြောင်တောင်ထက် အထူးသဖြင့် ညဘက်လူသူအသွားအလာနည်းကာ မှောင်မိုက်တိတ်ဆိတ်ချိန်များတွင်သာ အဖြစ်များလေ့ရှိကြသည်မှာ သဘာဝပင် မဟုတ်ပါလား . . .။

"တပ်မှူးချောင်ကွင်းထဲက လယ်တဲကို ညဥ့်ဦးပိုင်းက ဓားပြတိုက်သွားတယ်ဆရာ၊ သေနတ် လေးငါးချက်တောင် ဖောက်သွားတာ ဆူညံနေရောပဲ။ ဟုတ်ကဲ့. . . လယ်တဲဆိုတော့ အဖိုးတန်ပစ္စည်း ဘယ်ရှိမှာလဲ။ ဘဲဆယ်ကောင်၊ ဆန်ခြောက်ပြည်လောက်။ ပြီးတော့ ဒန်အိုးဒန်ခွက် အဟောင်းသုံးလုံးနဲ့ စောင်အဟောင်းနှစ်ထည် ယူသွားကြတယ်ဆရာ။ ဓားပြသုံးယောက်လောက်ဖြစ်မယ်ပြောတာပဲ။ မှောင်လည်းမှောင်၊ မိုးတဖွဲဖွဲဆိုတော့ လျှပ်စီးရောင်ထဲ သိပ်တော့ သဲသဲကွဲကွဲ မြင်ရတာမဟုတ်ဘူးတဲ့။ သေ. . . သေနတ်အရှည်တွေပါတာတော့ သတိထားလိုက်မိတယ်တဲ့ဆရာ. . ."



ညဥ့်သန်းခေါင်နီးချိန်၊ မိုးကစိ [illegible] ရွာနေစဉ် ဂစ္ဆာဂိရိရဲတပ်ဖွဲ့စခန်း . . . ရောက်လာကြသော ဓားပြတိုက်ခံရသည့် တဲရှင် ကိုထိန် နှင့် ရယကဥက္ကဋ္ဌတို့ထံမှ ရရှိသော သတင်းဖြစ်သည်။ သတင်းအပေါ် ယုံတစ်ဝက် မယုံတစ်ဝက်နှင့် ဒုရဲအုပ်ဓာတ်ခဲ အတော်တွေးရခက်ပုံပေါက်သွားသည်။ ဂစ္ဆာဂိရိစခန်း နယ်မြေထဲတွင် ဓားပြမဆိုထားနှင့်၊ သူခိုးနှင့်ပတ်သက်သော ရာဇဝတ်အမှုအခင်းတို့ပင် မရှိခဲ့သည်မှာ နှစ်ပေါင်းနည်းတော့သည်မဟုတ်ပေ။ နေ့ရောညပါ လူသူအသွားအလာမပြတ်နှင့် လမ်းပေါ်၌ ဆိုလျှင် ကားများ၊ ဆိုင်ကယ်များ တဝီဝီ။ ရှင်းရှင်းပြောရလျှင် အိမ်တံခါးဖွင့် အိပ်နိုင်ကြသည်အထိ လုံခြုံနေပြီး ဖြစ်ပါလျက်နှင့် ယခုတော့ ဓားပြတိုက်သည်ဆိုသောဖြစ်ရပ်တစ်ခုက တစ္ဆေခြောက်သလို အဘယ်ကြောင့် ပေါ်လာရသနည်း။ ဓားပြမှ ရိုးရိုးသာမန်ဓားပြမဟုတ်၊ သေနတ်တွေပင် ပါလိုက်သေးဆိုသောကြောင့် ဒုရဲအုပ်ဓာတ်ခဲ ဖြုံသလိုတောင် ဖြစ်သွားရသေးသည်။

အချင်းဖြစ်ပွားသည့် တပ်မှူးချောင်ကွင်း လယ်တဲသည် ဂစ္ဆာဂိရိရဲတပ်ဖွဲ့စခန်းမှနေ၍ အနောက်ဘက် (၅)မိုင်ခန့်ဝေးသော ပင်လယ်ကမ်းရိုးတန်းတွင်ဖြစ်သည်။ ရယကဥက္ကဋ္ဌထံမှ သတင်းရပြီးသည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တယ်လီဖုန်းဖြင့် သတင်းပို့။ နယ်ထိန်းရဲတပ်ကြပ်ကြီး မြစိုးအပါအဝင် လှည့်ကင်းအဖွဲ့ကိုခေါ်ပြီး ဒုရဲအုပ်ဓာတ်ခဲတို့အဖွဲ့ ခခန်းမှထွက်လာကြသည်မှာ သန်းခေါင်ကျော်ပြီး၍ ၀၁၃၀ နာရီပင်ရှိပေပြီ။ ဓားပြအဖွဲ့တွင် သေနတ်ပါသည်ဆိုခြင်းကြောင့် ဓာတ်မီးမသုံးဘဲ ကန်သင်းရိုးပေါ်မှ သတိဖြင့်လျှောက်လာရသဖြင့် ချော်လဲသူလဲ၊ ချောင်းရိုးထဲ မျောသူမျောနှင့် အတော်ဖင်ဖရဲနိုင်သည်ဟုပင် ဆိုရပေတော့မည်။ မိုးရက်ဆက်ရွာသွန်းထားရာ လယ်ကွက်တွေထဲ၌ပင် ရေဖွေးဖွေးလျှပ်ကာ အရာရာကို မှုန်ရေးရေးမျှသာ တွေ့နေရသည်။

"ချမ်း. . . ချမ်းလိုက်တာ ဆရာဓာတ်ခဲရာ. . .၊ တစ်ခွက်တစ်ဖလားလောက် အရှိန်ဟင်လိုက်ရရင်လား. . . ဟီး. . . ဟီး. . ."

"အရေးထဲ **ဦးပေတုံးကြီး**ကလည်း ဗျာ။ အရက်ရှိန်နဲ့ ကုလားသေ ကုလားမောအိပ်နေလို့ မနည်းနှိုးလာရတာ၊ ခုရော အမူးပြေသေးလို့လား"

"ယမကာအရှိန်ကျသွားလို့ အေးလာတာပေါ့ဟ။ ကိုယ့်မှာက ဆရာဓာတ်ခဲလို ဖက်အိပ်ဖို့ပစ္စည်းကြီး ရှိတာမဟုတ်တော့ မစ်ဝီစကီလေး၊ ဘီအီးပျို့ဖြူလေးတွေနဲ့ပဲ အနွေးဓာတ်ယူ အိပ်ရတာလေကွာ. . . ဟဲ. . . ဟဲ"

"သေ့လိုက်ပါလား၊ တိတ်တော့ဗျာ။

စကားပြောသံဟာ ကွင်းထဲမှာဆို အဝေးကြီးရောက်တာ နားမလည်ဘူးလား။ ဟိုကောင်တွေ ကြားသွားလို့ ကန်သင်းရိုးဘေးက ကပ်တီးလိုက်မှ အားလုံးဂန့်သွားမှာဗျ. . ."

သေရေးရှင်ရေးကိစ္စနှင့် သွားလာနေရင်းကပင် မှုခင်းသတင်းထောက် ဦးပေတုံးကြီးက ငွေဖောက်ကာ ရစ်နေပြန်သည်။ နီးတကျက်ကျက်ဟုဆိုသော်လည်း ယခုကဲ့သို့ မှုခင်းကိစ္စများတွင် သူမပါလှင်လည်း မပြီးပြန်။ မှုခင်းဓာတ်ပုံများ ရိုက်ကူးရာတွင် ဦးပေတုံးကြီးက အလွန်သေချာကြောင်း ဒုရဲအုပ်ဓာတ်ခဲ သိနေခြင်းကြောင့် မရမက အတင်းဝင်နှိုး၍ ခေါ်လာခြင်းဖြစ်သည်။

လက်ရှိဓားပြတိုက်မှုနှင့်ပတ်သက်ပြီး ဒုရဲအုပ်ဓာတ်ခဲအနေနှင့် ရှုထောင့်ပေါင်းစုံမှ ဆက်စပ်စဉ်းစားကြည့်ရာတွင် ကြာလေ ယုတ္တိကင်းမဲ့လာလေနှင့် အဖြေတစ်ခုရရန် အတော်မလွယ်လှပေ။ သေနတ်ကိုင်နိုင်သော ဓားပြများဖြစ်လျက်နှင့် ရွာတွေနှင့်ဝေးပြီး လယ်ကွင်းထဲထီးထီးသာရှိသည့် အလွန်ချို့တဲ့သော လယ်တဲကိုမှ အဘယ်ကြောင့် ရွေးချယ်တိုက်ရသနည်း။ ရသမျှ သိမ်းကြုံးယူသွားသည်က သူတို့လက်နက်တွေနှင့်ပင် မတန်သော အသေးအဖွဲ အစုတ်ပလုတ်ပစ္စည်းများသာ။ နောက်တစ်ချက် စဉ်းစားစရာက လက်နက်ကိုင်အဖွဲ့အစည်းများမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ လိုင်စင်ဖြင့် လက်နက်ကိုင်ဆောင်ခွင့် ပေးထားခြင်းမရှိသဖြင့် မည်သည့်နေရာက ရလာသောသေနတ်ဖြင့် ဓားပြတိုက်ကြသနည်း။ ချောင်းကူးမြောင်းကူး နယ်ကျော်၍ ဓားပြတိုက်သည်ဆိုစေဦး၊ ရွာတွေထဲ၌သာ အိမ်ကြီးအိမ်ကောင်းနှင့် ငွေခကြေးချမ်းသာသောသူများရှိကြောင်း ဓားပြတိုက်မည့်သူများ မသိဘဲနေပါ့မလား၊ အတွေးစများ ရှည်လျားဝေဝါးလာခြင်းနှင့်အတူ ဒုရဲအုပ်ဓာတ်ခဲ မွန်းကျပ်သလိုဖြစ်လာကာ လေပူများ တဖူးဖူးနှင့် မှုတ်ထုတ်နေရလေသည်။

"ဟိုရှေ့က မည်းမည်းအရိပ်မြင်နေရတဲ့ ငှက်ပျောတောထဲမှာ ကျွန်တော့်တဲရှိတယ်ဆရာ။ ရောက်ပါတော့မယ်။ တဲမှာလည်း မိန်းမနဲ့ ကလေးတွေပဲ ထားခဲ့ရတာ။ သူတို့ ဘယ်လောက်ကြောက်နေကြသလဲ မသိပါဘူး. . ."

တဲရှင်ကိုထိန်၏စကားကြောင့် ဒုရဲအုပ်ဓာတ်ခဲ၏အတွေးများ ပြတ်တောက်သွားရာမှ ငှက်ပျောခြံနှင့် လယ်တဲအား စနစ်တကျ ဝိုင်း၍ သတိဖြင့်ဝင်ကြရန် သူ့အဖွဲ့အား သတိပေးလိုက်ရပါတော့သည်။

* * *





မိုးစင်စင်လင်း၍ အရာရာကို သဲကွဲစွာ မြင်နေရပေပြီ။ မိုးသည် တဖွဲဖွဲနှင့် အရစ်ရှည်လျက် ရှိနေဆဲပင်. . .။

ဒုရဲအုပ်ဓာတ်ခဲသည် ကျဉ်းမြောင်းလှသော လယ်တဲထဲမှ ဝါးကြမ်းခင်းပေါ် ထိုင်ကာ တဲရှင်မိသားစုရော၊ တဲနီးချင်း လယ်သမားတွေကိုပါ စစ်ဆေးမေးမြန်းနေချိန်တွင် ရဲတပ်ကြပ်ကြီး မြစိုးနှင့် တပ်ဖွဲ့ဝင်အချို့တို့ကလည်း တဲပတ်ဝန်းကျင်တစ်ဝိုက် သဲလွန်စရလိုရငြား ပိုက်စိတ်တိုက်ရှာဖွေလျက်ရှိကြသည်။

"အေးကွာ. . . ဒီလောက် သေနတ်ဖောက်သွားတာ ကျည်ဆန်အခွံတစ်ခုတစ်လေတော့ ကျန်ခဲ့ဖို့ကောင်းတာပေါ့။ ကန်သင်းရိုးတွေပေါ်မှာကလည်း မြက်ပင်တွေ တအားထူနေတာ ဓားပြခြေရာမတွေ့ဘဲ မြွေကိုက်တာ ခံနေရဦးမယ် ဆရာမြစိုးရေ. . ."

ပါးစပ်မှ ဆီမန်းမန်းသလို တတွတ်တွတ် ရေရွတ်နေသော ဦးပေတုံးကြီးသည် သူ၏ကင်မရာလေး မိုးရေမဝင်ရအောင် မိုးကာစနှင့်ကာရင်း တဲပတ်ဝန်းကျင် အနေအထားကို ဓာတ်ပုံလိုက်ရိုက်နေသည်မှာ တဖျတ်ဖျတ်နှင့်။ တဲနောက်သို့ ကွေ့ဝိုက်သွားစဉ် တုံးလုံးလဲလျက်ရှိသော ကုက္ကိုပင်စည်ပိုင်းကြီးဘေးသို့ ရောက်သည်နှင့် အရာဝတ္ထုတစ်ခုအား ဦးပေတုံးကြီး ကောက်ယူလိုက်သည်ကို ရဲတပ်ကြပ်ကြီး မြစိုး လှမ်းမြင်လိုက်ရသည်။

"ဘာတုန်း ဦးပေတုံးကြီး ခရုကောက်တာလား. . . ကဏန်းဖမ်းတာလား"

"ဟာကွာ. . . အရေးထဲ ခရုကဏန်းဖမ်းရဦးမလား၊ သဲ. . . သဲလွန်စတွေ့ပြီဟ။ မောင်ရင့်ဆရာဓာတ်ခဲကို လှမ်းခေါ်လိုက်ကွာ ဆရာမြစိုး. . ."

ဦးပေတုံးကြီးအသံကြောင့် တဲထဲမှ ကမန်းကတန်း ပြေးထွက်လာသော ဒုရဲအုပ်ဓာတ်ခဲသည် ဦးပေတုံးကြီး လက်ထဲ၌ မြှောက်ပြထားသော တစ်ပေခွဲခန့်အရှည်၊ ဘောပင်အရွယ်အစားခန့် ဝါးတံငါးချောင်းအား မြင်ရသည်နှင့် မျက်နှာရှုံ့မဲ့သွားသည်မှာ လိမ္မော်သီးပုပ်နှင့် နင်လားငါလားပင်။

"ဘာနောက်တာလဲ အဘိုးကြီး။ ချေးတုတ်ခနောင်းလုပ်ဖို့ ခင်ဗျားအိမ်ပဲ ယူသွားဗျာ။ ဒီမှာ ခေါင်းပူလို့ ဦးနှောက်ဆူနေရတဲ့အထဲ အလိုက်ကန်းဆိုးလည်း သိဦးဗျ"

"ဟ. . . ဆရာဓာတ်ခဲရ။ ဒါ. . . ဒါမြားတံတွေလေကွာ။ ဝါးကို အသေအချာအချောသပ်ပြီး လုပ်ထားတဲ့ မြားတံတွေဟ။ ဒီမှာကြည့် ငါးချောင်းတိတိ"

"အဲဒါဘာဖြစ်လဲ၊ ဧဒီယိုထဲက လူရိုင်းတွေအားကျလို့ ကလေးတွေဆော့ကစားထားတာနေမှာပေါ့ဗျ"



"ရဲမျက်လုံးဆိုတာ မြင်မြင်သမျှကို မသင်္ကာအကြည့်နဲ့ ကြည့်ရတယ်လို့ မောင်ရင် ခဏ. . . ခဏပြောဖူးတာ မေ့သွားပြီလား။ မြားတံကိုကြည့်စမ်း။ ဝါး အခြောက်မဟုတ်ဘူး။ အစိုမှ လတ်လတ်ဆတ်ဆတ်ကြီး။ ကလေးတွေ ကစားတဲ့ မြားတံလုပ်ရအောင် ဒီလယ်ကွင်းထဲ ဘယ်ကဝါးအစိုရှိရမှာလဲ။ ဒါ တမင်သက်သက် စနစ်တကျ အချောသပ်ထားတာ မြင်တယ်မဟုတ်လား"

"မြင်ပါတယ်ဗျ။ မြားတံလည်းပြောသေး အမြီးပိုင်းက ထန်းရွက်နဲ့လုပ်ထားတဲ့ တောင်ပံနှစ်ခွပဲပါပြီး ရှေ့ထိပ်က ချွန်နေရမယ့်အစား ဘာဖြစ်လို့ မျက်နှာပြင် တိကနဲ ဖြတ်ထားရတာလဲ"

ဦးပေတုံးကြီး စိတ်ရှည်တော့ဟန်မတူပေ။ မြားတံတစ်ချောင်း၏ထိပ်ကို ဒုရဲအုပ်ဓာတ်ခဲ နှာခေါင်းနားဆီ ထိုးပေးလိုက်သည်မှာ မြန်ဆန်လွန်းသဖြင့် ဒုရဲအုပ်ဓာတ်ခဲပင် နောက်တစ်လှမ်းဆုတ်လိုက်ရသည်။

"မြားတံထိပ်ကို နမ်းကြည့်စမ်း၊ ဘာအနံ့ရသလဲ. . . ။ ရှူ. . . ပြင်းပြင်းရှူ"

"ယမ်း. . . ယမ်းနံ့ရတယ်ဗျ ဦးပေတုံးကြီး. . ."

"ဟား. . . ဟား. . . ဟား. . . အမဲလိုက်ဖို့ သိပ်ကောင်းမဲ့နှာခေါင်းကြီး။ နေဦးလေနေတဲ့ကုက္ကိုပင်ပိုင်းမှာ သဲလွန်စရှာကြည့်ဦးမယ်"

ဒုရဲအုပ်ဓာတ်ခဲ အတော်စိတ်ဝင်စား





လာဟန်တူသည်။ ဦးပေတုံးကြီးနှင့်အတူ ကုက္ကိုပိုင်းတစ်ခုလုံးကို မျက်နှာနှင့်ကပ်လျက် အသေးစိတ်စူးစမ်းလျက်ရှိသည်။ မကြာလှချေ။ သစ်ခေါက်များ ဆွေး၍ကွာနေသော ပင်စည်၏ မြစ်ဆုံနေရာနားလောက်တွင် စူးဖြင့်ထိုးထားပြီး မီးမြိုက်ထားသကဲ့သို့ အမည်းစက်များကိုပါ တွေ့လိုက်ကြရသည်။

"ဟုတ်ပြီ၊ ဒါ မြားမှန်ထားတဲ့အရာတွေလေ။ ယမ်းလောင်ထားတာတွေ့လား။ ဟော. . . မြက်ပင်တွေပေါ်ကျနေတဲ့ မြားဦးထိပ်ချွန်တွေပါရပြီး ဆရာဓာတ်ခဲရေ"

မှန်ပါသည်။ ဦးပေတုံးကြီး ကောက်ယူလိုက်သော မြားဦးချွန်များဆိုသည်မှာ အခေါင်းပါသော ဖဲထီးရိုးကို တစ်လက်မခန့်ဖြတ်ပြီး ထိပ်တစ်ဖက်အားပြား၍ ချွန်နေအောင် တူဖြင့်ရိုက်ထားခြင်းဖြစ်သည်။ အခြားတစ်ဖက်မှ ဖဲထီးရိုးအခေါင်းပေါက်ထဲတွင် ယမ်းချိုးများကပ်နေသည်မှာ အထင်အရှားပင်။

"ထူးတယ်နော် ဦးပေတုံးကြီး။ ဝါးမြားတံနဲ့ ဖဲထီးရိုးမြားဦးချွန်တို့ ဘယ်လိုဆက်စပ်နေသလဲ မသိဘူးနော်။ ယမ်းတွေပါနေတာ ဆန်းတယ်ဗ့ာ။ နားလည်ရင်လည်း ရှင်းပြပါဦး ဂန္ထဝင်ရိ အဘိဓာန်ကြီးရယ်"

"မသေမချင်း အခေါင်းထဲရောက်တဲ့ အထိမှတ်ထားဟ. . . ဒါကို ထိပေါက်လို့ခေါ်တယ်ကွ. . . သိလား"

"ဗျာ. . . ထိပေါက် ဟုတ်လား။ ပေါက်တတ်ကရဗျာ၊ ဘာကိုထိလို့ ဘာတွေပေါက်တာလဲ"

"ဒီမြားတံကို ဒူးလေးထဲထည့်ပစ်လိုက်ရင် မြားဦးချွန်နဲ့ အမာခံတစ်ခုခုထိတာနဲ့ ဖောင်းကနဲ. . . ဒိုင်းကနဲပေါက်တာ ပြောတာကွ"

"ဦးပေတုံးကြီး ဘယ်မှာတွေ့ဖူးတာလဲ"

"ဟ. . . ဆရာဓာတ်ခဲရ။ ကိုယ် စစ်သားလုပ်ခဲ့ဖူးတာ မေ့သွားပြီလား။ ဒီ ထိပေါက်လက်နက်ကို ပထမဦးဆုံး စသုံးကြတာ ပြည်ဘက်က ပေါက်ခေါင်းဒေသပဲဆိုပါတော့။ ပဲခူးရိုးမမှာ အမြစ်တွယ်နေတဲ့ ဗကပတွေကို မြေလှန်အမြစ်ဖြိုပစ်တဲ့အထဲမှာ ဒီလိုထိပေါက်လက်နက်တွေလည်း ပါတာပေါ့ကွာ။ နှစ်ပေါင်းငါးဆယ်တောင် ကြာခဲ့ပြီးဆိုတော့ မောင်ရင်တောင် လူဖြစ်ဦးမှာမဟုတ်သေးဘူး။ ပေါက်ခေါင်းဒေသဘက်မှာ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့တွေဖွဲ့ကြတော့ ထိပေါက်လက်နက်ကို တီထွင်ပြီး စသုံးကြတာလေ။ ရွာအလိုက် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့တွေကို သင်တန်းပေးတဲ့နေရာမှာ ကိုယ်လည်းပါခဲ့တော့

ထိပေါက်လက်နက်အကြောင်း ကောင်းကောင်းသိခဲ့တာပေါ့ကွာ"

အတွေ့အကြုံရင့်ကျက်သော တပ်မတော်အငြိမ်းစားပီပီ ဦးပေတုံးကြီး ရှင်းပြတော့လည်း ထိပေါက်ဆိုသည့် လက်နက်အကြောင်းက လွယ်လွယ်လေး။ ယမ်းဖြင့် ထိပ်ဖူးလုပ်ထားသော မြားတံကို သစ်သားဒူးလေးဖြင့် ပစ်ခတ်မြင်းသာဖြစ်သည်။ ထူးခြားသည်မှာ ဒူးလေးကိုယ်ထည်ပိုင်းကို ကာဘိုင်ပုံ၊ ရိုင်ဖယ်ပုံ ခုတ်ထွင်းလျက် ခေတ်မီစွာ ပုံဖော်ထားခြင်းပင်။ ပစ်လွှတ်လိုက်သောမြားတံသည် အမာခံနှင့် ထိလိုက်ပါက ထိပ်ဖူးဖဲထီးရိုးထဲမှ ယမ်းကိုဝါးမြားတံထိပ်ဖြင့် ထောင်းလိုက်သကဲ့ဖြစ်သွားသဖြင့် ဖောင်းဒိုင်းမြည်သွားခြင်းဖြစ်ရာ ယမ်းမီးခြစ်ဆံအားကလေးများကျောက်ခဲဖြင့်ထုကစားသော သီအိုရီနှင့်မခြားလှပေ။ ယမ်းအနည်းအများနှင့် ယမ်းအမျိုးအစားပေါ်မူတည်ကာ အသံအတိုးအကျယ်၊ ပေါက်ကွဲမှု အပြင်းအပျော့ကွာခြားမည်ဖြစ်ကြောင်း ဒုရဲအုပ် ဓာတ်ခဲ သဘောပေါက်လိုက်ပါသည်။

"ကိုင်း. . . ကိုင်း. . . လူကလည်း အိပ်ရေးမဝ၊ သွားလာရတာ ပင်ပန်းနဲ့ ဒီကြားထဲ မောင်ရင့်ကိုပါ လက်ဆင်ပေးလိုက်ရတော့ ကိုယ့်မှာ အားပြတ်လို့ မတ်တပ်ကလဲချင်နေပြီကွာ။ ဒါပဲနော်. . . ဂဠုဂိရိပြန်ရောက်တာနဲ့ ငှက်သိုက်ဆိုင်မှာ အသောက်ရော. . . အစားပါ တစ်ဝကြီးတီးဖို့ မောင်ရင့်တာဝန်ပဲပေါ့"

"ချက်ချင်း လဲသေလိုက်ပါလား"

ကိုယ့်အဖေအရွယ်နှင့် မတိမ်းမယိမ်းဖြစ်နေခြင်းကြောင့် ဦးပေတုံးကြီးအပေါ်ထားရှိသော ဒုရဲအုပ်ဓာတ်ခဲ၏ မေတ္တာကဥ်မျှသာ . . . ။

* * *

သေနတ်ပုံ ခုတ်ထွင်းထားသော ထိပေါက်ဒူးလေးများဖြင့် ဓားပြတိုက်သွားကြသည်မှာ သေချာပေပြီ။ သို့သော် ဂဠုဂိရိစခန်းနယ်မြေထဲရှိသည့် နယ်ထိန်းအင်အားဖြင့် ကွက်ပြည့်နင်း စုံစမ်းသော်လည်း တရားခံများ၏ခြေရာကိုပင် မတွေ့ရသေး။ တခြားနယ်မြေမှနေ၍ အလစ်အငိုက်တွင် ဝင်ဟိုက်သွားသည်ဆိုဦးတော့ ဤဖြစ်စဉ်အား ဆက်စပ်နယ်မြေရှိ ရဲတပ်ဖွဲ့စခန်းအားလုံးသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ရာ သတင်းအစအနလောက်တော့ ရသင့်ပြီဟု ဒုရဲအုပ်ဓာတ်ခဲ ထင်ပါသည်။

အမှုဖြစ်စဉ်က ရက်သတ္တနှစ်ပတ်ပင် ပြည့်တော့မည်။ ရဲပညာကုန်လုခမန်းလည်း ဆောင်ရွက်ပြီးလေပြီ။ နှစ်ပေါင်း (၂၀) ကျော်တိုင် သေနတ်သံတစ်ချက်ပင် မကြားဖူးခဲ့သော နယ်မြေထဲတွင် ထိပေါက်သံပါဖောင်းဖောင်းနှင့် ဓားပြတိုက်သွားသော အမှုဖြစ်ခြင်းကြောင့် နယ်မြေခံလူထုများ စိတ်ဝင်စားကြသကဲ့သို့ မြို့နယ်ရဲတပ်ဖွဲ့မှူးကြီးပင်လျှင် တယ်လီဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင် ခေါ်တွေ့၍တစ်ဖုံနှင့် ဖိအားပေးလျှက်ရှိသည်မှာ မကြာခဏ။







"ဟာ. . . အတော်ပဲ ဆရာဓာတ်ခဲ။ ဝါးတောရွာဘက်က ကိုယ်ပြန်လာတာ။ လမ်းမှာ မိန်းမကြီးတစ်ယောက် ချေသားလတ်လတ်ဆတ်ဆတ်တွေ ရွက်ရောင်းနေတာတွေ့လို့ ကိုယ့်အိမ်အတွက်ရော. . . မောင်ရင့်အိမ်အတွက်ပါ ငါးဆယ်သားစီဝယ်လာတယ်ဟ. . . ရော့. . . ရော့"

တနင်္ဂနွေ နေ့ခင်းပိုင်းဖြစ်၍ ရုံးတင်ရမည့် အမှုတွဲများ စီစစ်နေရင်းက ညောင်းညာလာခြင်းကြောင့် ဒုရဲအုပ်ဓာတ်ခဲ လက်ဖက်ရည်ဆိုင် ထွက်ထိုင်နေခြင်းဖြစ်သည်။ မိုးဖွဲဖွဲကျနေဆဲမှာပင် ရုတ်တရက်ဆိုင်ကယ်ရပ်၍ ဆင်းလာသော ဦးပေတုံးကြီးသည် ဆိုင်ကယ်ခြင်းထဲမှ ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသော ချေသားနီရဲရဲအား ကမ်းပေးလာရာ မယုံမရဲနှင့် လှမ်းယူလိုက်ရသည်။

"အင်း. . . ပဒေသာပင်ကြီးပေါက်ပြီး ဒုက္ခဆင်းရဲက လွတ်မြောက်ကြတော့

မယ်ထင်ပါရဲ့။ ရှားရှားပါးပါး ဦးပေတုံး ကြီးရဲ့ စေတနာဒါန ဒီတစ်ခါပဲ ကြုံဖူးသေး တယ်ဗျာ။ သာဓု. . . သာဓု"

"ဟဲ. . . ဟဲ. . . ဒါနရယ်လို့တော့ မဟုတ်ပါဘူး ဆရာဓာတ်ခဲရာ။ ချေသား လတ်လတ်ဆတ်ဆတ်ကို မရမ်းပြားနဲ့ အစိမ်းကောလုပ်လိုက်ကွာ။ ညနေကျ ကိုယ်လာခဲ့မယ်သိလား။ ဝီစကီတစ်စိတ် တစ်ပြားနဲ့ ချေသားအစိမ်းကောလေး မြည်းစားလိုက်ရရင်လား. . . အားလုံးမေ့၊ တစ်လောကလုံးမေ့. . . ဟား. . . ဟား ဟား. . ."

"ညဏ်အတော်များတဲ့ ပြိတ္တာကြီး" ရေရွတ်ကျိန်ဆဲရင်းမှ ပလတ်စတစ်အိတ် ကို ဒုရဲအုပ်ဓာတ်ခဲ ဖွင့်ကြည့်လိုက်သည်။ ထိုမျှနှင့်အားမရသေးသဖြင့် ချေသားနီရဲရဲ အား နမ်းကြည့်လျက်မှ နှာခေါင်းပွစိပွစိ ဖြစ်လာသော ဒုရဲအုပ်ဓာတ်ခဲကိုကြည့်ကာ ဦးပေတုံးကြီး ဘာမှနားမလည်သလို ဖြစ် သွားရပါသည်။

"ဘာဖြစ်တာလဲ ဆရာဓာတ်ခဲ၊ ချေ သား လတ်လတ်ကြီးပါဟ. . ."

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒါပေမယ့် ယမ်း. . . ယမ်းနံ့"

အမှုအခင်းပေါင်းများစွာတို့ဖြင့် ယဉ် ပါးရေညှိတက်နေပြီးဖြစ်သော ရဲနှာခေါင်း ပီပီ ချေသားထဲမှ မသိမသာထွက်လျက်ရှိ သော ယမ်းနံ့ကြောင့် ဒုရဲအုပ်ဓာတ်ခဲ၏ အတွေးသည် စုံစမ်းဆဲ ဓားပြမှုဆီသို့ ချက် ချင်းရောက်သွားခြင်းဖြစ်သည်။

"ချေသားရောင်းတဲ့ မိန်းမကြီးကို ဦးပေတုံးကြီး သိတယ်မဟုတ်လား"

"ဝါးတောရွာကပဲ ဖြစ်မှာပေါ့၊ ရွာ သေးသေးလေးဟာ မေးလိုက်ရင် ရပါ တယ်"

"ဒီနယ်ထဲမှာ ဘယ်သူမှ သေနတ်ရှိ ကြတာမှမဟုတ်ဘဲ။ သုတ်ကိုင်းထောင်၊ ဒူးလေးနဲ့ပစ်လို့ရတဲ့ တောကောင်တွေပဲ ရောင်းကြတာ။ ဒီချေသားက ဘာဖြစ်လို့ ယမ်းနံ့ထွက်နေရတာလဲ။ ကေန္တတော့. . . ဟာ. . . ဦးပေတုံးကြီး လာဗျာ။ ဝါးတော ရွာဘက် လိုက်ကြရအောင်။ ကျွန်တော့် နယ်ထိန်းတွေကိုပါ လှမ်းခေါ်လိုက်ဦးမယ်"

ဝါးတောရွာဆိုသည်မှာ တောင် အရှေ့ခြမ်း ရော်ဘာခြံဧကများစွာရှိသော ခွင်ထဲ၌ရှိကြောင်း ဒုရဲအုပ်ဓာတ်ခဲ သိပါ သည်။ ဂစ္စဂိရိရဲတပ်ဖွဲ့စခန်းနှင့် သုံးမိုင် ကျော်သာဝေးသဖြင့် ဒုရဲအုပ်ဓာတ်ခဲတို့ အဖွဲ့ အချိန်တိုအတွင်း ရောက်ရှိသွားကြ သည်။ ချေသားလိုက်ရောင်းသည်ဆို သော အမျိုးသမီးကြီး၏အိမ်ကို မေးမြန်း ပြီး တဲသုံးလေးလုံးသာရှိသော ရော်ဘာ ခြံထဲရောက်ရှိသွားကြချိန်တွင် ဒုရဲအုပ် ဓာတ်ခဲ ပထမဦးစွာ သတိထားလိုက်မိ





သည်မှာ ချေသားရေအစိုတစ်ချပ်ကို ဝါး ခြမ်းပြားနှင့် ကပ်ချည်ကာ ရော်ဘာကိုင်း တစ်ခု၌ ချိတ်ဆွဲအခြောက်လှန်းထားခြင်း ပင်။ ၎င်းချေသားရေတွင် လက်သန်းလုံး ခန့် ဒဏ်ရာအပေါက်တစ်ပေါက်ကလည်း အထင်အရှား။ ဤချေပေါက်ကြီးအား ယမ်းအသုံးပြု၍ ပစ်ခတ်သောလက်နက် ဖြင့် ရရှိခြင်းဖြစ်ကြောင်း မည်သို့မျှ ငြင်း ဆို၍မရအောင် သေနတ်ပုံသဏ္ဌာန် ခုတ် ထားသည့် ထိပေါက်ဒူးလေးနှစ်လက်အား တဲနံရံ၌ ချိတ်ထားသည်ကို တွေ့ကြရပါ တော့သည်။

ရော်ဘာခြံစောင့်အဖြစ် နေထိုင်ကြ သော အိမ်ထောင်စုသုံးစုရှိကြောင်းနှင့် ရော်ဘာပင်များ စတင်စိုက်ပျိုးစဉ်က အပင်နုများအား ချေ၊ တောဝက်၊ ဖြူ ကောင်များ ကိုက်ဖြတ်ဖျက်ဆီးကြသည်ကို ထိပေါက်ဒူးလေးများဖြင့်သာ ကာကွယ်ခဲ့ ကြရကြောင်း၊ ယခုမနက်တွင်လည်း ရော် ဘာစိုက်ခင်းအသစ်သို့ ချေတစ်ကောင် ဝင်လာရာ ချောင်းမြောင်း၍ ထိပေါက် သေနတ်ဖြင့်သာ ပစ်ခတ်ခဲ့ရကြောင်းတို့ ကို တဲစု၏ခေါင်းဆောင် ဦးတိုးရွှေ ဆိုသူ က စတင်၍ ထွက်ဆိုချက်ပေးလာပါ သည်။

"ထားပါတော့. . .၊ ရော်ဘာခြံကို ကာကွယ်ဖို့ ထိပေါက်ဒူးလေးကိုကိုင်တယ် ဆိုတာ ယုတ္တိရှိတယ်ထားဦး၊ မြားတံထိပ် ဖူးမှာ ထည့်သုံးတဲ့ယမ်း ဘယ်ကရသလဲ ဦးတိုးရွှေ"

"ဟုတ်. . . ဟုတ်ကဲ့၊ မြို့တက်ဈေး ဝယ်တုန်းက တရုတ်ကလာတဲ့ ယမ်းမီးခြစ် ဘူးတွေပါ ဝယ်လာတာပါဆရာ။ ဂတ်စ် မီးခြစ်ခေတ်ဆိုတော့ ယမ်းမီးခြစ် ဖာလက် ကျန်တွေကို အလကားနီးပါး ဈေးပေါပေါ နဲ့ ရောင်းလိုက်တာလည်း ဖြစ်မှာပေါ့ ဆရာ"

"ဟုတ်ပြီ၊ မြားတံထိပ်မှာ အဲဒီယမ်း တွေ သုံးတာကြောင့် ပေါက်ကွဲတာ။ လူ တွေကို အန္တရာယ်ဖြစ်စေတာတွေဟာ ဥပဒေအရကြည့်ရင် ပုဒ်မ တစ်ဆယ့်ကိုး စလုံးနဲ့ ငြိနေပြီလေဗျာ။ ထိပေါက်ဒူးလေး ကို ရော်ဘာခြံကာကွယ်ဖို့သုံးတာကို လူမှု ရေးအရ ခွင့်လွှတ်နိုင်ပေမယ့် လွန်ခဲ့တဲ့ နှစ်ပတ်လောက်က တပ်မှူးချောင်ကွင်း ပိုင်းမှာ ညဘက်ဖောင်းဖောင်းဒိုင်းဒိုင်းနဲ့ လက်သရမ်းခဲ့တာ ဦးတိုးရွှေ ဘာငြင်းဦး မှာလဲ"

"ဗျာ"

ရက်သတ္တနှစ်ပတ်ခန့် ခေါင်းစား လူ ပင်ပန်းနှင့် မအိပ်နိုင်၊ မစားနိုင်သည်အထိ ဒုက္ခပေးလျက်ရှိသော ဓားပြမှုသည် ဦးပေတုံးကြီး ဝယ်လာပေးသော ချေသား ငါးဆယ်သားမှစ၍ မျက်လှည့်ဆရာ

အုပ်ဖွင့်လိုက်သကဲ့သို့ ထင်းကနဲပေါ်လာပေပြီ။ ဦးတိုးရွှေနှင့် သူ၏သမက် တိုက်ကျော် အပြင် မနီးမဝေး ရော်ဘာခြံတစ်ခြံမှ အပေါင်းပါသုံးယောက်တို့ကိုပါ ထိပေါက်ဒူးလေး (၅)လက်နှင့်အတူ ဖမ်းဆီးနိုင်လိုက်ကြပါသည်။

"ကျွန်. . . ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမှ ခားပြမတိုက်ဖူးခဲ့ပါဘူးဆရာ။ အရင်က ဒူးလေးကို သေနတ်ပုံ ခုတ်ထားတာ မှန်ပါတယ်။ ရိုးရိုးဝါးမြားတံနဲ့ပဲ ပစ်ခဲ့တာပါ။ မြို့က ယမ်းမီးခြစ်ဖာတွေဝယ်လာပြီးမှ ပေါက်ကွဲအသံမြည်အောင် ခင်စိုးက လုပ်ပေးလို့ ခားပြအစမ်းတိုက်ကြည့်ရအောင်ဆိုပြီး ရွာတွေနဲ့အလှမ်းဝေးတဲ့ လယ်တဲကို အရင်ဆုံးတိုက်ခဲ့တာ အမှန်ပါဆရာ"

"ဩော်. . . ခားပြအစမ်းတိုက်ကြည့်တယ်တဲ့လား။ ကိုင်း. . . ခုလို အောင်မြင်သွားပြီဆိုတော့ ရှေ့တစ်ဆင့်တိုးပြီး ရွာထဲက ငွေကြေးချမ်းသာတဲ့အိမ်တွေ ရွေးတိုက်ကြတော့မှာပေါ့"

ဒုရဲအုပ်မာတ်ခဲ၏ မှတ်ချက်အပေါ် မည်သို့မျှ တုံ့ပြန်သံများ ထွက်မလာတော့ဘဲ တရားခံ (၅)ဦးလုံး ဒူးတုပ်ထိုင် ခေါင်းစိုက်လျက် ငြိမ်သက်နေကြပါသည်။ သက်သေခံပစ္စည်းများ၊ ကျန်ရှိသော တိုက်ရာပါပစ္စည်းများအားလုံးကို စနစ်တကျသိမ်းဆည်းပြီးနောက် တရားခံ (၅)ဦးကိုခေါ်၍ ပြန်လာကြသော ဒုရဲအုပ်မာတ်ခဲတို့အဖွဲ့သည် ညဥ့်အတော်နက်မှ စခန်းသို့ ပြန်ရောက်ကြသည်။

"ပင်ပန်းလိုက်တာ သေချင်စော်နံရောပဲကွာ။ ကဲ. . . ကဲ. . . မှုခင်းနဲ့ ပတ်သက်တဲ့ဟာတွေ အားလုံးမာတ်ပုံရိုက်ပြီးပြီဆိုတော့ ဘာဆက်လုပ်ဖို့ကျန်သေးလဲ ဆရာမာတ်ခဲ"

"ပြန်အိပ်တော့ပေါ့ ဦးပေတုံးကြီးရာ။ မှုခင်းဂျာနယ်တွေမှာရေးဖို့ ဦးပေတုံးကြီးအတွက် သတင်းမှည့်မှည့်လေး ရနေပြီဟာ ဘာလိုဦးမှာလဲ. . . နော်"

"ဟာ. . . ခွေးသားလေး၊ ဒီလို မလိမ့်တပတ်လုပ်လို့ ဘယ်ရမှာလဲ။ ကိုယ်ဝယ်လာတဲ့ ချေသားငါးဆယ်သားကြောင့် အမှုကြီးတစ်ခုလုံး ပေါ်နေပြီလေကွာ။ ယမ်းနံ့နံ့တဲ့ ချေသားကို ထားလိုက်တော့။ ဟို. . . ဟို. . . ငှက်သိုက်ဆိုင်က ကြောင်သားဟင်းအမြည်းနဲ့ ဝီစကီလောက်တော့ တင်မြှောက်ပသဖို့ လိုသေးတာပေါ့။ ဟီး ဟီး. . . မိုးကလည်းအေးနဲ့ ငှက်သိုက်ဆိုင်နှိုးပြီး ကိုယ်ဝင်ဟဲလိုက်မယ် ကြားလား။ မနက်ကျရင် မောင်ရင်သွားရှင်းပေးလိုက်ရင် ပြီးတာပဲ။ သွားမယ်. . . ဘိုင့်ဘိုင်"


မင်းရွှေသိန်း (ဇင်းကျိုက်)

* * *



## မြင်တွင်းရုံအတိုဆုံးဝတ္ထု

မောင်ယောက်



ထိုညနေက ကျွန်တော်တို့ စာသမားတစ်စုသည် အများအားဖြင့် ဆုံနေကျဖြစ်သော 'သံယောဇဉ်ကဖီး'တွင် ဆုံဖြစ်ကြသည် စာရေးဆရာတစ်ဦးက သူ့ဖွင့်ပါလာသော မဂ္ဂဇင်းထဲမှ 'အခမဲ့အကြံပေးခြင်းသည်းခံပါ'ဟုသော ဝတ္ထုတိုလေးကို ဖတ်နိုင်းသဖြင့် ကျွန်တော်တို့ တစ်တွေ လက်ဆင့်ကမ်း ဖတ်ဖြစ်လိုက်ကြသည်။

ထိုဝတ္ထုတိုက မိမိဝါသနာမပါသော မကျွမ်းကျင်သော မရင်းနှီးသော ကိစ္စများတွင် အများအကြံပေးသည့်အတိုင်း ငွေစိုက်ထုတ်၍ လုပ်ကိုင်တတ်သူများ ယုံလွယ်တတ်သူများ သံဝေဂရစေဖွယ် ရေးထားသည်ဟု ထင်ပါသည်။

ဖတ်ပြီးသူတိုင်းက ထင်မြင်ချက်အမျိုးမျိုးပေးနေကြ၏။

ဘာကြောင့်ရယ်မသိ သူတို့ပြောစကားများကို နားထောင်ရင်း ကျွန်တော့်ခေါင်းထဲသို့ ပြောပြစရာအကြောင်း တစ်ခုဝင်လာသည်။

"ငါ့မိတ်ဆွေ ကိုထွန်းအေးဆိုတဲ့ သန်းကြွယ်သူဌေးတစ်ယောက် အကြောင်းပြောရဦးမယ်၊ ဖြစ်ရပ်အမှန်သက်ရှိထင်ရှား ရှိနေတဲ့သူကွ"

"ဘာ ခင်ဗျားရဲ့ မိတ်ဆွေဟုတ်လား" တစ်ယောက်ဝင်မေးပြီး မှတ်ချက်ချသည်။ "ဒါဆို ဆင်းရဲခဲ့တဲ့သူပဲ ဖြစ်ရမယ်"

"အေးကွ ဆင်းရဲသမှ ကုန်းကောက်စရာ မရှိတော့လောက်အောင် ဆင်းရဲခဲ့သကွ"

ကျွန်တော်က ရှင်းပြလိုက်ရသည်။

"ဆင်းရဲသားက သန်းကြွယ်သူဌေး ဖြစ်လာတယ်ဆိုတော့၊ သူ့မှာ အခိုင်အမာ ဆုတ်ကိုင်ထားတဲ့ စည်းကမ်း သံမဏိစည်းမျဉ်းရှိရမယ်ဗျ၊ အဲဒါဘာတဲ့လဲ"

"အေး အဲဒီအကြောင်းကိုပဲ ပြောပြချင်လို့ကွ ကဲ. . နားထောင်"

သူတို့တစ်တွေ မျက်လုံးအပြူးသားဖြင့် နားထောင်နေကြသည်။

"အဲဒီလူဟာ တစ်နေ့တော့ ရန်ကုန်မြို့ထဲကနေ သာယာဝတီကို သွားမယ့် ဘတ်စ်ကားကို ထိုင်ခုံမရလို့ မတ်တပ်ရပ်စီးရင်း ကျောက်မြောင်းဈေးမှတ်တိုင်အရောက်မှာ သူရပ်နေတဲ့နောက်ဆုံးခုံတန်းက လူနှစ်ယောက် ဆင်းသွားသတဲ့ကွာ သူထိုင်ခုံရမယ့်အချိန်မှာ အသက်ကြီးကြီးချိချိနဲ့နဲ့ အဘွားကြီးနှစ်ယောက် တက်လာသတဲ့၊ အဲဒီမှာပဲ ဒီလူ့ခေါင်းထဲစိတ်ကူးတစ်ခုဝင်လာသတဲ့၊ ကျန်တဲ့နေရာကိုတော့ အဘွားတစ်ယောက်ဝင်တယ်၊ ကျန်အဘွားကြီးကတော့ မတ်တပ်ရပ်ရင်း နေရာရပါ့မယ့် တိုကြည့်ဒီကြည့်ဖြစ်နေရှာသတဲ့။ ငါ့လူကလဲ သိသိကြီးနဲ့ကို ထိုင်ဖြစ်အောင်ထိုင်နေတယ်၊ ဒီလိုနဲ့ နောက်ဘတ်စ်ကားရပ်မှတ်တိုင်ရောက်ခါနီးမှ သူက မတ်တပ်ရပ်နေတဲ့အဘွားကြီးကို ကြီးလှစွာသော ကျေးဇူးပြုတဲ့ပုံစံမျိုးနဲ့ ထပြီး နေရာပေးလိုက်သတဲ့၊ အဲဒီမှာပဲ အဘွားကြီးမှာ သူ့ကိုကျေးဇူးတင်လွန်းလို့ ရှိခိုးဦးတင်မတတ်၊ ဆုတွေတောင်း ဆုတွေ ပေးလိုက်တာစုံနေတာပဲတဲ့ကွာ၊ အများထိုင်းအကြည့်ခံပြီး ကိုယ့်လူကလဲ ပီတိတွေဝေနေသတဲ့ကွ"

"ဒီအဖြစ်နဲ့ပတ်သက်ပြီး အဲဒီလူရဲ့ မှတ်ချက်ကလဲ မှတ်တမ်းတင်စရာပဲကွ၊ ဒါကြောင့်လဲ ဒီလူသန်းကြွယ်သူဌေးဖြစ်တာပဲ ခင်ပါရဲ့"

"သန်းကြွယ်သူဌေးဖြစ်နည်းလေးများ သိပါရစေလားဗျာ"

တစ်ယောက်က ဝင်၍ တောင်းဆိုသည်။

"ဘတ်စ်ကားပေါ်မှာ ငါနေရာမယူဘဲ အဘွားကြီးနှစ်ယောက်စလုံးကို ထိုင်ခုံပေးရမှာ အမှန်ပဲ၊ ငါက ဘာကြောင့်နေရာဝင်ယူထားရသလဲဆိုတော့၊ မှတ်ထားကွ၊ အဲဒီလိုနေရာ ရထားမှ ငါပိုင်တာကွ၊ ငါမယူရင် ငါမပိုင်ဘူး။ ငါပိုင်တာကို သူတစ်ပါးကိုပေးမှ ငါ့အပေးဖြစ်မှာကွ၊ ဒါမှ ကျေးဇူးတင်ခံရမှာ အရာရာမှာ လက်ဦးမှုရယူထားခြင်းသာလျှင် အဓိကတဲ့ကွ၊ သူဟာ အရာရာမှာ အဲဒီလို ကျင့်သုံးလာခဲ့တဲ့အတွက် ဆင်းရဲသားမှ သန်းကြွယ်သူဌေးဖြစ်လာတာတဲ့ကွ၊ အဲဒါ သူ့ခံယူချက် သူ့ရဲ့သံမဏိ စည်းမျဉ်းပဲပေါ့"

"နေပါဦး အဲဒီလူက ဘယ်သူ"

တစ်ယောက်က ဝင်မေးသည်။

"ကိုထွန်းအေး ကိုထွန်းအေးတဲ့ကွ၊ သန်းကြွယ်သူဌေး ကိုထွန်းအေးပေါ့ကွာ"

ကျွန်တော်က ပြောပြလိုက်သည်။

"အင်း. . ကျွန်တော်တော့ ခင်ဗျားပြောမှပဲ ကြားဖူးရတာ၊ ကျွန်တော်တို့သိတာကတော့ အများပြည်သူဖတ်နိုင်မယ့်စာတွေ ကြိုးစားရေးနေတဲ့ ခင်ဗျားကိုသာ အဲ့ဒီလူ ထက်ပိုသိတယ်ဗျ သိလား"

× . . × . . × . . ×



# လူပေါင်းများမှာ စိုးမိတယ်

မောင်ထည်ဝါ



နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်သည် တာဝန်စေရာမနေသာဘဲ ၊ နိုင်ငံ့အဝန်းဒေသအနှံ့အပြား၊ တောင်တန်းတောင်ပေါ်ဒေသရှိမြို့နယ်အသီးသီးသို့ ရွှေ့ပြောင်းသွားလာပြီး တာဝန်ထမ်းဆောင်နေရသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ပူတာအိုမြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရသလို ရှမ်းပြည်နယ်အရှေ့ဖျား နယ်စပ်ဒေသ တာချီလိတ်မြို့၌လည်း တာဝန်ထမ်း ဆောင်ခဲ့ရသည်။ ရခိုင်ပြည်နယ် မောင်းတောမြို့၌လည်း တာဝန်ဖြင့်နေထိုင်ခဲ့ရသလို၊ တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့ကလေးတွင်လည်း ကျွန်တော်သွားရောက်တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

ယခုအခါမှာတော့၊ လုပ်သက်နှစ်အတော်အတန်ရရှိလာပြီဖြစ်၍၊ အထက်လူကြီးများက၊ ရန်ကုန်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သောကြောင့် လွန်ခဲ့သောလအတွင်း၊ ကျွန်တော်ကလေးမြို့မှရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ရသည်။ ထို့သို့ ရန်ကုန်သို့ ပြောင်းရွှေ့ခွင့် ရရှိခဲ့သောကြောင့် မိသားစုများလည်း လွန်စွာပင်ပျော်ရွှင်နေကြပြီး၊ ဌါနဆိုင်ရာ လူကြီးများကိုလည်း အထူးကျေးဇူးတင်မဆုံးဖြစ်နေကြသည်။

ကျွန်တော်တို့ မိသားစုများ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြပြီးနောက် ရက်သတ္တပတ်ခန့်ကြာသောအခါ၊ တနင်္ဂနွေရုံး ပိတ်ရက်တွင်၊ မရောက်တာကြာပြီဖြစ်သော ဦးရီးတော်ဦးတင် အေးကျော် (ကျွန်တော့်အဖေ၏အစ်ကိုကြီး)ထံသို့ ကျွန်တော်တို့ မိသားစုသွားရောက်လည်ပတ်ရင်း မိသားစုကန်တော့ဖြစ်ခဲ့ကြသည်။ ကျွန်တော်၏ ဖခင်ဘက်မှ ဘိုးဘွားများသည် လှိုင်မြို့နယ် အုတ်ကျင်းဘူတာရုံအနီးရှိ အမှတ် (၁၅) ရပ်ကွက်၌ နေထိုင်ခဲ့ကြသည်။ ကျွန်တော်သည်လည်းထို (၁၅) ရပ် ကွက်၌ပင် မွေးဖွားကြီးပြင်းခဲ့၏။ ယခုအခါမှာ ဦးရီးတော်ဦးတင်အေးကျော်သည် လှိုင်မြို့နယ်၊ သီရိမြိုင်ဘူတာရုံအနီးရှိ (၁၃) ရပ်ကွက်၌ နေထိုင်လျက်ရှိသည်။ အသက်အရွယ်မှာ (၈၀)ကျော်လာပြီဖြစ်ရာ၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ စသည့်ဘာသာတရားပွားများသည့်အလုပ်တွေကိုသာ လုပ်ကိုင်လျက်ရှိ သည်။

ကျွန်တော်တို့ မိသားစုများ ရောက်ရှိသွားကြသောအခါ ဦးရီးတော်ဦးတင်အေးကျော်မှာ ဘုရားစင်ရှေ့၌ တရားရှုမှတ်နေသည်ကို တွေ့ရသည်။ တစ်ဦးတည်းသောသမီးဖြစ်သူ မမအေးခမြာ၊ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေလေသည်။

"မမအေး. . ဘာတွေလုပ်နေတာလဲ။ နေကောင်းကြတယ်နော်. ကျွန်တော် ရန်ကုန်ကို အပြီးပြောင်းလာတာလေ"

ကျွန်တော်က မမအေးကို နှုတ်ဆက်ရင်းပြောပြလိုက်၏။

"ဟယ်. . မောင်ကြည်ဝင်းတို့ ပါလား။ အိမ်ထဲဝင်ကြ၊ မိသားစုတွေစုံလို့ပါလား"

မမအေးက [illegible]တို့ မိသားစုကိုကြည့်ပြီး၊ ဝမ်းသာ အားရရွှာဖြင့်. . .

"မောင်ကြည်ဝင်း၊ ရန်ကုန်ကို တကယ်အပြီးပြောင်းလာတာလား"

"တကယ်ပြောင်းလာတာ၊ မမအေးရဲ့။ မယုံလို့လား"

"ဟင်. . ဟုတ်လား။ ဒါဆိုကောင်းတာပေါ့။ တို့မောင်နှမတွေ ကွဲနေတာကြာပြီ။ အခုမှပဲတွေ့ရကော့တယ်။ စုစုသွင်ကလည်းဝလို့၊ လှလို့ပါလား"

"အစ်မ ညီမက အစားကောင်းတော့ ဝတာပေါ့ဗျ"

ဇနီးသည်စုစုက ကျွန်တော့်ကို မကျေနပ် တဲ့သဘောဖြင့် မျက်စောင်းထိုးကာ လှမ်းကြည့်လိုက်၏။

ထို့နောက်မှာတော့ ဇနီးသည်စုစုနှင့်ကလေးများမှာ မမအေးနှင့် ရှေးဟောင်းနှောင်းဖြစ် စကားတွေ ပြောမကုန်အောင်ရှိနေပါတော့သည်။ ကျွန်တော်ကတော့ ဧည့်ခန်းထဲ၌ ဦးရီးတော်နှင့်အတူ စကားတွေပြောဖြစ်ကြ၏။

"မောင်ကြည်ဝင်း၊ မင်း. . ရန်ကုန်ပြောင်းလာတာ အဆင်ပြေရဲ့လား၊ အခု. . . ဘယ်ရုံးမှာတာဝန်ကျလဲ"

"အခု. . ကျွန်တော် မြို့ထဲက လသာမြို့နယ်ရုံးမှာပါ"

"အေး. . အေး. . ကောင်းပါတယ်ကွာ၊ မင်းလည်း လဝကမှာ အလုပ်ဝင်ပြီး ကတည်းက မြန်မာတစ်ပြည်လုံး နယ်အနှံ့ ပြောင်းရွှေ့နေရတာ. . အခုတော့မှပဲ ရန်ကုန်ပြန်ရောက်တော့တယ်။ တို့ဆွေမျိုးသားချင်းတွေ ပြန်ဆုံကြရတာ ဦးရီး အလွန်ဝမ်းသာတယ်ကွယ်။ အလုပ်ကိုကြိုးစားပြီး လုပ်ပါကွယ်"

ထိုသို့ စကားပြောနေစဉ်. . . ဦးရီး၏ မျက်လုံးတစ်ဘက်ကို သတိထားကြည့်လိုက်မိ၏။ မျက်လုံးတစ်ဘက်မှာ အတွင်းဘက်သို့ ချိုင့်ဝင်နေသလိုရှိ၏။ ကျောက်မျက်လုံး ထည့်ထားသည်ကိုတွေ့လိုက်ရ၏။

"ဦးရီးမျက်လုံးတစ်ဘက်က ဘယ်လိုဖြစ်တာလဲ။ ကြည့်လို့အဆင်ပြေရဲ့လား"

"အင်း. . . ဦးရီးမျက်လုံး

အကြောင်းပြောရရင်တော့ အရှည်ကြီးပဲကွ။ ဒီမျက်လုံးအကြောင်းပြောလဲမပြောချင်ဘူး။ ဒါပေမယ့်နောင်လာနောက်သားတွေ သတိပြုဆင်ခြင်နိုင်ဖို့ အတွက် တော့. . မင်းကို ဦးရီးပြောပြပါ့မယ်။ အင်း. . . ဖြစ်စဉ်ကတော့. . "

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကာလ. . .

မှတ်မှတ်ရရဆိုရလျှင်။ ၁၉၆၆ခုနှစ် နွေဦးသစ်စ တပေါင်းလ။

နေကလည်းပူလိုက်သည့်ဖြစ်ခြင်း. . .



ခြစ်ခြစ်တောက်ပူနေ၏။ နေရာဒေသမှာ လှိုင်မြို့နယ်၊ အနောက်အုတ်ကျင်း (၁၅)ရပ်ကွက်ဖြစ်၏။ ထို (၁၅) ရပ်ကွက်နှင့် မီးရထားလမ်းခြားထားလျက် ၁၆ ရပ်ကွက်မာလာမြိုင်တည်ရှိ၏။ ထိုမာလာမြိုင်ရပ်ကွက် ပါရမီလမ်း၌ ဘောဂမြိုင်ဈေးကြီးမှာ အလွန်စည်ကားသောဈေးကြီးဖြစ်သည်။

တပေါင်းလ၏နေ့ တစ်နေ့. . .

ထိုနေ့က နေခြစ်ခြစ်တောက် ပူနေသည်။





အချိန်မှာ [illegible]၂ နာရီခွဲခန့်ဖြစ်၏။

ဘောဂမြိုင်ဈေးကြီး အတွင်းမှ မည်းမှောင်နေသောမီးခိုးလုံးကြီးတွေ ကောင်းကင်သို့ ထိုးထွက်လာပြီးမှ မီးတောက်မီးလျှံများဟုန်းဟုန်း ထတောက်လောင်လာ၏။ ထိုဘောဂမြိုင်ဈေးကြီး မီးလောင်မှုကြောင့် အနီးဝန်းကျင်ရပ်ကွက်များဖြစ်သော(၁၄) ရပ်ကွက်၊ (၁၃) ရပ်ကွက်၊ (သီရိမြိုင်) နှင့် (၁၅) ရပ်ကွက်တို့မှာ မီးဘေးအန္တရာယ်ကို အလွန်ပင်ကြောက်လန့်တုန်လှုပ်နေကြသည်။ နာရီပိုင်းအတွင်းမှာပင် ဈေးဝင်းကြီး တစ်ခုလုံး ပြာပုံအတိဖြစ်သွားရလေ၏။



မီးလောင်မှု၏တရားခံအစစ်ကို ရှာဖွေဖေါ်ထုတ်စုံစမ်းခဲ့ရာ တိကျသောအဖြေကိုမရရှိခဲ့ပါ။ အချို့က ဝါယာရှော့ဖြစ်ပြီး မီးလောင်သည်ဟုလည်းကောင်း၊ အချို့က ဈေးဆိုင်တစ်ဆိုင်မှ ရေနွေးအိုးကြို့ရာ မီးခဲလွင့်စင်ပေါက်ကွဲပြီးမီးလောင်သည်ဟု လည်းကောင်း၊ အချို့ကတော့ မသမာသူ တစ်ဦးဦးကကြိုတင် စီစဉ်ထားသည့်ရှို့မီးဖြစ်သည်ဟုလည်းကောင်း

အမျိုး၏မျိုးထင်မြင် ချက်များပေး နေကြသည်။

မည်သို့ပင်ဖြစ်စေ (၁၆) ရပ်ကွက်၊ (၁၅)ရပ်ကွက် စသည့် ရပ်ကွက်လူထုအများစုမှာ နွေရာသီဖြစ်သည့်အားလျော်စွာ မီးဘေးလုံခြုံရေးကို အထူးသတိပြုစောင့်ရှောက်နေရသည်။ မသမာသူ ဒုစရိုက်သမားများက "မီးကွင်းပစ်မည်။ မီးရှို့မည်" ဟူသော သတင်းစကားကြားထားသောကြောင့် ရပ်ကွက်လူထုက အတော်ပင်မကျေမနပ်ဖြစ်နေကြသည်။ ရပ်ကွက်မီးရှို့မည့်သူဆိုလျှင် တစ်ယောက်မျှမထားဘူး။ အပြတ်ရှင်းပစ်မည်ဟု ဒေါသထွက် ပေါက်ကွဲနေကြသည်။

ထို့ကြောင့် ဝါး၊ ဓနိတဲအိမ်များဖြင့် နေထိုင်ကြ ရသောအနောက် အုတ်ကျင်းတစ်ခွင်လုံးရှိ ရပ်ကွက်လူထုသည် "မီးဘေး ရှောင်မလောင်ခင်တား၊ လူထုအားဖြင့် အနိုင်ယူရမည်" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားလျက်၊ မီးဘေးလုံခြုံရေးကို နေ့၊ ညမပြတ် အစဉ်သတိချပ်၍ ရင်တမမဖြင့် နေထိုင်ကြရလေသည်။

\+ \+ \+

ထိုသို့ မာလာမြိုင်ရပ်ကွက်၊ ဘောဂမြိုင်ဈေးကြီး မီးလောင်မှုဖြစ်ပွားပေါ်ပေါက်ခဲ့ပြီးနောက်. . ။ တစ်လခန့်ကြာသော တစ်နေ့. . . ။

အနောက်အုတ်ကျင်း (၁၅)ရပ်ကွက်၊ ပြည်တော်သာ(၂) လမ်း၌ အသုဘနာရေးကိစ္စတစ်ခုဖြစ်ပွားခဲ့သည်။ ရပ်ကွက်ထုံးစံအတိုင်း အသုဘကိစ္စအကြောင်းပြု၍ အသုဘဖြစ်သောအိမ်၌ ဖဲဝိုင်းပြုလုပ်လေ့ရှိကြ၏။ ရပ်ကွက်အတွင်းမှ နာမည်ကြီးဖဲသမားများက ဦးစီးဦးဆောင်ပြု၍ အခြားဒေသမှနာမည်ကြီးဖဲဒိုင်များကို ဖိတ်ခေါ်ကာ ပွဲကြီးပွဲတောင်း ဖဲဝိုင်းကြီးကို စီစဉ်ပြုလုပ်ပေး၏။

ယင်းအသုဘဖဲဝိုင်းတွင် နာမည်ကြီးဒိုင်များ လာရောက်ကူညီပေးသဖြင့် အကောက်ငွေကြေးမှာ တစ်ညဆိုလျှင် ကျပ်တစ်သောင်းအထက်တွင် ရရှိလေ၏။ ဖဲဝိုင်းမှာ နေ့ညမပြတ် ကစားနေသောကြောင့် လာရောက်ကြည့်ရှုကြသော လူတွေကလည်း တအုံးအုံးတရုန်းရုန်းနှင့်ရှိနေလေ၏။ ရှုံးသူတွေက မှိုင်နေသလို ဖဲနိုင်သူတွေက ပြုံးပျော်ကြည်နူးနေကြ၏။ ဖဲရှုံး





နေ၍ညစ်နေသူ များကလည်း ပြဿနာရှာရန်အကွက်ကို စောင့်နေကြသည်။

တင်အေးကျော်မှာ ဖဲသမားမင်းအောင်၏ဘော်ဒါအဖြစ် လိုက်ပါလာခြင်းဖြစ်၏။ သူ့မှာ ငွေတစ်ပြားတစ်ကျပ်မျှပါမလာပါ။ မင်းအောင်ပေးဟာကိုယူ၍ မင်းအောင်ကျွေးတာကို စားရမည်ဖြစ်၏။ မင်းအောင် အသုဘအိမ်၌ ဖဲကစားနေသည်မှာ သုံးရက်ဆက်တိုက်ရှိနေပြီဖြစ်၏။ မင်းအောင်အိမ်က ယူလာသော ငွေတစ်သိန်းကျော်မှာ အခုဆိုလျှင် ငါးထောင်ခန့်သာကျန်တော့သည်။ မင်းအောင်မှာ ငွေတစ်သိန်းကျော်ရှုံးနေပြီဖြစ်၍ အတော်ပင်နေမထိထိုင်မရ စပ်ပူစပ်လောင်ဖြစ်နေ၏။

အချိန်မှာ ညနေစောင်း ၄ နာရီခွဲခန့်ဖြစ်၏။ အိမ်ရှင်မများလည်း ညစာအတွက် အခုမှသာ ချက်ပြုတ်ကြရမည်ဖြစ်သည်။ မီးဘေးအန္တရာယ်မဖြစ်စေရန် မီးသုံးစွဲချိန်ကို ကန့်သတ်ပေးထား၏။

မင်းအောင်တို့နှင့် တစ်ဝိုင်းတည်းကစားနေသောလူငယ်နှစ်ယောက်မှာ အင်းစိန်ဘက်မှ လာရောက်ကစားကြသော မဲလုံးနှင့် ထွန်းရွှေတို့ဖြစ်သည်။ ထိုလူငယ်နှစ်ယောက်မှာ ရပ်ကွက်အနေ ဖြင့်သူစိမ်းဧည့်သည်များဟုဆိုရမည်ဟု ဆိုရမည်ဖြစ်၏။ မဲလုံး ဆိုသူမှာ အသားမည်းမည်း၊ ဝဝပုပု။ ထွန်းရွှေကတော့ အရပ်ရှည်ရှည်၊ အသားဖြူဖြူဖြစ်၏။ ဖဲဝိုင်းဒိုင်ကိုင်သူမှာ အရှုံးများနေ၍ ဖဲဝိုင်းခေတ္တရပ်ဖို့ "ဝမ်နင်" ပေးထားပြီဖြစ်၏။

"ဒါ. . Last warning"

ဖဲဝိုင်းမှာ အနိုင်ရနေသူမှာ မဲလုံးနှင့်ထွန်းရွှေတို့ဖြစ်၏။ လူတွေက ဖဲဝိုင်းကိုဝိုင်းအုံ၍ ကျိတ်ကျိတ်တိုးကြည့်နေကြသည်။ ဖဲဝိုင်းမှာ ဈေးလာရောင်း သူတွေကလည်း ခြေချင်းလိမ်နေကြသည်။

ဖဲဝိုင်းမပြီးသေးခင် အချိန်မှာပင် ဖဲဝိုင်းလာကြည့်သူ အချင်းချင်းတိုက်မိရာမှ တစ်ယောက်တစ်ခွန်းစကားများ၍ လုံးထွေးသတ်ပုတ် ခိုက်ရန်ဖြစ်ပွား မှုကြောင့် ဖဲဝိုင်းမှာ မပြီးသေးဘဲ ပျက်သွားလေသည်။ ဖဲဝိုင်းတွင် အနိုင်ရသွားသော မဲလုံးနှင့် ထွန်းရွှေတို့လည်း ရှုတ်ရှုတ်သဲသဲဖြစ်နေသော လူအုပ်

ကြားမှ အတင်းတိုး၍ ပြေးထွက်သွားကြစဉ်. . .။ ဖဲ့နှံ၍စိတ်ညစ်ပြီး ပြဿနာရှာရန်ကြံစည်နေသော လူတစ်ယောက်က မီးဖိုအနီးမှ မီးထွန်းထားသော မီးခွက်ကို ဆွဲယူပြီး၊ အမြန်ပြေးထွက်သွားသော မဲလုံးနှင့် ထွန်းရွှေတို့အား နောက်မှနေ၍ လှမ်းပေါက်လိုက်သည်။

အဆိုမီးခွက်သည် ဘေးအိမ်မှ ထရံကိုထိမှန်သွားပြီး မီးလောင်မှုစတင်ဖြစ်ပွားတော့သည်။ ထိုအခါ လူတစ်ယောက်က "ဟိုလူတွေ အိမ်ကိုမီးရှို့ပြီး ထွက်ပြေးသွားတယ်၊ လိုက်ကြဟေ့ ဖမ်းထားကြဟေ့. . ." ဟု အော်ဟစ်ပြော ဆိုလေရာ လူအုပ်ကြီးက မဲလုံးနှင့်ထွန်းရွှေတို့နောက်သို့ ဝိုင်းအုံ၍ပြေးလိုက်သွားကြတော့ သည်။



မဲလုံးနှင့်ထွန်းရွှေတို့မှာ သူတို့နောက်မှ တုတ်၊ ဓါး၊ လှံတွေကိုင်ဆောင်ပြီး လူအုပ်ကြီးပြေးလိုက်လာ သည်ကို တွေ့မြင်ရသော အခါ ကြောက်ရွံ့ထိတ်လန့်၍ ခြေဦးတည့်ရာ ပြေးကြလေ၏။ (၁၅)ရပ်ကွက်၏ အနောက်ဘက်ခြမ်းရှိ စစ်မြေဘန်ကာ လမ်းသို့ရောက်ရှိခဲ့ရာ ခြေတံရှည်အိမ်





ကြီးတစ်အိမ်ကို တွေ့မြင်ရသဖြင့် မဲလုံး နှင့်ထွန်းရွှေတို့လည်း ထိုအိမ်ကြီးအပေါ်ထပ်သို့ ပြေးတက်သွားခဲ့သည်။



ထိုအိမ်ကြီး၌ အသက် ၆၀ ကျော်အဖိုးကြီး၊ အဖွားကြီးနှစ်ဦးသာရှိ၏။ ထို အဖိုးအဖွား ဇနီးမောင်နှံတို့မှာ အသက်အရွယ်ကြီးသူများဖြစ်၍ မျက်စေ့များလည်း မှုန်ဝါးနေသဖြင့် ကောင်းစွာမမြင်နိုင်တော့ပါ။

"ဟဲ့ . . ဟဲ့ . . ဘယ်သူတွေလဲ။ အိမ်ပေါ်တက်လာတာ"

"အဘိုးနဲ့အဖွားတို့ ကျွန်တော်တို့ လူကောင်းတွေပါ။ ကယ်ပါအုံး အဘိုးတို့ရယ်။ မီးရှို့တယ်ဆိုပြီး လူတွေဝိုင်းအုံလိုက်လာကြလို့ပါ"

"မင်းတို့က ဘယ်ကလဲ။ ဘယ်သူတွေလဲ"

"ကျွန်တော်တို့က မဲလုံးနဲ့ ထွန်းရွှေလို့ခေါ်ပါတယ်။ နေတာက အင်းစိန်ရွာမပိုင်းမှာနေပါတယ်"

ထိုသို့ ပြောဆိုနေစဉ်မှာပင် ဒေါသထွက်နေသော လူအုပ်ကြီးရောက်ရှိလာကြပြီး၊ အဆိုပါ ခြေတန်ရှည်အိမ်ကြီးကို အောက်

မှဝိုင်းအုံထားလိုက်ကြ၏။

"ရပ်ကွက်ကို မီးရှို့သွားတဲ့ ကောင်တွေ. . အခု. . အိမ်ပေါ်က ဆင်းခဲ့ကြဟေ့။ သူတစ်ပါးဒုက္ခ ရောက်အောင်လုပ်တဲ့ အဖျက်သမားတွေ အခုဆင်းခဲ့ကြလေ။ အိမ်ပေါ်က ဆင်းမလာရင်တော့ အိမ်ကိုမီးရှို့ပစ်မယ်ကွ"

လူအုပ်ကြီးက တစ်ယောက် တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြလေ၏။

လူအုပ်ကြီးမှာ လွန်ခဲ့သော တစ်လခန့်က မာလာမြိုင်ရပ်ကွက် ဘောဂမြိုင်ဈေးကြီး မီးလောင်ခံရပြီးနောက် မီးဘေးအန္တရာယ်ကို အလွန်ပင် စိုးရိမ်ကြောင့်ကြနေကြ၏။ ဘောဂမြိုင်ဈေး ကြီးမီးလောင်၍ ပြာပုံအတိဖြစ် သွားရသည်ကို ယခုတိုင်တွေ့မြင်နေရ၍ ရပ်ကွက်လူထုအဖို့ အတော်ပင် သံဝေဂရ မဆုံးဖြစ်နေကြသည်။ ထို့ကြောင့် မီးနှင့်ပတ်သက်လာလျှင် မည်သူ့ကိုမျှ ညှာတာခွင့်လွှတ်မည်မဟုတ်ပါ။ ထိရောက်စွာ အပြစ်ပေးအရေးယူဆုံးမရမည်ဟု လေးနက်စွာခံယူထားကြ၏။

ထိုသို့လူအုပ်ကြီးက အိမ်ပေါ်မှလူစိမ်းနှစ်ဦးကို ဆင်းလာခဲ့ရန် ဆူညံစွာ တစ်ယောက်တစ်ခွန်းပြောဆိုနေစဉ်အချိန်မှာပင် ရပ်ကွက်လူကြီးများရောက်ရှိလာပြီး လူအုပ်ကြီးအား အကြမ်းမဖက်ရန်၊ လူစုခွဲကြပါရန် တားမြစ်ဖျောင်းဖျပြောဆိုနေကြ၏။ အိမ်ပေါ်မှ အိမ်ရှင်အဘိုးအဖွားနှစ်ဦးတို့ကို လူငယ်နှစ်ဦးအား အိမ်ပေါ်တက်စေပြီး ဖေးမခေါ်ဆောင်စေသဖြင့် အိမ်အောက်သို့ ကောင်းမွန်စွာ ရောက်ရှိလာခဲ့သည်။

အိမ်ပေါ်တွင် ကျန်ရှိနေသော မဲလုံးနှင့်ထွန်းရွှေတို့ နှစ်ယောက်မှာ ကြောက်လန့်စွာဖြင့် ဘာလုပ်ရမှန်းမသိဖြစ်ကာ ထိတ်လန့်လျက်ရှိနေ၏။ ဒေါသဆူပွက်နေသော လူအုပ်ကြီးသည် ရပ်ကွက်လူကြီးများက တားမြစ်နေသည့်ကြားမှပင် ထိုအိမ်ကြီးကို အောက်ခြေမှနေ၍ မီးတင်ရှို့ကြတော့သည်။ အိမ်ပေါ် တက်သောလှေကားကို မီးရှို့ထားသဖြင့် အိမ်ပေါ်မ ှမဲလုံးနှင့်ထွန်းရွှေတို့မှာ အိမ်အောက်သို့ဆင်းမရအောင်ဖြစ်နေကြတော့သည်။

လူအုပ်ကြီးကလည်း တုတ်၊ ဒါး၊ မျှား၊ လှံ စသည့်လက် နက်မျိုးစုံကိုင်ဆောင်ထားလျက် ရပ်ကွက်ကိုမီးရှို့သွားသည့် ငမိုက် သားနှစ်ယောက်ကို "ခုတ်မည်၊ ထစ်မည်၊ ပါးပါးလှီးမည်" ဟု လက်တယားယား ဖြစ်နေကြသည်။ အိမ်ကြီးကို စွဲလောင်နေသော မီးလျှံတို့မှာ စက္ကန့်မိနစ်ပိုင်းအတွင်း လေဝှေ့ရမ်းမှုကြောင့် လွန်စွာပြင်းထန်လာခဲ့ရာ အောက်သို့ဆင်းမရဘဲ အိမ်ပေါ်၌ပိတ်မိနေသော မဲလုံးနှင့် ထွန်းရွှေတို့မှာ မီးလျှံတွေကြားမှပင် အိမ်ပြူတင်းပေါက်မှ ခုန်ချကြရာ မဲလုံးသည် ကံကောင်းထောက်မ၍ ထွက်ပြေးလွတ်မြောက် သွားခဲ့သော်လည်း ကံဆိုးသူ ထွန်းရွှေကတော့ အိမ်အောက်ရောက်သည် နှင့် လဲကျသွားခဲ့ရာ လူအုပ်ကြီး၏ ဝိုင်းအုံ ရိုက်နှက်မှုကြောင့် အသက်ပျောက်သွားလေတော့၏။

ဤကဲ့သို့ လူအုပ်ကြီးက ဒေါသထွက်ဝရုန်းသုန်းကားဖြစ်နေစဉ်. . .။ မြို့နယ်ရဲစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ ကားများဖြင့် ရောက်ရှိလာကြ၏။ တစ်ချိန်တည်းပင် မီးရှို့လူသတ်ဖြစ်ရပ်မှုခင်းနှင့်ပတ်သက်သောပုဂ္ဂိုလ်များကို စုံစမ်းဖော်ထုတ်၍ အချိန်မီဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့၏။ ထိုဖမ်းဆီးခံရသောပုဂ္ဂိုလ်များတွင် တင်အေးကျော်နှင့် ဖဲသမား မင်းအောင်တို့လည်း ပါဝင်ခဲ့သည်။ မီးလောင်နေသောအိမ်ပေါ်မှ ခုန်ချသော မဲလုံးနှင့်ထွန်းရွှေတို့အား ရိုက်နှက်ရန် အောက်မှစောင့်နေစဉ် မီးစွဲထားသောသစ်သားတန်း တစ်ခု တင်အေးကျော်၏ ခေါင်းပေါ်သို့ ပြုတ်ကျခဲ့ရာ ဝဲဘက်မျက်လုံးကို ထိုးမိသွားခဲ့လေ၏။

ထိုထိခိုက်သောဒဏ်ရာကြောင့် မျက်လုံးမှာ ဘယ်လိုမှ ကုသ၍မရတော့ဘဲ နောက်ဆုံး၌ ကျောက်မျက်လုံးအစားထိုးထည့်ထားရလေ၏။ ဖဲသမား မင်းအောင်နှင့် ဘော်ဒါအလိုက်ကောင်းခဲ့သော အမှားကြောင့် တင်အေးကျော်သည် မျက်စိတစ်လုံးဆုံးရှုံးခဲ့ ရသလို တရားရုံးတော်မှထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်းခံရပြန်၏။ ထို မီးရှို့ လူသတ်မှုခင်းပြဿနာကြောင့် အနောက်အုတ်ကျင်း (၁၅)ရပ်ကွက်သည်လည်း လှိုင်မြို့နယ်၌ ဆိုးသွမ်းရပ်ကွက်အဖြစ် နာမည်ဆိုးဖြင့်ကျော်ကြားသွားလေ၏။ အခု

မဟုတ်ပါ။ လွန်ခဲ့ သောနှစ်ပေါင်း ၄၀ ကျော်ကဖြစ်ပါသည်။

\+ + +

"ဦးရီးရဲ့မျက်လုံးနဲ့ ပတ်သက်တဲ့ဖြစ်ရပ်ကတော့ ဒါပါပဲကွယ်။ မင်းအတွက်တော့ မလိုပါဘူး။ မင်းရဲ့သားသမီးတွေကို ပြောပြထားဖို့လိုလိမ့်မယ်. . မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ တဲ့။ လူငယ်တွေ အပေါင်းသင်းမမှားတာတွေရှိတယ်။ လူမိုက်နဲ့ ပေါင်းရင် တစ်နေ့ဒုက္ခတွေ့မှာ သေချာတယ်။ မိတ်ဆွေကောင်းနဲ့ ပေါင်းရမယ်။ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းရမယ်။ ဒါမှသာ ကောင်းမွန်တဲ့ဘဝ၊ ကောင်းမွန်တဲ့ ချမ်းသာသုခအစစ်ကို ရနိုင်တယ်။ လူ့ဘဝမှာ ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းတွေရှိ ဖို့ အထူးပဲလိုအပ်တယ်"

ဦးရီးက သူ့မျက်လုံးနှင့်စပ်လျဉ်း၍ သူပေးဆပ်ခဲ့ရသော ဝတ်ကြွေးတွေ၊ ဘဝသင်ခန်းစာတွေကို တစ်ဝကြီးပြောပြခဲ့သည်။

ထိုနေ့က ကျွန်တော်တို့မိသားစုများက စားဖွယ်ဝတ္ထုပစ္စည်းများနှင့် ဦးရီးတော်အား ဦးခိုက်ကန်တော့ခဲ့ကြသည်။ ဦးရီးကသူ့မြေးများဖြစ်သော ကျွန်တော့်သားသမီးများအား ဆုံးမစကားပြောကြားရာတွင် "လိမ္မာယဉ်ကျေးတဲ့၊ တန်ဖိုးရှိတဲ့သားကောင်း၊ သမီးကောင်းများဖြစ်ကြပါစေလို့ ဘဘမှာကြားချင်ပါတယ်ကွယ်" ဟူ၍ဖြစ်၏။

ညနေပိုင်းမှာတော့ ကျွန်တော်တို့မိသားစု မြို့ပတ်ရထားဖြင့် ရွှေပြည်သာမြို့သို့ အိမ်ပြန်ခဲ့ကြသည်။ ရထားပေါ်၌ ကျွန်တော်သည် ဦးရီးပြောပြခဲ့သော

ဒေဝဒတ်နှင့်လူပေါင်းမှားသောအဇာတသတ်မင်းသား ငရဲကျခဲ့ရသည်။

ဖဲသမားမင်းအောင်နှင့်လူပေါင်းမှားသော ကျွန်တော့် ဦးရီးထောင်ကျခဲ့ရသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် တွေ့ခဲ့ရ၍ အင်္ဂုလိမာလလူဆိုးဘဝမှ လွတ်မြောက်ခဲ့ရသည်။

သို့ဖြစ်၍ ဘဝတစ်ခုအောင်မြင်လွတ်မြောက်ဖို့အတွက် သူတော်ကောင်း၊ မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းမိရန် အထူးလိုအပ်ကြောင်း သုံးသပ်ဆင်ခြင်မိပါသည်။ **မောင်ထည်ဝါ**



မြင်ကွင်းစုံမှုခင်း







## သန့်ဇင်ဦး(ဒလ)

# တန်ဖိုး

"ဒီခွေး အတော်အတင့်ရဲပါလား၊ ငါ့ခြံထဲဝင်ပြီး ကြောင်ကို လိုက်ကိုက်နေတာ ကြည့်စမ်း. . . ကြည့်စမ်း၊ ခွေးပိုင်ရှင်တွေ ခွေးပိုင်ရှင်တွေ ခွေးမွေးပြီး ဒီအတိုင်းလွှတ်ထားရသလား၊ ဟဲ့. . . ခွေး. . . ဟဲ့. . . ခွေး ဒီလောက်တောင်ဖြစ်တာ ကဲဟာ. . ."

"ဂိန်. . . ဂိန်. . . ဂိန်"

ဒေါ်သိဂီတစ်ယောက် သူ့ခြံထဲကနေ ထွက်ပြေးသွားသော ခွေးကိုကြည့်ကာ မကျေမနပ်ဖြစ်၍ ပြောဆိုကျန်ရစ်ခဲ့တော့သည်၊ တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တစ်ခုလုံး ဒေါ်သိဂီရဲ့ အသံကြောင့် ဆူညံသွားခဲ့လေသည်၊ ဒီလိုဆူညံနေခြင်းကလည်း ခွေးဘိုနီကြောင့်သာ ဖြစ်သည်၊ ထိုခွေးကလည်း တော်တော်ဆိုးသည်၊ လမ်းထဲက ကလေးသူငယ်များဆိုရင် ခွေးဘိုနီကိုက်မှာကို ကြောက်လို့ဝေးဝေးက ရှောင်ကြသည်၊ နောက်ပြီး ခွေးပိုင်ရှင် ဦးပေါ်ထွန်းက သူ့ခွေးနှင့်ပတ်သက်လာတဲ့ ပြဿနာမှန်သမျှကိုလည်း ခွေးဘက်က ကာကွယ်၍ အမြဲတမ်းပြောဆိုတတ်သူဖြစ်သည်၊ ယခုလည်း ဒေါ်သိဂီရဲ့ လက်ချက်ကြောင့် ခွေးဘိုနီ ခြေထောက်တစ်ဖက် နာကျင်သွားသည်ကို ဦးပေါ်ထွန်း မသိသေးသော ကြောင့်သာဖြစ်သည်၊ ဦးပေါ်ထွန်း သိသွားလျှင် မလွယ်ပေ၊ ဦးပေါ်ထွန်းက ခွေးချစ်တတ်သော လူစားမျိုးဖြစ်ပေသည်၊

"ဒီမှာ. . . ဒီမှာ ခင်ဗျား ကျုပ်ရဲ့ခွေးကို ခဲလုံးနဲ့ပစ်လိုက်တာ မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ ပစ်လိုက်တာ ဘာဖြစ်လဲ"

"ခင်ဗျား အကြင်နာတရား ခေါင်းပါးလှချည်လား၊ အခု ကျုပ်ရဲ့ခွေးဘိုနီ ခင်ဗျားလက်ချက်ကြောင့် ခြေထောက်တစ်ချောင်း မထောက်နိုင်တော့ဘူး"

"ဪ. . . ရှင်ရဲ့ခွေးက ကျွန်မရဲ့ ကြောင်ကို ခြံထဲအထိ ဝင်ကိုက်တာကိုတော့ ရှင်မမြင်ဘူး မှတ်လား၊ ကျွန်မခြံထဲကိုလဲ တ█ကျ█ တော်ကျော် ဝင်လာသေးတယ်၊ ရှင်ရဲ့ခွေးကို အထိမခံနိုင်ဖြစ်နေရင် သူများခြံထဲကို မဝင်စေနဲ့"

"တိရစ္ဆာန်ပဲဗျ ခြံထဲကို မဝင်ရဘူးဆိုတာ သိမလား၊ ခင်ဗျားရဲ့ ကြောင်က ကျုပ်ရဲ့အိမ်ကိုလာလာပြီး ဟင်းတွေခိုးစားနေလို့၊ ခွေးဘိုနီက လိုက်ကိုက်တာ၊ ကျုပ်ရဲ့ခွေး ခင်ဗျားခြံထဲကို ဝင်တာမကြိုက်ဘူးဆိုရင် ခင်ဗျားရဲ့ကြောင်ကိုလဲ သူများအိမ်က ဟင်းတွေ လာခိုးမစားစေနဲ့၊ မွေးထားတော့ကြောင်သူခိုး ပြောလိုက်ရင်တော့ ဘာဖြစ်သလေး၊ ညာဖြစ်သလေးနဲ့"

"ရှင့်ရဲ့ခွေးက ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ မွေးထားတော့ ခွေးဝဲစား၊ ပြောတဲ့စကားက ကြီးကြီးကျယ်ကျယ်နဲ့"

"ခွေးဝဲစားက ခင်ဗျားရဲ့ကြောင်လိုတော့ ဟင်းမခိုးစားတတ်ဘူးဗျ"

ဦးပေါ်ထွန်းရဲ့ အထေ့အငေါ့ စကားကြောင့် ဒေါ်သိဂီ အသားများ ဆတ်ဆတ်တုန်၍ ဒေါသဖြစ်နေတော့သည်၊ မိန်းမလို မိန်းမရနဲ့ တက်ကက်လန်အောင် ရန်ပြန်တွေ့တတ်တဲ့ ဦးပေါ်ထွန်းကို စကားနိုင်လု ပြောလို့ မလွယ်ကူမှန်းကို ဒေါ်သိဂီ သိလိုက်ချိန်မှာတော့. . .

"ရှေးလူကြီး သူမတွေပြောတဲ့စကားများနော် သိပ်မှန်တာပဲ"

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

"ရှင်သိချင်လို့လား သိချင်ရင် ကျွန်မပြောပြမယ်၊ ခွေးဖိုး တစ်ထောင်၊ ကြောင်ဖိုးတစ်သိန်းတဲ့. . . ရှင့်"

"အဲဒီစကားက ဘိုးတော်ဘုရားလက်ထက်မှာ ကျန်ခဲ့ပြီ၊ အခု ခေတ်မှာက ခွေးတန်ဖိုးက သိန်းနဲ့သန်းနဲ့ချီနေတာ၊ ခွေးတစ်ကောင်ရဲ့ တန်ဖိုးက ခင်ဗျားရဲ့ ကြောင်မျိုး အကောင်တစ်ရာလောက်ဝယ်လို့ရတယ်ဆိုတာကို ခင်ဗျားနားလည်ထား"

"တော်ပြီ၊ ရှင့်လိုလူနဲ့ စကားဆက်ပြောနေရင် ကြာရင်ရူး သွားလိမ့်မယ်"



ဒေါ်သိဂီ ဦးပေါ်ထွန်းကို ပြောဆိုပြီး အိမ်ပေါ်သို့ တက်သွားတော့သည်။ ဦးပေါ်ထွန်းတစ်ယောက် အိမ်နီးနားချင်း၊ ပတ်ဝန်းကျင်က လူများ၏ တိုးညင်းဝေဖန် ပြောဆိုနေသော စကားသံများကို ကြားလိုက်ရ၍ မကျေမနပ်ဖြင့် အိမ်သို့ပြန်လာခဲ့တော့သည်။

ဦးပေါ်ထွန်းနှင့် ဒေါ်သိဂီတို့ နှစ်ဦးစလုံးက စကားကြွယ်သူများဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံး စကားပြောသည့်အခါတိုင်း ရှေးစကားပုံများနှင့် ယှဉ်၍ပြောဆိုတတ်ကြသည်ကတစ်ကြောင်း၊ ၎င်းတို့မှန်တယ်ထင်ရင် တစ်ဇွတ်ထိုးပြောတတ်တဲ့ အကျင့်တွေကြောင့်၊ ပတ်ဝန်းကျင်က လူများမှာ ၎င်းတို့နှစ်ဦးရန်ဖြစ်နေခြင်းကို ဝင်ရောက်မဆွဲခြင်းသာ ဖြစ်ရပေသည်။

ဦးပေါ်ထွန်းတစ်ယောက် ခွေးချစ်တတ်သည်ဆိုတာက အမှန်ပင်ဖြစ်သည်။ ခွေးချစ်တတ်တဲ့ စိတ်ကလေးကြောင့် ရှေးထုံးကိုပယ်ရမည်ကိုတော့ သူဝန်လေးနေမိသည်။ အမြော်အမြင်ရှိသော ရှေးလူကြီးသူမတွေရဲ့ စကားတွေ(စကားပုံ)ဟာ မှန်တယ်ဆိုတာကို သူလက်ခံ



သည်။ ဒါပေမယ့် "ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်း"ဆိုတဲ့ စကားပုံဟာ ယနေ့ခေတ်နဲ့ တခြားစီဖြစ်နေရခြင်းက ဘာကြောင့်ဆိုတာကို တော့ သူလေ့လာရဦးမည်။

"ဘိုနီရေ. . . လာ. . . လာ. . အို့. . . အို့. . ဘယ်တွေ လျှောက်သွားနေတာလဲကွ။ လာဒီမှာ အစာလာစား"

ဦးပေါ်ထွန်း မိမိမွေးထားသော ခွေးဘိုနီကို အစာခေါ်ကျွေးပြီး လက်ဖက်ရည်ကြမ်းနှင့် အိမ်ပေါ်၌ အနားယူနေချိန်မှာတော့. . .

"ကိုပေါ်ထွန်းရေ. . . ကိုပေါ်ထွန်း"

မိမိရဲ့အမည်ကို ခေါ်သံကြား၍ အိမ်ရှေ့သို့ထွက်လာမိသည်။

"ဟာ. . . ကိုမြင့်ဝင်းပါလား။ လာလေဗျာ အိမ်ပေါ်ကို တက်ဦးလေ"

"မတက်တော့ပါဘူးဗျာ။ ခင်ဗျားကို ဥက္ကဋ္ဌ ခေါ်ခိုင်းလိုက်လို့ ကျွန်တော် လာခေါ်တာဗျ"

"ကျွန်တော့်ကို ဘာကိစ္စနဲ့ ဥက္ကဋ္ဌကြီးက ခေါ်ရတာလဲဗျ"

"ခင်ဗျားရဲ့ ခွေးကဒေါ်မြရဲ့သားကို ကိုက်လိုက်လို့တဲ့။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါ်မြက မကျေနပ်လို့ ဥက္ကဋ္ဌကို လာတိုင်တာဗျ"

"ဟုတ်ပါပြီဗျာ။ ကျွန်တော် အခုပဲလိုက်ခဲ့ပါမယ်"

ဦးပေါ်ထွန်း ခြံတံခါးပိတ်၍ ဥက္ကဋ္ဌအိမ်သို့ ထွက်လာတော့သည်။ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဦးပေါ်ထွန်း အိမ်ပေါ်သို့ တက်ဖြစ်သေးဘဲ၊ ဥက္ကဋ္ဌ အိမ်ရှေ့မှာပင် မတ်တတ်ရပ်နေမိသည်။ ကြည့်လေ။ ဥက္ကဋ္ဌအိမ်ပေါ်မှာက ဒေါ်မြတို့သားအမိအပြင်၊ လမ်းထိပ်က ဒေါ်ကြည်ဝင်း၊ နောက်ပြီးတော့ ကြောင်ပိုင်ရှင် ဒေါ်သိဂီလဲ ရောက်နေတော့ အိမ်ပေါ်သို့ တက်ရမှာကို မဝံ့မရဲဖြစ်နေမိသည်။

"ပေါ်ထွန်း လာလေကွာ"

ဥက္ကဋ္ဌကြီးရဲ့ ခေါ်သံကြောင့် ဦးပေါ်ထွန်း အိမ်ပေါ်သို့ တက်ကာ လွတ်နေသော နေရာ၌ဝင်ထိုင်လိုက်ရင်း. . .။

ဥက္ကဋ္ဌကြီးက အိမ်ပေါ်တွင် ရှိနေသောသူများကို တစ်ချက်ဝေ့

ကြည့်လိုက်သည်။

"ခင်ဗျားတို့ကို အခုလို ခေါ်လိုက်ရခြင်းကတော့ ခင်ဗျားတို့ မွေးထားတဲ့ တိရစ္ဆာန်တွေနဲ့ ပတ်သက်ပြီး၊ ကျုပ်ကိုခဏခဏ လာတိုင်လို့ ခေါ်လိုက်ရခြင်းပဲ ဖြစ်တယ်"

ဥက္ကဋ္ဌကြီးရဲ့စကားများက မိမိတို့ကို ရည်ရွယ်၍ပြောဆိုမှန်းကို ဦးပေါ်ထွန်းသိလိုက်ရသည်။ ပြီးတော့ တိရစ္ဆာန်မွေးတဲ့သူဆိုလို့ ဦးပေါ်ထွန်းနဲ့ ဒေါ်သိဂီတို့နှစ်ယောက်သာ ရှိသည်။

"တဲ. . . ပေါ်ထွန်း မင်းရဲ့ခွေးက ဟော့ဒီက ဒေါ်မြရဲ့သား မောင်သံလုံးကို ကိုက်လိုက်တယ်"

"ဥက္ကဋ္ဌကြီး ကျွန်မ မကျေနပ်နိုင်ဘူး၊ သူ့ကို တရားစွဲမယ်။ အဲဒါ ဥက္ကဋ္ဌကြီး ကူညီပေးပါ"

ဥက္ကဋ္ဌကြီးရဲ့ စကားပင်မဆုံးသေး၊ ဒေါ်မြရဲ့ ဖြတ်ပြောလိုက်သောကြောင့် ဦးပေါ်ထွန်း တုန်လှုပ်သွားမိသည်။

"ကျွန်. . . ကျွန်တော် တောင်းပန်ပါတယ် ဒေါ်မြရယ်၊ ကလေးအတွက်လည်း ဆေးဝါးကုသပေးပါ့မယ်။ ဒီလိုပြောတာကလည်း ကျွန်တော် ငွေစကားပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ခွေးကြောင့် ဖြစ်ရတာဆိုတော့ ကျွန်တော့် တာဝန်လဲမကင်းဘူးလေ၊ ဟို. . . ဟို တရားတွေ ဘာတွေတော့ မစွဲပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် မမြရယ်၊ ဒီတစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပေးလိုက်ပါ။ နောက်ဒါမျိုးဖြစ်ရင် ကျုပ်ကိုယ်တိုင် ထိထိရောက်ရောက် အရေးယူပေးပါ့မယ်"

"တဲ. . . ကိုပေါ်ထွန်း ခင်ဗျားကလည်း တလေးရဲ့ကျန်းမာရေး အတွက် တာဝန်ယူပေးလိုက်၊ နောက်တစ်ခါဆိုရင်တော့ ခင်ဗျားကို အပြစ်ဒဏ်ပေးမှာနော်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး"

ဥက္ကဋ္ဌကြီးရဲ့ ညှိနှိုင်းပေးမှုကြောင့် ဒေါ်မြတစ်ယောက် နောက်ဆုံးတော့ ကျေနပ်သွားခဲ့သည်။ နောက် ပြဿနာတစ်ခုက. . .







"တဲ. . . မသိဂီ နင်မွေးထားတဲ့ ကြောင်ကလဲ ဒေါ်ကြည်ဝင်း အိမ်က ဟင်းတွေကိုခိုးစားလို့တဲ့၊ ဟင်းတွေက ဘုန်းကြီးကျောင်းကို ဆွမ်းဟင်းချိုင့်၊ လှူမယ့်ဟင်းတွေ။ ပြီးတော့ ဒေါ်ကြည်ဝင်းတို့ လင်မယား တွေ အဲဒီကိစ္စနဲ့ ရန်ဖြစ်ရတယ်။ အဲဒီတော့ နင် ဒေါ်ကြည်ဝင်း ကျေနပ် အောင် လုပ်ပေးလိုက်၊ နင်ရဲ့ကြောင်ကိုလဲ သူများပစ္စည်းတွေ ခိုးမစား စေနဲ့ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး၊ ကျွန်မကြောင် ကြောင့် နောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ ဒီက အစ်မ မကြည်ဝင်းကိုလဲ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်ရှင်။ နောက်ကို ဒီလိုမျိုး မဖြစ်စေရပါ ဘူး၊ ကျွန်မ ကတိပေးပါတယ်"

"အေး ဒီတစ်ခါတော့ ထော်ကာထားရမယ့် မျက်နှာတွေကြောင့် ကျွန်မ ခွင့်လွှတ်ပေးလိုက်မယ်။ နောက်တစ်ခါ ဒါမျိုးဖြစ်ခဲ့ရင် ကျွန်မ ဘယ်သူ့မျက်နှာမှ မထောက်ထားနိုင်ဘူး"

"ကျေး. . . ကျေးဇူးတင်ပါတယ် အစ်မ မကြည်ဝင်းရယ်၊ နောက်ကို ဒါမျိုးမဖြစ်စေရပါဘူးလို့ ကျွန်မ ကတိပေးပါတယ်ရှင်"

"ကဲ. . . အခုတစ်ယောက်နဲ့တစ်ယောက် ပြေလည်သွားကြပြီဆိုတော့ ပြန်လို့ရကြပါပြီ၊ ဦးပေါ်ထွန်းနဲ့ ဒေါ်သီဂီတို့ကတော့ ခဏနေခဲ့ဦး၊ ခင်ဗျားတို့ကို ပြောစရာရှိသေးတယ်၊ ကျန်တဲ့လူတွေကတော့ သွားလို့ရပါပြီ၊

ဥက္ကဋ္ဌကြီးအိမ်တွင် ဦးပေါ်ထွန်းနှင့် ဒေါ်သီဂီတို့နှစ်ဦးကလွဲ၍ ကျန်တဲ့လူများ အသီးသီးပြန်သွားကြသည်၊ ဥက္ကဋ္ဌကြီးရဲ့ သတိပေးဆုံးမစကားများကို အပြစ်ရှိတဲ့ ၄င်းတို့နှစ်ဦးနာခံရဦးမည်၊ ထိုအချိန်မှာပဲ ဥက္ကဋ္ဌကြီးရဲ့ ဆုံးမဩဝါဒများ ထွက်ပေါ်လာတော့သည်၊

"မင်းတို့ သတ္တဝါတွေအပေါ်မှာ သနားကြင်နာတတ်တဲ့ စိတ်ကလေးတွေရှိတာတော့ ကောင်းပါတယ်ကွာ၊ ဒါပေမယ့် တစ်ဖက်သားကိုတော့ မထိခိုက်စေချင်ဘူး၊ မြန်မာစကားပုံတောင်ရှိသေးတယ်ကွာ၊ "ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်း"တဲ့ မင်းတို့တွေက ခွေးတွေ၊ ကြောင်တွေကိုယာမွေးပြီး၊ စကားပုံနဲ့ညီအောင် မလိုက်နာကြတော့ ဒီလိုပြဿနာတွေ ဖြစ်ပေါ်လာတာပဲကွ"

ဥက္ကဋ္ဌကြီးစကားပြောပြီး၊ ရေနွေးကြမ်း တစ်ခွက်ကို သောက်ချ ခဏနားလိုက်သည်၊ အဲဒီအချိန်မှာပဲ ဦးပေါ်ထွန်းရဲ့ ရင်ထဲကဖြစ်ပေါ်နေတဲ့ သိချင်တဲ့စိတ်ကလေးက ပေါ်လာသည်၊ "ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်း"ဆိုတဲ့စကားပုံရဲ့ အဓိပ္ပာယ်ကို သိချင်နေတဲ့ စိတ်ဟာ ဟန်ပင်မဆောင်နိုင်ခဲ့တော့. . .၊

"ဥက္ကဋ္ဌကြီး ခွေးဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်း ဆိုတဲ့ စကားပုံရဲ့ အဓိပ္ပာယ်ကိုသိရင် ကျွန်တော့်ကို ရှင်းပြပါလား၊ ကျွန်တော် တကယ်မသိလို့ပါ"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး၊ ကျွန်မလဲ မသိလို့ ရှင်းပြပေးပါနော်"

၄င်းတို့နှစ်ဦးရဲ့ သိချင်စိတ်များသည် အနားပေးထား၍ မရအောင် တရွေ့ရွေ့ဖြင့် ရုန်းကန်ဆန်တက်နေလေတော့သည်၊ ထို့





ကြောင့်လည်း ဥက္ကဋ္ဌကြီးထံမှ ထွက်ပေါ်လာမယ့် စကားသံများကို နားစွင့်နေမိတော့သည်၊

"အေး. . . မင်းတို့သိချင်ရင် ငါရှင်းပြပေးပါ့မယ်၊ ခွေးဖိုးတစ်ထောင်ဆိုတာက မင်းတို့ထင်သလိုမျိုး ငွေပိုက်ဆံ(တစ်ထောင်)ကို ပြောတာမဟုတ်ဘူးကွ၊ ကိုယ်မွေးထားတဲ့ ခွေးကတခြားလူတစ်ယောက်ကို ကိုက်လိုက်ရင် ခွေးပိုင်ရှင်က ရုံးရောက်၊ စခန်းရောက်နဲ့ နောက်ဆုံးတစ်ဖက်လူက မကျေနပ်ရင် ထောင်ထဲရောက်သွားနိုင်တယ်၊ အခုဦးပေါ်ထွန်းဖြစ်သလိုမျိုးပေါ့ကွာ၊ ဒေါ်မြက ကျေအေးသွားလို့ပေါ့၊ ဒေါ်မြက မကျေအေးရင် ဦးပေါ်ထွန်း ထောင်ထဲရောက်သွားနိုင်တယ်၊ ဒါကြောင့် ရှေးလူကြီးသူမတွေက ခွေးမွေးရင် ထောင်နဲ့နီးလို့ "ခွေးဖိုးတစ်ထောင်"လို့ ဆိုခဲ့တာကွ"

"ဥက္ကဋ္ဌကြီး ကြောင်ဖိုးတစ်သိန်း ဆိုတာကရော"

"အေး. . . ကြောင်ဖိုးတစ်သိန်းဆိုတာကလည်း မင်းတို့ထင်သလိုမျိုး ပိုက်ဆံတစ်သိန်းကို ပြောတာမဟုတ်ဘူးကွ၊ ကြောင်မွေးထားရင် အိမ်မှာရှိတဲ့ စားသောက်စရာထမင်း၊ ဟင်းတွေကို လုံခြုံအောင် သိမ်းဆည်းရတယ်ကွ၊ ပြီးတော့ ကြောင်ကိုလဲ အစားအစာ ဝဝလင်လင် ကျွေးရမယ်၊ ဒီလိုမှမဟုတ်ဘူးဆိုရင် သူများအိမ်တွေက ထမင်း၊ ဟင်းတွေကို လိုက်ခိုးစားတော့တာပဲ၊ အဲဒီတော့ မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်ရတာပေါ့၊ ဒါကြောင့် ရှေးလူကြီးသူမတွေက ကြောင်မွေးထားရင် စားသောက်စရာတွေကို လုံခြုံအောင် သိမ်းဆည်းရမယ်ဆိုပြီး၊ ကြောင်ဖိုးတစ်သိန်းလို့ ပြောခဲ့ကြတာကွ၊ ကဲ. . . ရှင်းကြပြီလား"

"ရှင်းသွားပါပြီ ဥက္ကဋ္ဌကြီးရယ်"

"ဟုတ်ကဲ့ အခုမှပဲ စကားပုံရဲ့ အဓိပ္ပာယ်ကို ရှင်းသွားတော့တယ်၊ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်ရှင်၊ ဥက္ကဋ္ဌကြီးရဲ့ ရှင်းပြမှုကြောင့် ဦးပေါ်ထွန်းနှင့် ဒေါ်သီဂီတို့နှစ်ဦး ကျေနပ်သွားကာ မိမိတို့နှစ်ဦးလည်း တစ်ဦးကိုတစ်ဦး မှားခဲ့တဲ့ အမှားတွေကို အပြန်အလှန် တောင်းပန်ကာ ပြေလည်သွားခဲ့ကြသည်၊ နောက်ကိုလည်း မိမိတို့တိရစ္ဆာန်များကြောင့် ပြဿနာမျှ ထပ်မဖြစ်စေရပါဘူးဟု ဥက္ကဋ္ဌကြီး

ကို ကတိတွေအထပ်ထပ်ပေးကာ ကိုယ်စီအိမ်သို့ ပြန်လာခဲ့ကြတော့သည်။

သေချာတာတစ်ခုကတော့ 'သုခမြိုင်'လမ်းကလေးဟာ အရင်ကလို ရန်ဖြစ်သံ၊ အငြင်းပွားသံ၊ စကားပုံတွေနဲ့ ပြောဆိုငြင်းခုံသံများကော့ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေချင်းက ခွေးနှင့်ကြောင် တန်ဖိုးကိုသိလိုက်ရခြင်းကြောင့်သာ မဟုတ်ပါတကား။

သန့်ဇင်ဦး(ဒလ)

စိတ်ကူးချိုချို အနုပညာမှ ထုတ်ဝေပါမည်။

**ဘာန္ဒင်း** (မြန်မာပြန်)

**နိုဘယ်စာပေဆုရ**

**အမေရိကန် စာရေးဆရာကြီး ငါးဦး**

**ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုများ**

**ဆင်ကလဲယားလူးဝစ်၊ ပါးလ်ဘတ်၊**

**ဟဲမင်းဝေး၊ ဖော့ကနားနှင့်**

**ဂျွန်စတိန်းဘက်**

**တို့၏**

စာရေးခြင်း — သက်တမ်းတစ်လျှောက်တွင် ရှားရှားပါးပါး ရေးသားခဲ့သော အကြောင်းအရာများ ပါဝင်သည့် ဂန္ထဝင်မြောက်ဝတ္ထုများကို စုစည်းတင်ပြခြင်း ဖြစ်ပါသည်။

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၆၀၁၁၀၇





မြင်ကွင်းစုံအတိုအထွာ



ဘတ်စ်ကားတွေက ကြပ်သလား၊ မမေးနှင့်၊ ထိုင်ခုံကလေးနှင့် စတိုင်ကျကျ သွားလို့လိုကတော့ 'ပတ်စီး'မှ ဖြစ်သည်။

တစ်နေ့

ပတ်စီး သွားမိသည့် မော်တော်ကားက ကားဂိတ်ရောက်မှ စက်ချို့ယွင်းတော့သည်။

မော်တော်ကားဂိတ်တွင်လည်း ပတ်စီးခရီးသည်နှင့် ဂိတ်ရောက်မှ တက်သည့် 'တိုးဝှေ့စီး'ခရီးသည်တွေက မနည်းမနော။

"နောင်ကြီး ကျွန်တော့်ကားက ဟိုး နောက်ဆုံးကားပဲ။ သိပ်မကြာဘူး ထွက်မှာ၊ အဲဒီကားစောင့်စီးရင် နေရာရမယ်"

ဒရိုင်ဘာတစ်ဦး၏ စကားကြောင့် ကျေးဇူးတင်စွာ သူ့ကို လှမ်းကြည့်ရင်း. . .

"နောင်ကြီးက ဒီမော်တော်ကားလိုင်းမှာ မောင်းနေတာ ကြာပြီထင်တယ်"

"ကြာပြီပေါ့ဗျာ၊ အိုးဆားဝစ်(စ်)ပဲ။ ဆယ်နှစ်ကျော်ပြီ ကဲ လာဗျို့၊ မော်တော်ကားထွက်ရတော့မယ်"

ဒရိုင်ဘာကြီး ပြောကြားသည့်အတိုင်း မှန်ပါ၏။ ကျွန်တော် နေရာရပါသည်။ နောက်ဆုံးကားမို့ ထင်ပါရဲ့၊ ချောင်ချောင်ချိချိလည်းရှိပါသည်။

မော်တော်ကားသည် စထွက်ကတည်းက လက်တားသူခရီးသည်ရှိတိုင်း ရပ်ပေးပါသည်။ မည်သည့် မှတ်တိုင်ကိုမှ တိတိကျကျမရပ်ပါ။ လမ်းတစ်ဝက်မှာ ဆင်းလိုသည့် ခရီးသည်တွေလည်း အဆင်ပြေလှပါသည်။

လူတွေ့တိုင်းရပ်ခေါ်တင်၊ 'တား'သူရှိတိုင်း ရပ်တင်လာနှင့် ခရီးအတော်ပေါက်ခဲ့ပါသည်။

"ဆရာ. . ဆရာ"

"ဟေ. . ဟေ"

ကားမောင်းသူနှင့် လက်မှတ်ရောင်းသူ အတိုင်အဖောက်ညီပါသည်။ လက်မှတ်ရောင်းသူက အရေးတကြီးခေါ်တော့ ကားမောင်းသူက အရေးတကြီး ထူးပါသည်။

"ရှေ့မှာ ဆရာ. . ရှေ့မှာ"

"ဘာလဲ. . ဘာလဲ"

"လှည့်ကင်းဆရာ. . လှည့်ကင်း လှည့်ကင်း"

"ဟေ. . ."

"မဟေနဲ့ဆရာ၊ မှတ်တိုင်မှာရပ် မှတ်တိုင်ကျမှရပ်"

လက်မှတ်ရောင်းသူ၏ အရေးတကြီးပြောသံကို ဤမော်တော်ကားလိုင်းတွင် ဆယ်နှစ်ကျော်ကျော် မော်တော်ကားမောင်းခဲ့သူ 'အိုးဆားဝစ်(စ်)' ဒရိုင်ဘာ၏ အမြေကား. . .

"ဟော့ကောင် ဟော့ကောင် ကားမှတ်တိုင် ဘယ်မှာလဲဟင် ဘယ်မှာလဲ ငါမသိဘူး။ ငါ့ကို ပြပါဦး. . ငါ့ကို ပြပါဦး"

၂၀ တင့်ဆွေလှိုင်







ခေတ်သစ်ဂန္ထဝင် တရုတ်ဝတ္ထုတို | ဘာနှင်း (မြန်မာပြန်)

# ဂဏန်းဈေးကွက်

## Selling Crabe

by Wang Runzi

( Chinese Literature : sept , 1981 )



ဂျုံများအဝါရောင်သမ်းလာပြီဆိုလျှင် ဂဏန်းစားချိန် ရောက်ပြီဖြစ်သည်။ ခြေထောက်များ၌ အသားများဖြင့်ဖောင်းကား နေသော်လည်း အမတို့မှာ ဥများကြောင့်ဆူဖြိုးကာ၊ အထီးများက ထွားကြိုင်းနေတတ်ကြသည်။ ပြုတ်လိုက်သည့်အခါ အခွံများက ခရမ်းရောင်သမ်းလာပြီး ခြေထောက်များက နီရဲလာကြသည်။ ပန်းကန်တစ်ချပ်တွင် အသားများမွှာထည့်ပြီး ဂျင်းစိမ်းရောထားသည့် ရှာလကာရည်နှင့်တို့စားပါက ဝိုင်အရက်ဖြင့်သာဆိုလျှင် အလွန်တွဲဖက်ကောင်းမည့် အမြည်းဖြစ်သည်။

ကမ်းရိုးတန်းမြို့လေးတစ်မြို့တွင် နာမည်ကျော်ဂဏန်း ဈေးကွက်တစ်ခုရှိသည်။ အားလပ်ရက် အပန်းဖြေခရီးထွက် လာသူများ၊ ပင်လယ်လေရှူရှိုက်ရန်လိုအပ်သူများ ရောက် လာချိန်တွင်တော့ ဂဏန်းဈေးနှုန်းက တက်သွားတော့သည်။ လွန်ခဲ့သောတစ်နှစ်က တစ်ကက်တီ (CATTY)ကို ဖန် (FEN) နှစ်ဆယ်နှုန်းသာရှိခဲ့သည်။ သို့သော် ယခုနှစ် ဂဏန်းရာသီ အစမှာပင် ငါးဆယ်ဈေးနှုန်းရှိနေသည်။ ဈေးမည်မျှကြီးကြီး ဝယ်သူများကတော့ရှိနေကြသည်။ ဂဏန်းသည် အရသာရှိသည့် အပြင် ရောဂါအချို့ကို ပျောက်ကင်းနိုင်စေသည်ဟုဆိုကြသည်။





ဈေးကွက်က ဇွန်လပိုင်းအစ တစ်မနက်တွင် စဖွင့်ခဲ့သည်။ နေထွက်လာချိန်အထိတော့ ဂဏန်းတစ်ကောင်မျှမမြင်ရသေး။ ဝယ်သူအချို့က စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားကြသည်။ အချို့က မျှော်လင့်ချက်ဖြင့် စောင့်မျှော်နေကြဆဲရှိသည်။ ပင်လယ်ပြင်သို့ ထွက်ဖမ်းကြသည့်တံငါသည်များ နောက်ကျမှရောက်လာကြပေရော့မည်။ ယင်းသည် ဖြစ်လေ့ဖြစ်ထရှိသည့်ကိစ္စတစ်ခုပင်။ အပိတ် အပင်အတားအဆီးများကို ဂဏန်းချစ်သူများ သိထားကြပြီး ဖြစ်သည်။

လူအုပ်ထဲတွင် အလွန်သိသာစွာ ဝဖြိုးသူတစ်ဦးရှိသည်။ သူ့ဝမ်းဗိုက်မည်မျှပူနေသနည်းဆိုလျှင် မတ်တပ်ရပ်နေပါက ကိုယ့်ခြေဖျားကိုပင် ကိုယ်ပြန်မြင်နိုင်စရာမရှိ။ ဆံပင်ခပ်ပါးပါးကို သေသပ်စွာဖြီးသင်ထားသည်။ တောက်ပြောင်နေသည်။ မျက်နှာပြင်ဖြူဖြူတွင် အရေးအကြောင်းများမရှိ။ မျက်နှာက ပြည့်ဖြိုးလှရာ နှာခေါင်းနှင့်မျက်စေ့က သေးသွားသယောင်ဖြင့် ကောက်ကျစ်သည့်အသွင် ဆောင်နေတော့သည်။ သူက တခြားသူများလို မဟုတ်ပဲ စီးကရက်လက်ကြားညှပ်ပြီး လမ်းပေါ်တွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေတတ်သည်။ ကောင်းကင်ကိုမော့ကြည့်လိုက်ရင်း "ငါ့အတွက် အလျှင်မလိုပါဘူးကွာ၊ မွန်းလွဲတဲ့အထိ စောင့်လို့ရပါတယ်" ဆိုသော သဘောမျိုးထားသည့်အလား စီးကရက်မီးခိုးကို ဖြည်းညင်းစွာမှုတ်ထုတ်နေသည်။

လူအချို့ကတော့ စောင့်ရသည်ကိုစိတ်မရှည်တော့ပဲ ပြန်ကုန်ကြသည်။ လူဝကြီးက ထိုသူတို့အား သဘောမကျသလိုကြည့်ရင်း ခန့်ခန့်ကြီးပြုံးနေသည်။

ကျန်နေသောလူစုလေးထဲတွင် လယ်သမားနှင့်တူသော ခပ်ပိန်ပိန်အဖိုးအိုတစ်ဦးပါသည်။ အသားအရေက ညစ်သည်။ မုတ်ဆိတ်မွေးရှိသည်။ ခါးက ကုန်းသည်။ မျက်လုံးမှာ ဖုံများဖုံးအုပ်ထားသကဲ့သို့ မည်သည့်ဆန္ဒကိုမှ ဖော်ပြနေခြင်းမျိုးမရှိ။ သူ၏ ထူထဲသော အိမ်ချုပ်ဖိနပ်က တောင်ပေါ်သ ားတစ်ယောက်

ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ ကြေးဆေးတံကို အားပါးတရ ရှိုက်ရင်း လမ်းအစအဆုံးသို့ ဂဏာမငြိမ်လှမ်းလှမ်းကြည့်နေ တတ်သည်။

နေက မြင့်လာပြီ. . .

အဘိုးအိုက စိတ်ရှည်တော့ပဲ လူဝကြီးထံလျှောက်သွား သည်။

"ဘယ်အချိန် ရှိပြီလဲဗျ"

လူဝကြီးက အဘိုးအိုကိုလှည့်မကြည့်ပဲ အလွယ်တကူပင် ဖြေသည်။

"ဆယ့်ငါးမိနစ်အလို. . . "

"အင်း ကျေးဇူးပဲ"

အဘိုးအိုက နောက်ထပ်အနှောက်အယှက် မပေးလိုဟန် ဖြင့် ခေါင်းညိတ်သည်။ ပြုံးလိုက်သည့်အခါ မျက်နှာပေါ်တွင်အရေး အကြောင်းများ ပိုပေါ်လွင်လာသည်။

"မျှော်လင့်ချက်ကော ရှိပါဦးမလား"

လူဝကြီးက မျက်တောင်ပုပ်ခတ်ပုပ်ခတ်လုပ်ပြီး ပြုံးကာ ပြန်မေးသည်။

"ဂဏန်းဝယ်မလို့လား ရဲဘော်ကြီး။ မနက်ဖြန်မှလာပေါ့ ဗျာ။ ဒီနေ့တော့ မျှော်လင့်ချက်မရှိတော့ဘူး။ အိမ်ပြန်တာ အကောင်းဆုံးပဲဖြစ်လိမ့်မယ်"

"အင်း . . အင်း"

အဘိုးအိုက နောက်ဆုတ်ပြီး ဆောင့်ကြောင့်ထိုင်ကာ ဆေးတံကို သဲကြီးမဲကြီးဖွာနေသည်။ သို့သော် ဆေးတံထဲတွင် မီးတစ်စမျှ တောက်မလာ။

အဘိုးကြီးပြန်ရန် တွန့်ဆုတ်ဆုတ်ဖြစ်နေမှုက လူဝကြီး အား စိတ်အနှောက်အယှက်ဖြစ်သွားစေသည်။ စီးကရက်ဖွာရင်း ခေါက်တုန့်ခေါက်ပြန် လျှောက်ပြန်သည်။ ဤအခါတွင်တော့ ပိုမြန်သည်။





"တခြားလူတွေကိုပြန်ခိုင်းတာ ကောင်းတဲ့စိတ်ကူးမဟုတ် ဘူးလေ"

ဘေးလူတစ်ယောက်က မှတ်ချက်ချလိုက်သည်။

"သူက သူ့အတွက်ပဲ သူကြည့်တာ"

"ဘယ်လောက် လောဘကြီးလိုက်သလဲ"

"ဂဏန်းကအဝလွန်တဲ့ရောဂါကို ကုလို့ရတယ်လို့ကြားဖူး သလားဗျ"

ထိုစကားကို လူဝကြီးကြားမည်က သေချာသည်။ စီးကရက်တိုကို လွှင့်ပစ်လိုက်သည်။

"အို: . . အစီခံနဲ့စီးကရက်ပါလား"

တစ်ဦးက လှောင်သလိုပြောလိုက်သည်။

"လူဝကြီး"ဟူသောအသုံးအနှုန်းမှာ အလွန်မယဉ်ကျေး သဖြင့် သူ့အား "အစီခံ"ဟုခေါ်ကြပါစို့။ အဘိုးအိုကလည်း သူ့အား ဆေးတံဟုခေါ်မည်ကို စိတ်မဆိုးတန်ကောင်းရဲ့။

နောက်ဆုံးတော့ ခြင်းတောင်းနှစ်လုံးအပြည့် ဂဏန်းများ ထမ်းလာသဖြင့် ခါးကိုင်းနေသောမိန်းကလေးတစ်ယောက် ရောက် လာပါသည်။

"ဂဏန်းတွေ. . ဂဏန်းတွေ"

သူမအသံက စူးရှသော်လည်း နာပျော်ဘွယ်ရှိသည်။

ပိုက်ကွန်ကဲ့သို့ ထိုးထားသော ကြိုးအိတ်များနှင့်လူတို့ ဂဏန်းဝယ်ရန် အလုအယက်တိုးလာကြသည်။ အံ့အားသင့် လောက်အောင်ပင်။ "အစီခံ"က လူငယ်နှစ်ဦးကို တံတောင်နှင့် တွန်းဖယ်ပြီး ခြင်းတောင်းဆီသို့ ဦးဆုံးရောက်သွားသည်။ထို့နောက် သူက အော်လိုက်သည်။

"တန်းစီပါ. . အားလုံးတန်းစီကြပါ"

"ဆေးတံ"မှာ တဒင်္ဂမျှ ကြက်သေသေနေမိသည်။ အဖြစ် မှန်ကို သူသိလိုက်ချိန်တွင် နောက်ကျသွားပေပြီ။ ခြင်းပေါင်းအနီး

လူများဝိုင်းအုံနေသည်က ရေပက်ပင်မဝင်နိုင်။ သူက ဘယ်တိုးညာ ကွေ့တိုးကြည့်သော်လည်း အနီးသို့ပင် မကပ်နိုင်။

လူတိုင်းက အော်ဟစ်ပြီး မိန်းကလေးထံသို့ ပိုက်ဆံများထိုးပေးနေကြသည်။

"သုံးကက်တီပေး"

"ငါ့အတွက် ငါးကက်တီ"

"ငါက ပထမကွ။ နှစ်ယွမ်ဖိုးပေး"

မိန်းကလေးက ခြင်းတောင်းများကို ပစ်ချလိုက်သည်။ နဖူး ပေါ်ဝဲကျနေသည့်ဆံပင်ကို သပ်တင်ကာ ပြုံး၍ပြောသည်။

"မလောကြပါနဲ့ရှင်. . ကျွန်မ အသက်ကလေး ဘာလေးလဲ ရှုပါရစေဦးလား"

"ဟုတ်တယ်။ တို့ရဲဘော်လေး မောနေပြီ။ တစ်ကိုယ်လုံး ချွေးရွှဲနေပြီ"

"အစီခံ"က အားပါးတရပြုံးကာ ပြောလိုက်သည်။

"ချွေး ဟုတ်လား၊ ပင်လယ်ရေငန်တွေရှင့်"

သူမက ချိန်ခွင်ကိုကောက်ကိုင်ကာ အလုပ်စပါတော့သည်။

"ဟုတ်တယ် ပင်လယ်ရေငန်တွေပဲ"

"အစီခံ"က သံယောင်လိုက်သည်။ လက်တစ်ဖက်က ဒူးပေါ်တင်ပြီး ခါးကုန်းကာ လက်တစ်ဖက်က ခြင်းတောင်းထဲသို့ မွှေနောက်သည်။

"သတိထားနော်"

မိန်းကလေးက သတိပေးလိုက်သည်။

"အစီခံ"က လက်ကိုဆက်ကနဲ ပြန်ရုတ်သည်။

မိန်းကလေးမှာ (၁၅)နှစ်အရွယ်မျှသာရှိသေးပြီး ဖော်ရွေသည်။ ကျန်းမာရေးကောင်း၍ အသားအရေစိုပြေသည်။ ဆံစပ်တို့တွင် အရုဏ်ဦးမြူနှင်းစတို့က ကပ်ညိနေဆဲရှိသည်။ မျက်လုံးများက ပြုံးကျယ်၍ အရည်လဲ့နေသည်။ နှင်းဆီရောင် သမ်းနေသည်။







ပါးပြင်များပင်လျှင် စိုဆွတ်လျက်ရှိသည်။ ဘောင်းဘီရှည်ခြေထောက်နှင့်အင်္ကျီလက်ကို လိပ်တင်ထားသည်။ အသံကလည်း စွဲဆောင်မှုရှိသည်။

"အမယ်လေး"

"အစီခံ"မှာ ဂဏန်းကြီးကြီးတစ်ကောင်ကို ဖမ်းရန်ပြုစဉ် အညှပ်ခံလိုက်ရသည်။

မိန်းကလေးက အားပါးတရရယ်ပြီး ဂဏန်းကျောကို လက် ခေါက်နှင့်ခေါက်လိုက်သည်။ ဂဏန်းက ညှပ်ထားရာမှ ချက်ချင်း လွှတ်လိုက်သည်။ "အစီခံ"က သူ့လက်မှ လက်မရာနှစ်ခုကိုကြည့် နေသည်။

မိန်းကလေးမှာ ရယ်မောမဆုံးဖြစ်နေရာ မျက်ရည်များပင် ထွက်လာသည်။

"ထိုက်တန်တဲ့ဆု ရတာပဲ"

သူမက မျက်ရည်သုတ်သည်။

"ရှင်က သိပ်ကိုကဲတာကိုး"

သူမက ရယ်လိုက်ပြန်သည်။

"အစီခံ"က ဒေါသဖြင့်ဂဏန်းကို လက်ညှိုးထိုးကာအော်ပြောသည်။

"ဒါ ငါယူမယ်။ ပောဟိုဟာလည်း ယူမယ်။ အဲဒီဂဏန်းအမကောင်ကိုပြောတာ"

သူက ဂဏန်းခြောက်ကောင်၊ ခုနှစ်ကောင်ကိုရွေးထုတ်သည်။

မိန်းကလေးက ဂဏန်းများချိန်ပြီး မကြာမီပင်ပြောလိုက်သည်။

"ငါးကက်တီနဲ့ နှစ်အောင်စရှိတယ်။ နှစ်ယွမ်နဲ့ ရှစ်ဆယ့်ခြောက်ဖန်ကျတယ်။ နှစ်ယွမ်နဲ့ ရှစ်ဆယ်ပဲပေး"

သူမ အတွက်အချက်မြန်သည်ကတော့ သေချာလှသည်။

သို့သော် "အစီခံ"က ချက်ချင်းမယူ။ သူ့မျက်လုံးလေးများကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြန်မေးသည်။

"နေဦး . . တစ်ကက်တီကိုဘယ်ဈေးလဲ"

"ငါးဆယ့်ငါးဖန်"

"နင် နေ◌ှက်နေတာလား။ ခုပေါက်ဈေးက (၄၅)ဖန်ပဲရှိတာ။ ဈေးသိပ်ကြီးတယ်. . မဟုတ်ဘူးလား"

ဈေးဝယ်သူများကြားတွင် "အစီခံ"မှာ တိုးဝှေ့ခံရရင်းကြပ် ညပ်နေရှာသည်။ သူက ကိုယ်ကိုပြန်မတ်ပြီး ခါးထောက်ကာ လူအုပ်ကိုကြည့်လိုက်သည်။

ဈေးဝယ်သူများကတော့ ညီညွတ်သည်။ သူတို့လိုသမျှကို အော်ပြောနေကြသည်။

မိန်းကလေးကပြုံးလျက်နှင့်ပင် "အစီခံ"ကိုပြန်ပြောသည်။

"ရှင်လိမ်နေတာပဲ။ ဒီနေ့ပေါက်ဈေးဟာ တစ်ကက်တီကို ဖန်ငါးဆယ်ရှိတယ်"

"အစီခံ"က တွန့်ဆုတ်ဆုတ်လုပ်နေပြီးမှ ပြောသည်။





"အေးပါ အေးပါ။ ဒါပေမယ့် နင့်ဈေးနှုန်းလောက်တော့ မကြီးပါဘူး။ နင်သာ အရှက်မရှိတာ"

"ဈေးကြီးလေ ပစ္စည်းကောင်းကောင်းရလေပဲရှင့်"

သူမက ချိန်ခွင်ကိုချပြီး ဂဏန်းတစ်ကောင်ကိုနောက်ခြေထောက်မှ ဆွဲကိုင်လိုက်သည်။ ဂဏန်းအဖို့ သူမကို ညှပ်ရန်မဖြစ်တော့။

"ကဲ ကြည့်ပါဦး။ ဘယ်လောက်လတ်လိုက်သလဲဆိုတာ ဒါတွေကို ကျွန်မအဖေနဲ့ကျွန်မ ပင်လယ်ထဲထွက်ဖမ်းခဲ့ရတာ။ တစ်ညလုံးဖမ်းရတယ်။ ထမင်းနှစ်နပ်ငတ်တယ်။ ဒါတွေကြောင့် ခုလိုဈေးနဲ့ရောင်းရတာ။ ဂဏန်းဖမ်းတယ်ဆိုတာ လွယ်တဲ့အလုပ်မဟုတ်ဘူးရှင့်"

သူမ၏လေသံထဲဝယ် ကြေကွဲဝမ်းနည်းခြင်းက ယှက်သန်း လျက်ရှိသည်။

ဈေးဝယ်သူများ ငြိမ်သွားကြသည်။

"အစီခံ"က နောက်ထပ်စီးကရက်တစ်လိပ်ကို မီးညှိပြီး ဇိမ် ခံသောက်နေသည်။

"ပင်လယ်ထဲထွက်တာထက် တောင်ပေါ်ပဲတက်လိုက်ချင်တော့တယ်"

အသံတစ်သံက ဂရုဏာသက်စွာဆိုလာသည်။ လူအုပ်အပြင်ဘက်မှာပင်ရှိနေသေးသည့် "ဆေးတံ"ပင် ဖြစ်သည်။

အတန်ကြာငြိမ်နေပြီးမှ "အစီခံ"ကဈေးဆစ်သည်။

"ငါးဆယ့်နှစ်ဖန်နှုန်းကွာ. . ဟုတ်ပြီလား"

မိန်းကလေးက သရော်ပြုံးပြုံးလိုက်သည်။

"ငါးဆယ့်သုံးဖန်ကွာ"

မိန်းကလေးက လက်ပိုက်ကာ မသိကျိုးကျွံပြုနေလိုက်သည်။

"အစီခံ"မျက်နှာက နီရဲလာသည်။

ပြောလာသည့်အသံက တုန်နေသည်။

"ငါးဆယ့်လေးဖန်ပဲ . . ဒါနောက်ဆုံးဈေး"

သူက စီးကရက်တိုကိုပစ်ချပြီး နင်းချေလိုက်သည်။ ထို့နောက် သူ့ပိုက်ကွန်အိတ်ကိုဖွင့်ကာ ရက်ရက်ရောရောပြောသည်။

"ကဲ လာ သွန်ထည့်လိုက်။ ပိုက်ဆံနည်းနည်းပါးပါးပိုသုံးရတာ ငါ ဂရုမစိုက်ဘူး"

သို့သော် မိန်းကလေးက ချိန်ခွင်ကိုသိမ်းပြီး ဂဏန်းများကို တောင်းထဲပြန်ထည့်သည်။

"ပိုက်ဆံကရှင့်ဟာ၊ ဂဏန်းတွေကကျွန်မဟာ၊ တစ်ဖန်မှ လျော့မရောင်းနိုင်ဘူး"

"အစီခံ"က ဒေါသဖြင့် အိတ်ကိုဆွဲယူကာ ပြန်ရန်ပြုသည်။

"ဒီပြင်လူတွေဆီကပဲ ဝယ်။ ကဲ သွားကြစို့ဟေ့"

သို့သော် လူအုပ်က တစ်ယောက်မျှမလှုပ်ပါ။







"ဂဏန်းတွေ ဂဏန်းတွေ"

မိန်းကလေးက ဈေးခေါ်လိုက်ပြန်သည်။

လူများ ပြန်လည်ဝိုင်းအုံလာပြန်သည်။

"ငါ့အတွက်ချိန်ကွာ၊ ညည့်သည်တွေရောက်နေလို့"

"ငါ့လဲ နည်းနည်းပေး။ တစ်ဖန်လောက်ပိုပေးရတာ အကြောင်းမဟုတ်ပါဘူးကွာ"

"သုံးကက်တီပေး"

မကြာမီပင် ဂဏန်းတစ်တောင်းလုံး ရောင်းလို့ကုန်သွားတော့သည်။ မိန်းကလေးက"အစီခံ"ကို မကြာခဏကြည့်ရင်း တခစ်ခစ်ရယ်နေသည်။

"အစီခံ"မှာလည်း အနေရအထိုင်ရခက်ပြီး မျက်နှာနီရဲနေသည်။ ဂဏန်းများကုန်လာလေလေ သူ့စိုးရိမ်စိတ်က ပိုလေလေ ဖြစ်သည်။ ဝမ်းဗိုက်ပူပူကြီးကိုပင် အားနာမနေတော့ပဲ လူကြားတိုး၍ကုန်းကာ ဂဏန်းအကောင်ကြီး (၇)ကောင်ကို ဆွဲယူလိုက်သည်။ သို့တိုင် အချိန်တော့ မမီနိုင်းသေးပါ။

ဂဏန်းများကုန်ပြီ။ လူအုပ်ကလည်း စတင်ပြန်ကုန်ကြပြီ။ "အစီခံ"က ဂဏန်းများကို ကိုင်ထားဆဲရှိသည်။ ကြာရှည်စွာကုန်းနေခဲ့ရ၍ မျက်နှာပြာနှမ်းပြီး နဖူးတွင်ချွေးများသီးနေသည်။ ယခုတော့ ဆောင့်ကြောင့်ထိုင်လျက်ရှိသည်။

"ရဲဘော်လေး"

သူက မောမောပန်းပန်းနှင့် တိုးလျှိုးသံဖြင့်ပြောသည်။

"ဟောဒါတွေက လက်ကျန်တွေပဲ။ နည်းနည်းဈေးလျော့ဦးမလား"

သူ့အပြုံးက ချိုလှသည်။ မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ မိန်းကလေး၏အဖြေကိုစောင့်နေပုံက သနားစရာကောင်းလှသည်။

"ဆေးတံ"ရောက်လာသည်။ "အစီခံ"ဂနာမငြိမ်ဖြစ်သွားသည်။

"နှစ်ကောင်လောက်ပေးပါကွာ"

"အစီခံ"က အဘိုးအိုကိုကြည့်ပြီး လက်ထဲမှဂဏန်းများကို မြှောက်ပြကာပြောသည်။

"ကုန်ပြီ။ ဒါက ကျွန်တော့်ဟာတွေ"

မိန်းကလေးက တောင်းပန်ရှာသည်။

"ဝမ်းနည်းပါတယ် ဦးရယ်။ အားလုံးရောင်းကုန်ပါပြီ"

အဘိုးအိုက သက်ပြင်းချလိုက်သည်။

"အမှန်ပြောရရင်တော့ ကျုပ် မိန်းမနေမကောင်းလို့ပါ။ ကင်ဆာတဲ့။ ဆေးရုံတင်ထားရတယ်။ ကြာကြာလည်း မခံတော့ပါဘူး။ သူက ဂဏန်းကလွဲပြီး မစားနိုင်ဘူးဗျ"

အဘိုးအိုက အစီခံဘက်သို့လှည့်ကာပြောသည်။

"ကျေးဇူးပြုပြီးကွယ် နှစ်ကောင်လောက်ပေးပါလား။ ကျွတ်. . ကျွတ်. . ကျွတ် သနားစရာရှင်မပါလား။ ဘဝက ကြမ်းတမ်းခဲ့ပြီလေ. . "

အဘိုးအိုမှာ စကားမဆိုနိုင်လောက်အောင် ဆို့နင့်နေသည်။ ငိုလုနီးပါးဖြစ်လာသည်။

မိန်းကလေးကလည်း စိတ်မကောင်းဖြစ်ကာ နှုတ်ခမ်းကို ကိုက်ထားသည်။

"အစီခံ"က အဝေးသို့လှမ်းကြည့်နေသည်။

"ရဲဘော် သနားပါဗျာ"

"ဆေးတံ"က ပါးပြင်ပေါ်သို့ မျက်ရည်များလိမ့်ဆင်းလာရင်း တောင်းပန်သည်။

"အစီခံ"ကတော့ မသိကျိုးကျွံပြုကာ မိန်းကလေးကိုသာ ဂဏန်းများချိန်ခိုင်းသည်။

မိန်းကလေးက ပြောသည်။ "သူ့ကို နှစ်ကောင်ပေးလိုက်





ပါလားဟင်။ ကျန်တာတွေအတွက် ဖန်ငါးဆယ်လျှော့ပေးပါ့မယ်"

"အစီခံ"က ခဏမျှသာစဉ်းစားသည်။

"ဟင့်အင်း . . နင့်ကို တစ်ကက်တီ (၅၅)ဖန်ပေးမယ်။ တစ်ဖန်မှ မလျှော့စေရဘူး။ ကဲ ခိုန်တော့"

"ဆေးတံ"အတွက် ကိစ္စပြတ်သွားပြီ။ နှုတ်ခမ်းများက တဆတ်ဆတ်တုန်လျက်ရှိသည်။

"အေးဗျာ ခင်ဗျားကိုအနှောက်အယှက်ပေးမိတာ စိတ်မကောင်းပါဘူး။ လက်လျှော့လိုက်ပါပြီ"

သို့ဖြင့် သူက ပြန်ရန်ပြုသည်။

"အစီခံ"က ညည်းလိုက်သည်။

"ဘယ်လို အူကြောင်ကျားအဘိုးကြီးလဲမသိဘူး"

မိန်းကလေးက အသက်ပြင်းပြင်းရှူရင်း အဘိုးကြီးနောက်သို့လိုက်သည်။

"ခဏနေပါဦး"

ထို့နောက် "အစီခံ"ဘက်သို့ လှည့်ပြောသည်။

"သူ့ကို ဂဏန်းအားလုံးပေးလိုက်ရင် ဘယ်လိုနေမလဲ။ ရှင် ကျွန်မ နောက်လိုက်ခဲ့။ ဂဏန်းလိုသလောက်ရမယ်။ တစ်ကက်တီကို ဖန်လေးဆယ်ပဲပေး"

"အစီခံ" တွေဝေသွားသည်။ မျက်တောင်ခတ်ပုံက ပိုမြန်လာသည်။ အတန်ကြာမှ ဆုံးဖြတ်ချက်ချပြီးသကဲ့သို့ ခေါင်းမော့ကာပြောသည်။

"သုံးဆယ့်ငါးဖန်ရရင် ငါ လိုက်ခဲ့မယ်"

"သဘောတူတယ်"

"အစီခံ"က ဂဏန်းများပေးလိုက်သည်။

သူမက ဂဏန်းများကို ချိန်ပဲ အဘိုးအို၏ ပိုက်ကွန်အိတ်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

"ဟင်. . ဒါက ဘာလုပ်တာလဲ။ ကျုပ်က နှစ်ကောင်ပဲ

လိုတာ"

"ဦးကြီးဇနီးကို ကောင်းကောင်းပြုစုလိုက်ပါရှင်"

"ဒါ . . ဒါပေမယ့် ဒီလောက်ကြီး ကျုပ် မဝယ်နိုင်ဘူး"

"ဆေးတံ"က ဗလုံးဗထွေးပြောရင်း အိတ်ထဲသို့ပိုက်ဆံနှိုက်ရှာသည်။ အဝတ်စုတ်ခပ်နွမ်းနွမ်းတစ်ခုပါလာသည်။ ထိုအထဲမှ သူတွင်ပါလာသမျှ (ငါး)ယွမ်တန် ငွေစက္ကူတစ်ရွက်ကို ထုတ်သည်။ မိန်းကလေးကို ပိုက်ဆံပေးလိုက်သောလက်က တုန်ယင်နေသည်။

သူမက တစ်ယွမ်သာယူသည်။

"အစီခံ" တအံ့တသြဖြစ်သွားသည်။

"ဆေးတံ"၏မျက်နှာက နီရဲသွားသည်။ ပြန်အမ်းငွေကို မယူ။

"မလုပ်ပါနဲ့ကွယ်။ ကျသလောက်ယူပါ။ ပင်လယ်ပြင်မှာ မင်းတို့ဘဝ ကြမ်းတမ်းတယ်ဆိုတာ ဦး သိပါတယ်"

သို့သော် မိန်းကလေးက ပြန်အမ်းငွေကို လက်ထဲသို့ အတင်းထိုးထည့်ပေးသည်။

"ဦးကြီးဇနီး အမြန်ဆုံးကျန်းမာပါစေလို့ ဆုတောင်းပါတယ်ရှင်။ ကျွန်မအဖေကလည်း ခုကိစ္စအတွက် ဘာမှပြောမှာ မဟုတ်ဘူး။ ကျွန်မအမေလည်း ဒီအဖြစ်မျိုးကြုံခဲ့ပါပြီ။ မနှစ်က ဆုံးသွားတယ်လေ"

သူမ မျက်ရည်များဝဲလာသည်။

"ဆေတံ"က သူ၏လက်ကြမ်းကြီးနှင့် သူမ၏မျက်ရည်များကို သုတ်ပေးပြီး ချော့ရှာသည်။

"အေးပါကွာ မငိုပါနဲ့၊ ကျုပ် ယူပါ့မယ်။ ဟုတ်ပြီနော်"

မိန်းကလေးပြုံးသွားသည်။ မျက်လုံးကိုပွတ်ရင်း တွန်းတွန်းတိုက်တိုက်ပြောသည်။

"ဦးကြီးမြန်မြန်သွား။ အဒေါ်ကြီး စောင့်နေလိမ့်မယ်။





နောက်ပြီး ဂဏန်းတွေကို လတ်လတ်ဆတ်ဆတ်ပြုတ်လိုက်ရင် ပိုအရသာရှိတာရှင့်"

အဘိုးကြီး မျက်ရည်စို့လာသည်။ မိန်းကလေးအား သမီးတစ်ယောက်အလား ခေါင်းကို အသာအယာပွတ်သပ်လိုက်သည်။

ခါးကိုင်းကိုင်းနှင့်ပြန်သွားသည့်အဘိုးအိုကို မိန်းကလေးက ငေးကြည့်နေသည်။

တစ်ချိန်လုံးမင်တက်နေမိသည့် "အစီခံ"က သူ့လက်ပတ်နာရီကို မိန်းကလေးဆီသို့ ထိုးပြကာပြောလိုက်သည်။

"ဆယ်နာရီထိုးနေပြီ။ တို့ သွားလို့ရပြီလား"

မိန်းကလေးက တစ်ခဏမျှငြိမ်ရပ်နေပြီး ခြင်းတောင်းနှစ်လုံးကိုထမ်းသည်။ ဈေးလမ်းမှလျှောက်သွားသည်။

"အစီခံ"က နောက်မှအပြေးလိုက်ပြီး ခြင်းတောင်းဆိုင်းကြိုးကိုဆွဲကာ မေးသည်။

"နင် ငါ့ကို အရူးလုပ်နေတာတော့ မဟုတ်ပါဘူးနော်။ ဘယ်မှာလဲ ဂဏန်းတွေက"

မိန်းကလေးကလှည့်ကြည့်ပြုံးပြီး မည်သည့်အဓိပ္ပာယ်ဆောင်မှန်းမသိသော မျက်စချီကာပြောသည်။

"ကျွန်မ နောက်သာ လိုက်ခဲ့ပါ"

ဈေးလမ်းအတိုင်းလျှောက်သွားပြီး လမ်းကြားတစ်ခုထိပ်အဝေးတွင် ပင်လယ်ပြင်ကြီးကို လှမ်းမြင်နေရသည်။ လှေသဘော်တို့ ကျောက်ချရပ်နားထားကြသည်။

"အဲဒီမှာ ဂဏန်းတွေအများကြီးရှိပါတယ်ရှင့်"

သူမက ပင်လယ်ပြင်သို့ လက်ညှိုးထိုးပြသည်။

"အစီခံ"မှာ စိတ်သက်သာရာရသွားပုံမျိုးဖြင့် ကျေနပ်သည့် အပြုံးက မျက်နှာပေါ်တွင် ထင်ဟပ်လာသည်။ မိန်းကလေးက ခပ်သွက်သွက်သွားနေရာ သူမှာ မိန်းကလေးနှင့်

ရင်ဘောင်   တန်းလျှောက်နိုင်ရေးအတွက် ခြေတစ်ပေါင်ကျိုး အပြေးလျှောက် ရသည်။

"ပင်လယ်ထဲက လတ်လတ်ဆတ်ဆတ်ဂဏန်းတွေကို မင်း ပြောချင်တာလား"

သူက အမောတကောမေးသည်။

သူမက ခေါင်းညိတ်သည်။

"ဒါဆို မင်းတို့ ရေကိုဂရုစိုက်ရမှာပေါ့"

"သိပ်ဟုတ်တာပေါ့ရှင်"

"ဈေးနည်းနည်းလျှော့ပါဦးလား။ ကျုပ် ဒီလောက်အဝေး ကြီးလျှောက်လိုက်ခဲ့ရတာ မင်းအသိ. ."

"သိပါတယ်"

သူ သတိမထားမိခင်မှာပင် မိန်ကလေးက ရွှေသို့ကြို ရောက်သွားပြီဖြစ်သည်။

"အစီခံ"လည်း ပြေးလိုက်ရသည်။

ကမ်းခြေသို့ရောက်လာကြသည်။ မိန်ကလေးက ခပ်သွက် သွက်သွားနေဆဲရှိသည်။ "အစီခံ"မှာ သူ့ကိုယ်သူ ပျော့ခွေနေပြီဟု ထင်သည်။ ဖိနပ်ထဲတွင်လည်း သဲများဝင်နေပြီ။

"သိပ်မြန်မြန် မသွားနဲ့ဟာ"

"မြန်မြန်လာ ရောက်ခါနီးပြီ"

သူမက နောက်ပြောင်သလို တခစ်ခစ်ရယ်နေသည်။

သူကလည်း နဖူးမှချွေးများသုတ်ရင်း နောက်မှကယိမ်း ကယိုင်နှင့် အပြေးလိုက်သည်။

နောက်ဆုံးတော့ သူမက သမ္ဗာန်တစ်စင်းဘေးတွင်ရပ် လိုက်သည်။

"အစီခံ"က မောဟိုက်စွာအသက်ရှူရင်း ကမ်းစပ်တွင် ထိုင်ချလိုက်သည်။

မိန်ကလေးက ခြင်းတောင်းများကိုမှောက်၍ မြေပြင်တွင်





ဆောင့်ခါချသည်။ ထို့နောက် သမ္ဗာန်ပေါ်သို့ပစ်တင်ပြီး သူမပါ ခုန်တက်လိုက်သည်။

**"မင်းဂဏန်းတွေ ဘယ်မှာလဲ"**

**မိန်းကလေးက ခါးကုန်းကာပင် ရယ်နေတော့သည်။ သမ္ဗာန်က ခပ်ဖြည်းဖြည်းလည်လျက်ရှိသည်။** သူမက ဝါးလုံး တစ်ချောင်းနှင့်ထိုးပြီး ပင်လယ်ပြင်ဆီသို့ ထွက်သည်။

"ဂဏန်းတွေက ပင်လယ်ထဲမှာ"

သူမက အော်ပြောလိုက်သည်။

သူ လှည့်စားခံရပြီကို သိလိုက်သော "အစီခံ"က ကျုံးရှန်းထပြီး ရေစပ်သို့ပြေးဆင်းသည်။ ခြေတဆောင့်ဆောင့် နှင့်အော်ပြောသည်။

"ပြန်လာခဲ့. . ပြန်လာခဲ့. . အလိမ်အညာမ"

သူမကတော့ သက်တောင့်သက်သာလှော်သွားရင်း သီချင်းပင် ဆိုနေသေးသည်။

"ငှက်တွေကိုစားချင်ရင် တောင်တန်းတွေဆီသွား။ ငါးတွေ ကိုမြည်းချင်ရင် ပင်လယ်ထဲကိုသွား"

"အစီခံ"က ဒေါသဟကြီးဖြင့် သဲတစ်ဆုပ်ကောက်ယူကာ သူမဆီသို့ လှမ်းပစ်လိုက်သည်။ နောက်တစ်ခါ သဲများကိုဖမ်းဆုပ် လိုက်စဉ် လက်က တစ်ခုခုကြောင့် ရှသွားသည်။ မိန်းကလေးက လှမ်းပစ်ပေးလိုက်သည့် ဂဏန်းလက်မကြီးဖြစ်သည်။ သူက မြေပြင်သို့ သေသေချာချာပြန်ကြည့်သည်။ ဂဏန်းလက်မ အပုံလိုက်ကိုတွေ့ရသည်။ မိန်းကလေးကို မေ့သွားသည်။ ဂဏန်း လက်မများကိုကျုံး၍ ပိုက်ကွန်အိတ်ထဲသို့ထည့်သည်။ စုစုပေါင်း လက်မ (၁၆)ချောင်းနှင့် ခြေထောက် (၃၄)ချောင်းရလိုက်သည်။

မိန်းကလေး၏ သီချင်းသံက တဖြည်းဖြည်းပျောက်သွား သလို သမ္ဗာန်ကိုလည်းမမြင်ရတော့။ လှိုင်းလုံးဖြူဖြူများနှင့် ပင်လယ်ပြင်ကတော့ နက်ပြာပြာအရောင်အဆင်း ရှိနေဆဲ ပါတည်း။ ။

ဘနှင်း



ထောင်တွင်းတွေ့ကြုံ မြင်ကွင်းစုံ



ဝတ္ထုရှည်စ/ဆုံး





သူ့အမည်က ဖိုးမှိန်ဖြစ်သည်။ သို့သော် တစ်ရွာလုံးက သူ့ကို ငခွေးဟု ခေါ်ကြသည်။ သာမန်အရပ်သားတစ်ယောက်ဖြစ်သော်လည်း ဒုစရိုက်လောကတွင်တော့ လူလိမ်တစ်ယောက်ဖြစ်သည်။ တစ်နည်းဆိုရသော် ထောင်ကိုခြင်ထောင်အမှတ်ဖြင့် ကြိမ်ဖန်များစွာ ဝင်ချည်ထွက်ချည်နှင့် ကျင်လည်နေသူတစ်ဦးဆိုက ပို၍မှန်ပေလိမ့်မည်။

သူ့အမည်ရင်းဖြစ်သော ဖိုးမှိန်မှ ငခွေးဖြစ်လာပုံက သူ့မျက်နှာ၏ ဖွဲ့စည်းပုံဒိဗိုင်းကြောင့်ဖြစ်သည်။ သူနှင့်ရုတ်တရက်တွေ့လိုက်လျှင် သူ့မျက်နှာကို မမြင်ရခင်မှာပင် သူ့ပါးစပ်ထဲမှ ကြီးမားသော ရှေ့သွားကြီးနှစ်ချောင်းကို အရင်မြင်ရသည်။

"ငါ့သားငခွေးရယ် နင့်ရှေ့သွားကြီးနှစ်ချောင်းဟာ ခြေမက ခြေသည်းနဲ့များ မှားပြီးထွက်လာရော့သလား"ဟုပင် သူ့မိခင်က မချင့်မရဲဆိုခဲ့ဖူးသည်။

အရွယ်သို့ရောက်သူ လူသာမန်တစ်ယောက်အဖို့ (၃၂)ချောင်းတည်းဟူသောသွားများက ရှိရိုးရှိစဉ်ဖြစ်သော်လည်း ငခွေး၏သွားအရေအတွက်က ထိုမျှလောက်မရှိနိုင်။ (၂၈)ချောင်းသာရှိမည်ထင်၏။ အကြောင်းကား သူ့ရှေ့သွားနှစ်ချောင်းက လေးချောင်းစာလောက်ပင်ကြီးမားကျယ်ပြန့်စွာ နေရာယူထားသောကြောင့် ဖြစ်ပါသည်။

"သွားကြီးငခွေး သွားကြီးငခွေး" ဟုေ-ါ်တွင် ခဲ့ရာမှ၊ ကြာသော် 'သကြီးငခွေး'ဟူ၍ ပြောင်းလဲလာခဲ့တော့သည်။ အကြောင်းမသိသူများက သူ့ကိုကျေးရွာအုပ်ချုပ်သူ၊ သူကြီးအဖြစ်ထင်မှတ်၍ သူကြီးငခွေးဟုခေါ်ကြ၏။ အမှန်စင်စစ် သူ့အမည်ကား ကနဦး ငခွေးသာဖြစ်သည်။ သို့ရာတွင် သူက 'သကြီးငခွေး'ဟူသော အမည်ကိုပို၍ နှစ်သက်တတ်လေသည်။

သူ့လက်စွဲတော်က ကနဦး

ယခုလည်း ကနဦးကို အကြောင်းပြု၍ အင်းစိန်ထောင်ထဲသို့ သူရောက်လာခဲ့ရသည်။

▲ ▲ ▲

ယခုတစ်ခေါက် သူထောင်ကျခဲ့ရခြင်းမှာ ယခင်အခါများကလိုမဟုတ်ပါ။ သူ့အမှုက လုယက်မှု၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၈၂)အရ၊ ပြစ်မှုထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ်(၅)နှစ်အပြစ်ပေးခံခဲ့ရပြီး၊ ထောင်ထဲသို့ရောက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ ထောင်ထဲသို့ ရောက်နေခဲ့သည်မှာ (၄)နှစ်ကျော်ခဲ့ပြီမို့ သူ့လွတ်ရက်က သိပ်မဝေးတော့ပါ။

သူထောင်ကျနေစဉ်အတွင်း သူ့မယားမအေးတစ်ယောက်သာ ထောင်ဝင်စာလာတွေ့မည့်သူရှိသည်။ မအေးကလွဲ၍ မည်သူမျှမရှိ။ ယခင်ကတစ်လတစ်ခေါက်မှန်မှန်လာလေ့ရှိသူ မအေးတစ်ယောက်နောက်ပိုင်းတွင် သူ့ထံသို့ ရောက်မလာခဲ့သည်မှာ တစ်နှစ်နီးပါးကြာခဲ့ပြီမို့ သူတွေးရခက်နေသည်။ မအေးဘာများဖြစ်နေပြီလဲ နေမှကောင်းရဲ့လား။ ကလေးနေမကောင်းလို့များလား။ ဒါမှမဟုတ် သူထောင်ကျနေစဉ် မအေးတစ်ယောက်ဘာတွေပြောင်းလဲနေပြီလဲ၊ တွေးရင်းစဉ်းစားရင်း စဉ်စားရင်းတွေးရင်း ကြာတော့ သူစိတ်တိုလာသည်။ မအေးအကြောင်းကို မတွေးချင်တော့။ သူ့မှာ စိတ်ကူးနှင့်ကြည်နူးစရာရှိနေလေသောကြောင့်ဖြစ်သည်။

သည်တစ်ခါထောင်ကျရသည်မှာ သူ့အဖို့အကျိုးမယုတ်လှပါ။ သူထောင်ကလွတ်လျှင် သူ့မှာ လုပ်စရာကိုင်စရာ၊ ပျော်စရာ၊ သုံးဖြုန်းစရာတွေက တစ်ပုံတစ်ပင်ကြီးဟူသော မျှော်လင့်ချက်ကြီးများက သူ့ရင်ထဲမှာ အပြည့်အသိပ်ရှိနေသဖြင့် တစ်နေ့တစ်နေ့စိတ်ကူးနဲ့ရူးခဲ့ရသည်မှာလည်း အမောဖြစ်သည်။

လွတ်ဖို့တစ်နေ့နီးလေ၊ ချမ်းသာဖို့တစ်နေ့ နီးလေမဟုတ်ပါလား။ သူ့ကိုလင်သားတစ်ယောက်အနေနှင့် ဂရုမစိုက်သော မအေးကိုလည်း မမျှော်ချင်တော့ပါ။ သူ ထောင်ကျနေတုန်း လင်ငယ်တစ်ယောက်မက ဆယ်ယောက်ပင်ယူစေဦးတော့ သူကမမှု အသားမည်းမည်း၊ ပိန်ကပ်ကပ်နှင့် ငါးကျည်းခြောက်ရုပ်ပေါက်နေသော မိန်းမမအေးကို သူဆက်ပေါင်းချင်မှ ပေါင်းတော့မည်။

သူ့မှာရှိနေသော ငွေအရင်းအနှီးနှင့်ဆိုလျှင် လုပ်ငန်းကိုင်ငန်းလည်း အဆင်ပြေသလို အပျိုချောချောလှလှတွေထဲက စိတ်ကြိုက်ခေါင်းခေါက်၍ ယူနိုင်ပေဦးမည်။ ဟိုနှစ်တွေက သူမှောင်ခိုအခစားနှင့်လိုက်ခဲ့သော အလုပ်ရှင်ဆရာကြီး၏ သမီးမညွန့်မေကို ရုတ်တရက်သတိရလာသည်။ မညွန့်မေက မအေးနှင့်စာလျှင်တော့ ဆီနှင့်ရေလိုကွာလှချေသည်။

မညွန့်မေ၏ အသက်ကရှိလှမှနှစ်ဆယ်ကျော်၊ သူနဲ့ဆိုလျှင် ငါးနှစ်လောက်သာငယ်နိုင်သည်။ ကိစ္စမရှိ၊ မညွန့်မေကအသက်ကလေးကလည်း ငယ်ငယ်၊ ဖြူဖြူကစ်ကစ်နှင့်တစ်တစ်ရစ်ရစ်လေးဆိုတော့ပြီးတော့ ထဘီတိုတိုလေးနှင့်ဆိုလျှင် သူ့ခြေသလုံးသားလေးတွေက ဖြူလို့နုလို့၊ ရုပ်ချောချောနှင့် စမောလေးမို့ သူ့ပုံကကိုက်စားချင်စရာလေးဖြစ်နေတတ်သည်။

"ဟင်း. . . "

ကိုက်စားချင်တဲ့အကြောင်းဆီရောက်သွားပြန်တော့ သူ့သွားကြီးနှစ်ချောင်းဆီသို့ သူ့စိတ်ကရောက်လာရပြန်သည်။ မဖြစ်နိုင် ဒီသွားကြီးတွေနဲ့သာဆိုညွန့်မေက သူ့ကို လက်ခံလိမ့်မည်မဟုတ်ဒီသွားကြီးနှစ်ချောင်းကြောင့် လူတွေက သူ့မျက်နှာကို မှတ်မိခဲ့ကြ၍လည်း မကြာခဏထောင်ကျခဲ့ရသေးသည်။ ရှိစေဦးထောင်ကလွတ်ပြီး လက်ထဲမှာ ငွေဖောဖောသီသီရှိတာနဲ့ ကျက်သရေယုတ်လှတဲ့သွားကြီးနှစ်ချောင်းကို အနာခံပြီး နှုတ်ပစ်ဖို့ သူဆုံးဖြတ်လိုက်သည်။

သူ့အတွေးက ဤမျှနှင့်မဆုံးသေးပါ။

သူ့မှာရှိတဲ့ငွေထဲက မအေးကိုနည်းနည်းပါးပါးပေးလိုက်ရင် ကောင်းမယ်ဟု တွေးပြီးမှ ဟယ်. . မဖြစ်သေးဘူး ရဲကခြေရာခံမိသွားပြီး ကွိခနဲဖြစ်နေဦးမယ်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ထောင်ကလွတ်ပြီးမအေးအိမ်မှာ နှစ်ရက်သုံးရက်လောက်ဟန်မပျက်နေမယ်၊ ပြီးမှ ဝှက်ထားတဲ့ငွေထုပ်ကို အသာလေးဖော်ယူပြီး အလစ်မှာထွက်သွားရုံပဲ။ ကောင်းတယ်။ အဲဒီအကြံကောင်းတယ်။ နောက်မှ အခြေအနေအရညွန့်မေနဲ့တိုင်ပင်ပြီး မအေးတို့သားအမိကို အဝေးက အရင်းအနှီးလေး ဘာလေးထောက်ပံ့တာပဲ ကောင်းပါတယ်လေဟုဆုံးဖြတ်လိုက်သည်။

စိတ်ကူးနှင့်ရူးနေသော ငခွေးတစ်ယောက် စားလည်းဒီစိတ် သွားလည်းဒီစိတ်၊ နောက်ဆုံး ဂန်ဖလားသွန်တာတောင်မှ ဒီစိတ်ကူးတွေက အမြဲတမ်းစိုးမိုးလျက်ရှိတော့သည်။ ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ တစ်ယောက်တည်း ကြိတ်ပြီးကြံခဲ့သောအကြံအစည်က အောင်မြင်လုနီးပါးအခြေအနေသို့ ရောက်ရှိနေလေပြီ။ ကြာကြာစောင့်စရာမလိုတော့။

သည်တစ်မိုးကုန်ပြီး ဆောင်းဝင်လာသည်နှင့် သူ အပြင်သို့ရောက်ပေတော့မည်။ သူ အပြင်သာရောက်သွားပါစေ၊ ဘာမှမှုစရာမလိုတော့၊ အိမ်သို့တန်းပြန်ရုံသာရှိသည်။ အိမ်လို့ဆိုပြန်တော့ ပြောစရာကရှိလာရပြန်သည်။ သူ့မှာ အိမ်မရှိ၊ သူ့ယောက္ခမအိမ်ဖြစ်သည်။ ယောက္ခမအိမ်မှာ ကပ်နေရသော သူ့ဘဝဖြစ်သည်။ အိမ်ကတော့ ခပ်သေးသေး၊ တဲအိမ်လေးပါ၊ သို့သော် ခြံဝိုင်းကအကျယ်ကြီးဖြစ်သည်။ ခြံထဲမှာ နှစ်ရှည်စားပင်တွေနှင့်အုပ်ဆိုင်းနေသည်။ အိမ်နောက်ဘက်ခြံထောင့်စွန်းရှိ ခညင်းပင်ကြီးအောက်တစ်နေရာမြေအောက်တွင် သူဝှက်ထားခဲ့သော ငွေတွေက အများကြီးရှိနေသည်။

ဘယ်သူမှ မသိ။ ရဲတွေလည်းမသိ။ မအေးလည်းမသိ။ သိသူက သူတစ်ယောက်တည်းဖြစ်သည်။

ငါးနှစ်ကြီးများ ထောင်ကျခံပြီး ရင်းခဲ့ရသော ငွေက ငါးသောင်းတိတိ။ အားလုံးတစ်ဆယ်တာန် အသစ်တွေချည်းဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် ငွေတစ်ထောင်ပြည့်အောင်ပင် မကိုင်ဖူးသော သူ့အဖို့ ငါးသောင်းဆိုသော ငွေက နည်းနည်းနောနောမဟုတ်ပါ။ ယင်းငွေတွေရလာခဲ့ရပုံကလည်း သိပ်မခက်၊ ဦးနှောက်ကိုတော့ နည်းနည်းအလုပ်ပေးပြီး အသုံးချလိုက်ရာမှ ရရှိလာသော ငွေများဖြစ်သည်။

သူ့ဇာတိက သထုံခရိုင်စစ်တောင်းမြို့နယ် ကျဲကဆိုသော စစ်တောင်းမြစ်ကမ်းပေါ် မေးတင်ထားသော ရွာကလေးမှဖြစ်သည်။ အရွယ်ရောက်၍ မအေးနှင့် အိမ်ထောင်ကျပြီး ကလေးတစ်ယောက်သာရခဲ့သည့်တိုင် သကြီးငခွေးက အလုပ်ကို ဘာတစ်ခုမှ မည်မည်ရရမလုပ်ခဲ့ဖူးပေ။ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့်သာ အချိန်ကုန်စေခဲ့သည်။ အဲရထားပေါ်မှာတော့ သူ့ကို မကြာခဏတွေ့တတ်သည်။ တစ်ခါတစ်ရံမှောင်ခိုအခစားဖြစ်လိုက်၊ တစ်ခါတစ်လေ ဆေးရောင်းသမားဖြစ်လိုက်၊ တံငါဖြစ်လိုက်နှင့်အစုံလုပ်သည်။ လိမ်စရာရှိလျှင် ပိပိရိရိနှင့် လိမ်ညာတတ်ပြီး အခြေအနေပေးလျှင် လုသည်။ အပေါင်းအသင်းကောင်းလျှင် ခါးပြတိုက်ပြန်သေးသည်။

သို့သော် သူ့မျက်နှာမှ ထင်ရှားသောသွားကြီးနှစ်ချောင်းကြောင့် သူဘာလုပ်လုပ် သူ့ကိုလူတွေက မှတ်မိနေ၍ အဖမ်းခံရချည်းသာ။ ရဲစခန်းတွင် သူကလူဆိုးစာရင်းဝင် တစ်ယောက်မို့ မကြာခဏအချုပ်ထဲရောက် ထောင်ထဲရောက်နှင့်သာရှိချေတော့သည်။

ထင်ရှားသော သွားကြီးနှစ်ချောင်းရှိသူလို့သာ ပြောလိုက်ရုံရှိသေး ရဲများက သူ့ဆီသို့ချက်ချင်း ရောက်လာစမြဲပင်ဖြစ်သည်။

▲ ▲ ▲

သူ့အဖို့ ကံကောင်းချင်တော့ အဲဒီနေ့က အဗျားရွာသို့ကိစ္စတစ်ခုနှင့် သူရောက်သွားခဲ့ရာမှ ဘူတာရုံလက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ်မှာပင် လူနှစ်ယောက်နှင့်တွေ့လိုက်ရခြင်းပင်ဖြစ်သည်။ တောင်သူလယ်သမားဖြစ်ဟန်တူသော အသက်(၆၀)ကျော် လူကြီးတစ်ယောက်နှင့် အသက်(၃၀)နီးပါး လူရွယ်တစ်ယောက်တို့ အနီးရှိစားပွဲတွင် သူကထိုင်မိလျက်သားမို့ သူတို့ပြောနေသော စကားများကို ကြားလိုက်ရသည်။ သူတို့နှစ်ယောက်မှာ သားအဖတော်စပ်ဟန်တူပြီး သူ့လိုပဲ ခရီးသွားများဖြစ်ကြသည်။ နှစ်ဦးလုံး စိတ်ပျက်လက်ပျက်ဖြစ်နေပုံရသည်။ သားဖြစ်သူက စကားကို ခပ်လေးလေးနှင့် ဆိုသည်။

"အဘရယ် ဒီလိုဒေါင်ကောင်းပြီး တောင့်တဲ့နွားကို ကျုပ်တစ်ခါမှ မမြင်ဖူး





ဘူး။ အဲဒီနေ့ကတည်းက အဘကိုပြောသားပဲ ကြိုက်ရင်စရံငွေတစ်ခါတည်းပေးခဲ့ပါလို့၊ ခုတော့ ကိုယ်ရမယ့်ဥစ္စာ သူများရသွားပြီ၊ အဲဒီတစ်ရှဉ်းသာရလိုက်စမ်း ဘယ်လောက်ဟန်ကျမလဲလို့၊ ကျုပ်တို့ရောင်းလိုက်တဲ့ နွားထက်အများကြီးသာတယ်နော်၊ နာလိုက်တာအဘရာ တောက်"

"အေးလကွာ ငါလက်နှေးလို့ဖြစ်သွားရတာ၊ ဒီလိုမှန်းသိရင် အိမ်ကနွား'တစ်ကောင်ကို မရောင်းပါဘူး။ သာမြနွားကို မက်မိလို့ ခုတော့ ဟိုလွတ်ဒီလွတ်ဖြစ်သွားရတာ ကုသိုလ်ပေါ့ကွာ။ နွားတစ်ရှဉ်းတော့ အချိန်မီ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ဝယ်မှ"



သားအဖနှစ်ယောက် နောက်ထပ်စကားမဆိုသေးခင် တိတ်ဆိတ်သွားကြသည်။ သူတို့ကိုကြည့်ရသည်မှာ တော်တော်စိတ်ပျက်နေပုံရသည်ကို ငခွေး သတိပြုမိသည်။ ငခွေးလိုချင်သော အကွက်ဆိုက်ခဲ့လေပြီ၊ အခြေအနေကို သူနားလည်လိုက်မိပြီ၊ သူတို့စကားထဲက 'သာမြ'ဆိုသော အမည်ကို သူ့စိတ်ထဲတွင် မှတ်သားလိုက်၏။ ထို့နောက် သူထိုင်နေသောစားပွဲမှထပြီး သူတို့အနီးသို့ ချဉ်းကပ်သွား၏။

"အဘ ကျွန်တော် တစ်ခုပြောချင်လို့ပါ။ အဘတို့ခုနက ကိုရင်သာမြရဲ့နွားအကြောင်း ပြောနေတာကြားလိုက်မိလို့ပါ။ အဲဒီရွာက ကျွန်တော့်မိတ်ဆွေကိုသာမြလားလို့ပါ။ အချိန်ရရင် ကျွန်တော်

စကားနည်းနည်း ပြောပါရစေလား

သူက ရိုးရိုးသားသား လယ်သမားတစ်ယောက်အမူအရာမျိုးဖြင့် ရိုကျိုးစွာပြောနေသည်ကို အဘိုးကြီးက အကဲခတ်နေသည်။

"အစ်ကိုထိုင်ပါ။ ကိုသာမြကို သိလို့လား။ တောင်ပိုင်းမှာ နေတယ်လေ"

သားဖြစ်သူက အလိုက်သင့်ပြောနေသည့်တိုင် အဘိုးကြီးက ခပ်တည်တည်လုပ်နေသည်။



"ဟာ တောင်ပိုင်းက ကိုရင်သာမြဆိုသိတာပေါ့။ ကိုသာမြနွားတွေက အင်မတန်ကောင်း အင်မတန်လှတဲ့နွားတွေပါ။ ကျွန်တော်တောင် သူ့နွားမွေးမြူရေးစံနစ်ကိုသဘောကျပြီး အတုယူပြီး သက်တွေ့ကြိုးစားနေတာဗျ၊ သူ့နွားကိုရောင်းလိုက်ပြီလား၊ တစ်လောကတောင် ကိုရင်သာမြနဲ့ တွေ့လို့ သူ့နွားတွေကိုရောင်းဖို့ စပ်ထားတဲ့အကြောင်း ပြောလို့ ကျွန်တော်ကတောင် ခင်ဗျားနွားကိုရောင်းရင် ကျုပ်နွားနှစ်ကောင်ပါထည့်ရောင်းချင်တယ်လို့ ပြောလိုက်သေးတယ်"

"ဟုတ်လား အစ်ကိုနွားရှိလို့လား"

"ဟာ ရှိတာပေါ့၊ ကိုရင်သာမြနွားထက်မသာရင်သာနေရမယ် နည်းနည်းမှ အောက်မလျော့ဘူး"

အဘိုးကြီးက ကွမ်းတမြုံ့မြုံ့ဝါးရင်းက သူတို့နှစ်ယောက်ပြောဆိုနေကြသော စကားကို စိတ်ဝင်စားလာပုံရသည်။





ဒါကြောင့် ငခွေးက သူ့ကိုယ်သူရိုးသားပြီး ဘာမှနားမလည်သော တောသားရိုးရိုးအအတစ်ယောက်၏ အမူအရာနှင့် အဘိုးကြီးကို တလေးတစားကြည့်လိုက်ပြီး စကားကိုဆက်ပြောနေသည်။ စင်စစ်သူ့မှာ နွားဆိုလို့ သက်ရှိနွားကိုမဆိုထားဘိ ရွှံ့နှင့်လုပ်သောနွားရုပ်ပင်မရှိ။ သို့သော် သူက နွားအကြောင်းတီးမိခေါက်မိသော ဗဟုသုတကလေးနှင့် အတည်ပေါက်ဖြီးနေခြင်းဖြစ်သည်။

"နွားအကြောင်းပြောရရင် အိမ်ကမိန်းမကို ရိုက်သတ်ချင်စိတ်ပေါက်ပေါက်လာတယ်။ ကျွန်တော်တို့မှာ နွားတစ်ရှဉ်းရှိတယ်။ ဒါပေမယ့် လယ်တော့မရှိတော့ဘူး။ အဲဒီနွားတစ်ရှဉ်းကို ရွာထဲမှာပဲ စပါးပေးနဲ့အငှားလိုက်စားနေတယ်။ တစ်ရာသီကို စပါးကဘယ်လောက်ဆိုပြီး သတ်မှတ်ပြီးငှားထားတယ်။ ကျွန်တော့်နွားက သိပ်ရုန်းအားကောင်းတော့ ငှားချင်တဲ့လူတွေက ဝိုင်းဝိုင်းလည်နေတယ်။

"အဲဒီဘာမဟုတ်တဲ့ ငွေကလေးမဖြစ်စလောက်ကိုပဲ မိန်းမက မက်နေတယ်။ ကျွန်တော်က နွားနှစ်ကောင်လုံးရောင်းလိုက်၊ ရတဲ့ငွေနဲ့ မော်လမြိုင်တက်ပြီးမှောင်ခိုအရင်းအနှီးလုပ်ရင် နင့်နွားဆယ်ကောင်စာလောက်အသာလေးရနိုင်တယ်လို့ ပြောတာကို သူနားမဝင်ဘူး။ ကျွန်တော်ကတော့ ရှင်းရှင်းပဲ မော်လမြိုင်မှာ ကျွန်တော့်အစ်ကိုရှိတယ်။ သူက မှောင်ခိုရာဘာပွဲဆေးတွေ ကိုင်တယ်။ ကျွန်တော်က အစ်ကိုဆီမှာထက်ဝက်စားနဲ့ ဝင်လုပ်တယ်။ အဆင်ပြေပြီးမြိုးမြိုးမြက်မြက်လေးလည်းရလာရော၊ ဟော . . သူကခုမှာ နွားရောင်းပါ။ နွားရောင်းပါ ဖြစ်နေပြန်တယ်။ ဒါကြောင့် ကျွန်တော်က အရင်းငါးသောင်းလောက်ရမယ်ဆိုရင်တော်ပြီဆိုပြီး ဒီကိစ္စအတွက် အခုကိုရင်သာမြဆီသွားပြောမလို့ပါ။ ခုနက ငါ့ညီက ကိုရင်သာမြရဲ့နွားကိုရောင်းလိုက်ပြီလို့ ပြောသံကြားမိသလားလို့ပါ၊ သူ့နွားတွေက ထိပ်တန်းပဲ"

"ဟုတ်တယ်အစ်ကို ဟောဒီအဘပေါ့။ တစ်နေ့ကလာကြည့်ကတည်းက ကြိုက်ရဲ့သားနဲ့ စရံမပေးခဲ့ဘဲ ခုမှလာတော့ သူများရောင်းလိုက်ပြီတဲ့လေ"

"လူလေးမင်းကလဲ ငါ့ချည်းအပြစ်ပြောနေတာပဲ။ မင်းအမေနဲ့တိုင်ပင်ရသေးတယ်ဟ၊ သူက သူ့ပစ္စည်းတွေထုခွဲရောင်းချပြီး ငွေထပ်စိုက်ထားတာမို့ပါကွာ"

"ဒါဆို ဟောဒီက အစ်ကို့နွားပဲ လိုက်ကြည့်မလားအဘ"

"မင်းနွားကချောရဲ့လား။ ဘယ်နှစ်နှစ်သားလဲကွ။ ဗွေဆိုးတွေဘာတွေတော့ ငါတို့က ဂရုစိုက်ပြီး ရှောင်တတ်တယ်နော်"

"ဟာ အဘကလဲ ကိုရင်သာမြနွားကို အဘမြင်ဖူးသားပဲ သူ့နွားထက်မသာသည့်တိုင် သူ့အောက်မလျော့ပါဘူး ဆိုထားမှပဲ အဘရယ်။ ကိုရင်သာမြမွေးတဲ့နည်းစနစ်အတိုင်း တစ်ထပ်တည်းကျ

သွားလေပြီ။ ကာစ်ထစ်ကိုနင်းမိပြီဆိုတော့လည်း ကျန်တဲ့အထစ်တွေကို အသာလေး လှမ်းတက်သွားရုံပဲပေါ့။

ဒီတော့မှ သူ့လက်စွဲတော် ကနခို ကိုသတိရလိုက်သည်။ ကနခိုက လူနာမည် မဟုတ်သလို ခုတ်ပိုင်းစရာလက်နက်လည်း မဟုတ်ပါ။ ဝမ်းနှုတ်ရာတွင် အစွမ်းထက်လှပြီး အဓိကအခန်းမှ ပါဝင်ရသည့်ဆေး တစ်မည်၏ အမည်သာဖြစ်သည်။ သူ-ကျံက-ကိုမပြန်တော့-အဗျားရွာက အမျိုးဘုန်းတော်ကြီးကျောင်းမှာပင် တစ်ညဝင် အိပ်ပြီး တစ်ညလုံးသူ့လုပ်ငန်းအဆင်ပြေဖို့အတွက် အကွက်ခုလိုက်သည်။ နံနက်တွင် အစောဆုံးဖွင့်သော ဈေးထဲရှိ ပရဆေးဆိုင်တစ်ဆိုင်မှ ကနခိုမှုန့် တစ်ဆယ်ကျပ်သားကို ဝယ်လိုက်သည်။

ပြီးကွမ်းယာဆိုင်တစ်ဆိုင်မှ အာမွှေးများများ အဆာများများနှင့် စပါယ်ရှယ်ကွမ်းယာ(၉)ယာဝယ်လိုက်သည်။ ပြီးနောက် လူအသွားအလာပြတ်သော ကင်းတဲပျက်တစ်ခုပေါ်တွင် ဝယ်လာသော ကွမ်းယာများအနက်(၆)ထုပ်ကို ဖြည်လိုက်ပြီး ကနခိုမှုန့်များကို ဖြူးလိုက်သည်။ ကနခိုတော်တော်များများဝင်သွားသည်။ စိတ်တိုင်းကျမှကနခိုထည့်ထားသော ကွမ်းယာများကို သေသေချာချာ ပြန်ထုပ်ပြီး အမှတ်အသားပြု၍ စက္ကူနှင့် ပြန်ပတ်ပြီး သူ့ခါးပေါင်စထဲတွင် ထည့်ထားလိုက်သည်။

ထို့နောက် ဘူတာရုံနှင့်ခပ်လှမ်း







အောင် ကျွန်တော် မွေးလာခဲ့တာပါဗျာ အဘသာလိုက်ကြည့်ပါ"

"မောင်ရင်က ဘယ်မှာနေလဲ အဝေးကြီးဆိုရင်တော့ မဖြစ်ဘူးကွဲ့"

"ဟာ အဘကလဲ ကြာတယ်ဗျာ ခုပဲ လိုက်ကြည့်မယ်။ ကြိုက်ရင် တစ်ခါတည်းငွေချေမယ်။ ကဲ" သားဖြစ်သူက လူငယ်စိတ်နှင့် ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။

ကြိုက်သွားပြီ၊ သကြီးငခွေးက ဒါမျိုးပဲကြားချင်နေသမို့ အကြိုက်တွေ့သွားပြီ။ သူလိုချင်သော အကွက်ကပေါ်ထွက်လာခဲ့ပေပြီ။ ဒါပေမယ့် သူက ခပ်အေးအေးအမူအရာဖြင့် တွေးတွေးဆဆနှင့်ဆိုသည်။

"သိပ် မဝေးပါဘူး။ ကျုံက-တင်ပါရထားနဲ့ဆို ဒီကနေ သုံးဘူတာပဲ လှေနဲ့စစ်တောင်းမြစ်ကို ဖြတ်ပြီးရင် ကျွန်တော့်အိမ်ရှေ့ ဒက်ထိရောက်တာပဲ။ ဒီကနေ့တော့ အချိန်မရှိတော့ဘူး။ အဘတို့လိုချင်ရင်တော့ မနက်ဖြန်ဒီဘူတာမှာ စောင့်နေ ကျွန်တော်လာခဲ့မယ်။ အဆင်ပြေသွားတော့လဲ အဘတို့လဲအကျိုးရှိ ကျွန်တော်လဲ သူများလက်ဝေခံမဖြစ်ဘဲ ကိုယ့်လက်ကိုယ့်ခြေလုပ်ကိုင်နိုင်တာပေါ့ ဟုတ်ဘူးလား"

"မင်းနွားက အလျော့အတင်း ရှိသလား"

"အဘတို့ ကျွန်တော့်နွားကိုသာ အရင်ကြည့်ပါဦး ပြီးရင် ကျွန်တော် ပြောတဲ့ တစ်ရှဉ်းလုံးမှ ငါးသောင်းဆိုတဲ့ ငွေဟာနည်းသေးတယ်လို့တောင်ထင်မှာ၊ ခိုင်းနွားသန်သန်မာမာတစ်ကောင်ကို နှစ်သောင်းခွဲဆိုတာ ဘယ်မှာမှ မရနိုင်မှန်း အဘသိလာပါလိမ့်မယ်။ အဲ တကယ်လို့ ကျွန်တော့် နွားကို ဝယ်ဖြစ်သွားရင် အဘတို့အိမ်အရောက် ကျွန်တော်တာဝန်ယူပြီး ပို့ပေးလိုက်ဦးမယ်၊ ဒါက ကျွန်တော့် စေတနာပါနော်"

သူ ဒါလောက်ပဲပြောသည် စကားပြောပါများက ဇာတိကပါလာမှာစိုးရသည်။ သူတို့သားအဖနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်နေသည်ကို ငခွေးက ကွမ်းဝါးရင်းက စောင့်နေလိုက်သည်။ မကြာပါ ပဲခူးစစ်တောင်းလော်ကယ်ရထားက ဝင်လာခဲ့လေပြီ။ ထိုအခါ သူတို့သားအဖနှစ်ယောက်ပြိုင်တူပင် နေရာမှထလိုက်ပြီး အဘိုးကြီးက-

"အေးကွာ တိုင်ပင်ဦးမယ် ယူဖြစ်ရင် မနက်ဖြန် (၁၁)နာရီလော်ကယ်နဲ့ လာခဲ့ပြီး ဒီမှာဆုံမယ်။ မယူဖြစ်ရင်တော့ မလာဘူးပေါ့ကွာ။ ကဲ သွားမယ်"

"ဟုတ်ကဲ့အဘ"

သားအဖနှစ်ယောက်သား ပဲခူးဘက်သို့ ဦးတည်သောရထားပေါ်သို့ တက်သွားကြတော့သည်။

▲ ▲ ▲

ပျော်သွားပြီ။

သကြီးငခွေးအပျော်ကြီး ပျော်

ရထားထွက်သွားပြီး အတန်ကြာမှ သူသွား လျှင်ပိုပြီး အဆင်ပြေနိုင်သည်။ သို့မဟုတ် ပါက စောစောကသူတို့ စီးလာသော ရထားနှင့်ပင် စစ်တောင်းဘက်လိုက်သွား မိပါက ချိန်ကိုက်ထားသည်များက လွဲသွား နိုင်သည်။ သူ့အံဖို့ ကြာလေကောင်းလေ ပင်မဟုတ်ပါလား။

အချိန်တော်လေးကြာတော့မှ ခုမှ သူဘူတာသို့ ရောက်လာရသည့်ဟန်ဖြင့် ဘူတာရုံထဲသို့ သုတ်သီးသုတ်ပျာဖြင့် ဝင်ပြီး သူတို့နှစ်ယောက်ကို ရှာဖွေလိုက် သည်။ အခန့်သင့်ပင် ဘူတာရုံရှိ လက် ဖက်ရည်ဆိုင်ထဲမှာ သူတို့ကို တွေ့လိုက်ရ သည်။ သူတို့သားအဖက သူ့ကို ဆီးကြိုကြ သည်။

သူ့နွားကို လိုက်ကြည့်ကြမလို့တဲ့ ကြိုက်ရင် အလုပ်ဖြစ်မည်ပေါ့။ ဒါကသူ့ အဖို့မင်္ဂလာရှိသော စကားများသာဖြစ် သည်။

နေ့လယ်တစ်နာရီတွင် ဆိုက်မည့် စစ်တောင်း-အဗျားလော်ကယ်နှင့် လိုက်ဖို့ စီစဉ်ပြီး ရထားစောင့်နေကြသည်။ ရထား စောင့်နေကြစဉ် ငခွေးက ခပ်လှမ်းလှမ်းရှိ နံရံကပ်ကွမ်းယာဆိုင်သို့ ထသွားပြီး ဆေး လိပ်သုံးလိပ်နှင့် ကွမ်းယာတစ်ရာကိုဝယ် လိုက်သည်။ ကွမ်းယာဆိုင်မှမထွက်မီ သူ့ ခါးပုံစထဲမှ ကနခိုဖြူးထားသော ကွမ်းယာ ထုပ်များကိုယူပြီး စောစောက ကွမ်းယာ တစ်ခုနှင့်အတူ ရော၍ကိုင်ရင်း လက်ဖက် ရည်ဆိုင်သို့ ပြန်လာခဲ့သည်။

ဝယ်လာသော ကွမ်းယာထဲမှ ငခွေးက သူတို့နှစ်ယောက်ကို ရိုရိုသေသေ နှင့်ပင် တစ်ရာစ်ကမ်းပေးပြီး သူကပါ တစ်ရာစားလိုက်သည်။ ကွမ်းယာကအစာ များများမို့ သူတို့သားအဖက သဘောကျ ကြသည်။ ငခွေးက ကနခိုမပါသော ကွမ်းယာကို သာစားသည်။ ရထားက ခါတိုင်းထက်နောက်ကျပြီးမှ ဝင်လာခဲ့ သည်။ နောက်ကျလေလေ သူ့အဖို့ ကောင်းလေလေမို့ သူကပို၍ သဘောကျ သည်။ ရထားပေါ်ရောက်သောအခါတွင် လည်း သူတို့ကွမ်းစားကြပြန်သည်။ သူတို့ နှစ်ယောက်သား ကွမ်းယာနှစ်ရာစီဝမ်းထဲ ဝင်သွားကြပြီမို့ ဒီလောက်နဲ့ပဲ လုံလောက် နေပြီဖြစ်၍ ပိုကျေနပ်မိသည်။

သူတို့စီးလာသော ရထားက စစ်တောင်းမြစ်၏ သည်မှာဘက်ကမ်း ဘူတာရုံဟောင်းတွင် လမ်းဆုံးသည်။ ထိုမှ တစ်ဖန်ခေါင်းလှည့်၍ ပဲခူးသို့ပြန်လှည့်ရ သောလော်ကယ်ဖြစ်သည်။ သူတို့ရထား ပေါ်မှဆင်းကြပြီး ငခွေးညွှန်ပြသည့် လမ်းကျဉ်းကလေးအတိုင်း သူတို့နေသော ကျုံကရွာနှင့်တည့်တည့် လှေဆိပ်ဆီသို့ ခြေကျင်လျှောက်ကြသည်။ လမ်းတစ် လျှောက်တွင် တွေ့ရာလေးပါးစကားဆို ရင်းနှင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဖြစ်လာကြတော့သည်။ ခရီးကကြည့်တော့ သာ အနီးကလေးပေမယ့် တကယ်တမ်း လျှောက်ရတော့ တစ်မိုင်နီးပါး။

လှေဆိပ်သို့ရောက်ရန် ကိုက်







လှမ်းတွင် ရထားကို ထိုင်စောင့်နေရင်း သူ ရပ်ရမည့်လုပ်ရပ်များအပေါ် အပြန်ပြန် အလှန်လှန်သုံးသပ်ပြီး စိတ်တိုင်းကျတော့ မှ ထမင်းကျော်တစ်ပွဲကို မှာပြီး သစ်ပင် အောက်မှာပင် စိမ်ပြေနပြေထိုင်စားနေ တော့သည်။ ယခုလုပ်ရမည့် အလုပ်က ယခင်ယခင်များကလိုပေါ့ဆဆလုပ်၍ မရ။ ရမည့်ငွေအင်အားကလည်း မသေး လှ။ အလေးအနက်ထား၍ မင်သေသေ လုပ်ရမည့်အလုပ်မို့ သူ့စိတ်တွေက လှုပ် ရှားနေသည်။ သူ့ဘက်က အစီအစဉ်က တော့ သေချာနေပြီ၊ ဒါပေမယ့် နွားဝယ် မည့်သားအဖနှစ်ယောက်၏ စကားအရ လာဖို့ မလာဖို့မသေချာ။ အေးလေ လာ တော့လည်း အမြတ်ပေါ့။ မလာတော့လည်း ကနခိုတစ်ဆယ်သားနှင့် ကွမ်းရာ(၉)ယာ ဖိုးအဆုံးခံလိုက်ရုံထဲပေါ့။ အရင်းအနှီးက ဘာရှိတာမှတ်လို့။ သည်လိုနှင့် (၁၁)နာရီ တွင် ရထားဝင်ခဲ့ပြီမို့ သူက ဘူတာနှင့် ခပ်လှမ်းလှမ်းမှာဘဲ အရိပ်အခြည်ကိုကြည့် နေလိုက်သည်။ 140

ရထားရပ်ပြီးနောက် မနေ့က သားအဖ ရထားပေါ်မှဆင်းလာကြသည် ကို တွေ့လိုက်ရသည်။ ရထားပေါ်မှ ဆင်း လာပြီး ဟိုဟိုသည်သည်ကို မျှော်ကြည့်နေ ကြသည်ကိုလည်း သူသတိပြုမိသည်။ သစ်ပင်နှင့်ကွယ်ပြီး ရပ်နေသော သူ့ကို တော့ မြင်ဟန်မတူ အလှမ်းကလည်း ဝေး နေသည်မို့ သူက နေရာမှမရွေ့ဘဲ ရထား ထွက်သွားသည်အထိ ရပ်နေလိုက်သည်။

အနည်းငယ်သာလိုသောနေရာသို့ အရောက်တွင် ဖခင်ဖြစ်သူက ဝမ်းသွားချင်သည်ဟုဆိုပြီး သားကိုလွယ်အိတ်ကမ်းပေးပြီး အနီးရှိချုံထဲသို့ ဝင်သွားသည်။ အတန်ကြာမှထွက်လာပြီးနောက် ခရီးအနည်းငယ်သာလှမ်းရပြီးချိန်တွင် သားဖြစ်သူကလည်း ဝမ်းသွားချင်သည်ဟုဆိုပြီး သူ့လက်ထဲမှလွယ်အိတ်ကိုဖခင်ကို လှမ်းပေးပြန်သည်၊ သည်လိုနှင့်အဘတစ်လှည့်သား တစ်လှည့်စီ ဝမ်းသွားနေကြစဉ် ငခွေးက သူတို့ကိုလိုအပ်သည်များကို ကပျာကယာနှင့် စေတနာထက်သန်စွာဖြင့် ကူညီခဲ့သည်။ ခရီးတစ်လျှောက်လုံး လမ်းသွားလမ်းလာဟူ၍ တစ်ယောက်မှမရှိဘဲ သူတို့သုံးဦးတည်းသာရှိသည်။ သည်လိုနှင့် သားအဖနှစ်ယောက်မှာ အခေါက်ခေါက်အခါခါ ဝမ်းသွားလိုက် ပျို့အန်လိုက်နှင့် လှေဆိပ်သို့ ရောက်သောအခါ ခြေလှမ်းကိုတောင် မသယ်နိုင်လောက်အောင် ပျော့ခွေနေကြပြီကို သတိပြုလိုက်မိသည်။ လှေဆိပ်တွင်လည်း လှေတစ်စင်းမှမရှိ၊ ဒါကလည်း လှေသမားတွေအနားယူချိန်နှင့် ကိုက်ညီအောင် သူကအကွက်ချပြီး စီစဉ်ထားခြင်းဖြစ်ကြောင်း သူသာသိသည်။

သည်အချိန်ဆို ကူးတို့လှေတွေက သိမ်းကုန်ကြပြီ။

စိတ်ပျက်လက်ပျက်နှင့် တဟင်းဟင်းညည်းညူပြီး အားပြတ်ကာ လှေဆိပ်ရှိ တဲနံရံကိုမှီလျက် အရုပ်ကြိုးပြတ်ဖြစ်နေသူနှစ်ဦးမှာ သူပြုသမျှ နုရတော့မည်အခြေသို့ ရောက်နေပြီဖြစ်သည်။ သို့သော် သတိရှိသောအဘိုးကြီးမှာ ငွေထည့်ထားသောလွယ်အိတ်ကို ယခုတိုင်အောင်သူ့ရင်မှာတင်းကျပ်စွာ ပွေ့ပိုက်ထားဆဲသာ၊ ထိုအခိုက် ငခွေးက အဘိုးကြီး၏ လက်ထဲမှငွေအိတ်ကို အသာဆွဲကြည့်သည်။ အဘိုးကြီးက မျက်လုံးများပွင့်လာပြီး သူ့ကိုခုခံဖို့ပြင်သည်။

လက်ကိုမ၍အနည်းငယ်မျှသော အင်အားဖြင့် ငွေအိတ်ကိုအတင်းပြန်ဆွဲထားသည်။ ပါးစပ်ကလည်း ဝူးဝါးဝူးဝါးနှင့် အော်လိုက်သည်။ သားဖြစ်သူကို အကူအညီလှမ်းတောင်းပုံရသည်။ သားဖြစ်သူက သူ့ထက်အခြေအနေပိုဆိုးနေသည်။ မျက်လုံးများပင် မဖွင့်နိုင်အောင် အားပြတ်ပြီး သတိလစ်နေပုံရသည်။ ငခွေးက အချိန်ဆွဲမနေတော့ဘဲ အဘိုးကြီးဆီမှ လွယ်အိတ်ကို ဆောင့်ဆွဲလိုက်သောအခါ အဘိုးကြီးမှာ မထိန်းနိုင်တော့ဘဲ နေရာမှာပင် လဲကျသွားသည်။ လှုပ်ရှားမှုမရှိသော အဘိုးကြီး၏ ခန္ဓာကိုယ်ကြီးကို အတန်ကြာစိုက်ကြည့်နေပြီး စိတ်ချရတော့မှ နေရာမှ ချာခနဲလှည့်ထွက်သွားတော့သည်။ လူခြေပြတ်သောတစ်နေရာတွင် လွယ်အိတ်ထဲမှပစ္စည်းများကို ထုတ်ကြည့်ရာ မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် အသေအချာညှပ်၍ ပလတ်စတစ်အထပ်ထပ်တို့ဖြင့် ယူဆောင်လာသော ငွေများကို တွေ့ရသည်။ တစ်ဆယ်တန် အသစ် ချပ်ချွတ် ချည်းငါးသောင်းတိတိကို တွေ့လိုက်ရရာ ကခုန်







မတတ်ဝံ့သာသွားသည်။ လွယ်အိတ်နှင့် မျက်နှာသုတ်ပဝါကို ချုံထူသောနေရာတွင် ပစ်ခဲ့ပြီး နောက်တစ်နေရာတွင် ပုန်းခိုရင်း အတော်လေးမှောင်မှ ရွာသို့ ပြန်လာခဲ့သည်၊

သူ့အိမ်သို့ရောက်တော့ ညဆယ်နာရီသံချောင်းခေါက်ပြီးပြီမို့ အားလုံးအိပ်ပျော်နေကြသည်။ အိမ်နီးချင်းများလည်း အိပ်ကုန်ကြပြီး အသွားအလာမရှိဘဲ တစ်ရွာလုံးတိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရသည်။ ငခွေးက အိမ်နောက်ဘက်ရေကပျင်မှ အဆင်သင့်တွေ့ရသော စဉ့်အိုးငယ်တစ်လုံးကို ဆွဲယူလာပြီး ကွမ်းသီးပင်ရင်းတွင် ထောင်ထားသော ပေါက်တူးကို လက်တစ်ဘက်ကကိုင်ပြီး အိမ်နောက်ဘက်ခြံထောင့်ရှိ ခညင်းပင်အောက်သို့ ခပ်သွက်သွက်လှမ်းလာခဲ့ပြီး ခညင်းပင်အောက်တွင် မြေကျင်းနက်နက်ကိုတူးပြီး ပါလာသောစဉ့်အိုးငယ်ထဲတွင် စောစောကငွေငါးသောင်းကို ပလတ်စတစ်တို့ဖြင့် အထပ်ထပ်ချည်နှောင်ရစ်ပတ်ပြီးမှ တစ်ဖန်စဉ့်အိုးထဲထည့်ပြီးမှ စဉ့်အိုး၏ အဝကိုရော စဉ့်အိုးကိုပါ လုံခြုံအောင် ပလတ်စတစ်တို့ဖြင့် လုံခြုံအောင်ပိတ်လိုက်ပြီးနောက် မြေကျင်းထဲထည့်မြှုပ်လိုက်ပြီး အပေါ်မှမြေကြီးကို သတိကြီးစွာထား၍ ခြေရာလက်ရာမပျက်အောင် ဖုံးအုပ်ပြီးမှ တစ်ဖန် မြေသားပေါ်တွင် စောစောက ရှိနေခဲ့သော အမှိုက်များ အုတ်ကျိုးအုတ်ပဲ့များနှင့် အိုးခြမ်းကွဲများကို

သိလိုက်သည်။

"အေး ဒါဆိုလည်း အကြိုးအကြောင်းပြောပြပြီး ဆေးတောင်းခဲ့၊ မနက်လင်းလင်းချင်း ဆက်ဆက်ကြွခဲ့ပါလို့ မှာခဲ့ကြားလား" ဒါက မအေး၏ ပူပန်သောကရောက်နေသည့် အသံမှန်းလည်း သူသတိထားမိသည်။

"အစ်မကလဲဗျာ သူ့လင်အဖိုးတန်ကြီးကို ခုမှ သေမှာကြောက်နေရသေးတယ်"

"ဟဲ့ ထပ်မရှည်နဲ့ ငါလုပ်လိုက်ရလို့ ခုသွား"

သူ့ယောက္ခမ၏ ဝေါက်သံအဆုံးတွင် သူ့ကိုမည်သူကပွေ့ယူချီမလိုက်သည်



တော့မသိ၊ ကြာမီ အိမ်ပေါ်သို့ ရောက်လာရသည်။ ဖျာပေါ်တွင်ချပြီးချိန်၌ ခုမှသတိရလာသည့်ဟန်ဖြင့် သူက လူးလွန့်ပြလိုက်သည်။

"ဟော သတိရလာပြီ ကိုခွေး ကိုခွေး ရှင် သတိရလာပြီလား"

"ဝေါ" သူက ပြန်မဖြေ ဝေါခနဲအန်ထုတ်လိုက်သည်။ ဘာမှတော့ ကျမလာပါ။ ဒါကလည်း သူတွေ့ဖူးမြင်ဖူးသော ရေနစ်သူများ၏ အပြုအမူများအတိုင်း သူက ယုတ္တိရှိရှိ ပျို့အန်ပြလိုက်သည်။

နောက်တစ်ခါ အံဖို့ ကြိုးစားလိုက်သေးသည်။ ပြီးမှ-

"ဟင်း. . ဟင်း. . "

သူ့ကိုယ်ပေါ်မှ အဝတ်စိုတွေကိုလဲပေးကြသည်။ ဆရာကြီးပေးလိုက်သည်ဆိုသော ဆေးကိုတိုက်ကြသည်။ သူကတကယ့်လူမမာနှင့်တူအောင် ပျော့တိပျော့ဖတ်လုပ်နေရင်းမှ မျက်လုံးကို မဖွင့်သေးဘဲညည်းနေလိုက်သည်။ အတော်လေးကြာမှ မျက်လုံးကို တဖြည်းဖြည်းဖွင့်ပြီး ပတ်ဝန်းကျင်ကို အထူးအဆန်းသဖွယ်လိုက်ကြည့်ပြီး ရုတ်တရက်ရှိုက်ကာငင်ကာ ငိုလိုက်သည်။ ပြီးမှ နှုတ်မှဗလုံးပထွေးနှင့် ဆိုလိုက်သည်။

"ကျွန်တော် ဟိုဘက်လှေဆိပ်ကိုရောက်တော့ လှေမရှိတာနဲ့အကြာကြီးစောင့်နေပြီး အတော်လေး မှောင်တော့မှလှေတစ်စင်းကိုတွေ့ပြီး အိမ်ပြန်အလာမှာ





လက်ရာမပျက် ပိပိရိရိဖြစ်အောင် ဖုံးအုပ်ပြီးနောက် နေရာအမှတ်အသားပြုရန်အတွက် ဓညင်းပင်ကြီးကို မော့ကြည့်လိုက်သည့်အချိန်တွင် ဆန်းစည၏ လအကွေးလေးက သူ့ခေါင်းပေါ်တည့်တည့်ရှိ ဓညင်းရွက်များကြားမှ သူ့ကို ငုံ့ကြည့်နေယည်ကို သတိပြုလိုက်မိသည်။

နေရာအမှတ်အသားကို သေသေချာချာလေ့လာမှတ်သားခဲ့ပြီးနောက် သူသည် မြစ်ဆိပ်ဆီသို့ ကမ်းသို့ထွက်လာခဲ့သည်။ ငခွေးတစ်ယောက်တည်း အလုပ်ရှုပ်မနေသည်ကို မည်သူမျှ သတိမထားမိဆန်းစလအကွေး၏ အရောင်မှိန်ပျပျအောက်တွင် ကမ်းပပ်၌ ကြိုးချည်ထားသော လှေငယ်တစ်စင်းကို တွေ့ရသည်။ သူက ကြိုးကိုဖြုတ်ပြီး မျှောလိုက်သည်။

စစ်တောင်းမြစ်ဆိပ်တွင် တစ်ညလုံးမှောင်ရိပ်ခို၍ ထိုင်နေခဲ့ပြီး နံနက်အရုဏ်တက်ကာနီးတွင် ငခွေးက မြစ်ထဲသို့ တစ်ဖန်ပြန်ဆင်းလာပြန်သည်။ ဦးခေါင်းမှစ၍ သူ့တစ်ကိုယ်လုံးရွှဲရွှဲစိုသွားအောင် ရေထဲတွင် အတန်ကြာအောင်နစ်မြုပ်ကူးခတ်ပြီးနောက် သူ့အိမ်နှင့် ခပ်လှမ်းလှမ်းရှိရာ မြစ်ညာဘက်ဆီသို့ရေထဲမှ ကူးခတ်သွားခဲ့ပြီးနောက် ကမ်းစပ် တစ်နေရာတွင် မှောက်လျက်သားလှဲအိပ်လိုက်သည်။ သူ့အနေအထားက ရေနစ်ပြီးကမ်းစပ်တွင် လာတင်နေသော သတိကင်းမဲ့သည့်ပုံစံမျိုး ဖြစ်အောင် နေနေလိုက်သည်။

အတော်လေးကြာကြာနေပြီးနောက် မနီးမဝေးဆီမှ စကားပြောသံများကြားလိုက်ရပြီး သူ့အနီးသို့ ရောက်လာကြသည်။ သူ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား ၌။ နွားဝယ်မည့်သားအဖက သူ့နောက်ကို လိုက်လာကြပြီး သူ့ကို တွေ့သွားလေပြီလားထင်လိုက်သည်။ သို့သော်စကားပြောသံများကို ကြားလိုက်ရတော့မှအသံရှင်များကို သူကောင်းကောင်းမှတ်မိသွားသည်။ သူတို့ရွာထဲက တံငါသည်မောင်စိန်နှင့်ငညို။

"ငညို မင်းအသာပွေ့ထားနှင့်ငါသူ့အိမ်ကို သွားအကြောင်းကြားမယ်" တဖုတ်ဖုတ်နှင့်ပြေးသွားသံ ကြားရပြီးခဏအကြာတွင် သူ့အိမ်သားများရောက်လာသံကိုကြားလိုက်ရသည်။ မအေး၏ငိုသံက သူ့နားတွင် ကပ်လျက်ရှိနေသည်။ သူက အသက်ကို တိုတိုနှင့်မျှဉ်းမျှဉ်းသာရှူနေလိုက်သည်။

"အမလေးကိုခွေးရဲ့ ဘယ်လိုဖြစ်လာတာလဲ ကိုခွေးရဲ့"

"ဟဲ့ ငိုနေလို့မပြီးသေးဘူး။ အသက်ရှိသေးတယ်။ အိမ်ကို ပွေ့ခဲ့ကြ သာဘုက ဆေးဆရာကြီး ဖိုးသက်ရှည်ကိုသွားပင့်ချည်"

"ဟာ အမေကဂဲ စောစောစီးစီး ဆရာက အရက်သမား အချိန်တိုင်မနဲ့ မမြင်ဖို့ပဲသိသူ အမြဲတမ်းငွေလိုနေသူ ဂေ သူရှာထားသော ငွေများကို သူတို့ထဲသို့ဝကွက်၍ အပ်ရန်လည်း မဖြစ်။

ရေလယ်ရောက်တော့ ဘယ်ကဘယ်လိုဖြစ်တယ်မသိဘူး။ လှေလွတ်တစ်စီးစီးနဲ့ တိုက်မိတယ်ထင်ရတာပဲ။ လှေလည်းတစ်ခါတည်းစောင်းပြီး နစ်သွားနာနဲ့ ပထမတော့ ကြောက်ကြောက်လန့်လန့်နဲ့ တအားကူးနေတာပဲ မြစ်ကိုအလျားလိုက်ကူးမိတယ်လို့ ထင်တာပဲ။ အတော်လေးကြာမှ စစ်တောင်းတံတားကမ်းရောင်ကို သတိရပြီး အိမ်ဘက်ကို မှန်းပြီးကူးလာတုန်း မြစ်တစ်ဝက်မှာ လက်ပန်းကျပြီး သတိလစ်သွားတော့တာပဲ သိတယ်"



ငခွေး၏ စကားအဆုံးတွင် ဝိုင်းကြည့်နေသူများက ပြိုင်တူစုတ်သပ်လိုက်ကြသည်။

"ငြော် ကံကြီးပေလို့သာ မသေကောင်းမပျောက်ကောင်းတော်"

သည်လိုနှင့် နံနက်(၇)နာရီလောက်တွင် အသက်(၇၅)နှစ်ကျော်နေပြီဖြစ်သော မြန်မာသမားတော်ကြီး ဆေးဆရာကြီးဖိုးသက်ရှည်က ကတုန်ကယင်နှင့် ရောက်လာပြီး သူ့ကို စမ်းသပ်၍ ဆေးတိုက်သည်။ အိပ်ရာထဲမှာဘဲ အိပ်နေဖို့ ညွှန်ကြားပြီး ဆရာကြီးပြန်ကြွသွားတော့သည်။

သည်အထိတော့ မနေ့ညက သူ့စိတ်ကူးထဲကအတိုင်းသာ ဖြစ်နေသည်မို့



အိမ်သို့ ရဲများရောက်လာကြခြင်းသည် အခြားသူများအတွက် အထူးအဆန်းမဟုတ်သလို သူတို့အဖွက်လည်း အဆန်းမဟုတ်တော့ပေ။ သူ့အတွက် မဟုတ်ရင် သူ့ယောက်ဖကြက်သမားနှင့် ဖဲသမားအတွက်ပဲလား။ ဒါမှမဟုတ် သူ့မိန်းမမအေး၏ ပထွေး သူ့ယောက္ခမအရက်သမားကြီးကြောင့်ပဲလား သူတို့အိမ်မှာက ပြဿနာကအမြဲပေါ်နေကျမို့ ရိုးနေပြီဖြစ်သည်။

သည်တစ်ခေါက်ပော့ သူ့အ
ႇက် ရောက်လာကြမှန်း သူ သိလိုက်ပြီး သား၊ သူ စိတ်ကူးစဉ်က ဒါလည်းပါသည်။ သူထင်ထားသလို ကွက်တိဝင်လာသည်။ သူက အကြံပိုင်သော ငခွေးဖြစ်နေမှန်း သူတို့မသိကြ၊ တစ်အိမ်လုံး၊ တစ်ခြံဝိုင်းလုံး





ကိုလှဖြန့်၍ အထပ်ထပ်ရှာသည်။ ဘာမှမတွေ့ကြ သူ့ကို စစ်မေးသည် ဘာမှမထူးခြား နောက်တော့ သူ့ကို ရဲစခန်းသို့ခေါ်သွားကြပြီး အကွက်စေ့စေ့စစ်မေးသော်လည်း သူတို့လိုချင်သော ငွေငါးသောင်းက အဖြေထွက်မလာ သူကမငြင်း၊ ငြင်း၍လည်းမရ။ သူလုခဲ့သော သားအဖနှစ်ယောက်က သွားကြီးနှစ်ချောင်းရှိသော သူ့မျက်ခွက်ကြီးကို မှတ်မိပါသတဲ့။

သူကလည်း ဝန်ခံလိုက်သည်။ သို့သော် သည်ဘက်ကမ်းသို့အကူး ရေလယ်တွင် လှေငယ်တစ်စင်းနှင့်တိုက်မိ၍ နစ်မြုပ်ပြီး တစ်ဘက်ကမ်းသို့ အသက်ကိုလု၍ ကူးခတ်လာခဲ့ရကြောင်း သည်အချိန်တွင် ငွေငါးသောင်းကို မဆိုထားနှင့် ငွေငါးသိန်းပင်ဖြစ်စေတော့ သူ့အသက်ထက်တော့ပို၍ တန်ဖိုးမထားနိုင်ကြောင်း သူမလိမ်မညာဘဲ တကယ့်ဖြစ်ရပ်မှန်ကို ထွက်ဆိုခဲ့ပါသည်ဟု မင်သေသေနှင့်ဆိုသည်။ မျက်ရည်များ တသွင်သွင်စီးကျသည်အထိ ငိုရှိုက်ပြလိုက်သေးသည်။

ဒါတွေကလည်း ဘာမှမခက် စောစောကတည်းက စိတ်ကူးထားခဲ့ပြီးသားမို့ လွယ်လွယ်လေးပင် ယုတ္တိရှိရှိဆိုခဲ့သည်။

သူ့ကို ဦးစွာတွေ့ရှိခဲ့ကြသော မောင်စိန်နှင့်ညီတို့ကလည်း သူ့ကိုယ်ပေါ်တွင် ငွေတစ်ပြားတစ်ချပ်မှ ပါမလာခဲ့ကြောင်း ထွက်ဆိုသလို သူ့ကို ဆေးကုသပေးသော ဆရာကြီးဖိုးသက်ရှည်ကလည်း သူ့ဘက်ကသက်သေအဖြစ် ရပ်တည်ခဲ့သည့်အပြင် သူ့မေ့မျောလဲကျနေရာသို့ ဝိုင်းအုံရောက်ရှိလာကြသော အိမ်နီးချင်းများကလည်း တညီတညွတ်တည်းပင် ထွက်ဆိုခဲ့ကြသဖြင့် သူလုယူခဲ့သော ငွေငါးသောင်းမှာ အမှန်ပင်စစ်တောင်းမြစ်ထဲမျောပါနစ်မြုပ်ခဲ့ပြီဟု ယူဆရသော်လည်း လုယက်မှုကို ကာယကံမြောက်ကျူးလွန်ခဲ့သည်မှာ ထင်ရှားပြီး တရားခံကိုယ်တိုင်ကလည်း ဝန်ခံဖြောင့်ဆိုခဲ့သည့်အတွက် တရားရုံးတော်က သူ့ကို အလုပ်နှင့်ထောင်ဒဏ်(၅)နှစ်အပြစ်ပေးလိုက်ခြင်းဖြစ်သည်။

သူ့ကို ရဲများက လာရောက်ဖမ်းဆီးစဉ်က ဒီလောက်မြန်မြန်ဆန်ဆန်ကြီးရောက်လာကြလိမ့်မည်ဟု သူမထင်မှတ်မိခဲ့၍လည်း ငွေငါးသောင်းကို ဒီထက်ပို၍ လုံခြုံသောနေရာသို့ ပြောင်း၍ဝှက်ထားလိုက်ရန် အချိန်ကမရခဲ့ သူ့မယားကို အကျိုးအကြောင်းမှာခဲ့ဖို့ကလည်း အခြေအနေကမပေးခဲ့ သူ့မယားမအေးမှာ နာမည်နှင့်လိုက်အောင် အနေအေးသည်။ အေးလွန်းတော့လည်း ထုံထုံထိုင်းထိုင်းကြီးမို့ သူက စိတ်မချ၊ သူ့ယောက်ဖနှစ်ယောက်အနက် တစ်ယောက်က ဖဲသမား ကျန်တစ်ယောက်က ကြက်သမား၊ ဒီအပြင် သူ့မပထွေးက အရက်သမား အချိန်တိုင်းတွင် မူးဖို့ပဲသိသူ အမြဲတမ်းငွေလိုနေသူတွေမို့ သူရှာထားသော ငွေများကို သူတို့လက်ထဲသို့ဝကွက်၍ အပ်ရန်လည်း မဖြစ်။

ခဏလေးနှင့် ကုန်သွားနိုင်သည်။ သို့မဟုတ် ရဲကသိရှိသွားခဲ့ပြီး သူ့အတွက် အမှုကပို လေးစရာဖြစ်လာနိုင်သည်။ သူထောင်ထဲတွင် နေခဲ့ရသော ငါးနှစ်ကာလကလည်း အချည်းနှီးဖြစ်သွားနိုင်သည်။

ဒါကြောင့် မည်သူ့ကိုမျှ မဖွင့်ဟဘဲ၊ သူ့လွတ်ရက်ကိုသာကြိတ်၍ မျှော်နေရခြင်းသာဖြစ်သည်။ သူလွတ်ရင်တော့ ဒီတစ်သက်ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့အရင်းအနှီးရနေလေပြီဖြစ်သည်။

ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေဆဲဖြစ်သည်။ သည်နှစ်မိုးကခါတိုင်း ထက်ပို၍ ပို၍ရွာနေသည်။ သူကရွာနေသော မိုးကိုကြည့်ပြီး သက်ပြင်းရှိုက်လိုက်သည်။

▲ ▲ ▲

သည်တစ်ခေါက် ထူးထူးဆန်းဆန်းသူ့ဆီသို့ သူ့မယားမအေးက ထောင်ဝင်စာလာတွေ့သတဲ့။

သူက ဝမ်းသာဟန်လည်းမပြနေနိုင်ရန်ကောဟူ၍ အပြစ်လည်းမဆိုတုံကိုဘာဝေလုပ်နေသည်။ မအေးကသာ မျက်ရည်လည်ရွဲနှင့် တတွတ်တွတ်ဆိုနေရှာသည်။

"ကိုခွေးရယ် ကျွန်မမလာနိုင်တာ ကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်မ အခုကျောက်ညပ်က ကျောက်မိုင်းမှာ ကျောက်ထုနေတယ်။ တစ်နေ့ရှာရတာ တစ်နေ့စားနဲ့မို့ ဘယ်လိုမှ မလာနိုင်ဘူး။ ကိုခွေးကသာ ဘာမှမသိတာ ကျွန်မတို့ဒုက္ခရောက်လိုက်ကြတာ ပြီးခဲ့တဲ့လက အထက်မှာမိုးတွေ သိပ်ရွာပြီး တောင်ကျရေတွေ ရုတ်တရက် လိမ့်ကျလာတာ စစ်တောင်းမြစ်ရေလျှံပြီး တစ်ရွာလုံးရေမြုပ်နေတာ ပင်လယ်ပြင်ကြီးကျနေတာပဲ"

"ဘာ"

"အိမ်လည်း ရေစီးထဲမျောပါသွားတယ်။ ညတစ်ချက်တီးဆိုတော့ အိပ်ကောင်းကောင်းနဲ့ အိပ်နေကြတုန်းမှာ ရေတွေကျလာပြီဆိုတဲ့ အသံလည်းကြားရော အသက်ကိုလုပြီး အိပ်ရာထဲက ထပြေးခဲ့ရတာပဲ"

"အမေနဲ့ သူ့ယောက်ျား ငမူးကြီးလည်း အိမ်နဲ့အတူမျောပါသွားတာ ဒီနေ့ထိသေသလားရှင်သလား၊ ဘာသတင်းမှ မရဘူး။ ကျွန်မတို့သားအမိတောင် ကယ်ဆယ်ရေးအဖွဲ့ကလူတွေနဲ့ တွေ့လို့အသက်ရှင်ကျန်တယ်"

"ဒါ. . ဒါဆို အိမ်. . အိမ်နောက်ဘက်က ခြည်းပင်ကြီးကောဟင်"

"ဘာဆိုဘာမှ မရှိတော့ဘူး။ အမြစ်ကကျွတ်ပြီး ရေထဲမျောပါသွားလေရဲ့ ကိုခွေးရယ်။ ကျွန်မတို့အိမ်တွင် မကဘူး ရွာတစ်ဝက်လောက်ကမ်းပြိုတဲ့ အထဲပါသွားတယ်။ ခုတော့ ရွာထိပ်ဘုန်းကြီးကျောင်းက ဇရပ်မှာနေပြီး ကျောက်ထုလို့ရတဲ့ ငွေနဲ့ပဲ အသက်ဆက်နေရတယ်"

"ဟင် ပါသွားကုန်ပြီ. . ကုန်ပြီ





ကုန်ပြီ. . အားလုံးကုန်သွားပြီ"

သံတိုင်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော သူ့လက်နှစ်ဘက်က အောက်သို့တဖြည်းဖြည်း လျှောက်ကျသွားသည်။

"စိတ်ကိုထိန်းပါ ကိုခွေးရယ်"

"နင်. . နင်. . စဉ့်အိုးလေးတစ်လုံးတစ်လေလောက် ကောက်မဆယ်လိုက်မိဘူးလားဟင်"

သူ့စကားကြောင့် မအေးစိတ်မကောင်းဖြစ်သွားရှာသည်။

"ဩော် ကိုခွေးရယ် ရှင့်စဉ့်အိုးတစ်လုံးဘယ်လောက်များ တန်မလဲလို့ ဘာဆိုဘာမှ မယူနိုင်ဘူးဆိုနေမှပဲ ရှင့်နှယ် ပေါက်ပေါက်ရှာရှာ. . ခြည်းပင်ကြောင်းမေးရ၊ စဉ့်အိုးအကြောင်းမေးရနဲ့ တော်ထောင်ကလွတ်ရင် ကြံမိကြံရာခြည်းသီးဆားရေစိမ်ထည့်ပြီး ရောင်းစားမလို့များ စိတ်ကူးထားလေရော့သလားတော်"

မအေးက ဒါပဲပြောလိုက်ချိန်ရ သည်။ အချိန်ကစေ့သွားပြီမို့ တာဝန်ကျ ရဲသားနှင့်အတူ တစ်ကိုယ်လုံးတုန်ရင် လျက် ချွေးသီးချွေးပေါက်များကျပြီး အရုပ် ကြိုးပြတ်ဖြစ်လျက် သူ့အနီးမှ တရွေ့ရွေ့ နှင့် ထွက်သွားသောသကြီးငခွေး၏ ကျောပြင်ကို နားမလည်စွာဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရှာတော့သည်။

ငခွေး၏ နှုတ်မှ တတွတ်တွတ်နှင့်

"သွားပြီ. . သွားပြီ. . အားလုံးသွားကုန်ပြီ. . မရှိတော့ဘူး. . ဘာမှမရှိတော့ဘူး"

ဟူသော စကားသံများကလည်း တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍ ပျောက်ကွယ်သွားလေတော့သတည်း။

ဘသက်ဆွေ

အာနန္ဒင်း (မြန်မာပြန်)

ကံတရားပဲပေါ့ ဂျက်ဆီကာ

သူတို့ဆီက မသေသောအချစ်ဝတ္ထုဖျား

စိတ်ကူးချိုချို အနုပညာမှ ထုတ်ဝေပါမည်









# ဓာတ်ခံ၏ကြောက်ချယ်မှာ။

## မျိုးမြင့် (တောင်လုံ)

### ယခင်လမှအဆက်၊ ယခုလဇာတ်သိမ်း

ခင်ခင်ကြီး၏ဖြစ်ရပ်အစုံအလင်ကို ဆေးရုံရောက်မှသိရှိရသည်။ မမျှော်လင့်သောအဖြစ်ကြောင့် ကိုမေတ္တာမှာ ဒေါသထွက်မိသည်။ ကြည့်စမ်း။ အငြိမ့်အဖွဲ့၏စည်းကမ်းကိုဖောက်ဖျက်ခဲ့သည်။ ယခုတော့ အားလုံး အရှက်ကွဲရပါတော့မည်။ ကိုမေတ္တာမသိအောင် ကြိတ်၍ သားဖျက်ချကြသည်။ အရပ်လက်သည်က အစိမ်းခွဲစိတ်ပေးခဲ့သည်တဲ့။ ကဲ. . ကောင်းကြပါလေရော။

ဆရာကိုမေတ္တာမှာ အနုပညာရေးရာကို ကျွမ်းကျင်ခဲ့သည်။ စနစ်တကျအုပ်ချုပ်လျက် အငြိမ့်အဖွဲ့၏အကျိုးကို ရှေးရှုကြိုးပမ်းခဲ့သည်။ ထို့ကြောင့် အငြိမ့်အဖွဲ့သားအားလုံးအပေါ်တွင် ဩဇာညောင်းခဲ့လေသည်။ ကိုမေတ္တာ ဩဇာမညောင်းနိုင်သည်မှာ နှလုံးသားရေးရာပါတည်း။ အနုပညာသည်တို့သည် ပုထုဇဉ်လူသားများဖြစ်ကြချေ၏။ အငြိမ့်သူ အငြိမ့်သား သဘင်သည်များပီပီ နှလုံးသားက သူများတွေထက် ပို၍ခံစားတတ်ကြဟန်တူ၏။ နူးညံ့စွာထိတွေ့ခံစားလွယ်ကြသည်။

ထို့ပြင် ချစ်မိလျှင်လည်း. . ချစ်မိပြီဆိုလျှင်လည်း . . .

ဟော. . မမျှော်လင့်သော နှလုံးသားဆိုင်ရာ ချစ်ပြဿနာများပေါ်ပေါက်လာချေပြီ။ မိုးလင်းလျှင် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရတော့မည်။ ရွှေဆင်ပျံအငြိမ့်အဖွဲ့သတင်းကို မေးကြမြန်းကြတော့မည်။ ခင်ခင်ကြီး သားဖျက်ချသည့်သတင်းမှာ တောမီးနှယ် ပျံ့နှံ့လိမ့်မည် မုချ။ နေရာတကာမှာ ဤသတင်းအပုပ်နံ့က ပျံ့တော့မည်။ ဗူးတစ်ရာအပေါက်ထက် ပါးစပ်တစ်ပေါက်ကိုပိတ်ရန် ပို၍ ခက်သည်မဟုတ်လား။

ထို့ပြင် ဤကိစ္စ ဤမျှဖြင့် ပြီးစီးမည်မဟုတ်။ တရားဥပဒေက ရှိသေးသည်။ သက်ဆိုင်ရာသို့ အကြောင်းကြားဖွင့်ဆိုရဦးမည်။ သက်သာရာ သက်သာကြောင်း၊ ပြီးစီးရာ ပြီးစီးကြောင်း ဆောင်ရွက်ရဦးမည်။ ကိုမေတ္တာ မည်သို့ဖြေရှင်းရလေမည်နည်း။

အငြိမ့်အဖွဲ့သူအဖွဲ့သားများမှာ မည်သူမျှမအိပ်ကြ။ မီးဖိုချောင်ကွင် ၌ စုပြုံဝိုင်းဖွဲ့လျက် တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောဆိုနေကြတော့သည်။

လက်ထောက်မင်းသမီး သီတာမြတ်နှင့် အပျိုတော် ဒေါ်လှုပ်တုတ်တို့ ထမင်းအိုးတည်နေကြ၏။ ဆိုင်းဆရာကြီးက သူတို့အနားလာထိုင်သည်။ ဆိုင်းဆရာ စိန်ပတ်တီးမှာ နေရာတကာစပ်စုချင်သည်။

"ခုဖြစ်ရတဲ့ကိစ္စက ဘယ်လိုလဲ၊ ဒီမှာ. . ဟဲ့ တုတ်တုတ်ရဲ့၊ ခင်ခင့်အဖြစ်ကို ပြောပြစမ်းပါဦး"

ဒေါ်လှုပ်တုတ်တစ်ယောက် နှာခေါင်းရှုံ့မိလေသည်။ စပ်စုနိုင်ရန်ကော။ အရေးရှိပြီဆိုလျှင် သူ့ကိုသာမေးကြသည်။

"ပြောပါဟဲ့ တုတ်တုတ်ရဲ့"

"အို. . ကျွန်မလည်း ဘာမှမသိပါဘူး ဝိုင်းဆရာရယ်၊ မနေ့ညနေက ခင်ခင့်ဆီကို လက်သည်မိန်းမကြီးလာတယ်လို့ ပြောကြတာပဲ၊ အရင်နှစ်ရက်လောက်ကလည်း လာတာတွေ့မိရဲ့၊ အလည်လာတာလို့ထင်တာပေါ့လေ၊ ဟော. . ခုလို သွေးသွန်တော့မှ အားလုံးသိကြရတာပဲ"

"အင်း. . ကလေးဖျက်ချတာက ဒါလောက် သွေးသွန်ရသတဲ့လား"

"အစိမ်းခွဲတာကိုးတော့"

"ဘယ်မှာခွဲတာတဲ့လဲ"

"ဩော်. . ခက်ပါ့၊ တွေ့ကရာတွေ လျှောက်မေးနေပြန်ပါပြီ၊ ဒါလောက်သိချင်ရင် လက်သည်ကို သွားမေးပါလား"

"မသိလို့ပါဟ. . နင်ကလဲ"

ဒေါ်လှုပ်တုတ်က မာန်လိုက်မှ ဆိုင်းဆရာလည်း ငြိမ်သွားရရှာ





သည်။ အငြိမ့်သမများက တဟီးဟီးဝိုင်းရယ်ကြလေ၏။

"ဒါ ရယ်စရာလားဟဲ့ ခွေးပိန်မလေးတွေ၊ ငါက စေတနာနဲ့ မေးတာကို နင်တို့က ရယ်ကြတယ်ဟုတ်လား၊ ဟိုမှာ သေမလား၊ ရှင်မလား ဖြစ်နေတာကိုတော့ ပူပင်ရမှန်းမသိတတ်တဲ့ ဟာမတွေ"

ပြောပြောဆိုဆိုပင် စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်ခွာသွားတော့၏။ စိန်ပတ်တီးတစ်ယောက် ကျွဲမြီးတိုသွားပေပြီ။

ဒေါ်လှုပ်တုတ်သည် ထမင်းအိုးငှဲ့ပြီးပြီဖြစ်၍ မီးလျှော့ထားလိုက်၏။ မီးခဲရဲရဲဖြင့် ထမင်းအိုးကို နှပ်ထားသည်။ မိုးလည်းလင်းတော့မည်။ လူလည်း ရှင်းသွားပါပြီ။ မျက်နှာသစ်ကြ၊ အပေါ့အပါးသွားကြနှင့် အလုပ်ရှုပ်နေကြပြီ။

"သီတာ"

"ရှင်"

"ခင်ခင်ကြီးမှာ ချစ်သူရှိသတဲ့လား၊ နင် ဘာကြားဖူးထားလဲ"

"တွေးရခက်သားပဲ တုတ်တုတ်ရယ်၊ သီတာတော့ တစ်ခါမှ မကြားမိခဲ့ဘူး၊ ဒါပေမယ့် ဆရာနဲ့များ . . . "

"ဟဲ့. . ဟုတ်မယ်မထင်ပါဘူးကွယ်၊ အရမ်းမပြောပါနဲ့အေ"

"နောက်တစ်နေ့ အဖြေပေါ်လာမှာပဲလေ၊ ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်မင်းသမီး ခုလိုဖြစ်တယ်ဆိုတော့ တစ်ဖွဲ့လုံး သိက္ခာကျပါတယ်"

"ဒီလိုတော့မပြောပါနဲ့ သီတာရယ်၊ တို့တတွေမှာ နောက်ထပ်ပွဲဆက်တွေရှိနေတယ်မဟုတ်လား၊ ငါတို့အပေါ်စေတနာထားလို့ ကိုယ်ဝန်ကိုဖျက်ချလိုက်တာ ဖြစ်မှာပေါ့ဟယ်"

"ဒါပေမယ့် မပြေးသော်ကံရာရှိဆိုတာလို သီတာတို့ သိက္ခာကိုပါ ထိခိုက်တယ်ရှင့်၊ ပြီးတော့ လင်ကောင်မဖော်နိုင်ရင် ဘယ်လောက်များ အထင်အမြင်သေးကြမလဲလို့၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်ဖွဲ့လုံး ပုပ်ရတော့မှာပေါ့ တုတ်တုတ်ရဲ့"

"ကဲပါ တော်ပါတော့အေရယ်၊ အောလူကြားရင် မကောင်းပါဘူး၊ ခင်ခင့်အဖြစ်ကို သေချာမသိရသေးဘဲ အရမ်းအပြစ်မတင်ချင်ပါ



နဲ့ဦးကွယ်”

ဒေါ်လှုပ်တုတ်က နှုတ်ပိတ်လိုက်သဖြင့် သီတာမြတ်မှာ မကျေမနပ်နှင့် ရပ်တန်းကရပ်သွားရ၏။ အမှန်တော့ သီတာမြတ်သည် ခင်ခင်ကြီးကို ကျေနပ်သူမဟုတ်။ မကျေနပ်ရခြင်းအကြောင်းရင်းကား ခေါင်းဆောင်မင်းသမီးနေရာကို ရယူလိုခြင်းဖြစ်သည်။ သို့ဖြစ်၍ အငြိမ့်ခွင်တွင် အားကြိုးမာန်တက် ကပြပါလေသည်။

ခင်ခင်ကြီးမှာလည်း ဆေးရုံပေါ်တွင် တစ်ပတ်ခန့်နေလိုက်ရသည်။ ကံအားလျော်စွာပင် သူတို့အငြိမ့်ကို သရက်မြို့နယ်က ဆက်တိုက် အားပေးနေကြ၏။ ကံသာစုရွာပြီးတော့ မီးသွေးဖုတ်ရွာတွင် ကပြရပြန်သည်။ ပြီး မင်းတုန်းရွာနှင့် တိုင်တားရွာအထိ။

ထိုပွဲများတွင် သီတာမြတ်ကြိုးစားသလောက် တင်ဇာချမ်းမှာ ငေးငေးငိုင်ငိုင်ဖြစ်နေသည်။ ယခင်က ရွှင်မြူးသွက်လက်လှသော်လည်း ယခုတော့ အသက်မပါသလိုကြီး။ သံပတ်ကုန်တော့မည့် စက်ရုပ်တစ်ရုပ်နှယ်။





သည်နေ့ သရက်မြို့ပေါ်တွင် ကရပြန်သည်။ သတ္တဋ္ဌာနဘုရားရှေ့တွင် ဆွမ်းသိမ်းပွဲအဖြစ် ကပြရခြင်းပင်။ ခင်ခင်ကြီးမှာ ဆေးရုံက ဆင်းရပြီဆိုသော်လည်း ရုပ်ပြသက်သက်သာတည်း။ လှုပ်လှုပ်ရှားရှား ကပြနိုင်ခြင်းမရှိသေးပေ။ ဆင်ပျံခင်ခင်ကြီး၏ရှေ့တွင် သီတာမြတ်ကတော့ အစွမ်းကုန်ကြိုးစားကပြနေလေသည်။ သူ့စွမ်းရည်ကို ထုတ်ဖော်ပြသည်ဆိုပါစို့။

ပရိသတ်ကလည်း များလှသည်။ သီတာမြတ်တစ်ယောက် အလွန်ပင်ပန်းရှာသည်။ သို့ပေမယ့် စိတ်ပျက်ပုံမပေါ်။ အမြဲပြုံးနေ၏။

သူ ကကြိုးကကွက်အပြောင်းတွင်မူ ခြောက်လုံးပတ်နှင့်စည်းဝါးကို သတိထားနေရသည်။ စည်းကျဝါးကျကတတ်ရန် အရေးကြီးသည်မဟုတ်ပါလား။ ခြောက်လုံးပတ်သမားက “ဗေတို့ ဗေဗေထိ ဗေတို့ ဗေဗေထိ”ဟု တီးလိုက်သောအခါ ကကြိုးကကွက်ပြောင်းလိုက်ရသည်။

နောက်တစ်ပိုဒ်တွင် အဆိုဝင်လာသည်။ တေးသွားစာသားနှင့် လိုက်အောင် ဟန်အမူအရာဖြင့်သီဆိုရလေသည်။ သီချင်းတစ်ပိုဒ်ဆိုပြီးနောက် သီတာမြတ်သည် ဝေ့ကာဝဲကာဖြင့် အချက်ကျကျကလိုက်ပြန်၏။ ပြီးတော့ သီချင်းဆက်ဆိုသည်။ အဆိုပိုဒ်ဆုံးသွားသောအခါ သုံးဆစ်ချိုး၍ ကွေးနေအောင်ပင် ကပြလေတော့သည်။ ကပြပုံမှာ ပျော့ပျောင်းနွဲ့နှောင်းသလောက် အသံကလည်း ကြည်လင်လှ၏။ ပီသချိုမြ၏။ ဆွဲဆောင်နိုင်စွမ်းရှိ၏။

ယခုသီဆိုသွားသော “သီတာပျို့ချစ်ဦး”သီချင်းနှင့် ကကြိုးကကွက်မှာ အလွန်လိုက်ဖက်ပေသည်။ ကိုမေတ္တာ၏ မူပိုင်သီချင်းမို့ သွက်လက်သည်။ တီးဝိုင်းအဖွဲ့၏ ဆိုင်းချက်တို့ကလည်း မြိုင်ဆိုင်လွန်းလှ၏။ မြူးမြူးကြွကြွလေး ကသွားပုံမှာ နှစ်ခြိုက်ဖွယ်ရာပါပေ။

တင်ဇာချမ်းကတော့ ထူးထူးခြားခြားငြိမ်သက်လွန်းသည်။ စိတ်မပါသလို ကပြနေ၏။ တက်တက်ကြွကြွမရှိ။ ပီဘိ စက်ရုပ်။

ထို့ကြောင့် ပရိသတ်အားပေးမှုမှာ တဖြည်းဖြည်းလျော့နည်းလာသည်။ ရွှေဆင်ပျံအငြိမ့်အဖွဲ့ နာမည်ကျရတော့မည်လော။

** ** ** **

ဤတွင် ကိုကြည်ပြာက တစ်စခန်းထလာခဲ့သည်။ သူ့ကို ဇာတ်စီးအဖြစ် ကိုမေတ္တာက လွဲအပ်ထားသည်မဟုတ်ပါလား။ အငြိမ့်တာဝန်ခံအဖြစ် သူ့စိတ်ကြိုက် အပြောင်းအလဲတွေလုပ်ပစ်လိုက်သည်။ ရွှေဆောင်ပျံ့အငြိမ့်အဖွဲ့တွင် ကိုမေတ္တာဩဇာမရှိတော့ပါ။ တဖြည်းဖြည်း အုပ်ချုပ်မှုတွေ လျော့ရဲစပြုလာပြုလာသည်။

သူတစ်လူ ငါတစ်မင်းနှင့် ကြေးညှိလာကြသည်။ ယခင်ကလို ညီတူညီမျှ ဝေစုခွဲပေးခြင်းကိုလည်း မကြိုင်ချင်ကြ။ သီတာမြတ်က ညကြေးပိုပြီးလိုချင်လာသည်။ သူသာလျှင် အပင်ပန်းဆုံးကပြနေရသည်ဟုဆို၏။

မိန်းမလျာခင်နွဲ့နှောင်းကလည်း ပူညံပူညံ။ ရှားရှားပါးပါး ယောကျ်ားမင်းသမီးမို့ ညကြေးပိုပေးသင့်သည်ဟုဆိုပါ၏။

မှန်သည်။ ယခုတလော ကိုကြည်ပြာပွဲထုတ်ပေး၍ ခင်နွဲ့နှောင်းနှင့် သီတာမြတ်တို့ ကျော်ကြားလာခဲ့ကြသည်။

သို့ပေမယ့် သရုပ်ပျက်အကဖြင့် နာမည်ကျော်ခြင်းသာတည်း။

ကြည့်ပါဦး။ တောင်တွင်းကြီးမြို့ ရွှေအိုးရပ်ကွက်၌ ရုံသွင်း၍ ကပြခဲ့သည့်ည။ ဇာတ်ရုံတွင် ရုံသွင်းကပြရမည်မို့လည်း အစီအစဉ်အသစ် ပြင်ဆင်လိုက်ရပါသည်ဟု။

ပန်တျာတင်ဇာချမ်းကတော့ ရှေးရိုးအစဉ်အလာအတိုင်း အငြိမ့်တေးသီချင်းတစ်ပုဒ်ကို စည်းကျဝါးကျ သီဆိုပြီး ကပြပါသည်။ သီချင်းမှာ ခြောက်ပေါက်သံမှန်ဖြစ်၏။ သာယာငြိမ့်ညောင်း၍ နဝံပီယံဖြစ်စေသည်။ အသံဖြင့် ပရိသတ်ကို ထိန်းထားနိုင်၏။ လှပသောမျက်နှာသည်လည်း ဆွဲဆောင်နိုင်စွမ်းရှိနေ၏။ သို့ပေမယ့် ချွတ်ယွင်းချက်ရှိနေလေသည်။ မှန်သည်။ တင်ဇာချမ်း ကပုံမှာ ညက်၏။ သို့သော် အသက်မပါ။ သွက်လက်မှုမရှိ။ တင်ဇာချမ်းခမျာ စိတ်ဓါတ်ကျသော စိတ္တဇဝေဒနာ(Defression)ကို ခံစားနေရသည့်နှယ်။

မကြိုက်လှသော်လည်း ပရိသတ်က လက်ခံသေးသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက် မပျက်စေရ သုခုမဟူ၍ ဆိုထုံးရှိခဲ့သည့် အကပညာအခြေခံဖြင့် မြန်မာ့အနုပညာစစ်စစ်ကို မြင်တွေ့နေရသော





ကြောင့် လက်ခံနိုင်ဟန်တူ၏။

တင်ဇာချမ်း ကပြီးသောအခါ သီတာမြတ်ထွက်ပေါ်လာခဲ့သည်။ ကြည့် . . သည်တင်ခါတော့ . . .

တီးဝိုင်းက အနောက်တိုင်းတီးလုံးသံဖြင့် မြူးမြူးကြွကြွတီးမှုတ်ပေးလိုက်၏။ ထူးခြားမှုတစ်ခုရှိခဲ့လေပြီ။

ဝတ်ဆင်ထားသည်က အငြိမ့်ဝတ်စုံမဟုတ်။ ဆံပင်ကုတ်ဝဲနှင့် မလုံ့တလုံ သရုပ်ပျက်ဝတ်စားဆင်ယင်ထား၏။ ဇာတ်ခုံပေါ်တွင် မီးများ မှိတ်ထားသည်။ သို့သော် စပေါ့တ်လိုက် မီးရောင်စက်ဝိုင်း၏အလင်းရောင်ဝယ် သီတာမြတ်ကို ထင်းကနဲတွေ့လိုက်ရသည်။

သို့ဖြင့် မြူချိုချိုနှင့်အမူပိုဟန်ကို ကြာဆန်ဆန်ပင် ရှုမြင်ကြရ၏။ လည်ဟိုက်ဂျာစီ ကြိုးတစ်ချောင်းတပ်အကျႌဖြူနီကျားကို ဝတ်ထား၍ ပေါ်လွင်သည်။ တင်ရှားသည်။ တင်းကျပ်စွာဝတ်ဆင်ထားသည်မို့ ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို မမြင်ချင့်အဆုံး။ အချိုးကျကျပြည့်တင်းနေသည့် ကာယအလှဖြင့် ညှို့မြူထားသည်။ ဖင်ကျပ်ဘောင်းဘီဝတ်ထားသဖြင့် တင်သားအလှမှာ ကားကားစွင့်စွင့်ရှိလှပေတော့သည်။



ထွားသောရင်၊ ကားသောတင်တို့ကို လှုပ်ခါ၍ အနောက်တိုင်းတေးသံနှင့်အတူ (ရှိတ်ဆွဲသောဟန်ဖြင့်) တစ်ကိုယ်လုံးတွန့်လိမ်လျက် ကပြဖျော်ဖြေပါသည်။ ဤတွင် အစ်ကိုကာလသားတို့ထံမှ လက်ခေါက်မှုတ်သံများနှင့် ဩဘာသံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ ဤနှယ်ဖြင့် အောင်မြင်မှုရရှိခဲ့သည်ဟု။

မှန်ပါသည်။ အနောက်တိုင်းတေးသံက မြူးတူးတက်ကြွလွန်းလှသည်။ ရမ္မက်သွေးကို နှိုးဆွနိုင်ခဲ့၏။ တေးသွားနှင့်အတူလှုပ်ခါ၍ ကသွားသောကကွက်တို့သည် ကာလသားတို့အား ရင်ဖိုစေခဲ့၏။

ရင်သိမ့်တုန်ကကွက်ဆန်းကြောင့် သွေးဆူလာကြရသည်။ သို့ဖြစ်၍ သီတာမြတ်၏ညို့ယူဖမ်းစားမှုကို ခံနေကြရရှာသော ဇာတ်ခုံနံဘေး၊ တစ်ဘက်တစ်ချက်ရှိ ကာလသားတို့မှာ ဆူညံနေတော့သည်။ အမှန်စင်စစ် ပေါးလားဝါးလားနှင့် အပူရောင်လွှမ်းသော ဩဘာသံများသာဖြစ်လေသည်။

မြန်မာ့အနုပညာကိုမြတ်နိုးကြသည့် ပရိသတ်များကဖြင့် နှာခေါင်းရှုံ့ကြသည်။ လက်မခံချင်ကြ။ ဘာပဲဖြစ်ဖြစ် ထိုညက သီတာမြတ်သည် မြူဆွယ်မှုအပြည့်ဖြင့် စခန်းသိမ်းလိုက်၏။ အစ်ကိုကာလသားများမှာ ရင်ဖို၍ ကျန်ရစ်ခဲ့ကြရှာသည်။ ရှေးရိုးအစဉ်အလာမပျက်ယဉ်ကျေးသိမ်မွေ့ရမည့်အစား သရုပ်ပျက်ကကွက်များလွှမ်းမိုးစေခြင်းမှာ အငြိမ့်လောက၏ ပျက်စီးခြင်းအစဆိုသည့်အချက်ကို သီတာမြတ်မစဉ်းစားမိပါ။ မည်သို့ဖြစ်စေ ပုရိသပရိသတ်အကြိုက်တွေ့စေသည်မဟုတ်ပါလား။

ထို့ကြောင့် ပို၍ပို၍ဆိုးသည့် ကကွက်ဖြင့် ခင်နွဲ့နှောင်းထွက်လာပြန်၏။ ဘယ်သူတွေ ဘာပဲပြောပြော၊ လက်မထောင်နေသူက ကိုကြည်ပြာဖြစ်သည်။ သရုပ်ပျက်ကကွက်များကို စီစဉ်ဖန်တီးသူမှာ ကိုကြည်ပြာ။

ယောက်ျားမင်းသမီးခင်နွဲ့နှောင်းမှာ မိန်းမလျာတစ်ဦးမို့လည်း အရှက်မရှိဟုဆိုချင်သည်။ ခုနှစ်လွှာအကဆန်ဆန် ကြာမှုပိုပိုဖြင့် တဏှာငန်းဖမ်းစေသောအက။ ကော့ကော်ကံကား သရုပ်ပျက် ကကြိုး



မြင်ကွင်းစုံမှုခင်း

ကကွက်များကို ကပြသွားသည်။ ပရိသတ်အနေဖြင့် ... ကြိုက်ကြဟန်မတူ။ သို့ပေမယ့် မူးမူးရူးရူးကာလသားတွေကတော့ အားပေးကြ...လေ၏။

ဤနှယ် အနုပညာကိုဘေးဖယ်ပြီး ကာလ...သားအကြိုက် တဏှာရာဂဖြင့် ဆွဲဆောင်မြူဆွယ်နေသော ပဒေသာပွဲတိုးအငြိမ့်မှာ ဆုတ်ယုတ်ခြင်းကို ရှေ့ရှုနေလေတော့၏။ သို့သော် ကိုကြည်ပြာက သူထင်ရာ သူလုပ်နေသည်။ ခေတ်၏ရေစီးကြောင်းအလိုက် တိုးတက်သောစီမံချက်ဟု ဂုဏ်ယူနေသေးသည်။ လက်မထောင် ရင်ကော့လျက် ဝင့်ကြွားခဲ့သည်။ သူ၏အစီအမံသစ်ဆန်းမှုကြောင့် လူကြိုက်များသည်။ ကျော်ကြားသည်။ ရေပန်းစားသည်ပဲ့လေ။

သည်တော့လည်း သီတာမြတ်နှင့်ခင်နွဲ့နှောင်းတို့က ညကြေးတိုးပေးရန်အတွက် ပူညံပူညံလုပ်လာကြ၏။ ဆရာကိုမေတ္တာ လက်လျှော့နေရရှာပြီ။ တင်ဇာချမ်းကလည်း ဘာတစ်ခုမျှဝင်မစွက်တော့။ သူ့ကိုကြည့်ရသည်မှာ သူ့ အင်မတန်ဝါသနာထက်သန်လှသည့် အနုပညာကို စိတ်ဝင်စားဟန်မရှိ။ အမြဲတမ်း ငေးငေးငိုင်ငိုင်ကြီး။ ပိုပြီးထူးခြားသည်က ခုတလော စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်တတ်လာခြင်းပင်။

များသောအားဖြင့် ဇာတ်ခုံထောင့်ချောင်ကောင်းကောင်းတွင် မှိန်းနေတတ်၏။ အစားအစာကိုပင် ခုံမင်မက်မောမှုမရှိပါလေ။ ကိုယ်ခန္ဓာကာယအလှမှာ တစ်နေ့တစ်ခြား အခြေပျက်လာခဲ့သည်။ သွယ်လျလျကလေးဖြစ်လာသည်။ ဆရာကိုမေတ္တာကိုလည်း မတွေ့ရအောင် ရှောင်နေသည်။ တိမ်းနေသည်။ ထူးဆန်းလှချေ၏။

ကိုမေတ္တာသည်လည်း သူ့လူများကို မနိုင်တော့ပေ။ လက်ပိုက်ကြည့်နေရမလိုဖြစ်နေခဲ့၏။ သည်ကြားထဲ မြွေပူရာ ကင်းမှောင့်သည်ဟု ဆိုနိုင်သည်။ နာမည်ကြီးအငြိမ့်အချို့က သူ့လူများကို လိုချင်သည်။ ငွေပိုပေးမည်ဟု လေသံထွက်လာခဲ့သည်။

သို့ဖြင့် ရွှေဆင်ပျံအငြိမ့်အဖွဲ့မှာ ဇာတ်ခေါင်းကွဲတော့မည်လော။ သံသယဖြစ်ဖွယ်ရာပါ။ ဘာပဲဖြစ်ဖြစ် အက်ကြောင်းများပေါ်

လာခဲ့ပြီမို့ ဆရာကိုမေတ္တာမှာ တာဝန်ရှိနေသည်။ ကဲ. . ကိုမေတ္တာ ဘာလုပ်မည်နည်း။

ပျက်စီးခြင်းလမ်းပေါ်တွင် ဦးတည်နေသော အငြိမ့်အဖွဲ့၏ နောက်ဆုံးနေ့သည်ကား . . .

** ** ** **

ကိုမေတ္တာအဖို့ တစ်ခုခုတော့ဆုံးဖြတ်ရလိမ့်မည်။ မှန်သည်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ခိုင်ခိုင်မာမာချမှတ်လိုက်ပြီဖြစ်ပါ၏။ သည်နေ့တော့ သူ့ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ကြေညာလိုက်လေသည်။

ကိုကြည်ပြာအား အငြိမ့်တာဝန်ခံအဖြစ် တာဝန်ပေးထားခြင်းမှ ရပ်စဲရုပ်သိမ်းကြောင်း၊ ကိုမေတ္တာကိုယ်တိုင် တာဝန်ယူဦးဆောင်ပါတော့မည်ဟူသတည်း။ သုခုမအနုပညာစစ်စစ် သဘင်လောကတစ်ခွင်မှာ သူ၏ကြိုးပမ်းမှုဖြင့် ပြုစုပျိုးထောင်ခဲ့သည့်အငြိမ့်ကို နာမည်ပျက်မခံနိုင်တော့ပေ။

ကိုမေတ္တာ၏သဘောထားကို အားလုံးက လက်ခံလိုက်ကြသည်။ ကိုကြည်ပြာကတော့ အင်းမလုပ်၊ အဲမလုပ် မကျေမနပ်။

ထို့နောက် လောလောဆယ်ပွဲစဉ်မရှိ၍ အငြိမ့်အဖွဲ့တည်ရာ ပြည်မြို့သို့ပြန်ခဲ့ကြတော့သည်။ ပွဲနားထားရသော်လည်း ရှေ့လတွင် စာချုပ်ဖြင့်လက်ခံထားသည့် ပွဲစဉ်များရှိနေသည်။ တန်ဆောင်တိုင်ပွဲအတွက် ပြည်၊ နတ်တလင်းနှင့်ပေါင်းတည်မြို့တစ်ဝိုက်တွင် ကပြရပါမည်။

ရွှေနတ်တောင်ဘုရားပွဲ(ရွှေတောင်မြို့)၊ ကုသိနာရုံဘုရားပွဲ (အောင်လံမြို့)၊ ရွှေအင်းတောင်ဘုရားပွဲ(တောင်တွင်းကြီးမြို့)နှင့် မြသလွန်ဘုရားပွဲ(မကွေးမြို့)တို့တွင်လည်း ပွဲဆက်များ လက်ခံပြီးဖြစ်၏။

သို့ဖြင့် အငြိမ့်အဖွဲ့သားများအားလုံးကို မျက်နှာစုံညီခေါ်ယူပြီး ပွင့်ပွင့်လင်းလင်းပြောပြရသည်။ ရွှေဆင်ပျံ့အငြိမ့်အဖွဲ့သည် မြန်မာ့အနုပညာစစ်စစ် သုခုမအငြိမ့်သဘင်ဖြစ်ရမည်။ ထို့ကြောင့် သူကိုယ်





တိုင် ဇာတ်ကွက်ဇာတ်လမ်းစီစဉ်ပေးမည်။ ကကြိုးကကွက်တီထွင်ပေးမည်။

သရုပ်ပျက်အကများဖြင့် နာမည်ကျော်နေသော သီတာမြတ်နှင့် ခင်နွဲ့နှောင်းတို့ ပြုပြင်သင့်ပြီ။ သရုပ်ပျက်အကကို မကစေချင်ပါ။ ခေတ်ဆန်ဆန်ဆင်ယင်ထုံးဖွဲ့ပြီး ကာလပေါ်သီချင်းသစ်များကို သီဆိုဖျော်ဖြေခွင့်ပြုမည်။ အတည်အခန့် သိက္ခာရှိရှိ က္ကန္ဒြေရရ သီဆိုရမည့်အခန်းကဏ္ဍသစ်တစ်ခု ထည့်သွင်းစီစဉ်ပေးမည်ဟု ၎င်းတို့ကို နှစ်သိမ့်မှုပြုလိုက်၏။

ပြီးတော့မှ အရေးပါလှသော ကြေညာချက်တစ်ခုကို ဆက်လက်ကြေညာပါသည်။ ဤတွင် အားလုံးဝမ်းသာကြသည်။ ရွှင်လန်းအားရဖြစ်ကြရပါ၏။ ကြေညာချက်မှာ အခြားမဟုတ်။ ခေါင်းဆောင်မင်းသမီး ဆင်ပျံခင်ခင်ကြီးသည်လည်း ယခင်ကအတိုင်း ပြန်လည်ကပြပါတော့မည်။ ထို့ပြင် သူတို့နှစ်ဦးမှာ မကြာမီ လက်ထပ်မင်္ဂလာပွဲဆင်နွှဲ၍ စိတ်တူကိုယ်တူကြည်ဖြူစွာ လက်တွဲကြပါတော့မည်ဟူ၏။

သည်တော့ လူတစ်စုမှလွဲ၍ အားလုံးကျေနပ်ကြသည်။ အငြိမ့်အပေါ် သံယောဇဉ်ကြီးလှသည့်အဖွဲ့သားများမှာ ဝမ်းသာနေကြ၏။ မကျေနပ်သူများကတော့ ကြိတ်ပြီးကြံစည်နေကြချေသည်။ သူတို့သည် အတွင်းကြိတ်စီမံနေကြ၏။

သူတို့ ဘယ်လိုကြံစည်နေကြသနည်း။ တစ်နေ့တော့ အဖြေပေါ်လာလိမ့်မည်။ တစ်နေ့. . . တစ်နေ့ . . .

ဆိုတစ်နေ့သည်ကား . . .

** ** ** **

သိပ်မကြာလိုက်ပါပေ။

အဖြူနှင့်အမည်းကို သဲသဲကွဲကွဲမြင်ကြရလေပြီ။

အဖြေပေါ်သော ထိုနေ့သည်ကား ကမ္ဘာပျက်သောနေ့ပါ။



နေ့လည်နေ့ခင်းကတော့ ပွဲနားရက်မို့ ထုံးစံအတိုင်း သီချင်းတိုက်ကြသည်။ ကကြိုးကကွက်ဆန်းများကို လေ့ကျင့်ကခုန်ကြရသည်။

ညနေပိုင်းမှာ ခင်ခင်ကြီးမှာ တင်ဇာချမ်းတို့ လမ်းလျှောက်ထွက်သွားကြလေ၏။ ပြည်မြို့ ညဈေးတန်းသည် စည်ကားလှ၏။ ထို့ကြောင့် အညောင်းပြေလမ်းလျှောက်ရင်း ဈေးဝယ်ထွက်လေသည်။ ဝယ်စရာခြမ်းစရာတို့ကို ဝယ်ပါမည်။ ဈေးဝယ်ပြီး လမ်းလျှောက်ရာမှ အပြန် ညဈေးတွင် ကြာဇံဟင်းခါးနှင့် မုန့်ဟင်းခါးစားကြမည်ဟု တိုင်ပင်ခဲ့၏။

သို့သော်ငြားလည်း ညနေဘက်မှသည် ညဉ့်နက်လာသည်အထိ လမ်းလျှောက်ထွက်သူတို့ ပြန်ရောက်မလာကြတော့ပေ။ ညရှစ်နာရီထိုးလျှင် စိတ်ပူမိကြသည်။ ထိုစဉ် တင်ဇာချမ်းတစ်ယောက်တည်း အပြေးအလွှားပြန်ရောက်လာခဲ့လေသည်။

ရောက်ရှိပြီး ဘာမှမပြောနိုင်သေး။ မျက်လုံးအဝိုင်းသားဖြင့် ကြောက်ရွံ့ထိတ်လန့်နေရှာ၏။ တင်ဇာချမ်းပြောပြ၍ အကြောင်းစုံသိ





ရသောအခါ အားလုံး မျက်လုံးပြူးကြရ၏။ ၄င်းတို့နှစ်ယောက် ညနေလမ်းလျှောက်ထွက်ခဲ့ရာတွင် ရွှေဆံတော်ဘုရားကြီးဘက်ဆီသို့ ဦးဆုံးလျှောက်သွားခဲ့ကြလေသည်။ ဘုရားမှအပြန်တွင် ညဈေးတန်းသို့ဝင်မည်ဟု တိုင်ပင်ထားခဲ့သည်။

သို့သော် ဘုရားရှေ့လမ်းကွေးတွင် ဂျစ်ကားတစ်စီးက ရုတ်ချည်းပေါ်ထွက်လာခဲ့သည်။ သူတို့အနားတွင် ရပ်တန့်ပြီး ခင်ခင်ကြီးကို အတင်းအဓမ္မပွေ့ယူဆွဲခေါ်လျက် ဖမ်းဆီးသွားကြလေတော့သည်။ ကြောက်ရွံ့နေမှုကြောင့် အနီးရှိ ရဲတပ်ဖွဲ့သို့ အကြောင်းကြားရန်လည်း လုံးဝသတိမရခဲ့။ ညနေမှောင်ရိပ်သန်းချိန်မို့ လူသူကင်းရှင်းလျက် မည်သူမျှ မတွေ့မမြင်လိုက်ကြပါဟု ပြောပြသည်။

သို့ဖြစ်၍ ကိုမေတ္တာမှာ ရဲစခန်းသို့ပြေးရသည်။ တိုင်ချက်ဖွင့်ရသည်။ ရဲကားတစ်စီးဖြင့် လိုက်လံရှာဖွေကြရသည်။ ခင်ခင်ကြီးကို တင်ဆောင်ထွက်ပြေးသွားသည်ဟု ထင်မှတ်ရသော အောင်လံကားလမ်းဘက်သို့ ခရီးပြင်းနှင်ခဲ့၏။ ပျောက်သောသူ ရှာလျှင်တွေ့ရတတ်သည်မဟုတ်ပါလား။

ရဲကားပေါ်တွင် ဒုရဲအုပ်နှင့် ကားမောင်းသူအပါအဝင် ရဲသားသုံးယောက်လိုက်ပါလာသည်။ ကိုမေတ္တာနှင့်တင်ဇာချမ်းတို့နှစ်ယောက်လည်း လိုက်ပါလာခဲ့ကြ၏။ စိတ်ကတော့ တထင့်ထင့်။

လမ်းတွင် ဂျစ်ကားတစ်စီးကို တွေ့ရှိရသည်။ မသင်္ကာ၍ ရပ်တန့်စစ်ဆေးကြည့်သည်။ ဟုတ်သည်။ ခင်ခင်ကြီးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ဂျစ်ကားဖြစ်နေ၏။ ကားပျက်နေ၍ တွေ့ရခြင်းဖြစ်သည်။

ကားဆရာကို စစ်ဆေးမေးမြန်းသောအခါ ဝက်ထီးကန်ရွာအနီး ကားလမ်းဘေးအထိ ပို့ပေးထားခဲ့ရကြောင်း ပေါ်လွင်လာသည်။ မိဘများက သဘောမတူ၍ အဓမ္မ ကားတင်ခိုးပြေးရခြင်းဟု သိခဲ့ကြောင်းထွက်ဆိုသည်။ ကားပေါ်ရောက်မှ သူ သိထားခဲ့သမျှ လွဲမှားနေကြောင်း အဖြစ်မှန်သိရ၏။ သို့သော် ငွေယူထားပြီးဖြစ်၍ လိုက်ပို့ပေးခဲ့ရသည်ဟု ပြောဆိုပါသည်။

မိန်းကလေးကိုဖမ်းဆီးသွားလေသူမှာ နှစ်ယောက်တည်းဖြစ်

၏။ ကားလမ်းနှင့်မနီးမဝေး ယာတဲတစ်ခုဆီသို့ ရှေးရှုခေါ်ဆောင်သွားကြကြောင်း ထွက်ဆိုလေသည်။ ခေါင်းဆောင်၏အမည်ကိုတော့ ခင်မောင်ထွန်းဟုခေါ်သံကြားခဲ့မိကြောင်း ပြောပြပါသည်။

ဤတွင် တင်ဇာချမ်းတစ်ယောက် ရှိုက်ကြီးတငင်ငိုပါတော့သည်။ ကိုမေတ္တာကိုဖက်တွယ်၍ တသိမ့်သိမ့်ငိုနေသည်။ အားလုံးဖြစ်ရပ်များက အံ့မခန်းဖြစ်ချေသည်။ မှန်သည်။ သူသိသမျှ ဝန်ခံပြောပြပါတော့မည်ဟူ၍လည်း ဝမ်းနည်းကြေကွဲလှစွာ ဖွင့်ဟလေတော့၏။

တင်ဇာအနေဖြင့် ခင်ခင်ကြီးကို သနားသွားမိလေပြီ။ မိန်းမချင်းမို့ ကိုယ်ချင်းစာမိခြင်းဖြစ်ဟန်တူသည်။

သို့ဖြင့် သိုးဖြူသိုးမည်း ခွဲထုတ်နိုင်ကြပြီ။ သိုးများ၏အတွင်းသရုပ်ကို ဖောက်ထွင်း၍ရှုမြင်ကြရ၏။

သိုးဖြူယောင်ဆောင်နေသော လူယုတ်မာများ။ ဘီလူးခေါင်းဆောင်းထားသည့် မင်းသားများ။ လူ့ရှင်တော် ကိုကြည်ပြာနှင့် မိန်းမလျာဟန်ဆောင်ထားသော ယောကျ်ားမင်းသမီး ခင်နွဲ့နှောင်း(ခေါ်) ခင်မောင်ထွန်း။

၄င်းတို့၏ ကျူးသွင်းစည်းရုံးမှုကြောင့် တင်ဇာချမ်းမှာ ဘိန်းဖြူပါသောစီးကရက်ကို တငြိမ့်ငြိမ့်စွဲငြိခဲ့သည်။ စိတ်ညစ်ဖြေရာမှတစ်ဆင့် ဤစီးကရက်မျိုးကို စွဲလန်းမက်မောစွာသုံးခဲ့မိသည်။ ဘိန်းဖြူပါရှိသော စီးကရက်များကို ခင်နွဲ့နှောင်း(ခေါ်)ခင်မောင်ထွန်းက ရှာဖွေပေးခဲ့သည်။ သို့ဖြစ်၍ သူ ကြိုးဆွဲရာပါခဲ့ရသည်။ သူ ခိုင်းသည့်အတိုင်း နာခံခဲ့ရသည်။ ခင်မောင်ထွန်းစေခိုင်းသမျှ လုပ်ကိုင်ပေးရသည်။

ထို့ကြောင့် ခင်ခင်ကြီးလမ်းလျှောက်ထွက်ရန် ဆွဲဆောင်ပြီး ခေါ်ထုတ်ခဲ့၏။ ဘုရားဆီသို့လိုက်လာအောင် သွေးဆောင်ခဲ့ရ၏။ ကားနှင့်ခိုးပြေးမည်ဆိုသည်ကိုတော့ ကြိုတင်၍မသိခဲ့။ သို့ဖြစ်၍ အသင့်စီစဉ်စောင့်ဆိုင်းနေသောဂျစ်ကားဖြင့် အဓမ္မခေါ်ယူသွားနိုင်ခဲ့ခြင်းဖြစ်လေသည်။

အသားထဲက လောက်ထွက်သည့်နှယ်။ ဇာတ်တုသားစားကြ





၍ ဟသ်ာကိုးသောင်းပျက်စီးရခြင်းအကြောင်းကို မကြားဖူးလေရော့လား။ သို့သော် ကိုမေတ္တာက ခွင့်လွှတ်လိုက်ပါ၏။ မှန်သည်။ တင်ဇာချမ်းက သူချစ်သူ။ မုန့်ကိုသာ ဝေစားနိုင်ကြငြားလည်း အချစ်ကို ခွဲဝေပြီး မချစ်နိုင်လေတကား။ ရည်းစားလူလု အူနုကျွဲခတ်ခံရဘိသို့။ မရှုနိုင် မရှိုက်နိုင်ဖြစ်တတ်သည်မှာ ဓမ္မတာပါပေ။

သို့ဖြစ်၍ ကြံမိကြံရာလုပ်ခဲ့မိခြင်းကို ခွင့်လွှတ်ရပါလေသည်။ သူ ခွင့်မလွှတ်နိုင်သည်ကား အကြံပက်စက် စကောလောက်မှ စောက်မနက်သော ကိုကြည်ပြာနှင့် ခင်မောင်ထွန်း။

ဂျစ်ကားမောင်းသူ၏လမ်းညွှန်ပြမှုကြောင့် ယာတဲကလေးကို ရှာဖွေတွေ့ရှိကြလေပြီ။ တွေ့ပြီဆိုတော့လည်း လွယ်သည်သာ။ ယာတဲကို ဝိုင်းထားပြီး လူရမ်းကားနှစ်ဦးကို ဖမ်းဆီးလိုက်ကြ၏။

ပုစ်ဟယ်ခတ်ဟယ်မဖြစ်ခဲ့သော်လည်း ထိုညအဖို့ မည်သူမျှ မအိပ်ရပေ။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် လူရမ်းကားများကို စစ်ဆေးကြလေ၏။ သည်အခါတွင် သူတို့၏လုပ်ရပ်ကို ပြက်ပြက်ထင်ထင် သိမြင်ရတော့သည်။ အဖျက်သမားများပေတကား။ သဘင်လောကကို ဖျက်ဆီးနေသော ငွေရှင်မနရှင်အချို့၏ လက်သုံးတော်လူမိုက်များပင်တည်း။

အတွင်းကိုလှိုက်စားနေသော သစ်သီးပိုးပမာ တစ်စတစ်စ ကိုက်ဖဲ့ချေဖျက်ခဲ့ကြသည်။ ကြံစည်ရက်ပါပေသည်။ အပြင်ဘက်မျက်နှာပန်းမှာဖြင့် ရုတ်တရက်မတွေ့နိုင်ခဲ့။ အပြစ်အနာအဆာမရှိဟုထင်ခဲ့၏။ ယခုတော့ ခင်နွဲ့နှောင်းမှာ အဓိကတရားခံဖြစ်နေသည်။ ငွေကြေးတတ်နိုင်သော နာမည်ကြီးအငြိမ့်တစ်ဖွဲ့က ရွှေဆင်ပျံအငြိမ့်နာမည်ကျော်ကြားမှုကို မလိုလားချေ။ ၄င်းအဖွဲ့၏စေခိုင်းမှုကြောင့် မိန်းမလျာဟန်ဆောင်ပြီး ရွှေဆင်ပျံအငြိမ့်အဖွဲ့သို့ ချဉ်းကပ်ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ ရွှေဆင်ပျံအငြိမ့်အဖွဲ့ ပျက်စီးစေရန်ကြံစည်နေသည့် အနီးကပ်ရန်သူတည်း။

ကိုကြည်ပြာမှာကား သူများမြှောက်ပင့်ပေးခဲ့၍ သွေးနားထင်ရောက်ခဲ့သူ။ အခြားလူဆွဲဆောင်ရာသို့ ပါခဲ့မိသူသာဖြစ်သည်။ အမှန်

အတိုင်း ဖွင့်ဆိုရလျှင် ရွှေဆင်ပျံအငြိမ့်အဖွဲ့ကို အုပ်ချုပ်ခြယ်လှယ်ချင်သည့်သူ။

အငြိမ့်လောကတွင် ဤသို့သောစိတ်ယုတ်မာများရှိနေခြင်းမှာ [illegible]မဟုတ်ပါ။ ရွှေဆင်ပျံအငြိမ့်မှာ မြန်မာ့အနုပညာ[illegible] ဖြင့် နာမည်ကျော်လာခဲ့သည်မဟုတ်လား။ ထို့ကြောင့် မနာလိုဝန်တိုဖြစ်ကြသည်။ ငွေကြေးအကုန်ခံလျက် လူလွှတ်၍ပင် ဖျက်ဆီးစေခဲ့သည်အထိ။

သို့သော် စေတနာသည် အကျိုးပေးတတ်ချေ၏။ ယခုအခါ တရားဥပဒေသည် ကြည့်မနေတော့ပေ။ တရားရုံးတွင် တရားဥပဒေအတိုင်း စီရင်ဆုံးဖြတ်ကြပေလိမ့်မည်။ နောက်ဆုံးတော့ လူရမ်းကားတို့ ဝန်ခံကြရလေ၏။ အသီးသီးဖြောင့်ဆိုချက်ပေးကြပါသည်။

ခင်နွဲ့နှောင်းအမည်ခံ ကိုခင်မောင်ထွန်း၏ ထွက်ဆိုချက်ကို ကြားကြရသောအခါ အငြိမ့်အဖွဲ့သားများမှာ အံ့သြမဆုံးဖြစ်ရလေသည်။ ခင်ခင်ကြီးမှာလည်း ငို၍မဆုံးနိုင်တော့။ ဝမ်းနည်းကြေကွဲလွန်း၍ သတ်သေမည်တကဲကဲဖြစ်နေသော ခင်ခင်ကြီးကို တင်ဇာချ်နှင့် ကိုမေတ္တာတို့က ဖျောင်းဖျချော့မော့နေရသည်။







ခင်ခင်ကြီးကတော့ သူ အလွန်း၍ ဘဝနာခဲ့ရခြင်းကိုလည်းကောင်း၊ ပသန့်စင်တော့သည့် ကိုယ်ခန္ဓာကို ချစ်ရပါသော ကိုမေတ္တာအား မပေးအပ်လိုတော့ပါဟုလည်းကောင်း၊ လူကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံခဲ့သည့် ဆရာကိုမေတ္တာအား စွပ်စွဲခဲ့မိခြင်းလည်းကောင်း တတွတ်တွတ်ပြောပြလျက် ဝန်ချတောင်းပန်နေတော့သည်။ သူ့ခမျာ ရှက်၍မဆုံး၊ ငို၍မဆုံးနိုင်အောင် ခံစားရရှာ၏။

မှန်ပါသည်။ မိုးသည်းသောညများတွင် ဆရာကိုမေတ္တာအယောင်ဆောင်၍ ဆောင်တော်ကူးခဲ့သူ၊ ချစ်ရည်လူးခဲ့သူ၊ မေတ္တာသူခိုး ညမင်းသားသည်ကား မိန်းမလျာဟန်ဆောင်နေသည့် ခင်နွဲ့နှောင်းတစ်ဖြစ်လဲ ခင်မောင်ထွန်းဖြစ်နေပါသတည်း။ သို့သော် ခင်မောင်ထွန်းမှာ အပျော်အပျက် ဖျက်လိုဖျက်ဆီးပြုရာက တကယ်တမ်း စွဲလန်းချစ်ခင်လာလေတော့၏။ ထို့ကြောင့်လည်း ဆရာကိုမေတ္တာနှင့်လက်ထပ်တော့မည်ဟုသိရသောအခါ ခံစားချက်ပေါက်ကွဲသွားပါသည်။ ဤတွင် အဓမ္မဖမ်းဆီးလုယူလျက် ကားတင်ပြေးခဲ့ခြင်းဖြစ်၏။

ကိုကြည်ပြာကလည်း ကိုမေတ္တာမရှိလျှင် သူ အုပ်ချုပ်ရမည်ဟူသောအကြံဖြင့် ကူညီခဲ့သည်။ အငြိမ့်ပိုင်ရှင် တင်ဇာချမ်းကို ဘိန်းဖြူပါသော စီးကရက်ပေး၍ သုံးစွဲစေခြင်းကတော့ သက်သက်အဖျက်လုပ်ငန်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ တင်ဇာချမ်းသည် အမြင်မှန်ရခဲ့ပြီ။ သူ့အမှားကိုဝန်ခံသည်။ မူးယစ်ဆေးဝါးစွဲလန်းမှုကို ဖြတ်ရန်ကြိုးစားသည်။ စနစ်တကျဖြတ်နိုင်ရန်အတွက် မူးယစ်အထူးကုဆေးရုံ . တွင် တက်ရောက်ကုသမှုခံယူလေ၏။

ပေးသမျှအပြစ်ဒဏ်ကိုလည်း ခံယူရန်အသင့်ပါ။ သို့ဖြစ်၍လည်း . . .

** ** ** **

ယခုတော့ . . .

ရွှေဆင်ပျံအငြိမ့်မှာ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဖြစ်နေပြီ။ အခက်

## မြင်ကွင်းစုံမှုခင်း



အခဲမရှိတော့၍လည်း စည်းလုံးညီညွတ်စွာကပြဖျော်ဖြေနိုင်ခဲ့၏။ မသမာသူများ ရှင်းလင်းသွားပြီဖြစ်၍ အငြိမ့်ခွင်ဝယ် တက်ကြွလန်းဆန်းချင်စရာ ရှုမြင်ကြရ၏။

ဆင်ပျံခင်ခင်ကြီး။

ပြီးတော့ ပန်တျာတင်ဇာချမ်း၊ သီတာမြတ်။

အနုပညာအားမာန်အပြည့်အဝဖြင့် ကြိုးစားကြသည်။ ချွေးတလုံးလုံးဖြင့် ပင်ပန်းခံကြသည်။ သို့ပါငြားလျက် ပင်ပန်းသည်ဟု မထင်မှတ်ကြပါ။ ပြုံးရွှင်လန်းဆန်းနေ၏။ ကြည်နူးနှစ်သိမ့်နေကြ၏။

ပို၍ထူးကဲစွာ ပီတိဖြစ်နေသူမှာ ကိုမေတ္တာပါ။

(ဤဝတ္ထုဖြစ်မြောက်ရန် ကူညီခဲ့သော မြန်မာနိုင်ငံစင်မှုထမ်းဟောင်းအဖွဲ့၏ ရှုမဝအငြိမ့်အဖွဲ့အား ကျေးဇူးတင်ပါသည်)

မျိုးမြင့် (အောင်လံ)



၂၀၁၁-ခုနှစ် နိုဝင်ဘာလ

# ကြည်ဇေဟန်

## ထိုင်းရိုးရာဗေဒင်ဟောစာတမ်း

(ထိုင်းနိုင်ငံမှ နက္ခတ္တဝေဒဆရာကြီး မိုဒူပိုက်ဆန်၏ ဟောကြားထားခြင်းဖြစ်သည်။ အနောက်တိုင်း အဟောများနှင့် မတူပါ။ မိမိမွေးနေ့ကိုရှာ၍ အဟောများကို ဖတ်ရှုရန် ဖြစ်ပါသည်)

၁။ **မကာရရာသီဖွား CAPRICORN**
**ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂**
**(ဆိတ်ရုပ်ပုံ)**

ယခုလ ပထမပတ်တွင် အလုပ်ခွင်၌ ဖိအားပေးခြင်းခံရပြီး စိတ်အနှောက်အယှက် ဖြစ်နေရပါလိမ့်မည်။ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နေကြတ်မှုဖြစ်ပွားသဖြင့် သင့်ဘဝကို ထိခိုက်မည်ဖြစ်သည်။ စိတ်ဆိုးဒေါသဖြစ်မှုကြောင့် ဒုက္ခတွေ့ရတတ်သည်။

၂။ **ကုံရာသီဖွား AQUARIUS**
**ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄**
**(ရေထမ်းယောက်ျားရုပ်ပုံ)**

ယခုလ ကံဆိုးနေဦးမည်။ ကျော်မကောင်းကြားမကောင်းစရာ တစ်ခုတွင် ပါဝင်ပတ်သက်သွားနိုင်၍ သတိရှိနေပါစေ။ သင်အမြတ်နိုးဆုံးသိမ်းထားသော အရာများနှင့် ငွေအမြောက်အမြား ဆုံးရှုံးရလိမ့်မည်။ သင်သည် စိတ်အနှောက်အယှက်နှင့် တွေ့နေရမည်။ ယင်းသို့ ဖြစ်ရခြင်းမှာ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နေကြတ်မှုဖြစ်ပွားသောကြောင့်ဖြစ်သည်။

၃။ **မိန်ရာသီဖွား PISCES**
**မတ်လ ၁၅ မှ ဧပြီလ ၁၂**
**(ငါးနှစ်ကောင်ရုပ်ပုံ)**

ယခုလ ၁ ရက်နေ့မှ ၈ ရက်နေ့အတွင်း ကံဆိုးရကိန်းနှင့်ကြုံမည်။ သင်လုပ်ကိုင်သမျှသည် ခလုတ်ကန်သင်းနှင့်တွေ့ရမည်။ ၉ ရက်နေ့နောက်ပိုင်းရောက်မှသာ အခက်အခဲ အတားအဆီးများကို ကျော်လွှား

နိုင်မည်။ ယခုလတွင် ထိဆု အသေးစားပေါက်တတ်သည်။ ၂၇ ရက်နောက်ပိုင်းတွင် သင်၏ ချစ်မေတ္တာရေးမှာ ပျော်ရွှင်စရာဖြစ်လာမည်။

**၄။ မိဿရာသီဖွား ARIES**
**ဧပြီလ ၁၃ မှ မေလ ၁၃**
**(သိုးထီးရုပ်ပုံ)**

၁ ရက်နေ့မှ ၈ ရက်နေ့အကြားတွင် ကံမကောင်းမှုများ ရှိနေဦးမည်။ စီးပွားရေးလုပ်ငန်း သို့မဟုတ် ပဒေသကပွဲ ကပြခြင်း၊ သို့မဟုတ် ဆိုင်သစ်ဖွင့်ခြင်းကို ခေတ္တဆိုင်းငံ့ထားသင့်သည်။ ၉ ရက်နေ့မှ ၂၃ ရက်အကြားတွင် သင့်ဘက်သို့ ကံကောင်းမှုများ ရောက်ရှိလာလိမ့်မည်။ ၂၅ ရက်နေ့ နေကြတ်မှုသည် မမျှော်လင့်ဘဲနှင့် သင့်အား ကံကောင်းခြင်းများ ပေးပေလိမ့်မည်။

**၅။ ပြိဿရာသီဖွား TAURUS**
**မေလ ၁၄ မှ ဇွန်လ ၁၄**
**(နွားလားဥဿဘရုပ်ပုံ)**

၁ ရက်နေ့မှ ၈ရက်နေ့အကြား တစ်ခါတစ်ရံတွင် ကံမကောင်းမှုဖြင့် ကြုံရတတ်သည်။ သင်သည် ဒုက္ခတွေ့ပြီး ငွေများဆုံးရှုံးရမည်။ သို့တည်းမဟုတ် ဆေးဝါးကုသမှု ခံယူရမည်။ စီးပွားရေးလုပ်ငန်းများကို ယခင်သဘောတူညီထားပြီးဖြစ်သော်လည်း မလုပ်ဖြစ်ဘဲ ဖျက်သိမ်းလိုက်ရမည်။ ၂၅ ရက်နေ့တွင် နေကြတ်မှုဖြစ်ပွားသဖြင့် ငှက်များနှင့် ငါးများလွှတ်၍ ကုသိုလ်ယူရမည့် မင်္ဂလာရှိသောအခါ ဖြစ်ပါသည်။

**၆။ မေထုန်ရာသီဖွား GEMINI**
**ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၆**
**(ယောက်ျား၊ မိန်းမရုပ်ပုံ)**

၁ ရက်နေ့မှ ၈ ရက်နေ့အကြားနှင့် ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အကြားတွင် ကံဆိုးမှုများဖြင့် ကြုံတွေ့ရမည်။ သင့်ချစ်သူက သင့်ကို ရှောင်ဖယ်ဖယ် လုပ်နေလိမ့်မည်။ သို့သော်လည်း ၉ ရက်နေ့မှ ၂၃ ရက်နေ့အကြားတွင် သင်ကံကောင်းပါသည်။ ပြဿနာအားလုံးကို ဖြေရှင်းနိုင်မည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံထားမှုများမှ ငွေအမြောက်အမြားဝင်ကိန်း





ရှိသည်။ ချစ်မေတ္တာရေးမှ ချိုမြိန်နေပါလိမ့်မည်။

**၇။ ကရကဋ်ရာသီဖွား CANCER**
**ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆**
**(ပုစွန်လုံးရုပ်ပုံ)**

၁ ရက်နေ့မှ ၈ ရက်နေ့အတွင်း သင့်ဘဝ မှိုင်းမှောင်ကျနေမည်။ ၉ ရက်နေ့နောက်ပိုင်းရောက်မှ သင့်ကံကြမ္မာ တောက်ပလာပါလိမ့်မည်။ ဝင်ငွေကောင်းပြီး အရောင်းဦးတည်ချက် အောင်မြင်မည်။ သို့ရာတွင် သင့်တွင် လောင်းကစားကံမရှိပါ။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ရရှိမည်။

**၈။ သိဟ်ရာသီဖွား LEO**
**ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆**
**(ခြင်္သေ့ရုပ်ပုံ)**

၁ ရက်နေ့မှ ၈ ရက်နေ့အကြား ကံဆိုးမှုရှိနေမည်။ သင့်အစီအစဉ်များသည် ခလုတ်ကန်သင်းနှင့် တွေ့ကြုံရမည်။ ၉ ရက်နေ့ကျော်လွန်မှ အရာရာတိုင်းသည် တစ်ဖြည်းဖြည်းချင်း ကောင်းမွန်တိုးတက်လာပါလိမ့်မည်။ ချစ်ခြင်းမေတ္တာက သင့်ဘဝကို တောက်ပြောင်စိုပြေလာစေပါလိမ့်မည်။

**၉။ ကန်ရာသီဖွား VIROO**
**စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆**
**(အပျိုစင်ရုပ်ပုံ)**

နိုဝင်ဘာလ ၁ ရက်မှ ၁၀ ရက်နေ့အကြားတွင် အမှားများလုပ်မိလိမ့်မည်။ ယခုကာလတွင် စိတ်မချမ်းမသာဖြစ်ရမှု၊ မအောင်မြင်မှုနှင့် အိမ်ထောင်ရေးပြိုကွဲရကိန်း ကြုံတတ်သည်။ သို့သော်လည်း ၁၁ ရက်နေ့မှ ၂၅ ရက်နေ့အကြား သင်ကံကောင်းလာပါမည်။ ရောင်းချရသည့်ကိစ္စများ အောင်မြင်မည်။ ဘဏ္ဍာရေးအခြေအနေနှင့် ချစ်မေတ္တာရေးမှာလည်း အလားအလာကောင်းမွန်နေပါမည်။

၁၀။ တူရာသီဖွား UBRA

အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

(ချိန်ခွင်ကိုင်ယောက်ျားရုပ်ပုံ)

ယခုလ ပထမပတ်တွင် ခရီးသွားခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကုန်တစ်မျိုးထုတ်လုပ်ခြင်း၊ ပဒေသကပွဲ ကျင်းပခြင်း သို့မဟုတ် ဆိုင်သစ်တစ်ခုဖွင့်လှစ်ခြင်းကို ယာယီခဏတာ ရပ်တန့်ထားပါ။ ၂၃ ရက်နေ့နောက်ပိုင်း၌ စီးပွားရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နိုင်ပါပြီ။ ၂၅ ရက်နေ့တွင် နေကြတ်မှုဖြစ်ပွားသော်လည်း သင့်ဘဝကို ထိခိုက်စရာအကြောင်းမရှိချေ။

၁၁။ ပြိစ္ဆာရာသီဖွား SCORPIO

နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

(ကင်းမြီးကောက်ရုပ်ပုံ)

ယခုလ ၁ ရက်နေ့မှ ၈ ရက်နေ့အကြားတွင် ဝမ်းနည်းရမှုနှင့် စိတ်ပျက်ရမှုသည် တစ်ခါတစ်ရံ ဖြစ်ပေါ်လာတတ်သည်။ ငွေအသုံးအဖြုန်းများနေမည်။ သင့်အသက်ပါသွားသည်အထိ နာမကျန်းဖြစ်သဖြင့် ဆေးရုံတက်၍ ကုသမှုခံယူရမည်။ ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူညီမှုရရှိထားပြီးသည်များကို ဖျက်လိုက်ရမည်။ သင်၏ တိတ်တိတ်ပုန်း အချစ်ဇာတ်လမ်း အသစ်စက်စက်အကြောင်း ပေါ်သွားတတ်သည်။ ၂၅ရက်နေ့မှ ၃၀ ရက်နေ့အကြား နေကြတ်မှုသည် ကုန်သွယ်ရောင်းဝယ်ရေးကို မြှင့်တင်ရန် ကူညီပေးပါလိမ့်မည်။ ယခုကာလတွင် ပစ္စည်းများ အရောင်းလိုက်နေမည်။

၁၂။ ဓနုရာသီဖွား SAGITTARIUS

ဒီဇင်ဘာလ ၁၆ မှ ဇန္နဝါရီလ ၁၃

(လေးစွဲယောက်ျားရုပ်ပုံ)

၁ ရက်နေ့မှ ၈ ရက်နေ့နှင့် ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အကြားတွင် အတိတ်နိမိတ်ကောင်းသော ကံကြမ္မာမဟုတ်ပေ။ အချစ်ရေးတွင်





နိုင်မာစွဲမြဲမှုမရှိနိုင်ပေ။ သင်နှင့် စီးပွားရေးလုပ်ငန်း အတူတူလုပ်ဖော်ကိုင်ဖက်များမှ ရှယ်ယာများ ပြန်လည်ထုတ်ယူသွားကြလိမ့်မည်။ သင့်အလုပ်တွင်လည်း ရာထူးချထားခြင်းခံရတတ်သည်။ သင်၏ ကံကြမ္မာဆိုးများ ပပျောက်သွားစေရန် ရေချိုးခရုယောက်သွား ဂုံးကောင်များ လွှတ်ပေးသင့်သည်။

ကြည်ဇေဟန်

* * *

**(Ref : Mohdu Paisarn as written in the stars : Your month-by-month horoscope for 2011)**


ဆွေမြင့်

ရွှေရောင်စပိုင်

ဘာသာပြန်လျှို့ဝှက်သည်းဖို ဝတ္ထုကြီး

Forest of Eyes

by Victor Canning

ယနေ့တိုင် သူလျှို၊ စပိုင်ထောက်လှမ်းရေး ဝတ္ထုများကို အဆင့်မြင့်နည်းပညာဖြင့် သိပ်သည်းလျှို့ဝှက်စွာ ဖော်ထုတ်နိုင်ခဲ့သော


ကမ္ဘာကျော် ဝတ္ထုကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမူခွင့်ပြုချက် အမှတ်- ၅၀၁၀၆၉၀၉၀၇

ဖော်မွန်စာပေမှ ထွက်ပါတော့မည်

# ယခုလ ဟောစာတမ်း

## ဝေဒပညာရှင်နေမင်းလွင်




**တနင်္ဂနွေနေ့ဖွားများ**

ယခုလတွင် အခြားဒေသတစ်ခုသို့ သွားရောက်တာဝန်ထမ်းဆောင်ရတတ်သည်။ တစ်နယ်တစ်ကျေးတွင် စီးပွားရှာဖွေလုပ်ကိုင်ရလိမ့်မည်။ ရပ်ဝေးတွင် တိုးတက်ကြီးပွားတတ်ပါသည်။ ယခုလောလောဆယ်တွင် ငွေကြေးအကျပ်အတည်း၊ အခက်အခဲများ တွေ့ကြုံနေရတတ်သည်။ ဝင်ငွေနှင့်ထွက်ငွေ မမျှမတ ဖြစ်နေမည်။ လုပ်ငန်းများ အောင်မြင်မှုရရှိရန် နှေးကွေးကြန့်ကြာတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများမှာ အိမ်ထောင်မရှိသေးလျှင် ကောင်းသောအိမ်ထောင်ဖက်ရရှိလိမ့်မည်။ လာဘ်ဝင်လိမ့်မည်။ အတိတ်ကံ ပွင့်လင်းလာတတ်သည်။ တန်ခိုးအရှိန်အဝါ၊ သြဇာရှိတတ်သည်။ ချမ်းသာသူအဖြစ် စာရင်းဝင်နိုင်ပါသည်။ တရားသဘောပြည့်ဝ၍ သူတစ်ပါးအကျိုး ဆောင်ရွက်ပေးရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ညံ့နေတတ်သည်။ အနာရောဂါအမြဲမပြတ် တစ်မျိုးပြီးတစ်မျိုး ဖြစ်ပေါ်နေလိမ့်မည်။ သို့သော် စိုးရိမ်ရန်မရှိပါ။

**ထီထိုးလျှင်** ။ ။ ၆ အစ ၉ အဆုံး ထိုးပါ။ (၆ ၊ ၉ ၊ ၇) ဂဏန်းများ ကောင်းပါသည်။





**ယတြာ** ။ ။ မွေးနံ့ပြိုဟ်ထောင့်တွင် ထီးနီ(၄)လက် လှူဒါန်းပါ။

**တနင်္လာနေ့ဖွားများ**

ယခုလတွင် မိမိလိုလားတောင့်တနေသည့် လိုအင်ဆန္ဒများအားလုံးပြည့်စုံလာတတ်သည်။ သို့သော် အလုပ်အကိုင် အကြံအစည်များမှာ နှောင့်နှေးနေလိမ့်မည်။ အဝတ်အထည်အသစ်များ ဝယ်ယူဝတ်ဆင်လိုသည့်ဆန္ဒမရှိတတ်ပါ။ အဝတ်အစားအဟောင်းများကိုသာလျှင် နှစ်သက်နေတတ်ပါသည်။ သားသမီးရှိသူများမှာ သားသမီးအတွက် ပူပန်သောကရောက်ရတတ်သည်။ ဤအချိန်ကာလအတွင်း စာပေနှင့်ပတ်သက်၍ ထူးချွန်စွာအောင်မြင်မှု ရရှိတတ်သည်။ ဉာဏ်ပညာထူးချွန်ထက်မြက်ပါမည်။ အိမ်ထောင်မရှိသေးလျှင် မြတ်သော အိမ်ထောင်ဖက်နှင့် ဖူးစာဆုံရတတ်သည်။ သားကောင်း၊ သမီးကောင်း ရရှိတတ်ပါသည်။ ကျန်းမာရေးမှာ လေရောဂါ သတိပြုရလိမ့်မည်။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေနိုင်ပါသည်။ မကြာမီ ချမ်းသာကြွယ်ဝလာတတ်သည်။ ကြီးပွားတိုးတက်မည့်အခြေအနေများ ပေါ်ပေါက်လာလိမ့်မည်။

**ထီထိုးလျှင်** ။ ။ ၁ အစ ၅ အဆုံး ထိုးပါ။ (၁ ၊ ၅ ၊ ၃) ဂဏန်းများ ကောင်းပါသည်။

**ယတြာ** ။ ။ မွေးနံ့ပြိုဟ်ထောင့်တွင် အဝါရောင်ပန်း(၅)ပွင့် လှူဒါန်းပါ။

**အင်္ဂါနေ့ဖွားများ**

ယခုလတွင် အစစအရာရာ မိမိကိုယ်တိုင် ဦးစီးဆောင်ရွက်ရလိမ့်မည်။ တရားဥပဒေကို လေးစားစွာ စောင့်ထိန်းလိုက်နာသူ ဖြစ်ပါသည်။ ချမ်းသာသုခ ပြည့်စုံလာလိမ့်မည်။ မိမိပတ်ဝန်းကျင် မြင်ပရိအသိမိတ်ဆွေ အပေါင်းအသင်းတို့နှင့် ပေါင်းသင်းဆက်ဆံမှု အားနည်းနေတတ်သည်။ ကိုယ်၊ စိတ်ဆင်းရဲ ပင်ပန်းဖွယ်ရာ ရှိတတ်သည်။ ကျန်းမာရေးကောင်းမွန်နေလိမ့်မည်။ အနာရောဂါ ကင်းရှင်းတတ်ပါသည်။ မကျန်းမမာသူဖြစ်နေသူများ အနေဖြင့် မကြာခင် ပြန်လည်ကျန်းမာလာလိမ့်မည်။ ပညာရှိသူဖြစ်မည်။ ပညာရေး ကောင်းမွန်မည်။ ပညာဉာဏ်

ထူးချွန်တတ်သည်၊ သဘောကောင်းသူ ဖြစ်မည်၊ ပေးကမ်းလှူဒါန်းရလိမ့်မည်၊ ဆင်၊ မြင်း၊ ကျွဲနွား၊ ယာဉ်၊ ရထား၊ ကားစသည်ဖြင့် ပြည့်စုံနိုင်ပါသည်။

**ထီထိုးလျှင်** ။ ။ ၄ အစ ၅ အဆုံး ထိုးပါ။ (၄ ၊ ၅ ၊ ၂) ဂဏန်းများ ကောင်းပါသည်။

**ယတြာ** ။ ။ မွေးနံပြိုဟ်ထောင့်တွင် ရွှက်လှပန်း(၂)ညွန့် လှူဒါန်းပါ။

**ဗုဒ္ဓဟူးနေ့ဖွားများ**

ယခုလတွင် ကျန်းမာရေးချူချာနေလိမ့်မည်၊ အစဉ်သဖြင့် ရောဂါဝေဒနာ တစ်ခုခု၊ အမြဲမပြတ် ခံစားနေရတတ်သည်၊ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးတို့ထံမှ ဥစ္စာပစ္စည်းလာဘ်ဝင်လာလိမ့်မည်၊ မာန်မာနကြီးသူဖြစ်မည်၊ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝလာနိုင်ပါသည်၊ ရန်သူ၊ မနာလို မရှုစိမ့်သူများ အမြဲရှိနေတတ်သည်၊ မိမိအပေါ် မကောင်းသတင်းပြောဆို စွပ်စွဲတတ်သည်၊ အိမ်ထောင်ရှိသူများမှာ သားသမီးအကျိုး မခံစားရသေးပါ၊ အကျိုးထူး မရှိနိုင်သည့်အချိန်အခါ ဖြစ်ပါသည်၊ ကျန်းမာရေးနှင့် ပတ်သက်၍ အထူးကောင်းမွန်လာလိမ့်မည်၊ ဘေးရန်အန္တရာယ် မရှိနိုင်ပါ၊ လက်ရှိအနာရောဂါများမှာ မကြာမီ ကင်းရှင်းသက်သာသွား လိမ့်မည်၊ ပညာရေး ကောင်းမွန်မည်၊ အောင်မြင်ထင်ရှားမည်၊ စာပေဆိုင်ရာကိစ္စများတွင် ကျော်ကြားတတ်ပါသည်၊ ဤကာလအတွင်း ကြမ်းတမ်းသော အမှုအကျင့်များ ပြုလုပ်မိတတ်သည်၊ သတိဖြင့် ဆင်ခြင်ပါ၊ လောင်းကစားခြင်းကြောင့် သောကများ ရတတ်ပါသည်၊ လောင်းကစားမှု ရှောင်ကြဉ်သင့်သည်၊

**ထီထိုးလျှင်** ။ ။ ၉ အစ ၁ အဆုံး ထိုးပါ။ (၉ ၊ ၁ ၊ ၆) ဂဏန်းများ ကောင်းပါသည်၊

**ယတြာ** ။ ။ မွေးနံပြိုဟ်ထောင့်တွင် အုန်းသီး(၆)စိပ်လှူဒါန်းပါ။





**ကြာသပတေးနေ့ဖွားများ**

ယခုလတွင် ညီအစ်ကိုမောင်နှမ သားချင်းတို့ဖြင့် ပြည့်စုံချမ်းသာစွာ သိုက်သိုက်ဝန်းဝန်း နေရတတ်သည်၊ သို့သော် အချွေအရံ အပေါင်းအဖော်တို့က ညှဉ်းဆဲတတ်သည်၊ ၎င်းတို့၏ အနိုင်ကျင့်ခြင်း ခံရတတ်ပါသည်၊ စီးပွားရေးဆိုင်ရာကိစ္စများတွင် အခြားသူအား မှီခိုရတတ်သည်၊ သူတစ်ပါးထံမှ အထောက်အပံ့ရယူပြီး လုပ်ကိုင်ဆောင်ရွက်ရတတ်သည်၊ အိမ်ထောင်သည်များတွင် သားသမီးရှိလျှင် သားဦး၊ သမီးဦး အကျိုးထူး မပေးနိုင်သေးပါ၊ အိမ်ထောင်မရှိသူများမှာ ချောမောလှပသော အိမ်ထောင်ဖက်ရရှိလိမ့်မည်၊ သို့ရာတွင် ကိုယ်၊ စိတ်ဆင်းရဲ စရာကြုံရတတ်သည်၊ စိတ်ညစ်စိတ်ရှုပ်စရာများ ပေါ်ပေါက်လာတတ်သည်၊ ယှဉ်ပြိုင်သတ်ပုတ်ရသော အခြေအနေမျိုး ရင်ဆိုင်ရဖွယ်ရှိသည်၊

**ထီထိုးလျှင်** ။ ။ ၆ အစ ၁ အဆုံး ထိုးပါ။ (၆ ၊ ၁ ၊ ၉) ဂဏန်းများ ကောင်းပါသည်၊

**ယတြာ** ။ ။ မွေးနံပြိုဟ်ထောင့်တွင် သီးစုံယို (၉)ထုပ်လှူဒါန်းပါ။

**သောကြာနေ့ဖွားများ**

ယခုလတွင် မျက်စိနှင့်ပတ်သက်သည့် အနာရောဂါ ဝေဒနာများ ခံစားရတတ်သည်၊ မျက်စိနာခြင်း၊ မျက်စိဝေခြင်း၊ မျက်စိစွန်ခြင်း၊ မျက်စိအားနည်းခြင်း၊ မျက်စိကိုက်ခဲခြင်းစသည်တို့ ဖြစ်ပွားပေါ်ပေါက်တတ်သည်၊ စီးပွားရေးအခြေအနေ မကောင်းနိုင်သေးပါ၊ ငွေကြေး အခက်အခဲများနှင့် ရင်ဆိုင်ရတတ်သည်၊ လုပ်ငန်းခွင်တွင် အကျပ်အတည်းကိစ္စများ ဖြေရှင်းပေးရတတ်သည်၊ အလုပ်အတိုင် အကြံအစည်များ အထစ်အငေါ့ရှိတတ်သည်၊ အစစအရာရာ နှောင့်နှေးကြန့်ကြာမှုရှိလိမ့်မည်၊ ကျန်းမာရေးညံ့နေပါမည်၊ ရောဂါဝေဒနာများ အမြဲမပြတ်ခံစားရတတ်သည်၊ စိတ်ရင်းကောင်းမွန်နေသဖြ[illegible] ကျိုးသယ်ပိုးဆောင်ရွက်ပေးတတ်သည်၊ ရပ်ဝေးမြေ[illegible] သွားရောက်၍ စီးပွားရေးလုပ်ငန်းများကို အခြေချလုပ်[illegible] ငွေကြေးအကုန်အကျများနေလိမ့်မည်၊ အိမ်ထောင်မရှိ[illegible]

## မြင်တွင်းစုံမှုခင်း

အိမ်ထောင်ပြုရတတ်ပါသည်။ ဥစ္စာပစ္စည်း တိုးတက်မည်။ ဩဇာရှိလာမည်။ ချမ်းသာနိုင်ပါသည်။ ထီထိုးပါ။

**ထီထိုးလျှင်** ။ ။ ၉ အစ ၆ အဆုံး ထိုးပါ။ (၉ ၊ ၆ ၊ ၀) ဂဏန်းများ ကောင်းပါသည်။

**ယတြာ** ။ ။ မွေးနံပြိုဟ်ထောင့်တွင် ဒူးရင်းသီး (၄)စွန်းလှူဒါန်းပါ။

**စနေနေ့ဖွားများ**

ယခုလတွင် စိတ်အပြောင်းအလဲ မြန်ဆန်၍ ဖောက်လွဲဖောက်ပြန် ပြုမူလုပ်ကိုင်တတ်သည်။ ရန်အပေါင်းကို အောင်နိုင်၍ ဘေးရန်အန္တရာယ် မှန်သမျှ ကင်းရှင်းပပျောက်သွားလိမ့်မည်။ ကျန်းမာရေး အထူးကောင်းမွန်မည်။ ရပ်ဝေးဘုရားဖူး သွားရတတ်သည်။ တရား ဘာဝနာ၊ သမထ၊ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ရလိမ့်မည်။ ယုတ်ညံ့သောသူနှင့် မပေါင်းဖော်မိစေရန် သတိပြုပါ။ ဤအချိန်ကာလတွင် ရွှဲ၊ လုံ့လ၊ အင်အားအလွန်ကောင်းနေလိမ့်မည်။ ဌဲဖြင့် အကျိုးထူးခံစားရတတ်သည်။ စာပေကျမ်းဂန် တတ်ကျွမ်းနားလည်၍ ရတနာ့ခုနစ်ပါးဖြင့် ပြည့်စုံလာိုင်ပါသည်။ ဥစ္စာပစ္စည်းပြည့်စုံသည့်တိုင်၊ စိတ်မဖြတ်ဆင်းရဲရဖွယ်ရှိသည်။ အမျက်ဒေါသကြီးမားမှုကြောင့် စိတ်မချမ်းမသာ ဖြစ်နေရပါမည်။

**ထီထိုးလျှင်** ။ ။ ၄ အစ ၉ အဆုံး ထိုးပါ။ (၄ ၊ ၉ ၊ ၃) ဂဏန်းများ ကောင်းပါသည်။

**ယတြာ** ။ ။ မွေးနံပြိုဟ်ထောင့်တွင် သရက်သီး (၇)လုံးလှူဒါန်းပါ။

ဝေဒပညာရှင်နေမင်းလွင်

**ယတြာ** ။ ။ ငွေ

ဒီမိုဝေ
ဖော်မွန်စာပေ

# မာတိကာ

ဘာသက်ဆွေ
စီစဉ်သော

အမှတ်(၂၄)၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ




## မျက်နှာဖုံးဒီဇိုင်း

ကျော်စိုးညိန်း

မျက်နှာဖုံးဓာတ်ပုံ –

ဌေးပေါ်၊ ဂျေအေ


## မြင်ကွင်းစုံကဗျာများ

| | |
|---|---|
| ရွှေခေအောင် | ၆ |
| မောင်သဲခေါင် | ၈ |
| ဆောင်းနေခြည်(ရကသ) | ၉ |
| ဝေမိုးအိမ် | ၁၀ |
| နန်းမျိုးဝင်း(စိတ်ပညာ) | ၁၁ |
| အိုင်ဒူး | ၁၂ |
| ခွန်ဝေဝေ | ၁၃ |

## မြင်ကွင်းစုံအတိုဆုံးဝတ္ထုများ

| | |
|---|---|
| ရန်အောင်မြင့် | ၇၃ |
| ထူးထူး | ၁၀၀ |
| မောင်ဖေသက် | ၁၇၅ |
| တင့်ဆွေလှိုင် | ၂၀၁ |

## ပြည်ပဖြစ်ရပ်မှန်မြင်ကွင်းစုံ

ကေတီအောင်သိန်း ၁၄
သူတို့ဆီက မှင်းအတွေ့တွေ

## မြင်ကွင်းစုံဝတ္ထုတိုများ

နန္ဒစိုး ၃၀
သံပုံရှိုင့်က မခင်မ

ရဲဟိန်း ၄၀
စုံထောက်စိန်မမ နှင့် ခါးဘစော်

ဇေ ာ်မင်းနိုင် ၇၄
မြေကြီးပေါ်အောင်လုပ်ကြသူများ

မောင်မောင်(မြန်မာပြည်) ၁၅၂
မက်ဂျီမှန်တိုင်း ရက်ခက်ခလအာ

မင်းရွှေသိန်း(ဇင်းကျိုက်) ၁၆၂
မ်ားပြအစမ်း တိုက်ကြည့်ခြင်း

မောင်ထည်ဝါ(ပျော်ဘွယ်) ၁၇၆
လူပေါင်းများမှာစိုးမိပါသယ်

သန့်ဇင်ဦး(ဒလ) ၁၉၀
တန်ခိုး

## မြင်ကွင်းစုံဝတ္ထုရှည် ၈/ဆုံး

ဘာသက်ဆွေ ၂၂၀
အကြီးကောင်းသော ဥည်း

## ကမ္ဘာ့ဂန္ထဝင်တရုတ်ဝတ္ထုတို

ဘာနင်း ၂၀၂
ဂေါက်နွေးချောက်

## ပြည်တွင်းဖြစ်ရပ်မှန်မြင်ကွင်းစုံ

တိုးမြင့်(မာန်အောင်ကျွန်း) ၆၀
ရဲစခန်းကို ရောက်မလာသော သည်း

## မြင်ကွင်းစုံအခန်းဆက်ဝတ္ထု

မျိုးမြင့်အောင်လံ ၂၄၀
အသက်ရဲ့၏နောက်ကွယ်မှာ(အသဲသိမ်း)

## ဥပဒေရေးရာမြင်ကွင်းစုံ

ဦးမြင့်သန်း(ဥပဒေ) ၂၄
ဥပဒေရေးရာအမြာမြာ

## ဟာသချိုကောလက်ရွေးစင်

ကျော်ဇော်ဟိကား ၁၂၈
ဂွမ်း မှုကှဲ ငွေဒါး

## ယခုလဟောစာတမ်း

ကြည်ဖေဟန် ၂၅၈
တိုင်းရှိရောဝေဒင်(နိုဝင်ဘာလ)

မင်းနေလွင် ၂၆၅
ယခုလ ဟောစာတမ်း

## မြင်ကွင်းစုံကာတွန်းများ

| | |
|---|---|
| သုရိန် | ၂၉ |
| အောင်သန်း | ၁၈၉ |
| ကျော်လူ | ၂၀၁ |
| ဂျရဝ် | ၂၂၃ |


## အတွင်းသရုပ်ဖော်ဒီဇိုင်း

ဝင်းသိန်း၊ စိုးအောင်၊ ထစင်ထူး၊
ကျော်ဦး၊ ကျော်စိုးညိန်း၊ ပညတ်
အောင်နိုင်လတ်၊
ဝိုင်ဝိုင်ပန်ဦး နှင့် ညီညီလွင်